# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၄ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၃၁ ရက်၊ သောကြာနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၈၂)


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြ၏**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ - ၅၄)

# ပြည်သူနှင့်အတူ

## ပြည်သူရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်မတို့အတတ်နိုင်ဆုံးကြိုးစားသွားမယ်

### နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ် ပြောကြားသည့်မိန့်ခွန်း

မတ်လ ၃၀၊ ၂၀၁၇

ပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများအပေါင်းရှင်။ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ၂၀၁၅ နိုဝင်ဘာလက ကျင်းပတဲ့ ရွေးကောက်ပွဲရဲ့ရလဒ်အရ ၂၀၁၆ ခုနှစ် ၃၀ ရက်နေ့ မတ်လမှာ နိုင်ငံ့ရဲ့အစိုးရတာဝန်တွေကို စတင်ပြီးတော့ ထမ်းဆောင်ခဲ့ပါတယ်။ ဒီကိစ္စတွေနဲ့ ပတ်သက်လို့ ကျွန်မတို့မှာ ပြည်သူလူထုကို အစီရင်ခံရမယ့် တာဝန်ရှိပါတယ်။ ကျွန်မတို့ရဲ့ ပြည်ထောင်စုဝန်ကြီးဌာနအသီးသီးနဲ့ တိုင်း/ပြည်နယ် အစိုးရများ အသီးသီးဟာ မိမိတို့ရဲ့ဆောင်ရွက်ချက်တွေ၊ မိမိတို့ရင်ဆိုင်ခဲ့ရတဲ့ စိန်ခေါ်မှုတွေနဲ့ မိမိတို့ရဲ့အနာဂတ်အတွက် ရည်မှန်းချက်တွေကို တင်ပြပြီးဖြစ်ပါတယ်။

အဲ့တော့ ကျွန်မအနေနဲ့တော့ ကိစ္စကြီးသုံးရပ်ကို အဓိကထားပြီးတော့ တင်ပြသွားချင်ပါတယ်။ ကျွန်မတို့ ကိစ္စကြီးသုံးရပ်ဆိုတာ ပထမဦးဆုံးအနေနဲ့ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ ရွေးကောက်ပွဲမတိုင်ခင်က ပြည်သူလူထုကို ပြောင်းလဲချိန်တန်ပြီဆိုပြီးတော့ ကျွန်မတို့စည်းရုံးခဲ့ပါတယ်။ ဒီတော့ အခုပြောင်းလဲချိန်တန်ပြီဆိုတဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျွန်မတို့ ဘယ်လောက်ခရီးရောက်သလဲဆိုတာကို စမ်းသပ်ဖို့လိုပါတယ်။ ပြောင်းလဲတယ်ဆိုတာ အဓိကအားဖြင့် စနစ်ကို ပြောင်းလဲခြင်းနဲ့ စိတ်ဓာတ်ကို ပြောင်းလဲခြင်း နှစ်ခုဖြစ်ပါတယ်။ ဒီနှစ်ခုစလုံးမှာ ပြည်သူရော၊ အစိုးရရော ပါဝင်ရပါတယ်။ ပြည်သူချည်းပဲလည်း လုပ်လို့မရပါဘူး။ အစိုးရချည်းပဲလည်း လုပ်လို့မရပါဘူး။ ဒါပေမယ့် စနစ်နဲ့ပတ်သက်လို့ကတော့ အစိုးရကနေပြီးတော့ ဦးဆောင်သွားရမှာဖြစ်ပါတယ်။

ဒီတော့ ကျွန်မတို့ဟာ စနစ်ကိုပြောင်းလဲဖို့ဆိုတာဟာ အနှစ်ငါးဆယ်ကျော်ကနေပြီးတော့ အမြစ်တွယ်ခဲ့တဲ့ စနစ်တစ်ခုကို ပြောင်းလဲရတာဖြစ်ပါတယ်။ ဒီလို ပြောင်းလဲတဲ့နေရာမှာ ကျွန်မတို့ အဓိကရည်ရွယ်ချက်ဟာ အစိုးရဆိုတာဟာ ပြည်သူလူထုတွေအတွက် ဖြစ်ရမယ်ဆိုတာကို ထင်ရှားအောင်လို့ လုပ်ဖို့ပါပဲ။ ဒီတော့ အစိုးရဟာ ပြည်သူ့အတွက်လား၊ ပြည်သူဟာ အစိုးရသုံးဖို့အတွက်လားဆိုတာကို ဘာကထင်ရှားစေလဲဆိုတော့ ပြည်သူတွေအနေနဲ့ အစိုးရအပေါ်မှာ အမြင်ဖြစ်ပါတယ်။ ပထမဦးဆုံးအားဖြင့် ကျွန်မယုံကြည်တာကတော့ အခုနှစ်အတွင်းမှာ ပြည်သူတွေဟာ အစိုးရကိုကြောက်ဖို့ မလိုဘူးဆိုတာ အများကသိလာတယ်လို့ ကျွန်မထင်ပါတယ်။ ဒီဟာကို တိုးတက်မှု တစ်ခုလို့ပဲ ကျွန်မကတော့ ယူဆပါတယ်။ ပြည်သူကနေပြီးတော့ အစိုးရကိုကြောက်ဖို့မဟုတ်ပါဘူး။ ကျွန်မတို့ ရည်ရွယ်တာကတော့ ပြည်သူက အစိုးရကိုလေးစားဖို့၊ တန်ဖိုးထားဖို့၊ ယုံကြည်ဖို့ပါပဲ။ ဒီအဆင့်ရောက်တဲ့အထိတော့ ကျွန်မတို့ဆက်ပြီး ကြိုးစားသွားရမှာပါ။

အခုအချိန်အခါမှာဆိုလို့ရှိရင် ပြည်သူလူထုကို အကာအကွယ်ပေးနိုင်မယ့် ဥပဒေတွေပြဋ္ဌာန်းတဲ့ တစ်ချိန်တည်းမှာ ပြည်သူလူထုကို

*စာမျက်နှာ ၃ ကော်လံ ၁* ✻



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

**နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာအဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ပထမ(၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို (၈)မျက်နှာဖြင့် ဖော်ပြထားသည်။

**(၁)နှစ်တာသုံးသပ်ချက် အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ (၁)နှစ်တာသုံးသပ်ချက်အထူးကဏ္ဍအဖြစ် **ပထမတစ်နှစ်တာဖြတ်သန်းခဲ့သည့်အပေါ် ပြန်လည်ရှုမျှော်ခဲ့သည်ရှိသော်.....** သုံးသပ်ချက်ကို အချပ်ပို လေးမျက်နှာအဖြစ် ဖော်ပြထားပါသည်။




မြန်မာ့အလင်း

# ပြည်သူနှင့်အတူ

"ကျွန်မတို့နိုင်ငံရဲ့ ကိစ္စတွေအတွက်ကို ပြည်သူနဲ့အတူတူ တာဝန်ယူမယ်။ ပြည်သူနဲ့ အတူတူ ကျွန်မတို့ ဒီတာဝန်တွေကို ထမ်းဆောင်မယ်။ ကျွန်မတို့အနေနဲ့ ဒီတာဝန်တွေကို ကျေပွန်ဖို့အတွက် ပြည်သူရဲ့အားကို ကျွန်မတို့ယူသလို ကျွန်မတို့ရဲ့စွမ်းအားတွေအားလုံးကိုလည်း ပြည်သူတွေအတွက် ကျွန်မတို့ သုံးပါမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြည်သူနဲ့အတူ ကျွန်မတို့ နောက်နှစ်ကို ချီတက်သွားချင်ပါတယ်။ အဲဒီလိုချီတက်သွားတဲ့အခါ ကျွန်မတို့ ပြည်သူပြည်သားအားလုံး ပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများအားလုံးဟာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီကြလိမ့်မယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်။ "

"ပြောင်းလဲချိန်တန်ပြီ" ဟူသော ဆောင်ပုဒ်နှင့်အတူ ရွေးကောက်ပွဲရလဒ်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအနေဖြင့် နိုင်ငံတော်ကို တာဝန်ယူ၍ နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို သယ်ပိုးထမ်းရွက်ခဲ့သည်မှာ တစ်နှစ်တာကာလ ရောက်ရှိခဲ့ပြီဖြစ်သည်။ တိုးတက်ဖြစ်ပေါ်လာသော အခြေအနေ အချိန်အခါတို့အရ ယခုနှစ်၏ ဆောင်ပုဒ်အသစ်မှာ "ပြည်သူနှင့်အတူ" ဖြစ်သည်။ ဆောင်ပုဒ်၏ အနှစ်သာရကို အထက်တွင်ဖော်ပြခဲ့သည့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့် အထိမ်းအမှတ်မိန့်ခွန်းမှ ကောက်နုတ်ချက်တွင် ပေါ်လွင်ထင်ရှားစွာ တွေ့မြင်နိုင်မည်ဖြစ်သည်။

နိုင်ငံတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသော အင်အားမှာ ပြည်သူ့အင်အားဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုရသော် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ပြည်သူလူထု၏ တစ်ခဲနက် ပူးပေါင်းပါဝင်မှုလိုအပ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အထိရောက်ဆုံးနှင့် အကောင်းဆုံးသောနည်းလမ်းမှာ ပြည်သူတို့အား လူမှုရေးနှင့် နိုင်ငံရေးအရ စနစ်တကျ စုစည်းခြင်း (social and political mobilization) ဖြစ်သည်ဟုလည်း သုတေသီများက ဆိုကြသည်။ မိမိတို့ဖြတ်သန်းခဲ့ကြဖူးသော အတိတ်ကာလ ခေတ်စနစ်အဆက်ဆက်တို့တွင်လည်း "ပြည်သူတို့၏ ပူးပေါင်းပါဝင်မှု" ကို အစိုးရအသီးသီးတို့က ညွှန်းဆိုခဲ့ကြသည်ကို တွေ့ကြုံခဲ့ကြရပြီးဖြစ်ရာ လက်တွေ့တွင်မူ ထိုခေတ်ထိုကာလ အစိုးရ သို့မဟုတ် ခေါင်းဆောင်များနှင့် ပြည်သူတို့အကြား ဘဝနှင့်ဆန္ဒတို့ ကွဲပြားခြားနားလျက် ကင်းကွာခဲ့ကြကြောင်းကိုလည်း မိမိတို့ တွေ့ကြုံခဲ့ကြရပြီးဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပြည်သူများပူးပေါင်းပါဝင်မှု (Popular Participation)ဟု ဆိုရာတွင် လက္ခဏာသုံးရပ်ရှိကြောင်း သုတေသီများက ဖော်ထုတ်တင်ပြထားသည်။ ယင်းတို့မှာ-

၁။ အကောင်အထည်ဖော်သူများအဖြစ်ပါဝင်မှု (implementer or operator role)- လယ်ယာမြေဖော်ထုတ်ရေး၊ ရေဘေးကာကွယ်ရေး၊ လမ်းဖောက်လုပ်ရေး၊ ဆည်မြောင်းကန်ချောင်းများ တူးဖော်ရေးစသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူထုက ပါဝင်လုပ်အားပေးဆောင်ရွက်ခြင်း။

၂။ နိုင်ငံတော်၏ ရေးရာကိစ္စအဝဝတွင် အဆုံးအဖြတ်ပေးရသည့် အဖွဲ့အစည်းအဆင့်ဆင့်၌ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ခြင်း (decision-maker role)-အထူးသဖြင့် မူဝါဒဆိုင်ရာအဆုံးအဖြတ်ပေးသည့်နေရာများတွင် ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ပါဝင်ခွင့်ရှိခြင်း။

၃။ ပြည်သူတို့သည် တစ်ဦးချင်းအားဖြင့်လည်း တီထွင်ကြံဆောင်ဖန်တီးသူများအဖြစ် ပါဝင်နေခြင်း (creative-initiative role or initiator role)တို့ ဖြစ်သည်။

နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နယ်ပယ်အသီးသီးတို့တွင် ပြည်သူများကိုယ်တိုင် စိတ်ဓာတ်နှင့် ယုံကြည်ချက်များအရ တက်ကြွစွာ အလိုအလျောက်ပါဝင်လာစေရန် စေ့ဆော်ဖန်တီးမှုများကို နိုင်ငံခေါင်းဆောင် သို့မဟုတ် အစိုးရတို့က ဦးဆောင်ဦးရွက်ပြု ဖော်ဆောင်ပေးခြင်းနှင့်အတူ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆိုသည်မှာ ခေါင်းဆောင်နှင့် ပြည်သူတို့၏ "နှစ်ယောက်တစ်အိပ်မက်ပမာ " ဖြစ်နေရန်လည်း လိုအပ်သည်။ တစိုက်မတ်မတ်ဖြစ်သော တစ်ခုတည်းသော မျှော်မှန်းချက်အပေါ်တွင် ဆန္ဒာဓိပတိကို အထွတ်တင်ခြင်းဖြင့် အောင်မြင်ခြင်းပန်းတိုင်ကို လှမ်းကိုင်နိုင်မည်ဖြစ်ပါကြောင်း။ ။

# ရွေးကောက်ပွဲဆိုင်ရာ Web နှင့် Mobile Apps များ အခမဲ့ရယူနိုင်




# ကြားဖြတ်ရွေးကောက်ပွဲလုံခြုံရေးနှင့် စေ့စပ်ညှိနှိုင်းရေးဆိုင်ရာကိစ္စရပ်များဆွေးနွေး

**ချောင်းဆုံ မတ် ၃၀**

ကြားဖြတ်ရွေးကောက်ပွဲ ကျင်းပရန်ရှိသည့် မွန်ပြည်နယ် ချောင်းဆုံမြို့နယ်၌ မတ် ၃၀ ရက်က မွန်ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းနိုင်ဦး၊ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဦးဟိဏ်းလင်းထက်တို့ပါဝင်သော ကော်မတီများသည် မြို့နယ်အဆင့်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၊ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီ၊ ရွေးကောက်ပွဲတွင် လုံခြုံရေးဆောင်ရွက်မည့် ရဲတပ်ဖွဲ့ဝင်တို့နှင့်တွေ့ဆုံကာ ကြားဖြတ်ရွေးကောက်ပွဲအတွက် လုံခြုံရေးကိစ္စရပ်များ၊ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ ဆောင်ရွက်ချက်များ၊ ရှေ့ဆက်ဆောင်ရွက်ရန်များကို ဆွေးနွေးခဲ့ကြသည်ဟု သိရသည်။

ဆွေးနွေးမှုပြီးနောက် မဲရုံများသို့သွားရောက်ကာ ပြည်နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး စီမံခန့်ခွဲမှုကော်မတီက မဲရုံဆိုင်ရာလုံခြုံရေးအခြေအနေများ၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများက မဲရုံတည်ဆောက်ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုခဲ့ကြသည်။ ချောင်းဆုံမြို့နယ်၏ ကြားဖြတ်ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူ ၁၂၅၉၉၅ ဦးရှိပြီး ပြည်တွင်းမဲဆန္ဒရှင် ၁၁၀



နှင့် ပြည်ပမဲဆန္ဒရှင်လေးဦးတို့က ကြိုတင်မဲပေးရန် လျှောက်ထားခဲ့ရာ ယနေ့အထိ ပြည်တွင်း ကြိုတင်မဲများအားလုံးရောက်ရှိပြီး ပြည်ပကြိုတင်မဲတွင် လေးမဲအနက် တစ်မဲရောက်ရှိထားပြီဟု သိရသည်။ **မြတ်မွန်ထွေး**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၃၀-၃-၂၀၁၇ **ခင်ရတနာ-စုစည်းသည်။**

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၉၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၃၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၈၅/၇၀၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၉၅/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၃၅/၇၆၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၀/၇၃၀ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ | ·၀၀ |
| ဥရောပ | တစ်ယူရို | ၁၄၇၂ | ·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၇၅ | ·၁၂ |
| ထိုင်း | တစ်ဘတ် | ၃၉ | ·၅၀ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ | ·၉၃ |
| တရုတ် | တစ်ယွမ် | ၁၉၇ | ·၉၆ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၈ | ·၂၅ |

မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

**ကျွန်တော်တို့ရဲ့နောင်လာနောက်သားများ သာယာဝပြောတဲ့ အနာဂတ်ရရှိစေဖို့အတွက် ကမ္ဘာပေါ်ရှိ သက်ရှိအားလုံးကို ထိန်းသိမ်းရေးဆိုတဲ့ ဘုံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာမှာ အစိုးရ၊ အစိုးရ မဟုတ်တဲ့ အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းစုများအပြင် ပြည်သူများအနေနဲ့ ပူးပေါင်းပါဝင်ကြဖို့ လိုအပ်ပါတယ်။ မိမိတို့၏ အနာဂတ်မျိုးဆက်တွေအတွက် သက်ရှိမျိုးစိတ်အားလုံးကို ထိန်းသိမ်းရန် တတ်နိုင်တဲ့ဘက်ကကူညီကြဖို့ အားလုံးကိုတောင်းဆိုပါတယ်။ တောရိုင်းတိရစ္ဆာန်နဲ့ သဘာဝအပင်များ တရားမဝင် ရောင်းဝယ်ဖောက်ကားနေမှုကို လုံးဝလက်မခံဘူးဆိုတာကို ပြသပြီး အပြောင်းအလဲဖြစ် အောင် လုပ်နိုင်ပါတယ်။**

(နေပြည်တော်ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ ဇွန် ၅ ရက်တွင်ကျင်းပသော ၂၀၁၆ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်း ရေးနေ့ အထိမ်းအမှတ်အခမ်းအနားတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

**ကျွန်မတို့နိုင်ငံအတွက် ငြိမ်းချမ်းရေးဟာ အဓိကအရေးကြီးပါတယ်။ ကျွန်မတို့ နိုင်ငံငြိမ်းချမ်းရေး မရရှိခြင်းမှာ ကျွန်မတို့ပြည်ထောင်စုသား များ အားလုံးရဲ့ရုပ်ပိုင်းဆိုင်ရာလိုအပ်ချက်၊ စိတ်ပိုင်းဆိုင်ရာလိုအပ်ချက် တွေကို မဖြည့်ဆည်းနိုင်ခြင်းကြောင့် ဖြစ်ပါတယ်။**

(နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ဩဂုတ် ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

*✱ ရှေ့ဖုံးမှ*

ဖိနှိပ်ရာရောက်တဲ့ ဥပဒေတွေကိုလည်း ကျွန်မတို့ ပြောင်းလဲသင့်တာကို ပြောင်းလဲတယ်၊ ဖယ်ရှားသင့်တာကို ဖယ်ရှားခဲ့ပါတယ်။ ဒါဟာ စနစ်ကိုပြောင်းလဲခြင်းရဲ့ခြေလှမ်းတစ်လှမ်း ဖြစ်ပါတယ်။ ပြည်သူတွေကတော့ စိတ်ဓာတ်ကို ပြောင်းလဲလား မပြောင်းလဲလားဆိုတာဟာ ပြည်သူတွေ ကိုယ်တိုင်သိမှာပါပဲ။

**အဂတိတရားကင်းဖို့**

ကျွန်မတို့ အစိုးရအဖွဲ့ဝင်တွေအနေနဲ့ စိတ်ဓာတ်ကို ပြောင်းလဲခြင်းဆိုတာဟာ ကျွန်မတို့ အဂတိတရားလေးပါးမှ ကင်းဖို့ပါပဲ။ တချို့က အဂတိတရားဆိုတာဟာ ငွေရေးကြေးရေးနဲ့ ပတ်သက်တယ်လို့ပဲ ထင်ပါတယ်။ ဒါကြောင့် ကျွန်မ မကြာခဏ သတိပေးရပါတယ်။ အဂတိတရား လေးပါး ဆိုတာ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ။ ဒီတော့၊ အစိုးရတာဝန်ကို ထမ်းဆောင်တဲ့ ပုဂ္ဂိုလ်များဟာ ဆန္ဒ၊ ဒေါသကင်းရမယ်ဆိုတာ မိမိတို့ချစ်ခင်တဲ့ ပုဂ္ဂိုလ်များ၊ မိမိတို့နဲ့ နီးစပ်တဲ့ပုဂ္ဂိုလ်များရဲ့ အကျိုးအတွက်ကို ကြည့်ပြီးတော့ မလုပ်ရဘူး။ အမှန်တရားကိုပဲ ကြည့်ပြီးတော့ လုပ်ရမယ်။ ဒါဆန္ဒဂတိကင်းခြင်းဆိုတာ ဒါပဲဖြစ်ပါတယ်။ ပိုက်ဆံယူမှ အဂတိတရားနဲ့ မကင်းတာမဟုတ်ပါဘူး။ ကိုယ့်ရဲ့အသိုင်းအဝိုင်းရဲ့အကျိုးကိုကြည့်ပြီးတော့ လုပ်ဆောင်တဲ့ပုဂ္ဂိုလ်များဟာ နိုင်ငံရဲ့အကျိုးမကြည့်ဘဲနဲ့ ကိုယ့်ရဲ့အသိုင်းဝိုင်း၊ ကိုယ့်ရဲ့မိသားစု၊ ကိုယ့်ရဲ့ မိတ်ဆွေများရဲ့မျက်နှာကြည့်ပြီး လုပ်တယ်ဆိုတာဟာ ဒါဟာလည်း အဂတိတရားတစ်မျိုးပါပဲ။

ဒေါသဂတိ ဆိုတာကတော့ ကိုယ်မကြိုက်တဲ့သူတွေ၊ မချစ်မနှစ်သက်တဲ့သူတွေကို နှိမ်တာ၊ ဒုက္ခရောက်အောင်လုပ်တာ၊ နည်းအမျိုးမျိုးနဲ့ ပြဿနာရှာတာ ဒီဟာတွေလည်း ကျွန်မတို့ အစိုးရက ကင်းတယ်လို့ ကျွန်မယုံကြည်ပါတယ်။ ဘယာဂတိ ဆိုတာကတော့ စိုးရိမ်ကြောင့်ကြမှုက ကင်းဝေးခြင်းပါ။ ဒါကတော့ အဓိကအရေးကြီးတာကတော့ ကျွန်မတို့ရဲ့ပြည်သူတွေ စိုးရိမ်ကြောင့်ကြမှုမှ ကင်းဝေးဖို့လည်း လိုပါတယ်။ ဒါပေမယ့် အစိုးရဆိုတာလည်း စိုးရိမ်ကြောင့်ကြမှုကနေ ကင်းရမယ်။ ပြောရမယ်ဆိုရင် လုပ်သင့်လုပ်ထိုက်တာကို လုပ်ရဲရမယ်။ လုပ်သင့်လုပ်ထိုက်တာကို မလုပ်ရဲလို့ရှိရင် နိုင်ငံတစ်နိုင်ငံရဲ့အုပ်ချုပ်ရေးတာဝန်ကို မယူသင့်ပါဘူး။

**စိန်ခေါ်မှုများနဲ့ကြုံ**

ကျွန်မတို့ အခုတစ်နှစ်အတွင်းမှာဆိုရင် စိန်ခေါ်မှုအများကြီးနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ အားလုံးကသိတဲ့အတိုင်းပဲ ကျွန်မတို့ နိုင်ငံဟာ စီးပွားရေးအရ ချွတ်ခြုံကျနေတယ်။ နောက်ပြီးတော့လည်း ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရတဲ့အချိန်ကနေ စပြီးတော့ အခုထိ အပြည့်အဝ ငြိမ်းချမ်းရေးဆိုတာ မရရှိခဲ့သေးပါဘူး။ ကျွန်မတို့အတွက် အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေးဆိုတာဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒီဟာကတော့ ဒုတိယကိစ္စရပ်ကြီးပါပဲ။ ဒါပေမယ့် ကိစ္စရပ်တွေက တစ်ခုနဲ့တစ်ခု ဆိုတာဟာ ဆက်နွှယ်နေပါတယ်။

ကျွန်မတို့ အမျိုးသားရင်ကြားစေ့ရေးရရှိဖို့၊ ငြိမ်းချမ်းရေး ရရှိဖို့ဆိုလို့ရှိရင် အဂတိတရား ကင်းစင်ရမယ်။ ကျွန်မတို့ဟာ ကျွန်မတို့ နိုင်ငံအတွင်းမှာရှိတဲ့ အဖွဲ့အစည်း၊ အစုအဖွဲ့အသီးသီးနဲ့ ဆက်ဆံတဲ့နေရာမှာဆိုရင် ကိုယ်ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ အမှန်တရားကိုရှေ့ရှုပြီးတော့ လုပ်ကိုင်ဖို့လိုပါတယ်။

ကျွန်မတို့ရဲ့အစိုးရအနေနဲ့ ဒါတော့ ပြည်သူလူထုက သုံးသပ်ရမှာပါ။ ကျွန်မအမြင်မှာတော့ ဒီတစ်နှစ်အတွင်းမှာ ဘယ်အဖွဲ့အစည်း၊ ဘယ်ပုဂ္ဂိုလ်ကိုမှ တိုက်ခိုက်ခဲ့တာ၊ စောင်းမြောင်းခဲ့တာ၊ စောင်းချိတ်ပြီးတော့ ဝေဖန်ခဲ့တာ မရှိပါဘူး။ ကျွန်မတို့ ပြောစရာရှိရင်တော့ တည့်တည့်ပဲ ပြောပါတယ်။

ဒါပေမယ့် ဘယ်တော့မှ ကျွန်မတို့ဟာ အဖွဲ့အစည်းတစ်ခု၊ ပုဂ္ဂိုလ်တစ်ခုကို ကျွန်မတို့ရဲ့ပုဂ္ဂိုလ်ရေးမလိုလားချက်ကို အခြေခံပြီးတော့ မလုပ်သင့်တဲ့ကိစ္စကို လုပ်မှာမဟုတ်ပါဘူး။ ဒီလို မလုပ်လို့ရှိရင်၊ ဒီလို လမ်းစဉ်ကိုမသွားလို့ရှိရင် အမျိုးသား ရင်ကြားစေ့ရေးဆိုတာ ရနိုင်မှာ မဟုတ်ပါဘူး။

**မျှမျှတတရှိဖို့လို**

ဒီနိုင်ငံထဲမှာ အဖွဲ့အစည်းအမျိုးမျိုး ရှိပါတယ်။ တိုင်းရင်းသား မျိုးစုံရှိပါတယ်။ ဘာသာကိုးကွယ်တဲ့ ပုဂ္ဂိုလ်တွေ မျိုးစုံရှိပါတယ်။ ဒီတော့ ကျွန်မတို့ဟာ တကယ်ပဲ အမျိုးသားရင်ကြားစေ့ရေးကို လိုလားတယ် ဆိုလို့ရှိရင်တော့ အားလုံးကို ဆက်ဆံတဲ့နေရာမှာ မျှမျှတတရှိရမယ်။

ပုထုဇဉ်လူသားများဖြစ်တဲ့အလျောက် ကိုယ်ကြိုက်တဲ့ဟာ မကြိုက်တဲ့ဟာ ရှိတာပေါ့။ ကိုယ် ပိုပြီးတော့ မေတ္တာထားတဲ့ ပုဂ္ဂိုလ်တွေရှိမယ်။ မေတ္တာမထားတဲ့ ပုဂ္ဂိုလ်တွေရှိမယ်။ ဒါပေမယ့် ဒါ အစိုးရတစ်ရပ်ရဲ့အလုပ်ထဲမှာ ဒီလိုခံစားချက်တွေဟာ ပါဝင်လာစရာ အကြောင်းမရှိပါဘူး။

ကျွန်မတို့ ရွေးကောက်ပွဲစည်းရုံးရေးကာလတုန်းက ပြည်သူလူထုကို ပြောခဲ့ပါတယ်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မဲပေးပါ။ ကျွန်မတို့ ကိုယ်စားလှယ်တွေဟာ မဟုတ်မမှန်တာ လုပ်လို့ရှိရင် ကျွန်မတို့ကိုယ်တိုင် တာဝန်ယူပြီးတော့ လုပ်သင့်လုပ်ထိုက်တာကို လုပ်ပါမယ်ဆိုပြီးတော့ ကျွန်မတို့ ကတိပေးခဲ့ပါတယ်။ ဒီကတိအတိုင်းလည်း ကျွန်မတို့ ဆောင်ရွက်ခဲ့ပါတယ်။

**ကျွန်မတို့ တိုင်းနှင့် ပြည်နယ်တချို့မှာဆိုလို့ရှိရင် အရင်နှစ်တုန်းက ချထားခဲ့တဲ့ ဘတ်ဂျက် ငွေတွေ အရင်တုန်းကနေပြီးတော့ စပြီးသားစီမံကိန်းတွေနဲ့ ပတ်သက်လို့ သေသေချာချာ လေ့လာပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ငွေပိုတွေ အများကြီးရခဲ့ပါတယ်။ နိုင်ငံ့အတွက် မလိုအပ်တဲ့ငွေတွေ အလဟဿ မဖြစ်သွားပါဘူး။ မလိုအပ်ဘဲနဲ့ ဘာငွေမှ အလဟဿ မဖြစ်သွားပါဘူး။ ဒါပေမယ့် ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်မတို့ စီမံကိန်းတွေရဲ့အဆင့်နိမ့် သွားလားဆိုတော့ မနိမ့်သွားပါဘူး။ ပိုလည်းမြင့်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ အဆင့်မီရေးကိုလည်း အဓိကထားပြီးတော့လုပ်ပါတယ်။**

ဒီတစ်နှစ်အတွင်းမှာ ကျွန်မတို့အဖွဲ့ဝင်တွေထဲက ကျွန်မတို့ ခန့်အပ်ထားတဲ့ ပုဂ္ဂိုလ်ထဲက တိုင်းပြည်ရဲ့တာဝန်ကို မကျေပွန်ဘူးလို့ ကျွန်မတို့မြင်ခဲ့တာရှိပါတယ်။ ဒါမှမဟုတ် ကျွန်မတို့ပါတီရဲ့ စည်းမျဉ်းစည်းကမ်းတွေကို မလိုက်နာတာတွေလည်း ကျွန်မတို့ တွေ့ခဲ့ရပါတယ်။ အဲ့ဒီလို ပုဂ္ဂိုလ်တွေကိုလည်း ကျွန်မတို့ စည်းမျဉ်းစည်းကမ်းအရ အရေးယူပါတယ်။ နောင်လည်း ဒီလိုပဲ ဆက်ပြီးတော့ လုပ်သွားမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ နိုင်ငံတစ်နိုင်ငံ ချောမွေ့ဖို့အတွက်ဆိုလို့ရှိရင် ကျွန်မတို့ဟာ ဆန္ဒဂတိအရ ကိုယ်နဲ့ နီးစပ်တဲ့လူတွေကို မကာကွယ်သင့်တဲ့အချိန်မှာ ကာကွယ်နေလို့ မဖြစ်ပါဘူး။

**မျှော်လင့်ချက်များတိုးပွား**

ဒီတော့ ကျွန်မတို့ အမျိုးသားရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး ဆိုတာဟာ ဆက်နွှယ်နေတယ်ဆိုတာကတော့ ထူးထူးထွေထွေ ပြောဖို့လိုမယ်လို့ မထင်ပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ လွယ်တဲ့ဖြစ်စဉ် မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်မတို့အတွက် မျှော်လင့်ချက်တွေ အများကြီး ရှိပါတယ်။ အထူးသဖြင့် ဆိုလို့ရှိရင် အခုရက်ပိုင်းအတွင်းမှာဆိုလို့ရှိရင် ကျွန်မတို့ ဒုတိယပင်လုံညီလာခံအတွက် မျှော်လင့်ချက်တွေ အများကြီး တိုးပွားလာပါတယ်။

သို့သော်ငြားလည်း မျှော်လင့်ချက်ဆိုတာ မျှော်လင့်ချက်ပဲ။ မျှော်လင့်ချက်ဆိုတာဟာ ကျွန်မတို့ လက်ထဲမှာ ဆုပ်ရထားတဲ့ကိစ္စ မဟုတ်သေးပါဘူး။ အရာတစ်ခု မဟုတ်ပါဘူး။ ကျွန်မတို့ ဆက်ပြီးတော့ ကြိုးစားရပါမယ်။ ဒီ ငြိမ်းချမ်းရေးလမ်းသွားတဲ့အခါမှာ အခြားလမ်းတွေသွားသလိုပဲ ရှေ့ကိုတက်ရတာတွေလည်း ရှိတယ်။ တစ်ခါတလေ ရပ်နေရတာတွေလည်း ရှိတယ်။ တစ်ခါတလေလည်း နည်းနည်းပြန်ပြီးတော့ နောက်ဆုတ်ရတာတွေလည်း ရှိတယ်။ ဒါပေမယ့် ကျွန်မတို့ရဲ့ ပန်းတိုင်က ဘာလဲဆိုတာ ကျွန်မတို့က ရှင်းရှင်းလင်းလင်း သိပါတယ်။ ပန်းတိုင်က ဘာလဲလို့ ရှင်းရှင်းလင်းလင်းသိလို့ ကျွန်မတို့ဆက်ပြီးတော့ ဒီပန်းတိုင်ကို ချီတက်သွားမှာ ဖြစ်ပါတယ်။

ဒီဟာ ငြိမ်းချမ်းရေးပန်းတိုင်။ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးပန်းတိုင်။ ကျွန်မတို့ ဒီလို အမျိုးသားရင်ကြားစေ့ရေး အတွက် လုပ်တဲ့အခါမှာ၊ ငြိမ်းချမ်းရေးအတွက်လုပ်တဲ့အခါမှာ ကမ္ဘာတစ်ဝှမ်းက ကျွန်မတို့ မိတ်ဆွေတွေရဲ့ထောက်ပံ့မှု၊ ကူညီမှု၊ စာနာမှုကို ကျွန်မတို့ တန်ဖိုးထားပါတယ်။ သို့သော်ငြားလည်း ကျွန်မတို့နိုင်ငံရဲ့တာဝန်တွေကို ကျွန်မတို့ကိုယ်တိုင်သာ ထမ်းဆောင်ရမယ်။ ကျွန်မတို့နိုင်ငံရဲ့လိုအပ်ချက်တွေကို ကျွန်မတို့က နားအလည်ဆုံးပဲ။ ကျွန်မတို့ ဒီလိုအပ်ချက်တွေကို ဖြည့်ဆည်းတဲ့ နေရာမှာလည်း မှန်ကန်တဲ့လမ်းကို ကျွန်မတို့ ရွေးချယ်နိုင်တဲ့ အရည်အချင်းရှိတယ်လို့ ကျွန်မ လုံးဝယုံကြည်ပါတယ်။ ဒါဟာ စိတ်ဓာတ်ပါပဲ။ ကျွန်မတို့ရဲ့ပြည်သူပြည်သားတွေဟာလည်း ဒီလို ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှု ရှိစေချင်ပါတယ်။ အချို့သိပြီးသားဖြစ်မှာပါ။ ကျွန်မတို့ရဲ့ပြည်သူများဟာ ဘယ်လောက်အထိ ဒီလိုသတင်းတွေကို လိုက်ပြီးတော့ နားထောင်ကြတယ်။ ဝေဖန်ကြတယ်။ လေ့လာကြတယ်ဆိုတာကတော့ ကျွန်မက မသိပါဘူး။

**အနာဂတ်ကိုရှေးရှု**

ကျွန်မတို့ ရခိုင်ပြည်နယ်အရေးကိစ္စနဲ့ ပတ်သက်လို့ဆိုလို့ရှိရင် ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကနေပြီးတော့ မြန်မာနိုင်ငံနဲ့ပတ်သက်လို့ ဆုံးဖြတ်ချက်တစ်ခုချခဲ့ပါတယ်။ ဒီဟာကို ကျွန်မတို့ လက်မခံခဲ့ပါဘူး။ လက်မခံခဲ့တာဟာ ကျွန်မတို့ ကုလသမဂ္ဂကို မလေးစားလို့လည်း မဟုတ်ဘူး။ ဒီကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီထဲမှာပါဝင်တဲ့ နိုင်ငံတွေကို ကျွန်မတို့ မိတ်ဆွေအဖြစ်နဲ့မမြင်လို့လည်း မဟုတ်ဘူး။ ဆုံးဖြတ်ချက်ဟာ ကျွန်မတို့နိုင်ငံနဲ့ မကိုက်ညီဘူးလို့ ကျွန်မတို့ ယူဆလို့ လက်မခံတာပါ။ ကျွန်တို့နိုင်ငံနဲ့ ကိုက်ညီတယ်လို့ ယူဆတဲ့အကြံဉာဏ်တွေဆိုရင် ကျွန်မတို့ဟာ ကျေးဇူးတင်စွာနဲ့ လက်ခံမှာဖြစ်ပါတယ်။ ဒီလို အကြံဉာဏ်တွေ အကောင်အထည်ဖော်ဖို့လည်း ကျွန်မတို့ အတတ်နိုင်ဆုံး ကြိုးစားသွားမှာ ဖြစ်ပါတယ်။ ဒီတော့ ကျွန်မတို့ အခုတစ်နှစ်အတွင်း လုပ်ခဲ့တဲ့ကိစ္စရပ်အားလုံးဟာ နိုင်ငံရဲ့အနာဂတ်ကို ကျွန်မတို့ရှေ့ရှုပြီးတော့ လုပ်ခဲ့ပါတယ်။

တဒင်္ဂလတ်တလော အများကြိုက်မယ့်ကိစ္စတွေ ဆိုပြီးတော့လည်း ကျွန်မတို့ ရွေးမလုပ်ပါဘူး။ တဒင်္ဂ လတ်တလော ဩဘာပေးမယ့်ကိစ္စတွေဆိုပြီးတော့လည်း ကျွန်မတို့ ရွေးပြီးတော့ မလုပ်ခဲ့ပါဘူး။ လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စတွေကို ကျွန်မတို့ စွန့်စားပြီးတော့ လုပ်ခဲ့ပါတယ်။ စွန့်စားတယ်လို့ ကျွန်မ ပြောရခြင်းဟာ လူ့ဘဝမှာဆိုလို့ရှိရင် ဘာကိစ္စပဲလုပ်လုပ်၊ ဘယ်လို အကျိုးဆက် ဖြစ်လာမယ်ဆိုတာ တိတိကျကျ တွက်လို့မရပါဘူး။ ဒီတော့ ကျွန်မတို့ရဲ့ မျှော်လင့်ချက်နဲ့ ကျွန်မတို့ရဲ့ ယုံကြည်ချက်နဲ့ ကျွန်မတို့ ကိုင်စွဲထားတဲ့ မူဝါဒတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့ လုပ်သင့်လုပ်ထိုက်တယ်လို့ ထင်တဲ့ကိစ္စတွေကို လုပ်သွားမှာ ဖြစ်ပါတယ်။ အခုလည်း လုပ်ခဲ့ပါတယ်။

ဒီကိစ္စ ဒါနဲ့ပတ်သက်လို့လည်း ပြည်သူလူထုဟာ ကျွန်မတို့ကို စမ်းသပ်နိုင်ပါတယ်။ ကျွန်မတို့ရဲ့အခြေအနေဟာ ပြည်သူလူထု လိုချင်တဲ့အခြေအနေ ဟုတ်မဟုတ်ဆိုတာကိုလည်း ဆုံးဖြတ်ပိုင်ခွင့်ပြည်သူမှာ ရှိပါတယ်။ ငြိမ်းချမ်းရေးနဲ့ ပတ်သက်လို့ကတော့ ကျွန်မတို့နိုင်ငံဟာ တိုင်းရင်းသားလူမျိုးပေါင်းများစွာနဲ့ ဖွဲ့စည်းထားတဲ့နိုင်ငံမို့လို့ တော်တော်မှုရှုပ်ထွေးတဲ့ သိမ်မွေ့တဲ့ ကိစ္စလေးတွေကို ကျွန်မတို့ ကိုင်တွယ်ရပါတယ်။ ရင်ဆိုင်ရပါတယ်။ သို့သော်ငြားလည်း မတူကွဲပြားမှုဆိုတာဟာ ကျွန်မတို့အတွက် အကျိုးရှိနိုင်တဲ့ အင်မတန်မှ ကျယ်ပြန့်တဲ့ သယံဇာတကြီး တစ်ခုပဲလို့ ကျွန်မတော့ ဒီလိုပဲမြင်ပါတယ်။ ကျွန်မတို့ မတူကွဲပြားမှုတွေအပေါ်မှာ အခြေခံပြီးတော့ ကျွန်မတို့နိုင်ငံ ပိုပြီးတော့ တိုးတက်အောင်လို့၊ ပိုပြီးတော့ ကျွန်မတို့နိုင်ငံ ဖွံ့ဖြိုးအောင်လို့ ကျွန်မတို့ လုပ်နိုင်မယ်ဆိုတာလည်း အဓိကယုံကြည်ပါတယ်။ ဆိုတော့ အမျိုးသား ရင်ကြားစေ့ရေးနဲ့ငြိမ်းချမ်းရေးအတွက် လုပ်တဲ့နေရာမှာလည်း ဒီ အဂတိတရား (၄) ပါးကင်းဖို့လိုပါတယ်။ ဆန္ဒ၊ ဒေါသ၊ ဘယာ၊ မောဟ။ မကြိုက်လို့ မလုပ်တာတို့၊ ကြိုက်လို့ လုပ်တာတို့၊ ကြောက်လို့လုပ်တာတို့၊ ဒါမှမဟုတ် အသိတရား ကင်းမဲ့လို့ လုပ်တာတို့၊ မလုပ်တာတို့ ဒါတွေအားလုံးဟာ အဂတိတရားတွေပါပဲ။ ဒါတွေကနေကင်းစင်ဖို့ အစိုးရတစ်ရပ်ဟာ အင်မတန်မှ ကြိုးစားရပါလိမ့်မယ်။

**ပြည်သူအပေါ်မေတ္တာထားမယ်**

အရင်နှစ်က ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ အစိုးရတာဝန်ကို စပြီးထမ်းဆောင်ပြီး ကာလမကြာခင် မြန်မာ့နှစ်သစ်ကူးအချိန်မှာလည်း ကျွန်မပြည်သူလူထုကို မိန့်ခွန်း တစ်ရပ် ပြောခဲ့ပါတယ်။ အဲဒီမှာ ကျွန်မ ကတိတစ်ခုပေးခဲ့ပါတယ်။ ကျွန်မတို့ ပြည်သူအပေါ်မှာ မေတ္တာထားမယ်။ နိုင်ငံအပေါ်မှာ သစ္စာစောင့်မယ်။ ဒါဟာ ကျွန်မ အဓိကပြောချင်တယ်ဆိုတဲ့ ကိစ္စရပ်ကြီး (၃) ခုထဲက နောက်ဆုံးမြောက် ကိစ္စရပ်ဖြစ်ပါတယ်။ ပြည်သူအပေါ်မှာ မေတ္တာထားမယ်ဆိုတာ ပြည်သူရဲ့ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်မတို့ အတတ်နိုင်ဆုံးကြိုးစားသွားမယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ မေတ္တာထားတယ်ဆိုတာ ပါးစပ်ပြောရုံနဲ့ မပြီးပါဘူး။ တကယ့်ကို မေတ္တာထားတယ်ဆိုလို့ရှိရင် ကိုယ်မေတ္တာထားတဲ့ ပုဂ္ဂိုလ်များရဲ့ ဘဝနေရေး ပိုပြီးတော့ ကောင်းမွန်အောင်လို့၊ စိတ်အေးချမ်းနိုင်အောင်လို့၊ ကိုယ်ကျန်းမာနိုင်အောင်လို့ ဒီလိုဟာတွေကိုလုပ်ပေးမှ တကယ်မေတ္တာရှိရာရောက်ပါတယ်။ မေတ္တာရှိပါတယ်၊ မေတ္တာရှိပါတယ်လို့ ပါးစပ်ကပြောပြီးတော့ တကယ်တော့ ထိထိရောက်ရောက် ဘာမှမလုပ်ဘူးဆိုလို့ရှိရင် ဒီမေတ္တာဟာ စကားလုံးတစ်ခုပဲဖြစ်ပါတယ်။ တကယ်ထိရောက်တဲ့အင်အား မဟုတ်ပါဘူး။ အဲတော့ ကျွန်မတို့ ပြည်သူအပေါ်မှာ မေတ္တာထားမယ်လို့ ကျွန်မတို့ ကတိပြုသွားတဲ့အတိုင်းပဲ တတ်နိုင်သမျှ ပြည်သူ့ရဲ့ဘဝတိုးတက်ရေးအတွက် လုပ်ခဲ့ပါတယ်။ ဘယ်လောက်ထိ အောင်မြင်တယ်၊ မအောင်မြင်တယ် ဆိုတာကတော့ စောစောက ကျွန်မပြောတဲ့အတိုင်းပဲ ကျွန်မတို့ဝန်ကြီးဌာန အသီးသီးက တင်ပြပြီးပါပြီ။

ကျွန်မအနေနဲ့ အလေးထားတဲ့ ကိစ္စလေးတချို့ကိုပဲ အခု ပြောသွားချင်ပါတယ်။ ပြည်သူအပေါ်မှာ မေတ္တာထားတယ်ဆိုတာ ပြည်သူ့ရဲ့ကျန်းမာရေး၊ ပညာရေးကို ကျွန်မတို့ အထူးဂရုပြုဖို့ လိုပါတယ်။ ဒါကြောင့်မို့လို့ အခုကျွန်မတို့ရဲ့ ဒီနှစ်ဘတ်ဂျက်ထဲမှာဆိုလို့ရှိရင် ပညာရေးနဲ့ ကျန်းမာရေးအတွက်ကို အထူး ကျွန်မတို့ သုံးထားတာ ရှိပါတယ်။ အရင်တုန်းကနဲ့မတူအောင်လို့ ပိုမိုပြီးတော့ သုံးစွဲထားပါတယ်။ နောက်ပြီးတော့ ဒီသုံးစွဲတဲ့ငွေများဟာ အလဟဿ မဖြစ်စေဘူးဆိုတာလည်း ကျွန်မတို့ အာမခံနိုင်ပါတယ်။ အခု ဒီတစ်နှစ်အတွင်းမှာကို ကျွန်မတို့ရဲ့ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုဟာ တိုးတက်တဲ့နှုန်းဟာ အင်မတန်မှမြန်ပါတယ်။ တိုးတက်တယ်ဆိုတာဟာ ကမ္ဘာကတောင်မှ အသိအမှတ်ပြုရလောက်အောင် တိုးတက်ပါတယ်။ ထင်ထင်ရှားရှား ကိစ္စတစ်ခုကတော့ တီဘီ၊ နောက်ပြီးတော့ ငှက်ဖျား၊ HIV AIDS နဲ့ ပတ်သက်တဲ့ ဒီရောဂါကြီး (၃) ခု တိုက်ဖျက်ရေး စီမံကိန်း ပေါ့။ တစ်ကမ္ဘာလုံးကနေပါဝင်နေတဲ့ စီမံကိန်းကြီးမှာ ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံရဲ့ တိုးတက်မှုဟာ အံ့မခန်းပါပဲဆိုပြီးတော့ Global funds ဆိုတဲ့ ဒီရောဂါကြီး (၃)ခုကို တိုက်ဖျက်မှုအတွက် ထူထောင်ထားတဲ့ ကမ္ဘာ့ငွေရေးကြေးရေးအဖွဲ့ကနေပြီးတော့ ကျွန်မတို့ကို ချီးမွမ်းရပါတယ်။

*စာမျက်နှာ ၄ သို့*

# ကျွန်မတို့နိုင်ငံရဲ့ကိစ္စတွေအတွက်ကို ပြည်သူနဲ့အတူတူ တာဝန်ယူမယ်။ ပြည်သူနဲ့အတူတူ ကျွန်မတို့ ဒီတာဝန်တွေကို ထမ်းဆောင်မယ်။ ကျွန်မတို့အနေနဲ့ ဒီတာဝန်တွေကို ကျေပွန်ဖို့အတွက် ပြည်သူရဲ့အားကို ကျွန်မတို့ယူသလို ကျွန်မတို့ရဲ့ စွမ်းအားတွေအားလုံးကိုလည်း ပြည်သူတွေအတွက် ကျွန်မတို့သုံးပါမယ်ဆိုတဲ့ စိတ်ဓာတ်နဲ့ ပြည်သူနဲ့အတူ ကျွန်မတို့ နောက်နှစ်ကို ချီတက်သွားချင်ပါတယ်။ အဲ့ဒီလိုချီတက်သွားတဲ့အခါ ကျွန်မတို့ ပြည်သူ ပြည်သားအားလုံး၊ ပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများအားလုံးဟာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီကြလိမ့်မယ်လို့ ကျွန်မတို့မျှော်လင့်ပါတယ်

*စာမျက်နှာ ၃ မှ*

အရင်တုန်းကဆိုလို့ရှိရင် မြန်မာနိုင်ငံဟာ ဒီရောဂါကြီး သုံးခု တိုက်ဖျက်မှုမှာ နောက်ဆုံးနားက ရှိနေပေမယ့် အခုဆိုရင် ကမ္ဘာ့အဆင့်နဲ့ကို ထိပ်တန်းကို တက်လာပြီဆိုပြီး ချီးမွမ်းရပါတယ်။ ချီးမွမ်းတယ် ဆိုတာကလည်း စကားနဲ့တင်မဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ နောင် သုံးနှစ်မှာဆိုလို့ရှိရင် ကျွန်မတို့ကို အမေရိကန်ဒေါ်လာ သန်း ၅၀၀ နဲ့ ထောက်ပံ့မယ်။ ဒီကိစ္စတွေ ဆက်ပြီးတော့ လုပ်သွားဖို့ ထောက်ပံ့မယ်ဆိုပြီးတော့ ပြောခဲ့ပါတယ်။ ဒါ ကျွန်မအနေနဲ့ ကျေနပ်စရာတွေထဲမှာ တစ်ခုပါ။

**ကျေနပ်စရာတွေ**

နောက်တစ်ခု ကျွန်မတို့ ကျေနပ်စရာတွေထဲမှာ ဘာရှိလဲဆိုတော့ ကျွန်မတို့ရဲ့လမ်းပန်းဆက်သွယ်ရေးတွေ အင်မတန်မှ ကောင်းလာပါတယ်။ မနှစ်တုန်းက ကျွန်မတို့ရဲ့စီးပွားရေး ပေါ်လစီတွေ၊ မူဝါဒတွေ ချမှတ်တဲ့အခါမှာ အရေးကြီးဆုံးဟာ အလုပ်အကိုင်ဖန်တီးရေးပဲလို့ ကျွန်မတို့ပြောခဲ့ပါတယ်။ ဒါပေမယ့် ဒီတစ်နှစ်အတွင်းမှာ ကျွန်မတို့ ဘာတွေ့ခဲ့ရလဲဆိုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းသွားပြီ။ လျှပ်စစ်မီးရသွားပြီ ဆိုလို့ရှိရင် အလုပ်အကိုင် ဖန်တီးရေးဟာ ပိုပြီးတော့တိုးတက်လာတယ်။ လျင်မြန်လာတယ်။ ပြည်သူတွေကလည်း မိမိတို့ကိုယ်တိုင် မိမိဘာသာ အလုပ်အကိုင်တွေကို ဖန်တီးနိုင်တဲ့ခွင့်လည်း ရလာတယ်။ နောက်ပြီးတော့ လုပ်ငန်းရှင်တွေဘက်ကလည်း ဒီလို လမ်းပန်းဆက်သွယ်ရေး ကောင်းတဲ့နေရာ၊ လျှပ်စစ်မီးရတဲ့နေရာမှာဆိုလို့ရှိရင် ရင်းနှီးမြှုပ်နှံချင်တဲ့စိတ်တွေ ဖြစ်လာတယ်။

ဒီတော့ ဒါကြောင့်မို့ ကျွန်မတို့ အခုကနေစပြီးတော့ အလုပ်အကိုင်ဖန်တီးရေးနဲ့ လမ်းပန်းဆက်သွယ်ရေးနဲ့တန်းတူ လျှပ်စစ်မီးရရှိရေးကို ကျွန်မတို့ အဓိကထားပြီးတော့ လုပ်သွားမှာဖြစ်ပါတယ်။ ဒီလိုလုပ်တဲ့နေရာမှာ ကျွန်မတို့ဟာ နိုင်ငံကိုတည်ဆောက်တဲ့နေရာမှာ ပြည်သူကို အကျိုးပြုမယ့် စီမံကိန်းတွေကို အကောင်အထည်ဖော်တဲ့နေရာမှာ နိုင်ငံ့ဘဏ္ဍာတော်ငွေကို မှန်မှန်ကန်ကန် တိတိကျကျ သုံးစွဲဖို့လိုပါတယ်။ ဒါနဲ့လည်း ပတ်သက်လို့ ကျွန်မတို့ အင်မတန်မှ ဂုဏ်ယူနိုင်ပါတယ်။

**ငွေတွေ အလဟဿမဖြစ်**

ကျွန်မတို့ တိုင်းနှင့် ပြည်နယ်တချို့မှာဆိုလို့ရှိရင် အရင်နှစ်တုန်းက ချထားခဲ့တဲ့ ဘဏ္ဍာငွေတွေ အရင်တုန်းကနေပြီးတော့ စပြီးသားစီမံကိန်းတွေနဲ့ပတ်သက်လို့ သေသေချာချာ လေ့လာပြီးတော့ ဆောင်ရွက်တဲ့အခါမှာ ငွေပိုတွေ အများကြီးရခဲ့ပါတယ်။ နိုင်ငံ့အတွက် မလိုအပ်တဲ့ငွေတွေ အလဟဿ မဖြစ်သွားပါဘူး။ မလိုအပ်ဘဲနဲ့ ဘာငွေမှ အလဟဿ မဖြစ်သွားပါဘူး။ ဒါပေမယ့် ဒီလိုလုပ်ခြင်းအားဖြင့် ကျွန်မတို့ စီမံကိန်းတွေရဲ့ အဆင့်နိမ့်သွားလားဆိုတော့ မနိမ့်သွားပါဘူး။ ပိုလည်းမြင့်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ အဆင့်မီရေးကိုလည်း အဓိကထားပြီးတော့ လုပ်ပါတယ်။

တချို့ တိုင်းနှင့်ပြည်နယ်တွေမှာဆိုလို့ရှိရင် ပိုလျှံငွေဟာ နည်းနည်းနောနော မဟုတ်ပါဘူး။ သန်းနဲ့ချီပြီးတော့ကို ပိုတာတွေရှိပါတယ်။ သန်း မဟုတ်ဘဲ ဘီလီယံနဲ့ ချီပြီးတော့ ပိုတာတွေလည်းရှိပါတယ်။ အဲ့တော့ ကျွန်မတို့ ဒီနေရာမှာလည်း ကျေနပ်စရာတစ်ခုပါပဲ။ ပြည်သူလူထုရဲ့ ဘဏ္ဍာငွေကို ကိုယ်ပိုင်ငွေလို ကျွန်မတို့ မသုံးပါဘူး။ ပြည်သူ့ငွေဟာ ပြည်သူ့ငွေပဲ။ နိုင်ငံ့ငွေဟာ နိုင်ငံ့ငွေပဲ၊ နိုင်ငံ့ဘဏ္ဍာပဲ။ နိုင်ငံရဲ့အရင်းအမြစ်ပဲဆိုပြီးတော့ ကျွန်မတို့ သေသေချာချာကို တာဝန်ရှိစွာနဲ့ ကျွန်မတို့သုံးခဲ့ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ ဒါဟာလည်း နိုင်ငံ့အပေါ်မှာ သစ္စာစောင့်တယ်ဆိုတဲ့အတိုင်းပါပဲ။ နိုင်ငံအပေါ်မှာ သစ္စာစောင့်တာနဲ့ ပြည်သူအပေါ်မှာ မေတ္တာထားတာဟာ တကယ်တော့ ခွဲခြားလို့ မရပါဘူး။

နိုင်ငံအပေါ်မှာ သစ္စာစောင့်တယ်ဆိုရင် ပြည်သူအပေါ်မှာ မေတ္တာထားရမယ်။ ပြည်သူရဲ့ တိုးတက်ရေးအတွက်ကို စွမ်းဆောင်ရမယ်။ ဒီတော့ ပြည်သူအပေါ်မှာ မေတ္တာထားတယ်ဆိုရင် နိုင်ငံအပေါ်မှာလည်း သစ္စာစောင့်ရမယ်။ ဒါမှသာ အစိုးရတစ်ခုရဲ့တာဝန်ဟာ ကျေပွန်မှာ ဖြစ်ပါတယ်။ အဲ့ဒီတော့ ကျွန်မတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရအနေနဲ့၊ ကျွန်မက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလို့ ပြောတဲ့အခါမှာ အားလုံးကို သတိပေးချင်တာကတော့ အမျိုးသားရင်ကြားစေ့ရေးအစိုးရလို့ ပြောချင်ပါတယ်။

**ပြည်သူ့အတွက်ရှိတဲ့ အရည်အချင်း**

ကျွန်မ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အစိုးရလို့ ပြောရခြင်းအကြောင်းဟာ ကျွန်မတို့ပိုင်တဲ့ အစိုးရလို့ ပြောချင်လို့မဟုတ်ပါဘူး။ ကျွန်မတို့ တာဝန်ယူပါတယ်ဆိုတာကို ပြောချင်တာ ဖြစ်ပါတယ်။ ကျွန်မတို့စတက်ကတည်းက အမျိုးသားရင်ကြားစေ့ရေးကို ဦးတည်တဲ့အစိုးရဆိုတာ ကျွန်မ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်တွေနဲ့တင် ဖွဲ့ထားတဲ့အစိုးရ မဟုတ်ပါဘူး။ အဖွဲ့အစည်းအသီးသီးက ပုဂ္ဂိုလ်တွေနဲ့ စုပေါင်းပြီးတော့ ဖွဲ့ထားတဲ့အစိုးရဖြစ်ပါတယ်။ ဒါဟာ ကျွန်မတို့အနေနဲ့ ပြည်သူ့အတွက်ရှိတဲ့ အရည်အချင်းတွေအားလုံးကို အကောင်းဆုံးဖြစ်အောင် ကျွန်မတို့ သုံးချင်ပါတယ်။

ဒီတော့ ကျွန်မတို့ ရွေးထားတဲ့ ဝန်ကြီးများဟာ အားလုံး အတော်ဆုံးလား အကောင်းဆုံးလား ဆိုတာဟာ ဒါတော့လည်း အချိန်ကပဲ ပြသွားမှာပါ။ တချို့က တိုးတက်မှုပိုနှေးတယ်၊ တချို့က တိုးတက်မှု ပိုမြန်တယ်။ ဒါပေမယ့် တချို့တွေကလည်း ရောက်နေတဲ့နေရာနဲ့ သင့်တော်ချင်မှ သင့်တော်မယ်။ ဒါတွေကတော့ ကျွန်မတို့ကြည့်ပြီးတော့ ပြောင်းသင့် ပြောင်းထိုက်တာကို ပြောင်းရမှာပဲ။ ဒါ ပြည်သူတွေကလည်း ဒီကိစ္စတွေကို သိပိုင်ခွင့်ရှိပါတယ်။ အစိုးရတစ်ခုဟာ ဘာလုပ်နေလဲ။ ဘယ်လိုရည်ရွယ်ချက်ရှိလဲ ဆိုတာဟာ ပြည်သူဟာ သိပိုင်ခွင့် ရှိပါတယ်။ ပြည်သူကိုမပြောဘူးဆိုတာ တစ်နည်းအားဖြင့် ပြည်သူကို မယုံကြည်ဘူး၊ မလေးစားဘူး၊ ပြည်သူမှာ အရည်အချင်းမရှိဘူးလို့ သတ်မှတ်သလိုပါပဲ။

**ပြည်သူ့အကျိုးနဲ့ နိုင်ငံ့အကျိုး**

ဒါကြောင့် ပွင့်လင်းမြင်သာမှုရဲ့အခြေခံအားဖြင့် ပြည်သူကို လေးစားခြင်းပဲ ဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောတယ်ဆိုတာဟာ ပြည်သူဟာ ပြောသင့်ပြောထိုက် သိသင့်သိထိုက်တဲ့သူမို့လို ပြောတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်ပါတယ်။ ဒါကြောင့်မို့ အစိုးရကောင်းများအားလုံးရဲ့အခြေခံဟာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုပဲ ဖြစ်ပါတယ်။ ဒီပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုကို ကျွန်မတို့ လက်ကိုင်ပြီးတော့ ဒီတစ်နှစ်အတွင်းမှာ တတ်နိုင်သလောက် ပြည်သူ့အကျိုးနဲ့ နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်ခဲ့ပါတယ်။ ပြည်သူတွေအားလုံး တိုးတက်သင့်သလောက် တိုးတက်ချင်သလောက် မတိုးတက်သေးဘူးဆိုတာလည်း ကျွန်မတို့ သိပါတယ်။

ဒီတစ်နှစ်ဆိုတာဟာ တကယ်တော့ သိပ်ပြီးတော့ ရှည်ကြာတဲ့ကာလမဟုတ်ပါဘူး ဒီလိုပဲ ကျွန်မတို့လို စနစ်အပြောင်းအလွဲကို ဖြတ်သန်းခဲ့ရတဲ့ တချို့နိုင်ငံက ပုဂ္ဂိုလ်များနဲ့ ကျွန်မဆွေးနွေးဖူးပါတယ်။ ဆွေးနွေးတဲ့အခါမှာ နှစ်လ သုံးလလောက်က ဆွေးနွေးဖြစ်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ တော်တော်များများက ပြောပါတယ်။ ကျွန်မတို့နိုင်ငံရဲ့တိုးတက်နှုန်းက အတော်မြန်ပါတယ်တဲ့။ သူတို့နိုင်ငံတွေမှာဆိုရင်၊ တချို့နိုင်ငံတွေမှာဆိုရင် ကျွန်မတို့ တိုးတက်နှုန်းလောက် တိုးတက်မှုရအောင် သုံး၊ လေးနှစ်တောင်မှ ကြိုးစားရပါတယ်လို့ ပြောခဲ့တာရှိပါတယ်။ ဒီလို ပြောတဲ့အခါကျတော့လည်း ကျွန်မတို့ အားတက်ပါတယ်။ အားတက်တယ်ဆိုတာဟာ ကျေနပ်ပြီးတော့၊ တော်လှပြီဆိုပြီးတော့ အားတက်တာမျိုး မဟုတ်ပါဘူး။ ကျွန်မတို့ ဆက်ပြီးတော့ ကြိုးစားရကျိုးနပ်တယ်ဆိုတဲ့ အသိနဲ့ အားတက်မှုဖြစ်ပါတယ်။

**ပြည်သူနဲ့အတူ**

ကျွန်မတို့ အရင်နှစ်တုန်းက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟာ နိုင်ငံ့ရဲ့တာဝန်ကို စပြီးတော့ ယူစဉ်အခါတုန်းကဆိုလို့ရှိရင် ကျွန်မတို့ပြောင်းလဲချိန်တန်ပြီဆိုတဲ့ ဆောင်ပုဒ်နဲ့ ယူခဲ့ပါတယ်။ အဲဒီတော့ ကျွန်မတို့ အခုတစ်နှစ်ကြာပြီဆိုတော့ ဆောင်ပုဒ်ကိုလည်း ကျွန်မတို့ နည်းနည်းပြောင်းပြီးတော့ သွားရရင်ကောင်းမယ်လို့ ကျွန်မထင်ပါတယ်။ အဲဒီတော့ ကျွန်မစဉ်းစားပါတယ်။ ဘယ်လိုဆောင်ပုဒ်မျိုးနဲ့ ဆက်သွားရင်ကောင်းမလဲဆိုတော့ တိုတိုတုတ်တုတ်နဲ့ အဓိပ္ပာယ်ပေါ်လွင်အောင် "ပြည်သူနဲ့အတူ"လို့ ကျွန်မတို့ဆက်ပြီးတော့ ဒီခရီးလမ်းကို ပြည်သူနဲ့အတူ လျှောက်သွားချင်ပါတယ်။

ဒီလို ပြည်သူနဲ့အတူ လျှောက်သွားချင်တဲ့အခါမှာ အခုခေတ်ပေါ့နော် နိုင်ငံတကာမှာသုံးနှုန်းနေတဲ့ ဝေါဟာရလေးတစ်ခုပေါ့။ အဲ့ဒါဟာ နိုင်ငံရဲ့ပိုင်ဆိုင်မှုပေါ့။ ပြောချင်တာက နိုင်ငံတိုင်း နိုင်ငံတိုင်းဟာ ကိုယ့်ရဲ့ကိစ္စတွေ၊ ကိုယ့်ရဲ့ပြဿနာတွေ၊ ကိုယ့်ရဲ့တိုးတက်မှုတွေအတွက်ကို ကိုယ့်ဘာသာကို တာဝန်ယူနိုင်ခွင့်ရှိရမယ်။ လုပ်ပိုင်ခွင့်ရှိရမယ်။ ပိုင်ဆိုင်မှုပေါ့။ ဒါပေမယ့် ပိုင်ဆိုင်မှုဆိုတာကလည်း တစ်ချိန်တည်းမှာပဲ တာဝန်ယူမှုလို့လည်း ပြောလို့ရပါတယ်။

ကျွန်မတို့နိုင်ငံရဲ့ကိစ္စတွေအတွက်ကို ပြည်သူနဲ့ အတူတူ တာဝန်ယူမယ်။ ပြည်သူနဲ့အတူတူ ကျွန်မတို့ ဒီတာဝန်တွေကို ထမ်းဆောင်မယ်။ ကျွန်မတို့အနေနဲ့ ဒီတာဝန်တွေကို ကျေပွန်ဖို့အတွက် ပြည်သူရဲ့အားကို ကျွန်မတို့ယူသလို ကျွန်မတို့ရဲ့စွမ်းအားတွေအားလုံးကိုလည်း ပြည်သူတွေအတွက် ကျွန်မတို့သုံးပါမယ်ဆိုတဲ့စိတ်ဓာတ်နဲ့ ပြည်သူနဲ့အတူ ကျွန်မတို့ နောက်နှစ်ကို ချီတက်သွားချင်ပါတယ်။ အဲ့ဒီလိုချီတက်သွားတဲ့အခါ ကျွန်မတို့ ပြည်သူပြည်သားအားလုံး၊ ပြည်ထောင်စုနိုင်ငံသူ နိုင်ငံသားများအားလုံးဟာ ဝိုင်းဝန်းပြီးတော့ ပံ့ပိုးကူညီကြလိမ့်မယ်လို့ ကျွန်မတို့ မျှော်လင့်ပါတယ်။

ပြည်သူများရဲ့လေးစားမှု ပြည်သူများရဲ့ယုံကြည်မှုဆိုတာ ကျွန်မတို့ အလကားရတဲ့ကိစ္စ မဟုတ်ပါဘူး။ လုပ်ယူမှရတဲ့ကိစ္စပါ။ ကျွန်မတို့အနေနဲ့ ရပိုင်ခွင့်ရှိပြီးလို့လည်း မသတ်မှတ်ပါဘူး။ သို့သော်ငြားလည်း ပြည်သူတွေရဲ့ လေးစားမှု၊ ပြည်သူတွေရဲ့ ထောက်ခံမှု၊ ပြည်သူတွေရဲ့ယုံကြည်မှုရအောင်လို့ ဆတက်ထမ်းပိုးတိုးပြီးတော့ ကျွန်မတို့တစ်နေ့ထက်တစ်နေ့ ကြိုးစားသွားပါမယ်လို့တော့ ကျွန်မ ရဲရဲကြီး ကတိပြုနိုင်ပါတယ်။ ကျွန်မနိုင်ငံရေးလောကကို ဝင်လာကတည်းကအတိုင်း ကျွန်မတစ်ခုတည်းသော ကတိတစ်ခုကို ပြုမယ်။ ကျွန်မအကောင်းဆုံးလုပ်မယ်။ ကျွန်မ အကောင်းဆုံးထက်တော့ ပိုပြီးတော့ လုပ်လို့မရဘူး။ ကျွန်မ အကောင်းဆုံးက နိုင်ငံအတွက် ပြည်သူအတွက် မလုံလောက်ဘူးဆိုရင် ပိုပြီးလုံလုံလောက်လောက် ပြည့်ပြည့်စုံစုံလုပ်ပေးမယ့် ပုဂ္ဂိုလ်၊ အဖွဲ့အစည်းတစ်ခုက တာဝန်ယူမယ်ဆိုလို့ရှိရင် ကျွန်မတို့ဟာ နောက်ဆုတ်ပေးဖို့အဆင်သင့်ပါပဲ။

**ဝေဖန်သင့်တာလည်း ဝေဖန်**

ဒါဟာ အစိုးရတိုင်း ဒီမိုကရေစီတိုင်းဟာ စွဲစွဲမြဲမြဲနားလည်နေရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်။ ဒီမိုကရေစီအစိုးရဆိုတာ ထာဝရမဟုတ်ပါဘူး။ အစဉ်အမြဲနိုင်ငံကို အုပ်ချုပ်သွားဖို့ မဟုတ်ပါဘူး။ အစဉ်အမြဲ ငါတို့သာတော်တယ်။ ငါတို့လောက်တော်တဲ့သူ ဘယ်သူမှမရှိဘူးဆိုပြီးတော့ ရပ်တည်သွားဖို့ မဟုတ်ပါဘူး။ ဒီမိုကရေစီအစိုးရဆိုတာဟာ အနိစ္စတရားကို အမြဲပဲ သုံးသပ်နေရမှာဖြစ်ပါတယ်။ ကျွန်မတို့ဟာ မမြဲခြင်းဆိုတဲ့ နိုင်ငံရေးသဘောတရားအရ အစိုးရရဲ့အခြေအနေဟာ ပြည်သူလူထု ကြည်ဖြူသလောက်ပဲ ခိုင်မာမယ်ဆိုတာကို လက်ခံတယ်။ ပြည်သူတွေအနေနဲ့ ကျွန်မတို့ အစိုးရကို သေသေချာချာ လေ့လာပါ။ ဝေဖန်သင့်တာလည်း ဝေဖန်ပါ။ ကျွန်မတို့နဲ့ ကူညီဆောင်ရွက်ပေးသင့်တာတွေလည်း ကူညီဆောင်ရွက်ပေးကြပါ။

နိဂုံးချုပ်အနေနဲ့ ကျွန်မတို့ ပြည်သူကို ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။ တစ်နှစ်အတွင်းမှာ ကျွန်မသတိပြုမိတာကတော့ တချို့အဖွဲ့အစည်းတွေ၊ အစုအဖွဲ့တွေ၊ ပုဂ္ဂိုလ်တွေက ကျွန်မတို့ကို ဘယ်လိုပဲပြောပြော ကျွန်မတို့ပြည်သူတွေက ကျွန်မတို့ကို နားလည်မှုပေးခဲ့တယ်။ ကျွန်မတို့ကို ဝန်းရံခဲ့တယ်။ ကျွန်မတို့ကို လုပ်ချင်တဲ့ကိစ္စတွေကိုလုပ်နိုင်ဖို့ တတ်နိုင်တဲ့ဘက်က ကူညီပေးခဲ့တယ်။

**ဝိုင်းဝန်းပြီးဝန်းရံ**

အားလုံးသိတဲ့ကိစ္စတစ်ခုဆိုလို့ရှိရင် ကျွန်မတို့ရဲ့ရင်ကြားစေ့ရေးနဲ့ ငြိမ်းချမ်းရေး စင်တာအတွက် ပြည်သူတွေကို အလှူခံလိုက်တဲ့အခါ ကာလတိုတိုလေးအတွင်းမှာ အခုဆိုလို့ရှိရင် ကျွန်မတို့ဟာ ၁၄ ဘီလီယံကျပ်တောင်မှ ရရှိနေပါပြီ။ ဒီရန်ပုံငွေကို ဝိုင်းပြီးထည့်ကြတဲ့အထဲမှာ လုပ်ငန်းရှင်ကြီးတွေတင် မဟုတ်ပါဘူး။ ပြည်သူတွေလည်း ပါပါတယ်။ ကျွန်မသဘောအကျဆုံးက ဟိုနားက ငါးထောင်၊ ဒီနားက တစ်သောင်း၊ တတ်နိုင်ရင် တတ်နိုင်သလို ပြည်သူတွေက ဝိုင်းဝန်းပြီးတော့ ကျွန်မတို့ကို ဝန်းရံကြတာ။ အဲ့ဒါဟာ ငြိမ်းချမ်းရေးရန်ပုံငွေအတွက်တင် မဟုတ်ပါဘူး။ ကျွန်မတို့ ကြိုးပမ်းမှုတွေအတွက် အင်မတန်မှ အားဖြစ်စေပါတယ်။

ဒီလိုပဲ ပြည်သူတိုင်း ပြည်သူတိုင်းဟာ တတ်နိုင်တဲ့ဘက်က တတ်နိုင်သလောက် ကျွန်မတို့အစိုးရအတွက် ဆောင်ရွက်နေတဲ့လုပ်ငန်းအပိုင်းတွေ အောင်မြင်အောင်လို့ ဝန်းရံပေးမယ်ဆိုလို့ရှိရင် ကျွန်မတို့နိုင်ငံဟာ တိုးတက်ဖို့လုံးဝသေချာတယ်လို့ ပြောနိုင်ပါတယ်။ ကျွန်မတို့ ရဲ့နောင်မျိုးဆက်များဟာ ဒီအချိန်ကာလပြန်ကြည့်ပြီးတော့ ငါတို့ နိုင်ငံကြီးအတွက် အလင်းရောင်သန်းခဲ့တဲ့ကာလဟာ ဒီကာလပါပဲလို့ မလွဲမသွေ ပြောနိုင်ပါတယ်၊ ယုံကြည်ပါတယ်လို့ပြောရင်းနဲ့ နိဂုံးချုပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ဖြည့်စွက်သတင်းစကား

"ဒီနေ့မှာတော့ ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင် (၅) ဖွဲ့ဖြစ်တဲ့ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရခိုင်အမျိုးသားကောင်စီ (ANC)၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU) နဲ့ "ဝ"အမျိုးသားအဖွဲ့ချုပ် (WNO)တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် NCA ကို လက်မှတ်ရေးထိုးတော့မှာ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာတဲ့ သတင်းကို အခုပဲ ကြားသိရပါတယ်။ တိုက်တိုက်ဆိုင်ဆိုင် နိုင်ငံတော်အစိုးရရဲ့ တစ်နှစ်ပြည့်တဲ့ ဒီကနေ့မှာ ထုတ်ပြန်လာခဲ့တဲ့ ဒီသတင်းဟာ နိုင်ငံတော်နဲ့ ပြည်သူတွေအတွက် အကောင်းမွန်ဆုံးသော ဆုလက်ဆောင်၊ မင်္ဂလာအရှိဆုံးသော သတင်းကောင်းပဲဖြစ်ပါတယ်။ UNFC အဖွဲ့ဝင် (၅) ဖွဲ့က NCA လက်မှတ်ရေးထိုးဖို့ ယခုလိုဆုံးဖြတ်ချက်ချလိုက်တဲ့အတွက် ငြိမ်းချမ်းရေးမျှော်လင့်ချက်ရောင်ခြည်တွေ ပိုမိုတောက်ပလာခဲ့ပြီဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် ငြိမ်းချမ်းရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပါတယ်။ NCA လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်လိုက်တဲ့ UNFC (၅)ဖွဲ့ကိုလည်း ကျွန်မတို့ အစိုးရ၊ ကျွန်မတို့ရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို ယုံကြည်ပေးကြတဲ့အတွက် အထူးပဲ ဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါတယ်။ ကျွန်မတို့အစိုးရအနေနဲ့ နိုင်ငံတော်သာယာဝပြောရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးမှာ "ပြည်သူနှင့်အတူ" လက်တွဲဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ တိုင်းရင်းသားခေါင်းဆောင်တွေနဲ့ ပြည်သူအားလုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်မတို့ ပြည်သူတွေ မျှော်လင့်တောင့်တနေတဲ့ ငြိမ်းချမ်းရေးကို မလွဲမသွေ မုချရရှိမယ်လို့ အခိုင်အမာယုံကြည်ပါတယ်"

# အရေးကြီးလှသည့် အချိန်အခါတွင် ငြိမ်းချမ်းရေးပျက်ပြားစေရန်ရည်ရွယ်သော သွေးထိုးလှုံ့ဆော်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် အထူးဂရုပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**
**သတင်းထုတ်ပြန်ချက်**
**(၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်)**
**(၂၀၁၇ ခုနှစ်၊ မတ်လ ၃၀ ရက်)**

၁။ နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အထူးအလေးထား ဆောင်ရွက်လျက်ရှိပါသည်။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (Nationwide Ceasefire Agreement-NCA) မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် အပြန်အလှန် နားလည်မှု၊ နှစ်ဖက်ယုံကြည်မှုများ တည်ဆောက်ပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ပါဝင်တက်ရောက်နိုင်ရေးအတွက် စဉ်တိုက်ဆက်တိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၏ သဘောသဘာဝအတိုင်း အနိမ့်၊ အမြင့်၊ အတက်၊ အကျများစွာဖြင့် ပြီးခဲ့သည့် တစ်နှစ်တာကာလကို ကျော်ဖြတ်လာခဲ့ရပါသည်။

၂။ ငြိမ်းချမ်းရေးဆွေးနွေးညှိနှိုင်းမှုများ၏ အဓိကအချက်မှာ ယုံကြည်မှုဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ယုံကြည်မှုသာမက မိမိကိုယ်ကို ယုံကြည်မှုသည်လည်း အထူးပင်အရေးကြီးလှပါသည်။ တစ်နှစ်တာ ကြိုးပမ်းဆွေးနွေးညှိနှိုင်းမှုများ၏ ရလဒ်အဖြစ် ယနေ့ညနေပိုင်းတွင် ညီညွတ်သောတိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ UNFC အဖွဲ့ဝင် (၅)ဖွဲ့ဖြစ်သည့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရခိုင်အမျိုးသားကောင်စီ (ANC)၊ လားဟူဒီမိုကရက်တစ်အစည်းအရုံး (LDU) နှင့် "ဝ" အမျိုးသားအဖွဲ့ချုပ် (WNO) တို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာခဲ့ပါသည်။

၃။ ခေတ်အဆက်ဆက် တိုင်းရင်းသားပြည်သူများ မျှော်လင့်တောင့်တခဲ့ကြသော အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်ရောင်နီများ ပိုမိုလင်းလက်တောက်ပလာခဲ့ပြီဖြစ်ပါသည်။ ဤသို့ အရေးကြီးလှသည့် အချိန်အခါတွင် မလိုလားအပ်သော အဖျက်အမှောင့်များ၊ ငြိမ်းချမ်းရေး ပျက်ပြားစေရန်ရည်ရွယ်သော သွေးထိုးလှုံ့ဆော်မှုများ ဖြစ်ပေါ်လာနိုင်သဖြင့် ညီနောင်တိုင်းရင်းသားခေါင်းဆောင်များ၊ တိုင်းရင်းသားပြည်သူများအနေဖြင့် အထူးဂရုပြုကြပါရန် တိုက်တွန်းနှိုးဆော်လျက် သတင်းထုတ်ပြန်အပ်ပါသည်။

# အစိုးရသစ်၏ တစ်နှစ်တာခရီးလမ်းအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး၏ သဘောထားအမြင်

**နိုင်ငံတော်အစိုးရ၏ တစ်နှစ်တာကာလအတွင်း တိုင်းပြုပြည်ပြု ကြိုးပမ်းဆောင်ရွက်ခဲ့မှုအပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး၏ သဘောထားအမြင်များကို သိရှိနိုင်ရန် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**မေး။ ။ အစိုးရအဖွဲ့အနေနဲ့ အခုဆိုရင် တစ်နှစ်သက်တမ်း ပြည့်မြောက်ခဲ့ပါပြီ။ ဒီတစ်နှစ်တာကာလအပေါ် ဘဘအနေနဲ့ ဘယ်လိုများ သုံးသပ်ချင်ပါသလဲ။**

ဖြေ။ ။ အောင်မြင်တိုးတက်ကောင်းမွန်တာတွေရှိသလို ဆောင်ရွက်ရမယ့် ကိစ္စတွေထဲမှာ အခုထက်ထိ မဆောင်ရွက်နိုင်သေးတာလေးတွေ၊ ကျန်နေတာလေးတွေ ရှိနေသေးတယ်။ တိုးတက်အောင် လုပ်ဖို့လည်းရှိတာပေါ့၊ သဘောကတော့ အခါလယ်သားလေးကို ရည်မှန်းချက်ရောက်အောင် ပြေးစမ်းဆိုတဲ့ သဘောမျိုးဖြစ်နေတယ်။

တစ်နှစ်ဆိုတော့ တစ်နှစ်သားလောက်ပဲ လုပ်နိုင်မှာပဲ။ ဘာလို့လဲဆိုတော့ ရာစုနှစ်ထက်ဝက်လောက်က စစ်အုပ်ချုပ်ရေးဆန်ဆန် တစ်ပါတီဦးစီးစနစ်နဲ့ အုပ်ချုပ်တဲ့စနစ်၊ နောက်ပြီးတော့ တပ်ကနေ များသောအားဖြင့် ကိုင်တွယ်အုပ်ချုပ်တဲ့စနစ်နဲ့ တောက်လျှောက်လာခဲ့တာ။ အခုကျမှ ပြည်သူလူထုက ရွေးချယ်လိုက်တဲ့အခါ လုပ်ရကိုင်ရမယ့် စိန်ခေါ်မှုတွေက သိပ်များနေခဲ့တာပေါ့။ သူ့ရဲ့အရင်းအမြစ်ကို ရှာပြီး တစ်ခုစီတစ်ခုစီ ဆွဲထုတ်ပြီးတော့ ပြီးစီးအောင် လုပ်ကိုင်သွားဖို့ဆိုတာက အချိန်ယူရမှာပေါ့။ အချိန်ယူရမယ် ဆိုတာကလည်း သတ်သတ်မှတ်မှတ် အကန့်အသတ်နဲ့ အချိန်ပေးမှုပြည်သူလူထုကပိုပြီးတော့ အားရှိမှာပေါ့။

**မေး။ ။ တစ်နှစ်တာလျှောက်လှမ်းခဲ့တဲ့ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်မှာ ပါဝင်ပတ်သက်နေသူတွေကို ဘာများ ပြောချင်ပါသလဲ။**

ဖြေ။ ။ လက်နက်ကိုင်ပဋိပက္ခက တောက်လျှောက် ယနေ့ထိတိုင် ဖြစ်နေတာပေါ့၊ ဒီအပေါ်မှာ သင်ခန်းစာကောင်းတွေယူပြီးတော့ အပစ်အခတ်ရပ်စဲကြပါ။ တိုင်းရင်းသား လက်နက်ကိုင်တွေ အားလုံးပါတော့ ကောင်းတာပေါ့၊ အားလုံးပါဖို့ လိုတာပေါ့။ သစ္စာရှိရှိ၊ မေတ္တာနဲ့ မှန်မှန်ကန်ကန်၊ ရင်းရင်းနှီးနှီး လုပ်တာတွေက ပိုပြီးထိရောက်ပုံရပါတယ်။

ဒီနေ့ ကျွန်တော်တို့ ခေါင်းဆောင်ကလည်း တိုင်းရင်းသားတွေကို တွေ့ဆုံပြီး အပစ်အခတ်ရပ်စဲဖို့ကိုပဲ ဇောက်ချပြီးတော့ လက်တွေ့ကိုင်တွယ် ဖြေရှင်းနေတာ ဖြစ်ပါတယ်။ အချင်းချင်းယုံကြည်မှုရအောင်၊ ကိုယ့်ဘက်ကလည်း ယုံကြည်မယ့် စကား၊ ယုံကြည်မယ့်လှုပ်ရှားမှု၊ တစ်ဖက်ကလည်း အလားတူ ယုံကြည်မယ့်စကား၊ ယုံကြည်မယ့်လှုပ်ရှားမှုတွေနဲ့ မှန်ကန်တဲ့လမ်းပေါ် ရောက်သွားရင်တော့ ဒါတိုင်းပြည်ရဲ့ရှေ့ရေးကောင်းမွန်မှုနဲ့ ကံကြမ္မာကောင်းကိုဖြစ်မယ်လို့ ယူဆတယ်။ အဲဒါဖြစ်အောင်လည်း တစ်တိုင်းပြည်လုံး အားလုံးက အဲဒီသဘောထားနဲ့ လုပ်ကိုင်သွားကြမှဖြစ်မယ်လို့ ပြောချင်ပါတယ်။

**မေး။ ။ NLD အစိုးရရဲ့တစ်နှစ်တာသက်တမ်းအတွင်းမှာ စီးပွားရေးကဏ္ဍနဲ့ ပတ်သက်ပြီး ဝေဖန်မှုအချို့ရှိခဲ့ပါတယ်။ ဘဘအနေနဲ့ရော ဘယ်လိုရှုမြင်သုံးသပ်ချင်ပါသလဲ။**

ဖြေ။ ။ နှစ်ပေါင်းရာစုတစ်ဝက်လောက် ဖြစ်ခဲ့တဲ့ စီးပွားရေးစနစ်တွေနဲ့ပတ်သက် ပြီး တစ်နှစ်၊ အခါလယ်သားမှာတော့ အများကြီးသိပ်မှန်းလို့မရသေးဘူးပေါ့။ စိန်ခေါ်မှုတွေကို စည်းကမ်းတကျ၊ စနစ်တကျကြိုးစားဖော်ထုတ်ပြီးတော့ ဆောင်ရွက်သွားမယ် ဆိုရင်တော့ ဒါဟာအခြေအနေကောင်းတစ်ခုကို ရောက်မှာပါ။ တော်လှန်ရေးကောင်စီတက်တုန်းက ပါလီမန်ဒီမိုကရေစီခေတ်ကနေလုပ်လာခဲ့တဲ့ စီးပွားရေးစနစ်ကြောင့် ကျတဲ့ဘက်ကို ရှိနေမယ်လို့ မှန်းဆရပါတယ်။ အခုလည်းဒီလိုပဲ၊ အကျိုးသက်ရောက်မှုတွေကတော့ ရှိမှာပဲ။ ဒီဘက်သက်တမ်းက လုပ်တဲ့ အကျိုးသက်ရောက်မှုကဟိုဘက်ကျမှ မြင်ရမယ်။ ဒီလိုသဘောပေါက်တယ်။

**မေး။ ။ နိုင်ငံရေးလောကရဲ့ဓလေ့ထုံးစံအတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရသစ်ရဲ့တစ်နှစ်တာဆောင်ရွက်ချက်များအပေါ် ကြိုဆိုထောက်ခံသူတွေရော၊ ဝေဖန်ကန့်ကွက်သူအချို့ရော ရှိခဲ့ပါတယ်။ ဒါကြောင့် ဘဘအနေနဲ့ ဝေဖန်ကန့်ကွက်သူတွေအပေါ် ဘာများပြောချင်ပါသလဲ။**

ဖြေ။ ။ အကြောင်းခြင်းတွေနဲ့ပတ်သက်ပြီး ဝေဖန်တာတွေက အများကြီးပေါ့။ ပြည်သူလူထုဘက်ကနေ မြင်တာတွေကို ပြောရဲလာတယ်ပေါ့၊ အဲဒါတွေကို အကောင်းမြင်ရမယ်။ မပြောရဲတာတွေကိုပြောရဲလာကြတယ်။ အဲဒါကတိုးတက်လာတဲ့သဘောရှိ တယ်။ တချို့နေရာတွေမှာ လုပ်တဲ့ကိုင်တဲ့အခါ အစိုးရအနေနဲ့ ဝေဖန်ခံရတာတွေ ရှိတယ်။ အစိုးရဖြစ်ရင် ဝေဖန်ခံရမှာပဲလေ။ တဖြည်းဖြည်းနဲ့ဆောင်ရွက်သွားမယ်ဆိုရင်တော့ ပြည်သူလူထုရဲ့ဆန္ဒကို ဦးထိပ်ပန်ပြီးတော့ ဝိုင်းဝန်းလုပ်မယ်ဆိုရင် တဖြည်းဖြည်းနဲ့ ပြဿနာရပ်တွေဟာဖြေရှင်းနိုင်ပြီး ချောမောအောင်မြင်သွားမယ်လို့ ပြောရမှာဖြစ်ပါတယ်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နာယက သူရဦးတင်ဦး

**မေး။ ။ အများလေးစားခြင်းခံရတဲ့ပုဂ္ဂိုလ်တစ်ယောက် အနေနဲ့ ဘဘကို မေးချင်ပါတယ်။ လူပုဂ္ဂိုလ်တစ်ယောက်ကို အများပြည်သူက ဘယ်အခါမျိုးမှာ လေးစားကြပါသလဲ။ ဘယ်အရည်အချင်းတွေကြောင့် လေးစားသလဲ။ ကျွန်တော်တို့နိုင်ငံမှာ လူထုအလေးစားဆုံးပုဂ္ဂိုလ်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းကို ပမာပြုပြီးရှင်းပြပေးစေလိုပါတယ်။**

ဖြေ။ ။ ကိုယ်ကျင့်တရားပေါ့၊ ကိုယ်ကျင့်တရားကောင်းတာရယ်၊ နောက်ပြီး ရိုးသားဖြောင့်မတ်မှုရယ်ပေါ့။ ကိုယ်ကျင့်တရားကောင်းဖို့ဆိုတာက ယုံကြည်မှုစွမ်းပကားပေးတယ်လို့ဆိုရမှာပါ။ ကိုယ်ကျင့်တရားနဲ့ပတ်သက်လို့ လက်မခံနိုင်စရာ အကြောင်းရှိတဲ့သူကိုတော့ ခေါင်းဆောင်တစ်ယောက်အနေနဲ့ လူတွေရဲ့လေးစားဖို့ဆိုတာအင်မတန်ခက်တာပေါ့။

ဗိုလ်ချုပ်အောင်ဆန်းမှာရှိတဲ့ စိတ်နေသဘောထားက ဖြောင့်မတ်တယ်၊ တည်ကြည်တယ်။ ဗိုလ်ချုပ်ကိုလေးစားတယ်ဆိုတာကကိုယ်ကျင့်တရားကောင်းကောင်းနဲ့ သူ့ရဲ့ကိုယ်ရေးကိုယ်တာကို တကယ်တမ်းစွန့်လွှတ်ပြီးတော့ တိုင်းပြည်အတွက် လုပ်ခဲ့တယ်။ နောက်ပြီး ဖြစ်နိုင်တာကိုပြောပြီး ဖြစ်အောင်လုပ်သွားနိုင်တယ်။ ဥပမာဆိုရင် တစ်နှစ်အတွင်း လွတ်လပ်ရေးရမယ် ဆိုတာပေါ့။ ဒါ ဗိုလ်ချုပ်ရဲ့ စွမ်းရည်ပါပဲ။ သို့သော်လည်း ကံမကောင်းချင်တော့ အချိန်မတိုင်ခင်လေးမှာ ငယ်ငယ် ရွယ်ရွယ်နဲ့ တိုင်းပြည်အတွက် အသက်ပေးသွားတာကတော့ နှမြောဖို့ ကောင်းတာပေါ့။

**မေး။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့လက်ရှိတိုင်းပြု ပြည်ပြု ကြိုးပမ်းဆောင်ရွက်မှုအပေါ်ရော ဘဘအနေနဲ့ ဘယ်လောက်မျှော်လင့်ထားပါ သလဲ။**

ဖြေ။ ။ ဒေါ်အောင်ဆန်းစုကြည်ကို ကျွန်တော် သိပ်ယုံကြည်တယ်။ သူကပြောရင် ဖြစ်အောင်လုပ်တယ်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမှာလည်းပဲ အမြဲတမ်းစည်းလုံးမှုရအောင်၊ ညီညွတ်မှုရအောင် သွားဖြစ်အောင်သွားတွေ့လုပ်ကိုင်တာမျိုးကို သူက စွန့်စွန့်စားစားလုပ်တတ်တဲ့ သဘောရှိတယ်။ ဒါကြောင့် သူ့ကိုလည်း ကျန်းမာပါစေ၊ ချမ်းသာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေလို့ ဆုတောင်းပါတယ်။

**မေး။ ။ ဖြည့်စွက်ပြောကြားလိုတာရှိရင်လည်း ပြောကြားပေးစေလိုပါတယ်။**

ဖြေ။ ။ အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်၊ သဘောထားကြီးကြီး၊ စိတ်ဓာတ်စေတနာအမှန်နဲ့ ငြိမ်းချမ်းရေးကို အေးချမ်းတဲ့နည်းနဲ့ဖြေရှင်းပြီးတော့ တိုင်းပြည်မှာ တိုင်းရင်းသားအားလုံးဖွံ့ဖြိုးတိုးတက်အောင် လုပ်ကိုင်နိုင်ပါစေ။ တိုးတက်ဖွံ့ဖြိုးပါစေ။ ကျွန်တော်တို့ မသေခင်မှာပေါ့ တစ်ခုတည်းသောအကျိုးပြုမယ့် ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးမျိုး တွေ့ရှိပြီးတော့ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ပြီး ဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းနိုင်ကြပါစေ၊ အေးချမ်းငြိမ်းချမ်းကြပါစေ။ ဒါပဲပြောရမှာပဲ။

**တွေ့ဆုံမေးမြန်း-ခင်မောင်ထွေး၊ ရီရီမြင့်**
**ဓာတ်ပုံ-ရဲထွန်း**

# ရန်ကုန်တိုင်းဒေသကြီးအစိုးရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ဘတ်ဂျက် လွှတ်တော်အတည်ပြု၊ မူလလျာထားချက် သန်းပေါင်းကိုးရာကျော်မှ လေးရာကျော် လျှော့ချနိုင်ခဲ့

**ရန်ကုန် မတ် ၃၀**

ရန်ကုန်တိုင်းဒေသကြီးအစိုးရ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ကို ယနေ့ကျင်းပသော ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (စတုတ္ထ)နေ့တွင် လွှတ်တော်က အတည်ပြုနိုင်ခဲ့ပြီး မူလလျာထားချက် သန်းပေါင်းကိုးရာကျော်မှ လေးရာကျော်အထိ လျှော့ချအတည်ပြုနိုင်ခဲ့ကြောင်း သိရသည်။

"၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်ဘတ်ဂျက်ကို ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်က အတည်ပြုခဲ့ပါတယ်။ ဒီထဲမှာ ရန်ကုန်မြို့တော် ဂေါက်ကွင်းအတွက် ကျပ်သန်း ၅၅၀ကို ဖြတ်တောက်ပေးပါဆိုပြီး လွှတ်တော်ကနေ တောင်းဆိုထားတာရှိတယ်။ ဒါပေမယ့် ဒီနေ့ ဝန်ကြီးက ပြန်တင်ပြတဲ့အခါမှာတော့ ကျပ်သန်း ၁၅၀ ကိုလျှော့ချလိုက်တယ်။ ကျပ်သန်း ၄၀၀ ကို အတည်ပြုပေးဖို့ပြောပါတယ်။ လွှတ်တော်ကလည်းအတည်ပြုပေးခဲ့ပါတယ်။ဘာဖြစ်လို့လဲဆိုတော့ နှစ်စဉ်မှာလည်း ကျပ်သန်း ၄၀၀ကတော့ ပြုပြင်စရိတ်အနေနဲ့ ကုန်ကျခဲ့တာဆိုတော့ ဒါကြောင့် လွှတ်တော်အနေနဲ့လက်ခံပေးလိုက်တာပါ။ ဘာတွေပြုပြင်သလဲ၊ ဘယ်လောက်ပြုပြင်သလဲ ဆိုတာကို စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေနဲ့ ကျပ်သန်းပေါင်း ၄၂၅၀ကို ဖြတ်တောက်နိုင်ခဲ့ပါတယ်။ဘတ်ဂျက်ကတော့ ပြည်ထောင်စုကအတည်ပြုထားပြီးသားဖြစ်တဲ့အတွက် ကျွန်မတို့တစ်တွေက ထွက်ပေါ်လာတဲ့ ကျပ်သန်းပေါင်း ၄၂၅၀ ကို တခြားလိုအပ်တဲ့နေရာမှာ ခေါင်းစဉ်ပြောင်းလဲပြီး သုံးစွဲနိုင်ဖို့ရှိပါတယ်။ ဒါကိုလည်း တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးအနေနဲ့ သဘောတူပြီးဖြစ်တဲ့အတွက် ဒါတွေကို မြို့နယ်အလိုက် ၄၅ မြို့နယ် ဘယ်လိုနေရာတွေမှာ အရေးကြီး အသုံးပြုစရာရှိလည်းဆိုတာကို ခေါင်းစဉ်ပြောင်းသုံးစွဲမှာဖြစ်ပါတယ်။ ပိုလျှံငွေကို ပြန်ခွဲတဲ့အခါ ဝန်ကြီးနဲ့သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြန်ပြီး ဆွေးနွေးပွဲမယ်လို့ ဝန်ကြီးက ပြောသွားတာရှိပါတယ်။ ဒါကြောင့်မို့ ဆွေးနွေးတဲ့အခါကျရင်တော့ တကယ်တမ်းလိုအပ်နေတဲ့မြို့နယ်တွေကို မျှမျှတတရအောင် ပြန်လုပ်ကြမှာပါ"ဟု ရန်ကုန်တိုင်းဒေသကြီး ဆိတ်ကြီးခနောင်တိုမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်စန္ဒာမင်းက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရသည် လာမည့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် မူလလျာထားချက်ဖြစ်သည့် လူကူးခုံးကျော်တံတား ခြောက်စင်းအားတစ်စင်းလျှင် ငွေကျပ်သန်းပေါင်း ၁၀၀၀ မှ ၅၀၀ အထိ ပြင်ဆင်လျှော့ချနိုင်ခဲ့ခြင်းကြောင့် အဆိုပါတံတား ခြောက်စင်းမှ စိစစ်လျှော့ချငွေကျပ်သန်းပေါင်း ၃၀၀၀ ပိုလျှံခဲ့ပြီး စတုဂံတံတားတစ်စင်းအတွက် မူလ လျာထားငွေကျပ်သန်းပေါင်း ၁၇၀၀ မှငွေကျပ်သန်းပေါင်း ၁၀၀၀အထိ ပြင်ဆင်သတ်မှတ်နိုင်ခဲ့၍ ပိုလျှံငွေကျပ်သန်း ခုနစ်ရာ၊ e-Government အတွက် မူလလျာထားသတ်မှတ်ချက် ငွေကျပ်သန်းပေါင်း ၁၀၀၀ မှ ပြင်ဆင်သတ်မှတ်ငွေကျပ်သန်း ၆၀၀ အထိ လျှော့ချနိုင်ခဲ့ခြင်းကြောင့် ပိုလျှံငွေသန်းလေးရာ၊ မြို့တော်ဂေါက်ကွင်းအတွက် မူလလျာထားငွေကျပ်သန်း ၅၅၀ မှ ပြင်ဆင်သတ်မှတ်ငွေကျပ်သန်း ၄၀၀ အထိ လျှော့ချနိုင်ခဲ့မှုကြောင့် အဆိုပါလုပ်ငန်းများဖြစ်သည့် ခုံးကျော်တံတား ခုနစ်စင်းမှ ငွေကျပ်သန်းပေါင်း ၃၇၀၀၊ e- Government လုပ်ငန်းမှ ငွေကျပ်သန်းပေါင်း ၄၀၀ နှင့် မြို့တော် ဂေါက်ကွင်းအဆင့်မြှင့်တင်မှုလုပ်ငန်းမှ ငွေကျပ်သန်းပေါင်း ၁၅၀ စိစစ်လျှော့ချနိုင်ခဲ့မှုကြောင့် စုစုပေါင်း မူလလျာထားငွေကျပ်သန်းပေါင်း ၈၂၅၀ မှ ငွေကျပ်သန်းပေါင်း၄၂၅၀ ကို လျှော့ချပေးနိုင်ခဲ့သည်။

ယနေ့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်က အတည်ပြုခဲ့သော ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးဘတ်ဂျက်တွင် ငွေကျပ်သန်းပေါင်းလေးရာကျော် လျှော့ချသတ်မှတ်နိုင်ခဲ့မှုမှာ ဒုတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(တတိယနေ့)တွင် လွှတ်တော်ကိုယ်စားလှယ် ၁၁ ဦးက ဆွေးနွေးတင်ပြခဲ့သော ရန်ကုန်တိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခေတ်မီ လူကူးခုံးကျော်တံတား ခုနစ်စင်းတည်ဆောက်ရန်လျာထားပြီး စဉ့်အိုးတန်း သဘော်ဆိပ် ဝင်ထွက်ပေါက်အနီးရှိ ကမ်းနားလမ်းသစ်နှင့် ကမ်းနားလမ်းဟောင်းအား ဆက်သွယ်ထားသော လူကူးခုံးကျော်တံတား၊ ဗိုလ်တထောင်စေတီ ဝင်ထွက်ပေါက်အနီး ကမ်းနားလမ်းသစ်နှင့် လမ်းဟောင်းဆက်သွယ်ထားသော လူကူးခုံးကျော်တံတား၊ ဦးဝိစာရလမ်းကိုဖြတ်ကျော်ကာ (ရွှေတိဂုံဘုရား အနောက်ဘက်မုခ်အနီးနှင့် ပြည်သူ့ရင်ပြင်)သို့ ကူးလူးသွားလာနိုင်သော လူကူးခုံးကျော်တံတား၊ ပြည်လမ်း (အထက-၂ စမ်းချောင်းရှေ့) ဆက်သွယ်သော လူကူးခုံးကျော်တံတား၊ ပြည်လမ်း ၈ မိုင် ခုံးကျော်တံတားအဆင်း လူကူးခုံးကျော်တံတား၊ ပြည်လမ်းပညာရေးတက္ကသိုလ်ရှေ့ လူကူးခုံးကျော်တံတားနှင့် ဘုရင့်နောင်လမ်း၊ နာနတ်တောလမ်းနှင့် လှည်းတန်းလမ်းဆုံတွင် စတုဂံလူကူးခုံးကျော်တံတားအပါအဝင် စုစုပေါင်း လူကူးခုံးကျော်တံတား ခုနစ်စင်းတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်စိန်လွင်(မြန်မာ့အလင်း)**

# မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်း ဒုတိယအမြင့်ဆုံးနေရာတွင်ရှိနေ

## ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်းအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ





ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် အမှာစကားပြောကြားစဉ် (သတင်းစဉ်)

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း Medium Term Programme (MTP) အစီရင်ခံစာထုတ်ပြန်ခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Hilton ဟိုတယ်၌ ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။

**လုပ်ငန်းစဉ်တစ်ခုဖြစ်**

ဒုတိယသမ္မတက ယနေ့အခမ်းအနားသည် မြန်မာနိုင်ငံအတွက် ကုန်သွယ်မှု ဘက်စုံလေ့လာဆန်းစစ်ခြင်း (Diagnostic Trade Integration Study-DTIS) အစီရင်ခံစာ၏ နောက်ဆက်တွဲလုပ်ငန်းစဉ်အဖြစ် ကမ္ဘာ့ဘဏ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနတို့ အပြီးသတ်ရေးဆွဲပြီးဖြစ်သည့် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း Medium Term Programme(MTP) အစီရင်ခံစာကို ထုတ်ပြန်သည့်အခမ်းအနားဖြစ်ပါကြောင်း၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) က ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်သွယ်မှုဆိုင်ရာ အကူအညီပေးရေးအစီအစဉ် Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်အောက်ရှိ လုပ်ငန်းစဉ်တစ်ခုလည်း ဖြစ်ပါကြောင်း။

ယနေ့ ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို ကမ္ဘာ့ဘဏ်က ၂ ဒသမ ၉ ရာခိုင်နှုန်း ခန့်မှန်းထားခဲ့သော်လည်း ယခုနောက်ဆုံး ၂ ဒသမ ၄ ရာခိုင်နှုန်းသို့ လျော့ကျလာပါကြောင်း၊ လျော့ကျလာရသည့်အကြောင်းအရင်းများမှာ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများ၏ စီးပွားရေးနှေးကွေးလာမှု၊ ကုန်စည်ဈေးနှုန်းများကျဆင်းလာမှု၊ ကမ္ဘာလုံးဆိုင်ရာ ကုန်သွယ်အားလျော့လာမှု၊ အဆင့်မြင့်စီးပွားရေးဈေးကွက်များတွင် ဝယ်လိုအားကျဆင်းလာမှု၊ အရင်းအနှီးစီးဆင်းမှုနှေးသွားမှု စသည့်အကြောင်းအရင်းများကြောင့် ဖြစ်ပါကြောင်း၊ တိုးတက်မှုနှေးကွေးသည့် စီးပွားရေးအခြေအနေနှင့် စီးပွားရေးမူဝါဒထိန်းညှိမှုဆောင်ရွက်ချက်များကြောင့် ကမ္ဘာ့နိုင်ငံများအနေဖြင့် ကမ္ဘာ့စီးပွားရေးဖွဲ့စည်းတည်ဆောက်မည့်ပုံစံကို ပြုပြင်ပြောင်းလဲရန်အရေးတကြီး လိုအပ်လာပါကြောင်း၊ ၂၀၁၇ ခုနှစ် World Economic Forum အစည်းအဝေးတွင် ကမ္ဘာလုံးဆိုင်ရာ လုပ်ဆောင်ရမည့်အစီအစဉ်ကို ဖော်ထုတ်နိုင်ခဲ့ပါကြောင်း။

**အလျင်အမြန်ပေါင်းစည်းရန်အရေးကြီး**

IMF ၏ ၂၀၁၆ ခုနှစ် ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်း ဒုတိယအမြင့်ဆုံးနေရာတွင်ရှိနေပါကြောင်း၊ သို့သော်လည်း ကမ္ဘာ့စီးပွားရေး နှေးကွေးလာသည်နှင့်အမျှ အာရှဒေသတွင် စီးပွားရေးအင်အားကြီးနိုင်ငံများ၏ စီးပွားရေးသည်လည်း နှေးကွေးလာခဲ့ပါကြောင်း၊ ယခုလိုအချိန်တွင် မိမိတို့နိုင်ငံသည် တစ်ကမ္ဘာလုံးနှင့် အလျင်အမြန် ပေါင်းစည်းရန်အရေးကြီးပါကြောင်း၊ အထူးသဖြင့် ကုန်သွယ်မှုကဏ္ဍတွင် ကမ္ဘာကြီးနှင့် မြန်မြန်ဆန်ဆန်ပေါင်းစည်းနိုင်ရန် အရေးကြီးလှပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် စီးပွားရေးမူဝါဒ(၁၂)ချက်ကို ချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း၊ ချမှတ်ရာတွင် ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးမှုပန်းတိုင်များ (Sustainable Development Goals-SDGs) ထဲမှ လူတိုင်းအတွက်သင့်တော်သည့် အလုပ်အကိုင်ရရှိစေပြီး အားလုံးပါဝင် ရေရှည်တည်တံ့မည့် စီးပွားရေးတိုးတက်မှုမြှင့်တင်ရေး၊ ရေရှည်တည်တံ့သည့် စားသုံးမှု- ထုတ်လုပ်မှုပုံစံများ အခိုင်အမာပေါ်ပေါက်လာရေး ဆိုသည့် ပန်းတိုင် (၂)ရပ်နှင့် ကိုက်ညီအောင် ရေးဆွဲထားပါကြောင်း၊ Medium Term Programme သည် နောက်ငါးနှစ်အတွင်း ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၌ ထောက်ပံ့ရန် လိုအပ်နေသည့် ဦးစားပေးနယ်ပယ်ငါးခုတွင် ကုန်သွယ်ရေးဆိုင်ရာ နည်းပညာအထောက်အပံ့များကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့ထုတ်ပြန်သည့် အစီရင်ခံစာပါ အချက်အလက်များ၊ လုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ အကောင်အထည်ဖော်ရာတွင် WTO ၏ကုန်သွယ်မှုဆိုင်ရာအကူအညီပေးရေးအစီအစဉ် Enhanced Integrated Framework (EIF) လုပ်ငန်းစဉ်တွင် ပါဝင်သည့် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများဖော်ထုတ်ရေးဆွဲခြင်း၊ စီမံကိန်းအဆိုပြုလွှာများ တင်သွင်းခြင်း၊ WTO, EIF အတွင်းရေးမှူးရုံး၊ ဘဏ္ဍာရေးမှူးနှင့် သက်ဆိုင်ရာဖွံ့ဖြိုးမှုမိတ်ဖက်များမှ စီမံကိန်းအဆိုပြုလွှာများအား ဆန်းစစ်ခြင်း၊ စီမံကိန်းများအားသဘောတူခွင့်ပြုခြင်း၊ စာချုပ်စာတမ်းများနှင့် ဘဏ္ဍာငွေစီးဆင်းမှုများ စီမံဆောင်ရွက်ခြင်း၊ အတည်ပြုထားသည့် စီမံကိန်းများအကောင်အထည်ဖော်ခြင်း၊ စီမံကိန်းများ ချောမွေ့လျင်မြန်စေရန် ဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်အကဲဖြတ်ခြင်း စသည့် လုပ်ငန်းစဉ်များကို သေချာစွာ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

**ငွေကြေးအထောက်အပံ့များပူးပေါင်းပါဝင်**

ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးရေးဆိုင်ရာ စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်မည့် သက်ဆိုင်ရာဌာနများအလိုက် မိမိတို့ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ အလှူရှင်များအနေဖြင့်လည်း လိုအပ်သည့် နည်းပညာဆိုင်ရာအကူအညီများနှင့် ငွေကြေးအထောက်အပံ့များကို ပူးပေါင်းပါဝင်ပြီး ဆက်လက်ကူညီ ဆောင်ရွက်ပေးပါရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က မိမိတို့ဝန်ကြီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ၂၀၁၅ ခုနှစ်အတွင်း ကုန်သွယ်မှုဆိုင်ရာ ဘက်စုံလေ့လာဆန်းစစ်မှု “Diagnostic Trade Integrated Study-DTIS” အား ပထမဆုံးအကြိမ် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ Medium Term Programme သည် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံမှ နှစ်တို၊ နှစ်လတ်(၂ နှစ်၊ ၃ နှစ်၊ ၅ နှစ်အတွင်း) ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ် (Action Matrix) များကို တစ်ပေါင်းတစ်စည်းတည်း ဖော်ပြထားသည့် အစီရင်ခံစာဖြစ်ပါကြောင်း။

**ဦးစားပေးကဏ္ဍ ရွေးချယ်ထား**

နှစ်တို၊ နှစ်လတ်အတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ်များကို ကုန်သွယ်မှု ဘက်စုံလေ့လာဆန်းစစ်ခြင်းပါ အစီရင်ခံစာ Diagnostic Trade Integration Study (DTIS) ပါ လုပ်ငန်းစဉ်အများစုကို ဆွဲယူထားပါကြောင်း၊ ထို့ပြင် အခြားလေ့လာဆန်းစစ်မှု အစီရင်ခံစာများဖြစ်သည့် အမျိုးသားပို့ကုန်ဆိုင်ရာ မဟာဗျူဟာ အစီရင်ခံစာများ၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာများ၊ ကုန်သွယ်မှုလျှင်မြန်ချောမွေ့ရေးဆိုင်ရာ အစီရင်ခံစာများ၊ အာဆီယံကုန်စည်နှင့် ဝန်ဆောင်မှုဆိုင်ရာ အစီရင်ခံစာ စသည့်စာတမ်းများမှ ဦးစားပေးကဏ္ဍများကို ရွေးထုတ်ထားပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်မည့် မဏ္ဍိုင်ကြီး ငါးခု၊ လုပ်ငန်းစဉ်အတွဲ ၂၃ ခုနှင့် ဦးစားပေးလုပ်ငန်း ၁၈၀ ကျော်တို့ကို ဦးစားပေးကဏ္ဍအနေဖြင့် ရွေးချယ်ထားခြင်းဖြစ်ပါကြောင်း။

မဏ္ဍိုင်ကြီးငါးခုမှာ ကုန်သွယ်မှုမူဝါဒနှင့် အဖွဲ့အစည်းများ၊ ကုန်သွယ်မှုလွယ်ကူစေရေး၊ သယ်ယူပို့ဆောင်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ အရည်အသွေးမြင့် အခြေခံအဆောက်အအုံနှင့် စံချိန်စံညွှန်းများ၊ ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပို့ကုန်အမျိုးမျိုး ထုတ်လုပ်ရေးတို့ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**နှုတ်ခွန်းဆက်အမှာစကားပြော**

ယင်းနောက် ဥရောပသမဂ္ဂ သံအမတ်ကြီး H.E.Roland Kobia နှင့် ကမ္ဘာ့ဘဏ်မှ Country Manager, Mr. Abdoulaye Seck တို့က နှုတ်ခွန်းဆက်အမှာစကား ပြောကြားကြသည်။

အဆိုပါ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးလှကျော်၊ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်မှ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ စီးပွားရေးရာဝန်ကြီးများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ကမ္ဘာ့ဘဏ်မှ ဧည့်သည်တော်များ၊ UMFCCI မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**




ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံ၏ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်း အစီရင်ခံစာထုတ်ပြန်ခြင်းအခမ်းအနားတွင် တက်ရောက်လာသော တာဝန်ရှိသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ် (သတင်းစဉ်)

# သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်

**နေပြည်တော် မတ် ၃၀**

သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် မိုးကြိုနှင့် မိုးရာသီကာလများတွင် ဖြစ်ပေါ်နိုင်သည့် သဘာဝဘေးများအတွက် ကြိုတင်ပြင်ဆင်မှုများဆောင်ရွက်ရန် ယခုကဲ့သို့ အစည်းအဝေး ကျင်းပရခြင်းဖြစ်ကြောင်း အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ပြောကြားသည်။

ယနေ့နံနက် ၉ နာရီခွဲတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပသည့် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး (၁/၂၀၁၇)တွင် ဒုတိယသမ္မတက ထိုသို့ပြောကြားခြင်း ဖြစ်သည်။



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေး (၁/၂၀၁၇)တွင် အမှာစကား ပြောကြားစဉ်** (သတင်းစဉ်)

ဆက်လက်၍ ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ်ခံစားခဲ့ရသည့် အတွေ့အကြုံများအရ သဘာဝဘေးများကို ဖြေရှင်းဆောင်ရွက်ရာတွင် ယခင်ကထက် ပိုမိုလျင်မြန်လာပြီး တိုးမြှင့်ထောက်ပံ့မှုများကိုလည်း ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ သို့သော် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တိကျသည့် အချက်အလက်များ အချိန်မီမရရှိခြင်းကြောင့် အခက်အခဲအချို့ရှိခဲ့သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ ဘေးအန္တရာယ်နှင့် ပတ်သက်၍ ပြန်လည်ထူထောင်ရေးလုပ်ငန်း အစီအမံများကို ကြိုတင်စဉ်းစားချမှတ်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ ရှာဖွေကူညီ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် တာဝန်ရှိသူများအနေဖြင့် အသိပညာပေးမှုများနှင့် ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်ကြရန် မှာကြားလိုပါကြောင်း၊ ထောက်ပံ့မှုများ အလေအလွင့်မရှိစေရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် တိကျသေချာမြန်ဆန်သည့် ထောက်ပံ့မှုနည်းလမ်းများကို စီမံပြင်ဆင်ထားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့အတူ သဘာဝဘေးအတွက် မည်သို့ ပြင်ဆင်ထားသည်ကိုလည်း ဆန်းစစ်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် အရေးပေါ် အစားအစာရိက္ခာ၊ အရေးပေါ်ကယ်ဆယ်ရေးနှင့် တုံ့ပြန်ရေး လုပ်ငန်းသုံးစက်ကိရိယာများ၊ အဆောက်အအုံ ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ၊ လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ ပြုပြင်တည်ဆောက်မှုများ၊ ကမ်းပြိုကမ်းထိန်းလုပ်ငန်းများ စသည့်သဘာဝဘေး လျော့ပါးရေးဆိုင်ရာလုပ်ငန်း အစီအမံများတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေစာရင်းမှ ငွေကျပ် ၉ ဒသမ ၈ ဘီလီယံနှင့် အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၄ သိန်း ထောက်ပံ့ပေးခဲ့ကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် လုပ်ငန်းကော်မတီများတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များအနေဖြင့် တာဝန်ယူထားရသည့် လုပ်ငန်းကဏ္ဍများ ပိုမိုထိရောက်စွာဆောင်ရွက်ပေးရန်၊ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရန်နှင့် ငွေကြေးသုံးစွဲမှုများတွင် အထောက်အထားများအပါအဝင် လုပ်ငန်းအဆင့်ဆင့်ကို မှတ်တမ်းဓာတ်ပုံများဖြင့် ဘဏ္ဍာရေးစည်းမျဉ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ကြီးကြပ်စီမံခန့်ခွဲကြရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေက ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းဆိုင်ရာ အခြေအနေများ၊ သဘာဝဘေးအန္တရာယ်လျော့ပါးရေး၊ ကယ်ဆယ်ထောက်ပံ့ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင်များဖြစ်သည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဦးကျော်တင့်ဆွေ၊ သူရဦးအောင်ကို၊ ဦးသိန်းဆွေ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဦးနိုင်သက်လွင်၊ ဒုတိယဝန်ကြီး ဦးကျော်တင်၊ ဒေါက်တာထွန်းနိုင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်များ၊ ကျွမ်းကျင်ပညာရှင်များနှင့် တာဝန်ရှိသူများက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူက ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**

# အကျပ်အတည်း၊ ပဋိပက္ခအခြေအနေများတွင် မီဒီယာနှင့်ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ


**အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်း အကျပ်အတည်း၊ ပဋိပက္ခအခြေအနေများတွင် မီဒီယာနှင့် ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်**

**နေပြည်တော် မတ် ၃၀**

အကျပ်အတည်း၊ ပဋိပက္ခအခြေအနေများတွင် မီဒီယာနှင့် ဆက်ဆံရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီခွဲမှ စတင်၍ နေပြည်တော် သင်္ဂဟဟိုတယ်၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသောင်းထွန်းက ရခိုင်ပြည်နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက အင်အားအလွန်အကျွံသုံးခြင်းမရှိဘဲ အကြမ်းဖက်သူများကို ဥပဒေနှင့်အညီ တုံ့ပြန်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုသည်မှာ မိမိတို့ အစိုးရအဖွဲ့၏ မူဝါဒမဟုတ်သည့်အတွက် လူ့အခွင့်အရေး ချိုးဖောက်မှုကို လုပ်ဆောင်ခဲ့ခြင်း မရှိပါကြောင်း၊ လူ့အခွင့်အရေးဆိုင်ရာ ချိုးဖောက်မှုဟူသော စွပ်စွဲချက်နှင့်စပ်လျဉ်း၍ အထောက်အထားခိုင်လုံပါက အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လတ်တလောတွင် အစိုးရအဖွဲ့အနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်နေပါကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် လုပ်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ အချိန်အခါတွင် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပသည့်အတွက် မြန်မာနိုင်ငံ၌ ကြုံတွေ့နေရသော အခက်အခဲအကျပ်အတည်းများကို ရင်ဆိုင်ဖြေရှင်းရာတွင် များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

Asia - Pacific Center for Security Studies မှ ဒါရိုက်တာ ဗိုလ်ချုပ်ဂျိမ်းစ်ဟက်ဆဲလ်က မြန်မာနိုင်ငံ၏ သမိုင်းဝင် တည်ငြိမ်အေးချမ်းစွာ နိုင်ငံရေးအသွင်ကူးပြောင်းဆောင်ရွက်နိုင်ခဲ့သည့် အောင်မြင်မှုကို အသိအမှတ်ပြုပါကြောင်း၊ အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာလက လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲများကို စနစ်တကျ ကျင်းပနိုင်ခဲ့သည်ကိုလည်း ဂုဏ်ပြုပါကြောင်း။

အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ နိုင်ငံရေးဆွေးနွေးမှုများ ဆက်လက်ကျင်းပနိုင်ခဲ့သော်လည်း နိုင်ငံအတွင်း ရင်ဆိုင်နေရသည့် ရှုပ်ထွေးသော နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အမျိုးသားလုံခြုံရေးဆိုင်ရာ စိန်ခေါ်မှုများကြောင့် အစိုးရနှင့် ပြည်သူများအနေဖြင့် လုပ်ဆောင်ရန် များစွာကျန်ရှိနေပါကြောင်း၊

ထို့အပြင် လူမှုမီဒီယာများ၌ အမုန်းစကားနှင့် သတင်းအမှားများကို ဖြန့်ချိမှုသည် အဓိက နေရာဖြစ်လာပြီး ယင်းပြဿနာကိုလည်း ရင်ဆိုင်ဖြေရှင်းနေရသည်ကို တွေ့ရှိရပါကြောင်း၊ အကြီးမားဆုံးသော စိန်ခေါ်မှုများအနက် လူမျိုးပေါင်း ၁၃၀ ကျော်နှင့် ရင်ဆိုင်ဖြေရှင်းနေရသည့် အချက်များလည်း ပါဝင်လျက်ရှိပါကြောင်း၊ အချို့သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်မရေးထိုးခြင်းသည် အများစု၏ သဘောတူညီချက်ဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းများကို ဆန့်ကျင်နေကြပါကြောင်း။

ရခိုင်ပြည်နယ်၏ လူမျိုးရေး ပဋိပက္ခကြောင့် မြန်မာနိုင်ငံအတွင်း လုံခြုံမှုနှင့် တည်ငြိမ်မှုဆိုင်ရာ စိန်ခေါ်မှုအခြေအနေများသည် ပြည်ပရင်းနှီးမြှုပ်နှံသူများအကြားတွင် ပျံ့နှံ့လျက်ရှိပါကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် အခြေခံအဆောက်အအုံကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမည့် ပြည်ပရင်းနှီးမြှုပ်နှံသူများ မြန်မာနိုင်ငံသို့ လာရောက်ရန် တုံ့ဆိုင်းနေပါကြောင်း၊ အခြားသောနိုင်ငံများနည်းတူ မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် ပြဿနာတစ်ခုမှာ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ကို အကောင်အထည်ဖော်နေစဉ် ရှုပ်ထွေးမှုများ ရှိနေသေးသည်ကို တွေ့မြင်ရပါကြောင်း ပြောကြားသည်။

ထို့နောက် Asia - Pacific Center for Security Studies မှ တာဝန်ရှိသူများက အကျပ်အတည်းနှင့် ပဋိပက္ခများတွင် ကြုံတွေ့ရသည့် အခက်အခဲများ၊ ပြည်သူများထံသို့ သတင်းမှန်များ အချိန်နှင့်တစ်ပြေးညီ ရောက်ရှိရေးတို့ကို ဆွေးနွေးပြောကြားကြရာ တက်ရောက်လာကြသူများက ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ အလုပ်ရုံ ဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စု ဟာဝိုင်အီ အခြေစိုက် Daniel K. Inouye Asia - Pacific Center for Security Studies က ဦးဆောင်ကျင်းပခဲ့ပြီး ဌာနဆိုင်ရာသတင်းနှင့် ပြန်ကြားရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နေကြသည့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲကို မတ် ၃၁ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ်နှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးတို့လည်း တက်ရောက်ဆွေးနွေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သာစိန်၊ မီမီဖြိုး (သတင်းစဉ်)**

# မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)၏ တံတားဆက်ပွဲ၊ မုဒုံ-မြဝတီလမ်းနှင့် အိန္ဒြ-ဇာသပြင်လမ်း ကတ္တရာ ကွန်ကရစ်လမ်းသစ်များဖွင့်

**နေပြည်တော် မတ် ၃၀**

နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြား ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းတည်ဆောက်ပြီးစီးသည့် မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၂)၏ Bridge Closure Ceremony (တံတားဆက်ပွဲ) အခမ်းအနားကို မတ် ၃၀ ရက် နံနက် ၉ နာရီက အဆိုပါတံတားပေါ်ရှိ ယာယီမဏ္ဍပ်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ထိုင်းနိုင်ငံ ပို့ဆောင်ရေး ဝန်ကြီး ဒေါက်တာ အာခွန်းသံပိတရာပိစစ်၊ နှစ်နိုင်ငံမှ ဧည့်သည်တော်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားကို နှစ်နိုင်ငံရိုးရာအကများဖြင့် ဖွင့်လှစ်ပေးပြီး ထိုင်းနိုင်ငံဘက်မှ လမ်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် မစ္စတာထားနင်းစွန်ဘွန်းက တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ထိုင်းနိုင်ငံပို့ဆောင်ရေး ဝန်ကြီး ဒေါက်တာ အာခွန်းသံပိတရာပိစစ်က နှုတ်ခွန်းဆက်စကားပြောကြား သည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကား ပြောကြားရာတွင် အဆိုပါတံတားသည် ဗီယက်နမ်-လာအို-ထိုင်း-မြန်မာတို့ ဆက်သွယ်ပေးသော အရှေ့-အနောက် စီးပွားရေးစင်္ကြံ လမ်းမကြီးပေါ်တွင် တည်ရှိပြီး နှစ်နိုင်ငံဆက်သွယ်ရေးအတွက် အဓိကကျသော တံတားကြီးဖြစ်ပါကြောင်း၊ ပင်မတံတား အရှည် မီတာ ၂၇၀ ယာဉ်သွားလမ်းအကျယ် ၁၇ မီတာနှင့် လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၁ ဒသမ ၅ မီတာရှိသော လေးလမ်းသွားတံတားဖြစ်ပြီး တံတား၏ ချဉ်းကပ်တံတားအရှည်မှာ မြန်မာဘက်ခြမ်းတွင် မီတာ ၁၁၀၊ ထိုင်းဘက်ခြမ်း တွင် မီတာ ၃၈၀ စုစုပေါင်း မီတာ ၇၆၀ ဖြစ်ပါကြောင်း၊ တံတားစီမံကိန်းတန်ဖိုးမှာ ထိုင်းဘတ် သန်း ၃၉၀၀ ဖြစ်ပြီး ထိုင်းနိုင်ငံအစိုးရအကူအညီဖြင့် တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ မြန်မာဘက်ကမ်းရှိ ကျန်ရှိနေသောချဉ်းကပ်လမ်း Traffic Change Over နှင့် Border Control Facilities (BCF) အဆောက်အအုံများကိုလည်း ထိုင်းနိုင်ငံ ဘက်မှ ဆက်လက်ဆောက်လုပ်ပေးမည်ဖြစ်သည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ တံတားကြီးဖွင့်လှစ်လိုက်သည့်အတွက် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား ကုန်စည်စီးဆင်း မှုများ ပိုမိုလျင်မြန်ချောမွေ့လာခြင်း၊ ကုန်သွယ်မှုပမာဏများလည်း မြင့်မားတိုးတက် လာစေခြင်း၊ နှစ်နိုင်ငံရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ သိရှိနိုင်ခြင်း၊ ခရီးသွားလုပ်ငန်း များ ချဲ့ထွင်လာနိုင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုများတိုးတက်လာခြင်းနှင့် နှစ်နိုင်ငံချစ်ကြည် ရင်းနှီးမှုပိုမိုခိုင်မြဲလာစေခြင်းစသည့် အကျိုးတရားများရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။




**မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားအမှတ်(၂)၏ Bridge Closure Ceremony (တံတားဆက်ပွဲ) အခမ်းအနား၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် ထိုင်းနိုင်ငံ ပို့ဆောင်ရေးဝန်ကြီး ဒေါက်တာ အာခွန်းသံပိတရာပိစစ်တို့ အပြန်အလှန်လက်ဆောင်ပစ္စည်း ပေးအပ်စဉ်**

ယင်းနောက် မြန်မာ-ထိုင်းချစ်ကြည်ရေးတံတား အမှတ်(၂)၏ (တံတား ဆက်ပွဲ) ကို ထိုင်းနိုင်ငံဘက်မှ ပို့ဆောင်ရေးဝန်ကြီး ဒေါက်တာ အာခွန်းသံပိတရာပိစစ်နှင့် တာဝန်ရှိသူများက လည်းကောင်း၊ မြန်မာဘက်မှ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက တံတားကို ဆက်ပေးသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့်အတူ နှစ်နိုင်ငံဝန်ကြီး များ၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များ၊ ဌာနဆိုင်ရာပုဂ္ဂိုလ်များနှင့်အတူ စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးပြီး တံတားဆက်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရ လက်ဆောင်များ အပြန်အလှန်ပေးအပ်ကြသည်။

ဆက်လက်၍ ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ်အတွင်းရှိ မုဒုံ-မြဝတီလမ်း (မြဝတီမြို့တွင်းအပိုင်း) ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို နံနက် ၁၀ နာရီတွင် အဆိုပါလမ်းရှိ မဏ္ဍပ်၌ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ကတ္တရာကွန်ကရစ်လမ်းသစ်ကို ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရအဖွဲ့မှတာဝန်ရှိသူများ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်အတွင်းရှိ အိန္ဒြ-ဇာသပြင်လမ်းဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၂ နာရီတွင် အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပ ရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက အဖွင့်အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမှာစကားပြောကြားသည်။

အိန္ဒြ - ဇာသပြင်လမ်းအား ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရ အဖွဲ့မှ တာဝန်ရှိသူများနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးကာ ကတ္တရာကွန်ကရစ် လမ်းပေါ်မှ ဖြတ်သန်းကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးလုပ်ငန်းများတွင် အရပ်ဘက်-စစ်ဘက် ပူးပေါင်းဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေး

**နေပြည်တော် မတ် ၃၀**

ပြည်သူ့အစိုးရသစ်အနေဖြင့် ပြည်သူများ လွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါ ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ငြိမ်းချမ်းရေးသည် အရေးကြီးပါကြောင်း၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို သဘာဝ ဘေးနှင့်ပဋိပက္ခများကြောင့် ဖြစ်သော ဘေးအန္တရာယ်များကလည်း အဟန့် အတားဖြစ်စေခြင်းကြောင့် ငြိမ်းချမ်းရေး ရရှိရန် ကြိုးပမ်းမှုနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရန် လိုပါကြောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ပြောကြားသည်။

ဆက်လက်၍ သဘာဝဘေးကြိုတင် ကာကွယ်ရေး၊ တုံ့ပြန်ရေးနှင့်ပြန်လည် ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက် ရာတွင် ပြည်သူ့အကျိုးကို ပိုမိုထိရောက် စွာ ဖြည့်ဆည်းပေးနိုင်ရန် အရပ်ဘက်- စစ်ဘက် စနစ်တကျ ပူးပေါင်းဆောင်ရွက် နိုင်ရေးအတွက် ယနေ့အလုပ်ရုံ ဆွေးနွေး ပွဲကို ဒုတိယအကြိမ် ကျင်းပရခြင်းဖြစ် ကြောင်း၊ ဘေးအန္တရာယ်ကျရောက်သော ဒေသများ အထူးသဖြင့် သွားလာရန် ခက်ခဲသောဒေသများကို တပ်မတော်၏ အကူအညီဖြင့် သွားရောက်ကာ ကယ်ဆယ် ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့ပါ ကြောင်း၊ သာဓကအနေဖြင့် ၂၀၁၆ ခုနှစ် တွင် ကချင်ပြည်နယ် ဆော်လောမြို့နယ် လန်ဆယ်ဒေသ၌ ဖြစ်ပွားခဲ့သောရေဘေး တွင် တပ်မတော်နှင့် ပူးပေါင်းဆောင်ရွက် မှုကို ထင်ထင်ရှားရှားတွေ့ရမည်ဖြစ်ပါ ကြောင်း၊ အာဆီယံနိုင်ငံများ အချင်းချင်း နှင့် တပ်မတော်များကလည်း သဘာဝ ဘေးအန္တရာယ်ကျရောက်ပါက တစ်နိုင်ငံ နှင့် တစ်နိုင်ငံအကူအညီပေးနိုင်ရေး သဘောတူထားရှိပါကြောင်း၊ စနစ်တကျ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်မှု ကို ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ယနေ့ နံနက်ပိုင်းက နေပြည်တော် မန်းမြန်မာ ဟိုတယ်၌ ကျင်းပသည့် သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲရေးလုပ်ငန်းများ တွင် အရပ်ဘက်-စစ်ဘက် ပူးပေါင်း ဆောင်ရွက်ရေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲ တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက ထိုကဲ့သို့ ပြောကြား ခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ UNOCHA အဖွဲ့၏ Head of Office ဖြစ်သူ Mr.Mark Cutts က အလုပ်ရုံဆွေးနွေး ပွဲနှင့် စပ်လျဉ်းပြီး ရှင်းလင်းပြောကြား သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ တပ်မတော်မှအရာရှိကြီးများနှင့် ဌာန ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူ များ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စု ဝန်ကြီးသည် ကုလသမဂ္ဂလူသားချင်း စာနာ ထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေး ရုံး (UNOCHA) မှ ဌာနကြီးမှူး Mr. Mark Cutts ဦးဆောင်သော အဖွဲ့အားတွေ့ဆုံ၍ လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိ သည်။

**(သတင်းစဉ်)**

## ဓမ္မာစရိယစာမေးပွဲ(အဋ္ဌမနေ့)နှင့် ပါဠိပထမပြန်စာမေးပွဲ ဒုတိယနေ့ကျင်းပ

**နေပြည်တော် မတ် ၃၀**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကျင်းပ လျက်ရှိသည့် ၂၀၁၇ခုနှစ် ဓမ္မာစရိယစာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်စာဖြေ ဌာန ၅၂ ဌာန၌ လည်းကောင်း၊ ပါဠိပထမပြန်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ စာဖြေဌာန ၂၄၁ ဌာနတို့၌ လည်းကောင်း ဖြေဆိုကြသည်။

ဓမ္မာစရိယ စာမေးပွဲ(အဋ္ဌမနေ့)ကို စာရင်းသွင်း သံဃာ၊သီလရှင် စုစုပေါင်း ၃၀၆ ပါးအနက် ၁၄၉ ပါးဖြေဆိုကြသဖြင့် ၄၈ ဒသမ ၆၉ ရာခိုင်နှုန်းဖြေဆိုကြပြီး ပါဠိပထမပြန်စာမေးပွဲ(ပထမကြီး၊ ပထမလတ်၊ ပထမငယ်၊ အခြေပြုမူလ) ဒုတိယ နေ့ကို စာရင်းသွင်းသံဃာ၊သီလရှင် စုစုပေါင်း ၆၃၅၉၂ပါးအနက် ၅၀၇၆၄ ပါးဖြေဆို ကြသဖြင့် ၇၉ ဒသမ ၈၃ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုနယ်မြေတွင် တောင်သူနစ်နာမှု ထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေများပေးအပ်

**နေပြည်တော် မတ် ၃၀**

ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကရဏာကမ္ဘာဘိုးဘွားရိပ်သာအနီး ရတနာမဥ္ဇူလမ်းနှင့် နေပြည်တော် မြို့ပတ်လမ်းအကြားရှိ ယခင်သစ်တောကြိုးဝိုင်းတွင်း



လယ်ယာမြေများနှင့် စိုက်ပျိုးသီးနှံများအတွက် နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံ လျော်ကြေးငွေများ ပေးအပ်ခြင်း အခမ်းအနားကို ဒက္ခိဏသီရိမြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက်ပိုင်းကကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင် တက်ရောက်၍ ထောက်ပံ့ကြေးငွေနှင့် လျော်ကြေး ငွေများ ပေးအပ်သည်။ **(ဓာတ်ပုံ)**

အဆိုပါ အခမ်းအနားသို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်၊ နေပြည် တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်များဖြစ်ကြသော ဦးအေးမြင့်၊ ဦးမင်းသူ၊ ဦးမျိုးတင့်၊ ဒေါ်စံပယ်ထွေးနှင့် ဦးမင်းသိမ်း၊ ဒက္ခိဏခရိုင်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မြင့်ဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင် ထွန်း၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူ များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် လျော်ကြေးရရှိသည့် သစ်တောကြိုးဝိုင်းတွင်း လယ်ယာမြေသိမ်းဆည်းခံတောင်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင်နှင့် တာဝန်ရှိသူများက သစ်တောကြိုးဝိုင်းတွင်း လယ်ယာ မြေသိမ်းဆည်းခံတောင်သူများကို နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေး ငွေများ ပေးအပ်ကြသည်။

ယနေ့ အခမ်းအနားတွင် ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော် မြို့ပတ်လမ်း၊ ရတနာမဥ္ဇူလမ်း၊ ကရုဏာကမ္ဘာဘိုးဘွားရိပ်သာနှင့် မြို့နယ်ထိုင်တော်မူဗုဒ္ဓရုပ်ပွား တော်မြတ်ကြီး တည်ထားကိုးကွယ်မည့် နေရာအကြားရှိ တောင်သူ ၂၂၈ ဦးတို့၏ သစ်တောကြိုးဝိုင်းတွင်း လယ်ယာမြေ ၄၄၄ ဒသမ ၈၂၅ ဧက အတွက် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းနှုန်းဖြင့် နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေ ၄၇၃ ဒသမ ၁၁၄ သန်းကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ယမန်နေ့ကလည်း ဒက္ခိဏသီရိ မြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်များတွင် တောင်သူ ၁၅၃ ဦးတို့၏ သစ်တောကြိုးဝိုင်းတွင်း လယ်ယာမြေ ၄၅၄ ဒသမ ၂၄ ဧကအတွက် နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေ ၄၆၈ ဒသမ ၈၃၅ သန်းအားနေပြည် တော်စည်ပင်သာယာရေးကော်မတီ မှ ကော်မတီဝင် ဦးမင်းသူနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြကြောင်းနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏခရိုင် ဒက္ခိဏ သီရိမြို့နယ်နှင့် ဇမ္ဗူသီရိ မြို့နယ်အတွင်းရှိ သစ်တောကြိုးဝိုင်းတွင်း လယ်ယာမြေ စုစုပေါင်း ၈၉၉ ဒသမ ၀၆၅ ဧကပေါ်တွင် လုပ်ကိုင်လျက်ရှိသော တောင်သူ ၃၈၁ ဦး တို့ကို နစ်နာမှုထောက်ပံ့ကြေးငွေနှင့် သီးနှံလျော်ကြေးငွေ စုစုပေါင်း ငွေကျပ် ၉၄၁ ဒသမ ၉၄၉ သန်းအား ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# (၇၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက် အင်းတိုင်(ဇရပ်ကွင်း)ဘဏ်ခွဲဖွင့်

**ရန်ကုန် မတ် ၃၀**

(၇၂)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် အင်းဝဘဏ်လီမိတက်၏ (၄၄)ခုမြောက်ဘဏ်ခွဲဖြစ်သော အင်းတိုင်(ဇရပ်ကွင်း) ဘဏ်ခွဲဖွင့်ပွဲကို ယမန်နေ့နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် အင်းတိုင်(ဇရပ်ကွင်း) လမ်းဆုံရှိ အဆိုပါဘဏ်ခွဲရှေ့၌ ကျင်းပသည်။




ရှေးဦးစွာ အင်းဝဘဏ်လီမိတက် အင်းတိုင်(ဇရပ်ကွင်း) ဘဏ်ခွဲအား မင်္ဂလာအချိန်ကျရောက်သည်နှင့် အင်းတိုင်တပ်နယ်မှ တာဝန်ရှိသူများနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ငွေဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ အင်းတိုင်တပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်ဦးက အင်းဝဘဏ်လီမိတက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကာ **(ယာပုံ)** တာဝန်ရှိသူများနှင့်အတူ ဘဏ်ခွဲဆိုင်းဘုတ်နှင့် ကောင်တာတို့ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။ ထို့နောက် ဘဏ်ဝန်ထမ်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး ဘဏ်ခွဲအတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့အပြင် အင်းဝဘဏ်လီမိတက်နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသော မြန်မာမိုဘိုင်းငွေကြေးဝန်ဆောင်မှုလုပ်ငန်း (Myanmar Mobile Money Services) ကလည်း မိုဘိုင်းဖုန်းနှင့် ဆောင်ရွက်နိုင်သော ဝန်ဆောင်မှုများကို ထိရောက်ကောင်းမွန်စွာ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာများကို မိုဘိုင်းဖုန်းမှတစ်ဆင့် ထုတ်ယူရရှိနိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ကမာရွတ်မြို့နယ်၌ ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲသက်သေခံလက်မှတ်ထုတ်ယူ

**ရန်ကုန် မတ် ၃၀**

၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲအတွက် ကမာရွတ်မြို့နယ် အမှတ်(၁)ရပ်ကွက်အတွင်း၌ မဲဆန္ဒရှင်သက်သေခံလက်မှတ်ထုတ်ယူသူဦးရေ ၅၀ ရာခိုင်နှုန်းခန့်ရှိကြောင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲထံမှ သိရသည်။



ရပ်ကွက်နေ ပြည်သူများအား မဲဆန္ဒရှင်သက်သေခံလက်မှတ် ထုတ်ယူနိုင်ရေးအတွက် ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့်အတူ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာသူများကလည်း တစ်အိမ်တက်ဆင်း လိုက်လံအသိပေး နှိုးဆော်မှုများ ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက်အတွင်း၌ ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၇၀၀၀ ကျော်ရှိပြီး မတ် ၃၀ ရက် ညနေပိုင်းအထိ မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ယူသူ ဦးရေ ၃၃၈၆ ဦး ထုတ်ယူပြီးကြောင်း သိရသည်။

ဧပြီ ၁ ရက်တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲ၌ ကမာရွတ်မြို့နယ်အတွင်း မဲရုံ ၃၅ ရုံ ဖွင့်လှစ်မည်ဖြစ်ပြီး မဲဆန္ဒရှင်ပေါင်း ၅၈၄၄၃ ဦးရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ထင်ပေါ်ဝင်း(ကမာရွတ်)**

# ပြည်သူများ သတ်မှတ်ထီတန်ဖိုးအတိုင်း ဈေးကွက်တွင် ဝယ်ယူနိုင်ရေး ထီလုပ်ငန်းရှင်များအသင်းနှင့် ဆွေးနွေး

**နေပြည်တော် မတ် ၃၀**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းနှင့် မြန်မာနိုင်ငံထီလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲအား ယနေ့ နံနက် ၁၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၁၇ ခုနှစ် မတ် ၁ ရက်မှ စတင်ပြီး ပြည်သူများ ထီထိုးကံစမ်းနိုင်ရန်အတွက် ငွေကျပ် ၅၀၀ တန် အောင်ဘာလေထီလက်မှတ်များရောင်းချခဲ့ကြောင်း၊ ထီဈေးနှုန်းကို သတ်မှတ်ထားသည့် တစ်စောင်လျှင် ငွေကျပ် ၅၀၀ ဖြင့် ရောင်းချရန်နှင့် သတ်မှတ်ဈေးထက် ပိုမိုရောင်းချပါက ရောင်းချသူ ထီလုပ်ငန်းရှင်များအား အမည်ပျက်စာရင်းသွင်းမည့်အပြင် အာမခံငွေကို သိမ်းယူမည်ဟု ပြောကြားထားပြီးဖြစ်ကြောင်း၊ ယခင်ကာလများတွင် ပြည်သူများအနေဖြင့် အောင်ဘာလေထီကို ပြင်ပ၌ ဈေးကြီးပေး၍ ဝယ်ယူကံစမ်းနေရသဖြင့် ယခု ငွေကျပ် ၅၀၀ တန် အောင်ဘာလေထီ စတင်သည့်အခါ ဈေးရင်းအတိုင်း ရောင်းချစေလိုကြောင်း၊ ရောင်းချသူ ထီလုပ်ငန်းရှင်များအတွက်လည်း ထီ ၁၀ စောင်တွင် တစ်စောင်လျှင် (၁၀ ရာခိုင်နှုန်း)ကို အကျိုးခံစားခွင့်ပေးထားပြီးဖြစ်၍ သတ်မှတ်ဈေးထက်ပို၍ ရောင်းချခြင်းမရှိစေရေး ထိန်းပေးကြရန်ဖြစ်ကြောင်း၊ မိမိတို့၏ လုပ်ငန်းအား ချိန်ဆ၍ ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ ထိုဥပဒေအားရေးဆွဲပြီးဖြစ်၍ မကြာမီ ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထီထိုးကံစမ်းသူ ပြည်သူများအတွက် အလေးထား၍ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆွေးနွေးပွဲသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံထီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ထီလုပ်ငန်းရှင်များအသင်း အဖွဲ့ဝင် ခြောက်ဦးတို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဆွစ်ဇာလန်နိုင်ငံ ဖက်ဒရယ်ကောင်စီဥက္ကဋ္ဌထံ သံအမတ်ကြီး ဦးထင်လင်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၃၁**

ဆွစ်ဇာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးထင်လင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ်၊ မတ်လ ၂၈ ရက်တွင် ဘန်းမြို့၌ ဆွစ်ဇာလန်နိုင်ငံ ဖက်ဒရယ်ကောင်စီဥက္ကဋ္ဌဖြစ်သူ သမ္မတ မစ္စစ် ဒေါရစ်လူ့သထ်ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

# ငွေကျပ် ၅၀၀ တန်နှင့် ငွေကျပ် ၂၀၀ တန်ထီ ဧပြီ ၁ ရက်ဖွင့်မည်

**ရန်ကုန် မတ် ၃၀**

(၁)ကြိမ်မြောက် ငွေကျပ် ၅၀၀ တန်နှင့် (၃၃၉)ကြိမ်မြောက် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆု ဌာနခွဲတည်ရှိရာ ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် မဟာဗန္ဓုလလမ်းနှင့် ၃၇ လမ်းထောင့် အမှတ်(၃၈၄)ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဧပြီ ၁ ရက် နံနက် ၈ နာရီမှစတင်၍ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

ငွေကျပ် ၅၀၀ တန် ထီဖွင့်ပွဲတွင် ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၁၀၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ (၃၇)ဆု၊ ငွေကျပ်သိန်း ၅၀ (၃၉)ဆု၊ ငွေကျပ် ၁၀ သိန်း (၄၁)ဆု၊ ဝေဝေဆာဆာပဒေသာဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ၅ လုံးတူ ၁၀ ယူနစ်အတွက် ငွေကျပ် သုံးသိန်း (၁၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း ၄ လုံးတူ (၁၀)ယူနစ်အတွက် ငွေကျပ် နှစ်သိန်း (၁၀၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း ၃ လုံးတူ (၂၉)ယူနစ်အတွက် ငွေကျပ် တစ်သိန်း (၂၉၀၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း ၂ လုံးတူ (၇)ယူနစ်အတွက် ငွေကျပ် ၅ သောင်း (၇၀၀၀၀)ဆု အပါအဝင် ဆုမဲပေါင်း ၁၀၀၂၂၀ ဆု ခွဲဝေပေးမည်ဖြစ်သည်။

ငွေကျပ် ၂၀၀ တန် ထီဖွင့်ပွဲကို ယင်းနေ့တွင်ပင် အဆိုပါ ထီဖွင့်ပွဲခန်းမဆောင်၌ ဖွင့်လှစ်မည်ဖြစ်ရာ ဆုကြီးတစ်ဆုချင်းစနစ်အရ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၅၀ တစ်ဆု၊ ငွေကျပ် ၂၅ သိန်း တစ်ဆု၊ ငွေကျပ် ၁၀ သိန်း တစ်ဆု၊ ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်များမှ အက္ခရာနှင့် ရှေ့ဂဏန်း ၅ လုံးတူ ၂ ယူနစ်အတွက် ငွေကျပ် သုံးသိန်း (၂၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း ၄ လုံးတူ တစ်ယူနစ်အတွက် ငွေကျပ် နှစ်သိန်း (၁၀၀)ဆု၊ အက္ခရာနှင့် ရှေ့ဂဏန်း ၃ လုံးတူ တစ်ယူနစ်အတွက် ငွေကျပ် တစ်သိန်း (၁၀၀၀)ဆု အပါအဝင် ဆုမဲပေါင်း ၁၁၂၅ ဆု ခွဲဝေပေးမည်ဖြစ်ကြောင်း အောင်ဘာလေသိန်းဆုဌာနခွဲက သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငမိုးရိပ်ချောင်းကိုဖြတ်၍ ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် တောင်ဥက္ကလာပမြို့နယ်ကို တံတားတစ်စင်းထပ်ထိုးမည်

**ရန်ကုန် မတ် ၃၀**

ဒဂုံမြို့သစ်မြောက်ပိုင်းနှင့် အရှေ့ပိုင်းမှ ပြည်သူများ ရန်ကုန်မြို့တွင်း ကားသွားလာမှု အကျပ်အတည်းမဖြစ်စေရေး ရည်ရွယ်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားမှုကြောင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရန်ပုံငွေ ခွင့်ပြုချက်ဖြင့် မြတ်နိုးသူတံတား ဆောက်လုပ်ရေး ကုမ္ပဏီသည် ငမိုးရိပ်ချောင်းကိုဖြတ်၍ တောင်ဥက္ကလာပမြို့နယ် သစ္စာလမ်းနှင့် ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် ငါးမာန်အောင်ဘုရားလမ်းတို့အား ဆက်သွယ်ပေးမည့် ကွန်ကရစ်နှစ်လမ်းသွား ကားလမ်းပါ တံတားကြီးကို ဧပြီ ၁ ရက်မှစ၍ ဆောက်လုပ်တော့မည်ဖြစ်သည်။




အဆိုပါ တံတားကြီးမှာ ပင်မတံတားအရှည် ၉၁၈ပေရှိမည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၃၈ ပေ (နှစ်လမ်းသွားကားလမ်း) လူသွားလမ်းအကျယ် တစ်ဖက်လျှင် ၅ ပေစီနှင့် (နှစ်ဖက်) တံတားအမျိုးအစားမှာ သံကူကွန်ကရစ် လွန်ထူးပိုင်တိုင်အုပ်မြစ်၊ သံကူကွန်ကရစ်တိုင် ကိုယ်ထည်နှင့် သံကူကွန်ကရစ်ကြမ်းခင်းဖြစ်သည်။ ရေလမ်းကင်းလွတ်အကျယ် ပေ ၁၈၀ ရေလမ်းကင်းလွတ်အမြင့် ၁၈ ပေ အမြင့်ဆုံးရေမှတ်နှင့် တံတားခံနိုင်ဝန်မှာ AASHO-H.S.25-44- ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။

အဆိုပါ တံတားကို တာဝန်ယူတည်ဆောက်မည့် မြတ်နိုးသူတံတားတည်ဆောက်ရေးကုမ္ပဏီတွင် မြန်မာနိုင်ငံ၌ တံတားကြီးအမြောက်အမြား ဆောက်လုပ်ပေးခဲ့သော ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အငြိမ်းစားအင်ဂျင်နီယာများ၊ တံတားဦးစီးဌာနမှ အငြိမ်းစား ညွှန်ကြားရေးမှူးချုပ်များ၊ အင်ဂျင်နီယာချုပ်များဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်ဟု သိရသည်။

**ခရမ်းစိုးမြင့်**

# ဆီကုန်သည်နှင့် လုပ်ငန်းရှင်များ တွေ့ဆုံ

**မုံရွာ မတ် ၃၀**

မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမြင့်ကြူ ဦးဆောင်သောအဖွဲ့သည် မုံရွာခရိုင်အတွင်းရှိ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၂၉ ရက်က မုံရွာမြို့ ချင်းတွင်းဟိုတယ်၌ ပြုလုပ်ခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် ပြည်တွင်း၌ အများပြည်သူတို့ အသုံးပြုလျက်ရှိသော ဆီများနှင့်ပတ်သက်၍ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်မှု၊ ပြည်ပနိုင်ငံများမှ နည်းပညာများနှင့် ပတ်သက်၍ လေ့လာနိုင်မှုများကို ဆွေးနွေးခဲ့ကြသည်။

**ဘော်ဂါသွေး**

# ရေရှားပါးသည့်နေရာများတွင် ရဲတပ်ဖွဲ့ဝင်များက သောက်သုံးရေ သွားရောက်လှူဒါန်း

**နေပြည်တော် မတ် ၃၀**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ထွန်းမြင့်ဝင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဆိပ်ဖြူမြို့နယ် တက်မကျေးရွာရှိ အိမ်ထောင်စု ၉၈ စုအတွက် သောက်သုံးရေ ဂါလန် ၄၀၀၀ ကို မတ် ၂၉ ရက်က သွားရောက်လှူဒါန်းခဲ့သည်။

အလားတူ ယင်းနေ့တွင် ရမည်းသင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ရွှေ ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များသည် ရမည်းသင်းမြို့နယ် နန်းသာယာအေးကျေးရွာ ပေါက်အင်းဘုန်းကြီးကျောင်းနှင့် နန်းလုံကျေးရွာတို့ရှိ အိမ်ထောင်စု ၂၀၀ အတွက် သောက်သုံးရေဂါလန် ၂၈၀၀ ကို သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။ **ကိုရဲ**

# ရေရှားပါးသည့် ကျေးရွာများသို့ သောက်သုံးရေများ လှူဒါန်း

**မြောင် မတ် ၃၀** - စစ်ကိုင်းတိုင်းဒေသကြီး မြောင်မြို့နယ်အတွင်း သောက်သုံးရေရှားပါးခက်ခဲသည့် အုတ်နဲ့ဘုတ်ကျေးရွာသို့ စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီးမြသင်း ဦးဆောင်၍ မြောင်မြို့နယ်ရဲတပ်ဖွဲ့ ရဲမှူးသောင်းငွေနှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များသည် မတ် ၃၀ ရက်က အုတ်နဲ့ဘုတ်ကျေးရွာ ပြည်သူများထံသို့ ရေ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"မြောင်မြို့နယ်အတွင်းမှာ အုတ်နဲ့ဘုတ်ကျေးရွာက သောက်ရေရှားပါးတယ်။ ဒီရွာကပြည်သူတွေအနေနဲ့ ကန်ရေကိုသာ အားကိုးနေရတဲ့အတွက် လာရောက်လှူဒါန်းရခြင်းဖြစ်ပါတယ်။ သောက်သုံးရေသန့် လီတာ ၁၆၀၀ နှင့် သုံးရေ ဂါလန် ၁၈၀၀ ကို ကျေးရွာနေပြည်သူတွေထံ လှူဒါန်းခဲ့ပါတယ်" ဟု မြို့နယ်စခန်းမှူး ဒုတိယရဲမှူး တင်လှိုင်က ပြောသည်။ **တင်ကိုကို**

# အမေရိကန်-တရုတ် ထိပ်သီးဆွေးနွေးပွဲကို ဧပြီလအစောပိုင်းတွင် ကျင်းပမည်




**ပေကျင်း မတ် ၃၀**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ ရှီကျင့်ဖျင်သည် လာမည့်ရက်သတ္တပတ်၌ အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်နှင့် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်သို့ သွားရောက်မည်ဖြစ်ကြောင်း တရုတ်အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လူကန်က သမ္မတရှီသည် လာမည့် ဧပြီ ၆ ရက် နှင့် ၇ ရက် အတွင်း တရုတ်နှင့်အမေရိကန်၏ ပထမ ဆုံးသော ထိပ်သီးစည်းဝေးပွဲကို ကျင်းပရန် ဖလော်ရီဒါပြည်နယ်ရှိ ထရန့်မာအေလာဂို အပန်းဖြေစခန်း၌ ရောက်ရှိနေလိမ့်မည် ဖြစ်ကြောင်း ကြာသပတေးနေ့တွင် ပြောကြားခဲ့သည်။

သမ္မတရှီ၏ ဧပြီ ၆ ရက် မတိုင်မီအထိ ကြာမြင့်မည့် ဖင်လန်နိုင်ငံ ခရီးစဉ်ပြီးသည်နှင့် ယင်းခရီးစဉ် စတင်မည်ဖြစ်ကြောင်း လူကန်ကဖြည့်စွက်ပြောကြားသည်။

ထိပ်သီးဆွေးနွေးပွဲအတွင်း တရုတ်သမ္မတရှီနှင့် အမေရိကန်သမ္မတထရန့်တို့သည် မြောက်ကိုရီးယားကို မည်သို့ တုံ့ပြန်ဆောင်ရွက်အရေးယူမှုများ ပြုလုပ်သွားမည်ဆိုသည့် အကြောင်းအရာများကို အဓိကထား၍ဆွေးနွေးသွားကြဖွယ်ရှိသည်ဟု ဆိုသည်။

မြောက်ကိုရီးယားသည် ကုလသမဂ္ဂ၏ စည်းမျဉ်းစည်းကမ်းများကို အရေးစိုက်ခြင်းအလျဉ်းမရှိဘဲ တိုက်ချင်းပစ်ဒုံးကျည် စမ်းသပ်ပစ်လွှတ်မှုများကို ဆက်တိုက်ပြုလုပ်လျက်ရှိပြီး နောက်ထပ် နျူကလီးယားစမ်းသပ်မှုတစ်ခုကိုထပ်မံပြုလုပ်သွားမည့် အရိပ်အယောင်ရှိနေသည်။

မြောက်ကိုရီးယား၏ နျူကလီးယားလက်နက် ဖွံ့ဖြိုးလာမှုကို ဟန့်တားရာတွင် တရုတ်နိုင်ငံအနေဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ဆောင်ရွက်သွားရန် ထရန့်၏ တောင်းဆိုတိုက်တွန်းမှုကို သမ္မတရှီကျင့်ဖျင်က မည်ကဲ့သို့ တုံ့ပြန်မည်ဆိုသည့်အချက်ကို နိုင်ငံတကာက အာရုံစိုက်လျက်ရှိသည်။ **(ရိုက်တာ)**

# အကျဉ်းထောင်စည်းကမ်းများကို မကျေနပ်၍ ဆူပူမှုဖြစ်ပွား၊ လေးဦးသေဆုံး

**မက္ကဆီကိုစီးတီး မတ် ၃၀**

မက္ကဆီကိုနိုင်ငံ နျူဗိုလီယွန်ပြည်နယ်ရှိ ကာတာရေဒါအကျဉ်းထောင်၌ ထောင်တွင်း ဆူပူမှုများဖြစ်ပွားခဲ့သောကြောင့် ယခုအချိန်ထိ သေဆုံးသူလေးဦးအထိ မြင့်တက်လာပြီး အခြား ၂၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ်အစိုးရမှ ယမန်နေ့က သတင်းထုတ်ပြန်ခဲ့သည်။



အကျဉ်းထောင် လုံခြုံရေးဆိုင်ရာ တားမြစ်ချက်သစ်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ထုတ်ပြန်ခဲ့ကြောင်း သိရပြီး ယင်းအသစ်ထုတ်ပြန်လိုက်သော လုံခြုံရေးဆိုင်ရာ တားမြစ်ချက်များကို မကျေနပ်သောကြောင့် အကျဉ်းသား ၆၀၀ ခန့်က အဆောက်အအုံများကို မီးရှို့ရာမှ ထောင်တွင်းဆူပူမှု တဖြည်းဖြည်း အရှိန်မြင့်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျဉ်းသား ၅၆ ဦးသည် အကျဉ်းထောင်အဆောက်အအုံကို မီးရှို့ကာ ဆေးပေးခန်းအား ဝင်ရောက်လုယက်မှုပြုလုပ်ခဲ့ကြောင်း ပြည်နယ်ရှေ့နေချုပ်က သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဖရိုဖရဲဖြစ်နေသော အကျဉ်းထောင်တွင်းသို့ အရေးပေါ်ဝန်ထမ်းများ ဝင်ရောက်လာပြီး အကျဉ်းသား ၂၁ ဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ကနဦးသတင်းဖော်ပြချက်များအရ အကျဉ်းထောင်ဆူပူမှုတွင် နှစ်ဦးသေဆုံးပြီး ၁၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း မက္ကဆီကိုနိုင်ငံ လုံခြုံရေးဆိုင်ရာ ပြောရေးဆိုခွင့်ရှိသူ အယ်လ်ဒို ဖက်စ်ဆီက ပြောခဲ့သည်။

နောက်ဆုံးရ သတင်းများအရ သေဆုံးသူများမှာ လေးဦးထိ မြင့်တက်လာကြောင်း သိရသည်။ **(ဆင်ဟွာ)**

# ဆန္ဒပြသူများကြောင့် ဒုံးကျည်ကာကွယ်ရေးစနစ် ဆောင်ရွက်မည့်ကားများ မဝင်ရောက်နိုင်

**ဆိုးလ် မတ် ၃၀**

တောင်ကိုရီးယားနိုင်ငံ ဂျီဆန်းပြည်နယ် ဆွမ်ဂျူးစီရင်စုရှိ ပြည်သူများသည် တက်ဒ်ဒုံးကျည်ကာကွယ်ရေးစနစ်ဆိုင်ရာ ကနဦးမြေပြင်တိုင်းတာရေး ဆောင်ရွက်ချက်နှင့်ပတ်သက်ပြီး ရဲတပ်ဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

တက်ဒ်ဒုံးကျည်စနစ် ဆောင်ရွက်မည့် အဖွဲ့ဝင်များ လိုက်ပါလာသောကားများသည် ယခုအချိန်ထိ အတားအဆီးများကို ဖြတ်ကျော်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။ ဒေသခံပြည်သူများကလည်း အဆိုပါကားများဝင်ရောက်မှုမရှိစေရန် တစ်ညလုံး မအိပ်စက်ဘဲ တားဆီးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။




တက်ဒ်စနစ်ဆောင်ရွက်မည့် ကားငါးစီးသည် သတ်မှတ်နေရာများသို့ ဝင်ရောက်ရန် ကြိုးပမ်းခဲ့သော်လည်း ဒေသခံပြည်သူလူထုနှင့် ငြိမ်းချမ်းရေးလှုပ်ရှားသူများ၏ ငြိမ်သက်စွာ ပိတ်ဆို့တားဆီးမှုများကို ဖြတ်ကျော်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

ရဲတပ်ဖွဲ့များအနေဖြင့်လည်း တပ်ဖွဲ့သုံးကား ၁၀ စီးကျော်ဖြင့် တပ်ဖွဲ့ဝင် ၄၀၀ ကျော်ကို စေလွှတ်ခဲ့ကြောင်း သိရသည်။ ရဲတပ်ဖွဲ့ဝင်များက ပြည်သူလူထုကို တရားမဝင် ဆန္ဒဖော်ထုတ်သည်ဟုဆိုကာ ထွက်ခွာရန် ပြောကြားခဲ့သော်လည်း ဒေသခံပြည်သူများမှာ ထွက်ခွာခြင်းမရှိကြောင်း သိရသည်။

တက်ဒ်စနစ်သည် ထိရောက်မှုမရှိသလို တရားဝင်လည်းမဟုတ်ကြောင်း တက်ဒ်စနစ်ပယ်ဖျက်ရေးကော်မတီနှင့် အခြားအရပ်ဘက်အဖွဲ့အစည်းများက ပြောခဲ့သည်။

တက်ဒ်စနစ်သည် ဧပြီလအစောပိုင်းတွင် စတင်လည်ပတ်နိုင်ဖွယ်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အိန္ဒိယနိုင်ငံ ဘန်ဂလ်ပြည်နယ်တွင် ဟိုတယ်တစ်လုံးမီးလောင် နှစ်ဦးသေဆုံး ခြောက်ဦးဒဏ်ရာရ

**နယူးဒေလီ မတ် ၃၀**

မတ် ၃၀ ရက်က အိန္ဒိယနိုင်ငံအနောက်ပိုင်း ဘန်ဂလ်ပြည်နယ်ရှိ ဟိုတယ်တစ်လုံး၌ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ရာ လူနှစ်ဦးထက်မနည်း သေဆုံးခဲ့ပြီး လူခြောက်ဦး ဒဏ်ရာများ ရရှိခဲ့ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။

ဘန်ဂလ်ပြည်နယ် မြို့တော်ဟိုချီမင်း ဆာရာနီမြို့ရှိ ဂိုးဒင်းပေါ့က်ခ်ဟိုတယ်မီးလောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယင်းဟိုတယ်သည် ဗြိတိန်ကော်မရှင်နှင့် အမေရိကန် ကောင်စစ်ဝန်ရုံးများအနီးတွင် တည်ရှိကြောင်း သိရသည်။

မီးလောင်မှုကြောင့် ယင်းဟိုတယ်၌ တည်းခိုနေထိုင်သူ နှစ်ဦးသေဆုံးခဲ့ကြောင်း၊ နီးစပ်ရာကျန်းမာရေးဌာနသို့ ပို့ဆောင်ခဲ့သော်လည်း သေဆုံးခဲ့ကြောင်း ရဲအရာရှိတစ်ဦးက ပြောခဲ့သည်။ ထို့အပြင် ဟိုတယ်မီးလောင်မှုကြောင့် ဟိုတယ်ဝန်ထမ်းများအပါအဝင် လူအတော်များများကို ကယ်ထုတ်ခဲ့ရကြောင်း၊ ကယ်ထုတ်ခဲ့သူများတွင် ခြောက်ဦးမှာ မီးလောင်ဒဏ်ရာများရရှိခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ဟိုတယ်မီးလောင်မှုကို ထိန်းချုပ်ရန် မီးသတ်သမားများအနေဖြင့် သုံးနာရီကြာအောင် ကြိုးစားငြှိမ်းသတ်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။ မီးလောင်မှုသည် ဟိုတယ်မီးဖိုချောင်မှ စတင်ခဲ့ပြီး တဖြည်းဖြည်း မြေညီထပ်အပါအဝင် အခြားနေရာများသို့ ကူးစက်ခဲ့ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောသည်။

သက်ဆိုင်ရာ အာဏာပိုင်များအနေဖြင့် လတ်တလောတွင် ဟိုတယ်မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းနေဆဲဖြစ်ကြောင်း သိရသည်။

**(ဆင်ဟွာ)**

# ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များတွင် ဒီမိုကရက်တစ်များနှင့်အတူ ထရန့်ဆောင်ရွက်နေခြင်းကို ကန့်ကွက်

**ဝါရှင်တန် မတ် ၃၀**

ကွန်ဂရက်လွှတ်တော်၌ ထိပ်တန်းရီပတ်ဘလစ်ကန် လွှတ်တော်အမတ်တစ်ဦးဖြစ်သည့် အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ပေါလ်ရိုင်ယန်သည် အိုဘားမားကဲဟုခေါ်တွင်လျက်ရှိသည့် အမေရိကန်၏ ကျန်းမာရေးအာမခံကိစ္စရပ်အပေါ် အသစ်ပြန်လည်ပြုပြင်ရေးဆွဲမည့် ဥပဒေသစ်တစ်ရပ်ပြဋ္ဌာန်းမှုတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်အား ဒီမိုကရက်တစ်ပါတီဝင်များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်စေလိုခြင်းမရှိကြောင်း ပြောကြားခဲ့သည်။

ကြာသပတေးနေ့တွင် ထုတ်လွှင့်ရန်အတွက် မီဒီယာတစ်ခုနှင့်တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သည့် အင်တာဗျူးတစ်ခုတွင် ရိုင်ယန်က ၎င်းအနေဖြင့်ပြီးခဲ့သည့်ရက်သတ္တပတ်က ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ် ပြုပြင်ပြောင်းလဲမှုကို အတူတကွလိုက်ပါလုပ်ဆောင်ရန် သဘောတူညီခဲ့ခြင်းမရှိသည့် ရီပတ်ဘလစ်ကန်ပါတီကို စိုးရိမ်မိကြောင်းနှင့် ၎င်းအနေဖြင့် အိုဘားမားကဲကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေးကို ပြန်လည်ဆောင်ရွက်ရန် ထရန့်က ကတိထားရှိခဲ့သည့်အတိုင်း ကောင်းစွာဆောင်ရွက်နိုင်ရန် တွန်းအားပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ထရန့်က ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ် ပြန်လည်ပြုပြင်ရေးဆွဲမှုကို ဒီမိုကရက်တစ်ပါတီဝင်များနှင့် အတူတကွလုပ်ကိုင်ဆောင်ရွက်ရန် အခွင့်အရေး ပေးခဲ့မှုကို ရိုင်ယန်က ၎င်းအနေဖြင့် ထိုသို့အတူတကွ လုပ်ကိုင်ခြင်းကိုအလိုမရှိကြောင်း ပြောကြားခဲ့သည်။

ပြီးခဲ့သည့်အင်္ဂါနေ့က ထရန့်သည် အိမ်ဖြူတော်၌ တက်ရောက်လာကြသည့် ဆီးနိတ်လွှတ်တော်အမတ်များကို ကျန်းမာရေးစောင့်ရှောက်မှု ပြုပြင်ပြောင်းလဲရေးအတွက် ဥပဒေပြုသူများအနေဖြင့် သဘောတူစာချုပ်ချုပ်ဆိုသည့်အဆင့်သို့ အမြန်ဆုံးရောက်ရှိရန်မျှော်လင့်ကြောင်း ပြောကြားခဲ့သည်။ သို့သော် အသေးစိတ်ကို ဖော်ပြခဲ့ခြင်းမရှိပေ။

**(ရိုက်တာ)**

# ကာယကံရှင်အနေနဲ့ သူ့ရဲ့ထွက်ဆိုမှုအတွက် တာဝန်ယူမှုရှိဖို့တော့လိုပါမယ်၊ မှန်ကန်မှုရှိဖို့အတွက် ဥပဒေကြောင်းအရ ဆောင်ရွက်ပေးသွားပါမယ်

**ပြည်တွင်းပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့တွင် မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများ၌ သတင်းရယူစဉ် ကျားခေါင်းတောင်ကျေးရွာရှိ ဒေသခံအမျိုးသမီးသုံးဦးမှ ၎င်းတို့အား လွန်ခဲ့သည့်သုံးလခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အဓမ္မပြုကျင့်မှုများ ရှိကြောင်း စွပ်စွဲပြောကြားခဲ့သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ တာဝန်ရှိသူများမှ ဖြစ်ရပ်မှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းဖော်ထုတ်သွားမည့် အခြေအနေကို မောင်တောခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်နှင့် တွေ့ဆုံမေးမြန်းထားမှုများအား ဖော်ပြလိုက်ပါသည်-**



မောင်တောခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးရဲထွဋ်ကို သတင်းမီဒီယာများ တွေ့ဆုံမေးမြန်းစဉ်

**မေး။ ။ ကျားခေါင်းတောင်ကျေးရွာမှာရှိတဲ့ ဒေသခံ အမျိုးသမီးသုံးဦးကိုလွန်ခဲ့တဲ့ သုံးလလောက်က လုံခြုံရေးတပ်ဖွဲ့ဝင်တွေက အဓမ္မပြုကျင့်မှုများရှိခဲ့တယ်လို့ ပြည်တွင်းပြည်ပမီဒီယာတွေကို ပြောကြားထားပါတယ်။ အဲ့ဒီကိစ္စနဲ့ ပတ်သက်ပြီး သိရှိလိုပါတယ်။**

ဖြေ။ ။ ဒီလို အလားတူဖြစ်စဉ်မျိုးတွေ ပြောင်ပိုက်နဲ့ ကြက်ရိုးပြင်ရွာတွေမှာ ဖြစ်ပွားခဲ့ဖူးပါတယ်။ သတင်းမီဒီယာတွေကိုရော၊ ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တွေလာတဲ့အချိန်မှာပါ ကြက်ရိုးပြင်မှာနေတဲ့ ဒေါ်သန်းသန်းဆိုတဲ့ အမျိုးသမီးက အဲဒီကိစ္စမျိုး ကိုယ်တိုင်ပြောကြားဖူးပါတယ်။ အဲဒါနဲ့ပတ်သက်ပြီး ဥပဒေကြောင်းအရဖြေရှင်းပေးဖို့အတွက် နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို ကျွန်တော်တို့ အကြောင်းကြားတယ်။ နစ်နာသူအတွက် ဥပဒေကြောင်းအရ ဖြစ်စေဖို့အတွက် အမှုဖွင့်ပေးခဲ့တယ်။ ဖြစ်စဉ်နဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုတွေ ပြုလုပ်ပေးမယ်ဆိုပြီး ပြောခဲ့တယ်။ အဲဒီနေ့မှာပဲ နယ်ခြားစောင့်ရဲတပ်ဖွဲ့က ကျေးရွာအထိသွားရောက်ပြီးတော့ ဖြစ်စဉ်ကို စုံစမ်းတယ်။ အဲဒီအခါကျတော့ သူကိုယ်တိုင်ပြုကျင့်ခံရတယ်လို့ပြောတဲ့ အမျိုးသမီးက ကြက်ရိုးပြင်မှာမရှိတော့ပါဘူး။ တွေ့လည်းမတွေ့တော့ပါဘူး။ အဲ့ဒီနောက် ကျေးရွာအုပ်ချုပ်ရေးမှူးနဲ့ ရပ်မိရပ်ဖတွေကတစ်ဆင့် အမှုဖွင့်လိုခြင်းမရှိဘူး၊ ထောက်ပံ့ကြေးရလို့ ဒီလိုဖြေကြားတယ်လို့ပဲ စုံစမ်းသိရှိရပါတယ်။

ဒီလိုပဲ ပြည်တွင်းပြည်ပ သတင်းမီဒီယာတွေ ဒီနေ့ ကျားခေါင်းတောင်ကျေးရွာကိုရောက်တော့ အဓမ္မပြုကျင့်ခြင်း ခံရပါတယ်လို့ ကိုယ်တိုင်ထွက်ဆိုခဲ့တဲ့အတွက် ဥပဒေကြောင်းအရ သေချာလုပ်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အမှန်တကယ်လိုအပ်တာက နစ်နာသူကိုယ်တိုင် အမှုဖွင့်ရမှာဖြစ်သလို နယ်ခြားစောင့်ရဲတပ်ဖွဲ့ကလည်း စုံစမ်းစစ်ဆေးမှုတွေ ဆောင်ရွက်ပေးသွားမယ်။ အမှန်တကယ် နစ်နာမှုရှိတယ်ဆိုလို့ရှိရင် နစ်နာခံရသူရဲ့ ရသင့်ရထိုက်တာတွေ ရရှိမှာဖြစ်သလို ပြစ်မှုကျူးလွန်သူကိုလည်း ဥပဒေကြောင်းအရ အရေးယူရမှာဖြစ်ပါတယ်။ သတင်းမီဒီယာတွေကို ဝန်ခံထွက်ဆိုသူရဲ့ ပုဂ္ဂိုလ်ရေးလုံခြုံရေးဆိုင်ရာကိစ္စတွေကိုလည်း ဆောင်ရွက်ပေးမယ်။ ဒါပေမယ့် ကာယကံရှင်အနေနဲ့တော့ သူ့ရဲ့ထွက်ဆိုမှုအတွက် တာဝန်ယူမှုရှိဖို့တော့လိုပါမယ်။ မှန်ကန်မှုရှိဖို့ အတွက် ဥပဒေကြောင်းအရ ဆောင်ရွက်ပေးသွားပါမယ်။ ပြစ်မှုမှန်ကန်တယ်လို့ ပေါ်ပေါက်ခဲ့ရင်တော့ ပြစ်မှုကျူးလွန်သူကိုသက်ဆိုင်ရာအဖွဲ့အစည်းက အရေးယူသွားဖို့ ဆောင်ရွက်သွားမှာပါ။ ကာယကံရှင်ကိုယ်တိုင် အဓမ္မပြုကျင့်ခံရပါတယ်လို့ ဝန်ခံထွက်ဆိုလာရင် အရေးယူမှုတွေ မဖြစ်မနေလုပ်ဆောင်ရပါတယ်။

ဒါပေမယ့် ပြောတဲ့သူဘက်ကတော့ သူပြောတာကို တာဝန်ယူဖို့လိုပါမယ်။ စစ်ဆေးချက်တွေအရ မှန်ကန်တယ်ဆိုလို့ရှိရင် ပြစ်မှုကျူးလွန်သူကိုအပြစ်ပေး အရေးယူရမှာပါ။

ဒီလိုမျိုးဖြစ်ခဲ့တယ်ဆိုတာကို နှုတ်နဲ့ပြောဆိုရုံနဲ့ မဖြစ်ပါဘူး။ ဖြစ်စဉ်နဲ့ပတ်သက်လို့ နစ်နာသူကသူ့ရဲ့နစ်နာမှုအတွက် အထောက်အထားပြဖို့ လိုပါတယ်။ သူ့ရဲ့ပူးပေါင်းဆောင်ရွက်မှုတွေ လိုပါတယ်။ ဒါမှလည်း ပြစ်မှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်ပြီးအရေးယူလို့ရမှာပါ။ ဒီလိုမျိုးပြောလို့ ကာယကံရှင်ကို ဖိအားပေးတာမျိုးလုပ်လို့လည်း မရပါဘူး။ ဥပဒေကြောင်းအရ ခံစားပိုင်ခွင့်ရှိတာကို လုပ်ပေးရမှာ ဖြစ်ပါတယ်။ မှန်ကန်တဲ့ဖြစ်စဉ်တစ်ခုကို လုပ်ဆောင်ပေးဖို့ ကျွန်တော်တို့မှာ တာဝန်ရှိပါတယ်။ အဖြစ်မှန်ကို ထုတ်ပြန်ပေးဖို့အတွက်လည်း ဆောင်ရွက်သွားမှာပါ။

သူတို့အနေနဲ့ ဘယ်နေ့ဘယ်ရက်မှာ ဖြစ်ခဲ့တယ်ဆိုတာကို ပြောပြနိုင်ရင် ကျွန်တော်တို့အနေနဲ့ အဲဒီနေ့မှာ အဲဒီဒေသမှာ တာဝန်ကျတဲ့သူတွေရဲ့ မှတ်တမ်းတွေကို ပြန်လည်စစ်ဆေးပြီး ဘယ်သူဆိုတာကို ဖော်ထုတ်နိုင်မှာပါ။

**မေး။ ။ ပြီးခဲ့တဲ့အခေါက်တွေကလည်းအဓမ္မပြုကျင့်ခံရသူတွေရှိတယ်လို့ စွပ်စွဲပြီးမှအဲဒီသူတွေက ထွက်ပြေးသွားကြတယ်။ သူတို့တွေက (နိုင်ငံတကာလိုမျိုး) လာသမျှကို အဲဒီလိုမျိုး ပြောနေမယ်ဆိုရင် နိုင်ငံအတွက်လည်း သိက္ခာကျနိုင်တဲ့အတွက် အဲဒါကိုဘယ်လိုမျိုး ဆောင်ရွက်သွားဖို့ရှိပါသလဲ။**

ဖြေ။ ။ ကြက်ရိုးပြင်နဲ့ ပြောင်ပိုက်တွေမှာ အဲဒီလို ဖြစ်စဉ်မျိုးတွေ ပေါ်ပေါက်ခဲ့ဖူးတယ်။ အဲဒီအတွက် အမှုဖွင့်ပေးထားတယ်။ အမှုဖွင့်ပြီးတာနဲ့ ဥပဒေကြောင်းအရ ဥပဒေအကြံပြုချက် တောင်းခံထားဆဲဖြစ်ပါတယ်။ အဲဒါကို အမြန်ဆုံးရအောင်ဆောင်ရွက်မှာပါ။ ပြီးတော့မှ ဒီဖြစ်စဉ်ကမှန်ကန်မှု ရှိ၊ မရှိဆုံးဖြတ်သွားမှာပါ။ အခုဖြစ်စဉ်အတွက် အဲဒီအမျိုးသမီးတွေကို ကျေးရွာမှ တာဝန်ရှိသူတွေက အမျိုးသမီးအဖော်တွေနဲ့အတူ ငါးခုရရဲစခန်းကို ခေါ်ယူကာ အမှုဖွင့်ပေးခဲ့ပြီးဖြစ်ပါတယ်။ အခုသူတို့ရွာကိုပြန်သွားကြပြီလို့ သိရပါတယ်။

**သတင်းအဖွဲ့**



အမျိုးသမီးသုံးဦးက ကျားခေါင်းတောင်ကျေးရွာ၌ ၎င်းတို့ကိုလုံခြုံရေးတပ်ဖွဲ့ဝင်များမှ အဓမ္မပြုကျင့်မှုများရှိကြောင်း သတင်းမီဒီယာများအားပြောကြားစဉ်

# ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့များ မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာများတွင် လွတ်လပ်စွာသတင်းရယူ

**မောင်တော မတ် ၃၀**

ရခိုင်ပြည်နယ် မောင်တောဒေသ၌ သတင်းရယူလျက်ရှိသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် ယနေ့တွင် မောင်တောမြို့နယ်အတွင်းရှိဖြစ်စဉ်ဖြစ်ပွားခဲ့မှု နှင့် ပတ်သက်သည့် ကျေးရွာများသို့ မြေပြင်ကွင်းဆင်းသတင်းရယူကြသည်။

ပြည်တွင်း ပြည်ပ သတင်းမီဒီယာအဖွဲ့သည် မောင်တောမြို့နယ်အတွင်းရှိ ကျီးကန်းပြင်၊ ဝပိတ်၊ အောင်မင်္ဂလာ၊ ဖားဝပ်ချောင်း၊ ပွင့်ဖြူချောင်း၊ ကျားခေါင်းတောင်၊ ကြက်ရိုးပြင်၊ ငါးစာကြူး၊ ပြောင်ပိုက်ကျေးရွာများနှင့် အမှတ်(၁) နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့ရုံးသို့ သွားရောက်ကြပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်ဖြစ်ပွားပြီးနောက် နေရပ်မှခေတ္တတိမ်းရှောင်သွားရာမှ ကျေးရွာအသီးသီးသို့ ပြန်လည်ရောက်ရှိလာမှုအခြေအနေ၊ မီးလောင်မှုဖြစ်စဉ် ဖြစ်ပွားခဲ့မှုနှင့်



ပြန်လည်နေရာချထားရေးအတွက် စီမံဆောင်ရွက်နေမှုအခြေအနေ၊ နယ်မြေလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ဆောင်ရွက်မှုအခြေအနေ၊ နယ်မြေဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်တင်နိုင်ရေး ဆောင်ရွက်မှု အခြေအနေများကို လွတ်လပ်စွာ သတင်းရယူကြသည်။

ထိုသို့ သတင်းရယူစဉ် ကျားခေါင်းတောင် ကျေးရွာရှိ ဒေသခံအမျိုးသမီးသုံးဦးမှ လွန်ခဲ့သောသုံးလခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၏ အဓမ္မပြုကျင့်ကြောင်း စွပ်စွဲပြောကြားမှုများရှိခဲ့ရာ ယင်းကိစ္စရပ်အပေါ် တာဝန်ရှိသူများက ဖြစ်စဉ်မှန်ပေါ်ပေါက်ရေးအတွက် စုံစမ်းဖော်ထုတ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ဘူးသီးတောင်မြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲဖြေဆို

**ဘူးသီးတောင် မတ် ၃၀**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် အထကခွဲ(၁) စာသင်ကျောင်း၌ အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆိုမှုကို ယမန်နေ့ မွန်းတည့် ၁၂ နာရီမှ စတင်ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စာမေးပွဲတွင် ပထမလတ်တန်းခြောက်ပါး၊ ပထမငယ်တန်း ၁၀ ပါး၊ အခြေပြုမူလတန်း ၁၁ ပါး စုစုပေါင်း ၂၇ ပါးတို့ ဖြေဆိုကြပြီး စာမေးပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၄ ရက်အထိ ဆက်လက်ကျင်းပသွားမည်ကြောင်း သိရသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲကာလအတွင်း စာဖြေသံဃာတော်များနှင့် စာမေးပွဲကြီးကြပ်ရေးသံဃာတော်များအား ဌာနဆိုင်ရာများနှင့် မြို့ပေါ်ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဦးစီး၍ လှူဖွယ်ပစ္စည်းများနှင့် ဆွမ်းဝေယျာဝစ္စများအတွက် စီစဉ်ဆောင်ရွက်လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် အဆိုပါစာမေးပွဲအတွက် မေးခွန်းလွှာနှင့် အဖြေလွှာများအား လုံခြုံစွာ ထိန်းသိမ်းထားရှိသွားမည်ဖြစ်ကြောင်း သိရသည်။ **တင်စိုး**

# မောင်တောမြို့နယ် ရှက်ညိုတောင်ကျေးရွာမှ ရွာသားတစ်ဦး ပျောက်ဆုံး

**နေပြည်တော် မတ် ၃၀**

မောင်တောမြို့နယ် ရှက်ညိုတောင်ကျေးရွာမှ ရွာသားတစ်ဦးသည် ယမန်နေ့ နံနက်ပိုင်းက ရေတွင်းကျွန်းကျေးရွာသို့ အလည်သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးလျက်ရှိကြောင်း သိရသည်။

ရှက်ညိုတောင်ကျေးရွာနေ ယာယာ (၂၃နှစ်)သည် မတ် ၂၉ ရက် နံနက် ၇ နာရီခန့်က ရေတွင်းကျွန်းကျေးရွာသို့ အလည်သွားရောက်ရာမှ ပြန်လည်ရောက်ရှိလာခြင်းမရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းရှာဖွေခဲ့ရာ ရေတွင်းကျွန်းကျေးရွာသားများ၏ ပြောပြချက်အရ ယာယာဆိုသူအား မွန်းတည့် ၁၂ နာရီအထိ ကျေးရွာတွင် တွေ့ရှိခဲ့ကြောင်း၊ မွန်းလွဲပိုင်းတွင် တွေ့မြင်ခြင်းမရှိတော့ကြောင်း သိရသည်။ အဆိုပါ ပျောက်ဆုံးမှုနှင့်ပတ်သက်၍ ၎င်း၏ဦးလေးဖြစ်သူက နယ်မြေရဲစခန်းသို့ လာရောက်တိုင်တန်းသဖြင့် ရဲတပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းလျက်ရှိပြီး အမှုဖွင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်အန္တရာယ် ကင်းရှင်းရေး အသိပညာပေး ဆိုင်းဘုတ်စိုက်ထူ

**ပြည် မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးအတွက် တာဝန်ရှိသူများပူးပေါင်း၍ မြို့တွင်းနေ့စဉ် ယာဉ်သွားလာမှုများပြားသည့်နေရာများဖြစ်သော မြို့အဝင် နဝဒေးလမ်းမ၊ ဘုရင့်နောင်လမ်းမကြီး၊ မြို့ရှောင်လမ်းဆုံနေရာနှင့် မြို့အလယ်ဗဟို ဗိုလ်ချုပ်ကျောက်ရုပ်အဝိုင်းအနီးရှိ ညဈေးတန်းထိပ်နေရာတို့တွင် အန္တရာယ်ကင်းစေဖို့ ဆိုင်ကယ်ဦးထုပ်ဆောင်းကြစို့ စာတန်းပါ အသိပညာပေး ကြော်ငြာဆိုင်းဘုတ် စိုက်ထူထားရှိကြောင်း သိရသည်။

အဆိုပါ ဆိုင်းဘုတ်များဖွင့်လှစ်ပွဲကို မတ် ၂၈ ရက် နံနက် ၉နာရီက ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်ဝင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မြင့်ကြည်၊ က.ည.န ခရိုင်ဦးစီးမှူး ဒေါ်မြတ်သက်လွင်နှင့် ခရိုင်ယာဉ်ထိန်းတပ်ဖွဲ့မှ ရဲအုပ်သီဟထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး ဖွင့်ပွဲသို့ ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ဖန်းမော်မြို့တွင် ရှေးဟောင်းစေတီများအတွင်းမှ ဆင်းတုတော်များနှင့် ဌာပနာပစ္စည်းများ တွေ့ရှိ

**ဖန်းမော် မတ် ၃၀**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် စင်းခန်းကျေးရွာ တပ်ကြီးကုန်းရပ်တွင် ပြိုကျပျက်စီးနေသော ရှေးဟောင်းစေတီများအတွင်းမှ ဆင်းတုတော်များနှင့် ဌာပနာပစ္စည်းများ ရှာဖွေတွေ့ရှိခဲ့ကြောင်း သိရသည်။



မြို့နယ် သံဃနာယကအဖွဲ့ဆရာတော်များ၊ တပ်ကြီးကုန်းရပ် ရတနာသိဒ္ဓိကျောင်းတိုက်ဆရာတော် ဦးကုလိသနှင့် ဆရာတော်သံဃာတော်များ၊ ရပ်မိရပ်ဖများ ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ကျေးရွာပြည်သူများသည် မတ် ၂၉ ရက် နံနက် ၈ နာရီက စင်းခန်းကျေးရွာ တပ်ကြီးကုန်းရပ် ရတနာသိဒ္ဓိကျောင်းတိုက် အနီးရှိ ရှေးဟောင်းစေတီတော် ၁၂ ဆူအနက် ခုနစ်ဆူကို ဦးစွာ တူးဖော်ရှာဖွေခဲ့သည်။

ရှေးဟောင်းစေတီများအတွင်းမှ ကျောက်ဆင်းတုတော်များ၊ သတ္တုဆင်းတုတော်များ၊ နဂါးရုံဆင်းတုတော်များ၊ ကြေးသွန်းဆင်းတုတော်များနှင့် ရုပ်ပွားတော်များ၊ သစ်သားငွေဆင်းတုတော်များ ၊ ဓာတ်တော်ပါ ရွှေအိုးငွေအိုးများ၊ ဆင်ရုပ်များ၊ သံကဲစုံများ၊ ရွှေပုရပိုက်၊ ငွေပုရပိုက်များ၊ သတ္တာနရုပ်ပွားတော်များ ၊ ပုံတော်စုများ၊ ရေအိုးရေတကောင်းများ ၊ မြေရေတကောင်း၊ ဓာတ်တော်အိုးများ၊ မြတ်စွာဘုရားတောထွက်မြင်းစီးရုပ်တု၊ သိဒ္ဓတ္ထမြင်းစီးရုပ်တု၊ မာရ်နတ်အောင်မြင်တော်မူခန်း၊ ဘုရားဖြစ်တော်စဉ်ပုံတော်၊ ဗျာဒိတ်တော်ပေးခန်း၊ ပဥ္စဝဂ္ဂီပုံတော်များ၊ ရဟန္တာငါးပါး ၊ မယ်တော်မိနတ်သား၊ မြတ်စွာဘုရားပရိနိဗ္ဗာန်ပြု အစရှိသော ရုပ်ပွားတော်များရှာဖွေတွေ့ရှိခဲ့ကြသည်။

အဆိုပါ ရှေးဟောင်းစေတီများအတွင်းမှရရှိသော ဆင်းတုတော်များနှင့်ဌာပနာပစ္စည်းများကို စေတီဟောင်းများအနီး၌ အသစ်တည်ဆောက်ကိုးကွယ်ပူဇော်မည့် အေးငြိမ်းချမ်းသာ ဣစ္ဆာသယဆုတောင်းပြည့်ဓာတ်ပေါင်းစုစေတီတော် ဌာပနာအတွင်းသို့ ထည့်သွင်း၍ ပူဇော်မည်ဖြစ်ကြောင်း ရတနာသိဒ္ဓိကျောင်းတိုက် ဆရာတော်ထံမှ သိရသည်။

**ဆီမီးခုံ-နန်းရီ**

# ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၃၀**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်က စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး မတ် ၂၉ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၆၉၄ စီး၊ သွင်းကုန် ၈၄၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၂ စီး၊ သွင်းကုန် ၁၇၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



တရားဝင်စာရွက်စာတမ်းအထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မတ် ၂၉ ရက် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ၁၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇ ဒသမ ၈၁၉ သန်းခန့်နှင့် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၀၇ ဒသမ ၉၇၂ သန်းခန့် စုစုပေါင်း ၂၃ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၅ ဒသမ ၇၉၁ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၂၉ ရက်တွင် မန္တလေးမှ မူဆယ်သို့သွားရောက်မည့် Toyota Allion ယာဉ်နှင့် Toyota Mark-II ယာဉ်များကို ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်တုံးအရွယ်အစားမျိုးစုံ 460 Kg ခန့် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅ သန်းခန့်အားတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# ရေကြီးနစ်မြုပ်မှုများအတွက် မျိုးစပါးထောက်ပံ့

**နေပြည်တော် မတ် ၃၀**

လယ်ဝေးမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ပေါင်းလောင်းရေသောက်ဒေသ ပေါက်မြင်အုပ်စု၌ ရေကြီးမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် မိုးစပါးတွင် မျိုးသန့်စိုက်ပျိုးထုတ်လုပ်နိုင်ရန် မျိုးစေ့ ထောက်ပံ့ပေးအပ်ပွဲကို မတ် ၃၀ ရက်က ပေါက်မြင် အသိပညာပေးစင်တာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ မျိုးစပါးထောက်ပံ့ပွဲတွင် နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က ပေါင်းလောင်း၊ အောင်သုခ၊ ရွှေပြည်သာနှင့် အင်တိုင်းသာကျေးရွာတို့ကို ယခင်နှစ်နှောင်းပိုင်းတွင် ရေကြီးမှုကြောင့် ထောက်ပံ့ပေးခြင်းဖြစ်ပြီး မျိုးပွားစိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ အရန်မျိုးစပါးများ သိမ်းဆည်းမှု သဘာဝဘေးအတွက် ကြိုတင်ပြင်ဆင်ရန်၊ မိုးလေဝသသတင်းများ အစဉ်သတိပြုကြရန် ပြောကြားသည်။

ထို့နောက် နေပြည်တော် စိုက်ပျိုးရေးတိုင်းဦးစီးမှူး ဦးတင်ဦးကြိုင်၊ ခရိုင်ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က တောင်သူများအား နှစ်သိမ့်ဆွေးနွေးကြပြီး မျိုးစပါးများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**မောင်ကျော်ကြီး**

# လက်ဖက်ခြံအတွင်း မိုင်းနင်းမိ၍ ကလေးနှစ်ဦးဒဏ်ရာရ

**ကျောက်မဲ မတ် ၃၀**

ရှမ်းပြည်နယ် မြောက်ပိုင်း ကျောက်မဲမြို့နယ် ကော်ပေါင်ကျေးရွာအုပ်စု ကော်ပေါင်ကျေးရွာ၏ အရှေ့ဘက်နှစ်မိုင်ခန့်အကွာရှိ လက်ဖက်ခြံတွင် မတ် ၂၉ ရက် နံနက် ၈ နာရီက ကလေးငယ်နှစ်ဦး မိုင်းနင်းမိ၍ ပေါက်ကွဲခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကော်ပေါင်ကျေးရွာမှ ဒေါ်မိခမ်းသည် မတ် ၂၉ ရက် နံနက်က လက်ဖက်ခူးရန် လက်ဖက်ခြံသို့၎င်း၏သားနှစ်ဦးနှင့်သွားရာ ကလေးနှစ်ဦးမှာ အရှေ့မှ ပြေးဝင်သွားစဉ် မိုင်းနင်းမိ၍ ပေါက်ကွဲကာ မောင်သိန်း (၁၁နှစ်) နှင့် ညီဖြစ်သူ မောင်လုဝင်း (၈ နှစ်)တို့တွင် ဒဏ်ရာများရရှိခဲ့ကြသဖြင့် ကျောက်မဲမြို့ ပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသည်။

အဆိုပါကလေးနှစ်ဦးအား မြို့နယ်တိုက်ပွဲရှောင်ဦးစီးကော်မတီ ဥက္ကဋ္ဌ ဦးရဲထွဋ်နိုင်နှင့်အဖွဲ့ဝင်များက တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ စီ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက် )**


**ပျောက်ဆုံးကြောင်း**

ကျွန်တော်ကိုကိုကြီး ၁၂/ပဘတ(နိုင်)၀၂၂၁၁၂ ၏ နိုင်ငံကူးလက်မှတ် MA-၆၈၀၃၈၆ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၉၈၁၀၄၈၁၃**

**ကန့်ကွက်နိုင်ပါကြောင်း**

သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ဘုရားလမ်းအိမ်ရာရှိ အမှတ် ၅၈၊ အခန်း ၀၀၁ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်ကျင်စီမှတစ်ဆင့် ဝယ်ယူထားသူ ဒေါ်ကျင်စန်းဝင်း ၁၂/သကတ(နိုင်)၁၁၇၉၀၈၈က ဝယ်ယူပြီး အမည်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း စာရွက်စာတမ်းအထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်**

**အကြောင်းကြားစာ**

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်၌**

**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၅၈ နှင့်ဆက်နွယ်သည့်**

**၂၀၁၇ခုနှစ် တရားမဇာရီမှုအမှတ်-၂၈**

Family United Power Co.,Ltd. **နှင့်** ဒေါ်ညိုညိုခိုင်

(၎င်းကုမ္ပဏီကိုယ်စားမန်နေဂျာ ဦးမောင်မောင်သန်း)

**တရားနိုင်** **တရားရှုံး**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်၊ သောင်ကုန်းဗလီရှေ့၊ အမှတ် ၄၇၃ နေ ဒေါ်ညိုညိုခိုင်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ်-၂၅၈တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဒီကရီအနိုင်ရရှိသူက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၇ ရက် (၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၁ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နေဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

**ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း**

**ထုချေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံး ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**

**အင်းစိန်မြို့နယ်တရားရုံး**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈၅နှင့်ဆက်နွယ်သည့်**

**၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၁၇**

ဒေါ်ယမင်းခိုင် **နှင့်** ဒေါ်ပြုံးပြုံးမော်

**တရားနိုင်** **တရားရှုံး**

တရားရှုံးဒေါ်ပြုံးပြုံးမော် အမှတ်(၁၇)၊ လေဆိပ်ရိပ်သာလမ်း၊ ၁၀ မိုင်ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ (ယခုနေရပ်မသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၈၅တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင်ပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်) အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၅ရက် (၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၉ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် မတ် ၂၂ရက်တွင် ဤရုံးတော်တံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ညီညီထွန်း)**

**မြို့နယ်တရားသူကြီး**
**အင်းစိန်မြို့နယ်တရားရုံး**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် BB/2295 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

ရောင်းမည်

အမြန်လမ်းမဘေး(၁၁၆)မိုင် ဖြူးမြို့ဘက်ခြမ်း(၁၅)ဧက

ဖုန်း-၀၉ ၄၂၀၂၆၆၉၆၃

၀၉ ၄၅၆၄၇၇၀၄၃

# ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကျွန်းဝေနေယျများ ကံထပ်ပွဲ

ကျေးဇူးတော်ရှင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ အရှင်ဇေယျသိဒ္ဓိဓမ္မဉာဏ်ကရွှေပေါက်ကျွန်းဆရာတော်ကြီး မိန့်မှာခဲ့သည့်မူအတိုင်း ရန်ကုန်တိုင်းဒေသကြီး ရွှေပေါက်ကျွန်းဝေနေယျများ စုပေါင်းကံထပ်မင်္ဂလာပွဲကို နှစ်စဉ်ကျင်းပပူဇော်ခွင့်ရရှိခဲ့သည့် ကဆုန်လပြည့်ကျော် ၄ ရက် (၁၄-၅-၂၀၁၇၊ တနင်္ဂနွေနေ့)တွင် မလှိုင်မြို့နယ်၊ ရွှေပေါက်ကျွန်း သာသနာပြုစခန်း၌ ရန်ကုန်တိုင်း ရွှေပေါက်ကျွန်းဝေနေယျများ စုပေါင်းသွားရောက်ကျင်းပပူဇော်မည်ဖြစ်ပါသည်။

ရွှေပေါက်ကျွန်းဆရာတော်ကြီးနှင့် ပဓာနနာယကဆရာတော် ဦးကုမာရတို့အား သက်နိုးပရိက္ခရာ စုံလင်စွာဖြင့် ကံထပ်မင်္ဂလာသဘင် ဆင်ယင်ပြီး ရွှေပေါက်ကျွန်းသာသနာပြုစခန်းရှိ သံဃာတော်များအား သိမ်ဆင်းလောင်းလှူခြင်း၊ နေ့ဆွမ်းနှင့် လှူဖွယ်များဆက်ကပ်ခြင်း၊ ဝေနေယျများနှင့်ညွှဲ့ပရိသတ်များအား နေ့လယ်စာလှူဒါန်းခြင်းနှင့် ဒေဝသဘင် ပြုလုပ်လှူဒါန်းမည့် ကျေးဇူးတော်ရှင်ရွှေပေါက်ကျွန်းဆရာတော်ကြီး၏ ကုသိုလ်ပါရမီပွဲကို ပါဝင်ဆင်နွှဲနိုင်ရန် အတွက် အသိပေးနိုးဆော်အပ်ပါသည်။ **ဆက်သွယ်ရန်** - ဦးတင်ဝင်း(၀၉၇၉၁၆၆၆၂၉၆)၊ ဦးကြည်ဝင်း(၀၉ ၂၅၄၁၁၄၀၉၅)၊ ဦးမျိုးဝင်း(၀၉ ၅၁၀၂၆၀၀)၊ ဦးသန်းထွန်း(၀၉ ၅၃၂၂၂၅၈)၊ ဦးသက်ခိုင် (၀၉ ၅၀၄၃၆၅၅) **ရန်ကုန်တိုင်းစုပေါင်းကံထပ်ပွဲဖြစ်မြောက်ရေးအဖွဲ့**

**မြေကွက်ရောင်းရန်ရှိသည်**
**အောင်ချမ်းသာ(တိုးချဲ့)**
**ပေ ၄၀×၆၀**
**သန်လျင်မြို့နယ်**
**ဖုန်း-၀၉-၄၂၁၀၄၀၈၇၁၊**
**၀၉-၂၅၀၀၆၅၀၃၂**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၉ခ/၃၇၂၂ ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၆-၂-၂၀၁၇ရက်ထုတ် ဤသတင်းစာစာမျက်နှာ(၂၇)တွင် ၂၀၁၆ခုနှစ် တရားမကြီးမှု အမှတ်-၄၆၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ငြင်းချက်ထုတ်ရန်သမ္မန် စာကြော်ငြာတွင် တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံး၊ ရန်ကုန်မြို့အစား တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် တရားရုံးဟုသာ ပြင်ဆင်ဖတ်ရှုပါရန်။

**ကြော်ငြာစာ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၈)၊ ပိုင်အမှတ် ၈၂-က၊ ၅၆×၅၇၊ နှင်းဆီ×မြတ်လေးလမ်းကြားရှိ ဒေါ်အုံးတင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်သန်းသန်းလွင် ၉/မနမ(နိုင်)၀၃၆၉၃၅က မြေစလစ်၊ မြို့သစ်တိုးချဲ့ဖော်ထုတ် ရေးငွေရပြေစာ၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်၊ ဂရန်သစ်၊ အမည်ပြောင်းအမှု တွဲဖွင့်လှစ်ခွင့်ပြုပါရန်နှင့် ဘဏ္ဍာရေးဌာနတွင် မြေဖိုး၊ လမ်းဖိုးပေးသွင်းခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

# တောဆင်ရိုင်းများအား ဖမ်းဆီးသတ်ဖြတ်၍ ဆင်သားရေနှင့် ဆင်သား လိုးဖြတ်ယူသူများ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၀**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာနသည် နိုင်ငံတော်အတွင်းရှိ သစ်တောသယံဇာတများအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရေးအတွက် ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသကဲ့သို့ တရားမဝင်ထုတ်ယူခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်း၊ သယ်ဆောင်ရောင်းဝယ်ခြင်းများအား တားဆီးကာကွယ်၍ ဖော်ထုတ်အရေးယူခြင်းများအား မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ တပ်မတော်၊ ဆက်စပ် ဌာနအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ ပူးပေါင်းလျက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်တွင် ရောဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်စိုးက ငပုတောမြို့နယ် မြစ်တစ်ရာ ကြိုးဝိုင်းအကွက်အမှတ်(၂၇၄၊၂၈၉)အတွင်း သစ်တောလုပ်ငန်းများဆောင်ရွက်နေမှုအား သွားရောက်စစ်ဆေးစဉ် ဒီပါကွက်သစ်ကျေးရွာ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း(CF) ဥက္ကဋ္ဌ ဦးကျော်ဦး၏ သတင်းပေးချက်အရ ဦးစီးအရာရှိနှင့် သစ်တောဝန်ထမ်းများ၊ သစ်တောလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများပါဝင်သော ပူးပေါင်းအဖွဲ့ဖြင့် သွားရောက်



ငပုတော မြို့နယ် မြစ်တစ်ရာ ကြိုးဝိုင်းအတွင်း တွေ့ရှိရသည့် ဆင်သေအား တာဝန်ရှိသူများ စစ်ဆေးစဉ်

ကွင်းဆင်းစစ်ဆေးရာ ည ၈ နာရီခွဲခန့်တွင် မြစ်တစ်ရာကြိုးဝိုင်း၊ အကွက်အမှတ်(၂၉၄)အတွင်း ခန့်မှန်းမြေပုံညွှန်း FN-465953 နေရာတွင် ဆင်သေတစ်ကောင်နှင့် ဆင်သားရေနှင့် ဆင်သား လိုးဖြတ်သူ သုံးဦးအား တွေ့ရှိရသဖြင့် လိုက်လံဖမ်းဆီးစဉ် ထွက်ပြေးလွတ်မြောက်သွား၍ လက်ကိုင်ဖုန်းတစ်လုံး ကျကျန်ခဲ့သည်။

အဆိုပါအဖွဲ့မှ ထွက်ပြေးလွတ်မြောက်သူ သုံးဦးကို ဖမ်းဆီးနိုင်ရေးအတွက် ပုသိမ်-မော်တင်ကားလမ်းနှင့် ကျုံကူးကားလမ်းတစ်လျှောက် အဖွဲ့ နှစ်ဖွဲ့ခွဲ၍ စောင့်ဆိုင်းစဉ် ည ၉ နာရီ မိနစ် ၄၀ ခန့်တွင် ကျုံကူးကားလမ်း မိုင်တိုင်(၂/၀)တွင် မသင်္ကာဖွယ် အထုပ်များနှင့် လူသုံးဦးအား တွေ့ရှိစစ်ဆေးရာ ဆင်သားရေခွံနှင့် အသားများလိုးဖြတ်သယ်ယူလာသူ ငပုတောမြို့နယ် ဒေါ်ပွေးတုတ်ရွာနေ ဦးကျားကျား(ကျားလေး)၊ ဦးမောင်မောင်နှင့် ငပုတောမြို့နယ် တောကြီးရွာနေ ဦးဇော်သိန်းလေးတို့ကို သက်သေခံပစ္စည်းများဖြစ်သည့် ဆင်သားရေခွံနှင့် ဆင်အသားများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။ သေဆုံးနေသည့် ဆင်ကိုစစ်ဆေးရာ အသက် (၃၀ နှစ်)ခန့်နှင့် အရပ် ခုနစ်ပေရှိသည်။ ဆင်၏နှာမောင်းနှင့်အမြီး ပျက်စီးလျက် နောက်ခြေထောက်၊ နားရွက်များ ဖြတ်တောက်ထားပြီး အရေခွံနွှာထားလျက်အနေအထားဖြင့် ဦးခေါင်းတွင် သေနတ်ကျည်တစ်ပေါက်ရှိကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူများအား ကျုံကူးရဲစခန်းတွင် ထိန်းသိမ်းထားရှိပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ကျုံကူးရဲစခန်း၌ အမှုဖွင့်အရေးယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ကြီးမြို့၌ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၃၀**

မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၉ ရက်က တောင်ကြီးမြို့ ကန်ရှေ့ရပ်ကွက် မြကန်သာလမ်း အမှတ်(၂၂) ရှိ ဒို့ညီနောင်ကားဂိတ် ကုန်ပစ္စည်းလက်ခံဌာနတွင် တောင်ကြီးမြို့မှ ရန်ကုန်မြို့သို့ အမျိုးသားတစ်ဦးက လာရောက်အပ်နှံခဲ့သော ဆာလာအိတ်တစ်လုံးကို မသင်္ကာဖွယ်တွေ့ရှိကြောင်း ဖုန်းဆက် အကြောင်းကြားချက်အရ သွားရောက်၍စစ်ဆေးရာ ကိုအောင်နိုင်



အောင်မင်္ဂလာ အဝေးပြေးကားဂိတ်ကွင်းဟု ရေးသားထားသော ဆာလာအိတ်ကိုတွေ့ရှိ၍ ဖွင့်ဖောက်စစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၃၀၀၀၀၊ ဒို့ညီနောင်ကားဂိတ်၏ ကုန်ပစ္စည်းလက်ခံပြေစာ တစ်စောင်နှင့်အတူ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများ လာရောက်ပို့ဆောင်သူ တန့်ယန်းမြို့ နမ့်ပွန်းကျေးရွာနေ စိုင်းကျော်လှကို တိုယိုတာ အစ်ဆမ် မော်တော်ယာဉ်နှင့်အတူ တောင်ကြီးမြို့ မြို့မရပ်ကွက် တူးမြောင်းလမ်းရှိ လီရှောတည်းခိုခန်းရှေ့ လမ်းမပေါ်၌ ဖမ်းဆီးရမိခဲ့သဖြင့် စိုင်းကျော်လှ(၃၁ နှစ်) **(ဓါတ်ပုံ)** ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

**ဒိုက်ဦး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဖအောင်ဝဲရပ်ကွက်တောင်ပိုင်း အောင်သုခလမ်းရှိ ဦးကြီးတန်(ခ)ဦးပိန်(၈၆ နှစ်) နေထိုင်သော(၂၇ × ၃၆ )ပေ အုတ်ညှပ် နှစ်ထပ်တိုက်နေအိမ်တွင် မတ် ၃၀ ရက် နံနက် ၄ နာရီ ၁၅ မိနစ်က ဒါးမိန်းအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့သည်။ **(အပေါ်ပုံ)**

မီးလောင်မှုဖြစ်ပွားရာသို့ ဒိုက်ဦးမြို့ မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ် လေးစီး၊ မီးသတ်အင်အား ၁၅ ဦး ဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၅ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းသွားပြီး အခြားအိမ်များသို့ ကူးစက်လောင်မှုမရှိဘဲ လူ၊ တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိခဲ့ကြောင်း သိရသည်။

မီးပေါ့ဆစွာသုံးစွဲသူ ဦးကြီးတန်အား ဒိုက်ဦးမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နှစ်လုံးထီ လောင်းကစားသူ ဖမ်းမိ

**စလင်း မတ် ၃၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဒါးစွယ်ကန်ကျေးရွာ၌ မတ် ၂၈ ရက်က တရားမဝင် နှစ်လုံးထီလောင်းကစားသူ တစ်ဦးကို ဖမ်းဆီးရမိသည်။

စလင်းမြို့နယ် ဒါးစွယ်ကန်ရွာနေ သက်နိုင်(၃၈ နှစ်)ကို နယ်မြေလှည့်ကင်းအဖွဲ့မှ မသင်္ကာ၍ သက်သေများနှင့် စစ်ဆေးရာ ၎င်းစီးလာသော ဆိုင်ကယ်တူးဘောက်အတွင်းမှ နှစ်လုံးထီလောင်းကစားပစ္စည်းများနှင့် လောင်းကြေးငွေကျပ် ၁၀၂၅၀၀ ကို တွေ့ရှိသဖြင့် စလင်းရဲစခန်းမှ ရဲအုပ်သိန်းဝင်းဆွေက တရားလိုပြုလုပ်၍ အမှုဖွင့်ဆောင်ရွက်ထားကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**





"နာတာရှည်ကျောက်ကပ်ရောဂါ
ဝေဒနာရှင်များအတွက်
အားထားစရာ မျှော်လင့်ချက်အသစ်"

ကျောက်ကပ်ဆေးပင်

ဒေါက်တာခင်မောင်လွင် (FAME)

အဆိုပါကျောက်ကပ်ဆေးပင်နှင့်ပတ်သက်၍ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတွင် ပြုလုပ်ခဲ့သော သိပ္ပံနည်းကျ သုတေသနတွေ့ရှိချက်များ၊ ကျန်းမာရေးဆိုင်ရာ အကျိုးအာနိသင်များနှင့် သတိပြုရမည့်အချက်များကို စာဖတ်သူတို့ ရှင်းလင်းလွယ်ကူစွာ ဖတ်ရှုနိုင်ရန် အသေးစိတ် ရေးသားဖော်ပြထားပါသည်။

Ks 5,000

Ph: 09 965 559 860, 01 682 199, 685 083, 685 609



Shwe Ein Machinery | Perkins

CAREER OPPORTUNITIES
(FOR LOCAL SERVICES ONLY)

Shwe Ein Machinery Ltd. (Your Perkins Distributor), in Myanmar is seeking ambitious, competent and experienced professionals who look forward to long term career advancement, to join our expanding team.

1.Service Manager (Male) 1 Post
B.E (Mechanical)
Between 35 - 50 years of age. Minimum 10 years working experience in the Engines service, maintenance and Overhaul experience.
Must familiar with Perkins 4,000 series Diesel and Gas Engines.

Other Requirements
Must be a computer literate with an excellent command of verbal & written English.
Must have minimum three years' workshop management experience.
Must have a valid driving license.
Must be prepared to travel as required.
Must possess good interpersonal skills. Self-motivated, open - minded, proactive, helpful, confident, social, patient, energetic, and positive attitude.

Interested applicants are to send current C.V with a recent photo, all Educational Certificates, Labour Registration Card, Character Reference from Ward Administration Office and Police Station, Recommendations from previous Employers and any other relevant testimonials/ documents to the below address within 2 weeks of advertisement.

No. 113 , Mya Nandar Lane, Industrial Zone, Thaketa, Township,Yangon.
Tel : (95-1) 9410186, (95-9)45749505
Fax : (95-1) 9410187
E-mail : ayeayethin@sem.com.mm



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ခ/၇၅၅၅၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**



**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၇၊ မြေကွက်အမှတ်၆၅၆၊ မြေကွက်တည်နေရာအမှတ်၆၅၆၊ ပိတောက်ရွှေဝါလမ်း၊ ၄၇ရပ်ကွက်၊ ဒဂုံမြောက် (ဦးအေးဆိုင်မွန် ဂရ်/အာရ်ကျူအင်န်-၀၁၇၅၂၆) အမည်ပေါက်နှစ်၆၀ဂရန်မြေအား အမည်ပေါက်ဖြစ်သူ ဦးအေးဆိုင်မွန်သည် ၂၉-၁၀-၂၀၀၆ ရက်တွင် ကွယ်လွန်သဖြင့် အစ်မအရင်းဖြစ်သူ ဒေါ်အမာ (CB -၀၂၉၁၄၉)မှ ဦးအေးဆိုင်မွန်သည် လူပျိုကြီးဘဝဖြင့် ကွယ်လွန်ကြောင်း ပုဇွန်တောင်မြို့နယ်တရားရုံး၏ ၁၅-၂-၂၀၁၇ ရက်စွဲပါကတိသစ္စာပြုလွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ အမည်ပေါက် (မောင်)ဖြစ်သူ သေစာရင်း၊ ပုံစံ(၁၀)တို့တင်ပြ၍ ၎င်းထံမှ GP၁၄၁၈/၈-၂-၂၀၁၇ဖြင့်ရရှိသူ ဒေါ်စန်းစန်းအေး ၁၄/ပတန(နိုင်)၀၉၈၆၄၆မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် မတ် ၃၀**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးထစ်ချုန်းရွာနိုင်သည်။ **(မိုး/ဇလ)**

❐ *ကျောဖုံးမှ*

အကြိတ်အနယ်ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာအသင်းက တတိယပွဲငယ်တွင် (၂၅-၁၆) မှတ်၊ စတုတ္ထပွဲငယ်တွင် (၂၅-၂၂) မှတ်ဖြင့် အနိုင်ရခဲ့သည်။ အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)မှ မြန်မာနှင့် ဩစတြေးလျ၊ အုပ်စု (ခ)မှ တောင်ကိုရီးယားနှင့် အီရန်၊ အုပ်စု (ဂ) မှ ဂျပန်နှင့် ထိုင်း၊ အုပ်စု (ဃ)မှ တရုတ်နှင့် တရုတ် (တိုင်ပေ)အသင်းတို့ ကွာတားဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။ ယင်းအသင်းများသည် ကွာတားဖိုင်နယ်တွင် တွေ့ဆုံမည့်အသင်းများအတွက် ဒုတိယအဆင့် အုပ်စုပွဲစဉ်များ ကစားရမည်ဖြစ်ပြီး အုပ်စု (က)မှ အသင်းများမှာ အုပ်စု (ဂ) အသင်းများ၊ အုပ်စု (ခ)မှ အသင်းများမှာ အုပ်စု (ဃ)မှ အသင်းများနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မတ် ၃၁ ရက်တွင် ပြိုင်ပွဲများရပ်နားမည်ဖြစ်ပြီး ဒုတိယအဆင့် အုပ်စုပွဲများကို ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဧပြီ ၃ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဒုတိယအဆင့်ပွဲစဉ်များပြီးဆုံးမှသာ ထွက်ပေါ်လာမည်ဖြစ်သည်။

❁ *ကျောဖုံးမှ*

ယခုနှစ်မှာ စီးပွားဖြစ်ရေကစားမဏ္ဍပ်တွေ ဆောက်လုပ်ခွင့်ပြုသွားမှာ မဟုတ်ဘဲ မိသားစုရေကစားမဏ္ဍပ်တွေနဲ့ ကုမ္ပဏီစပွန်ဆာ ရေကစားမဏ္ဍပ်တွေကိုသာ လမ်းပန်းဆက်သွယ်ရေးလွယ်ကူစေမယ့် လမ်းတွေမှာသာ ခွင့်ပြုပေးသွားမှာဖြစ်တယ်လို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောခဲ့တာရှိပါတယ်။

စီးပွားဖြစ်သင်္ကြန်မဏ္ဍပ်တွေ ဆောက်လုပ်ခွင့်မပြုတာဟာ အစိုးရအနေနဲ့ ရေသုံးစွဲမှုပမာဏ၊ သင်္ကြန်တွင်းမှုခင်းဖြစ်ပွားမှုနှုန်းနဲ့ မြန်မာ့နှစ်သစ်ကူးအတာသင်္ကြန်ကို ခုတုံးလုပ်ပြီး စီးပွားရှာနေတာတွေကို ထိန်းချုပ်နိုင်ဖို့ စီမံတာဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်လို့ House.com.mm ရဲ့ Managing Director Nitesh Khirwal က ဆိုပါတယ်။

## Bicycle Network Myanmar နှစ်နှစ်ပြည့် ဖိတ်ခေါ် စက်ဘီးစီးပြိုင်

**ရန်ကုန် မတ် ၃၀**

Bicycle Network Myanmar နှစ်နှစ်ပြည့် ဖိတ်ခေါ်စက်ဘီးစီးပြိုင်ပွဲကို ဖျာပုံစက်ဘီးစီးအဖွဲ့နှင့် အား/ကာကော်မတီတို့က ကြီးမှူး၍ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဖျာပုံမှ ကြက်ဖမွှေးဇောင်းရွာအထိ အသွားအပြန် ၃၆ မိုင်ခရီးကို ပြိုင်ပွဲဝင်ဦးရေ ၉၃ ဦးက Mountain Bike ပြိုင်ပွဲကို အတန်းသုံးတန်းခွဲယှဉ်ပြိုင်ခဲ့ကြပြီး Bicycle Network Myanmar အဖွဲ့ဝင်အချို့က မတ် ၆ ရက်မှစ၍ ရန်ကုန်မြို့မှ ထိုင်းနိုင်ငံ ချင်းမိုင်မြို့အထိ စက်ဘီးစီးနင်းခဲ့ကြောင်း သိရသည်။

ထိုမှတစ်ဆင့် တာချီလိတ်၊ ကျိုင်းတုံ၊ ကွန်ဟိန်း၊ နမ့်ဆန်၊ တောင်ကြီး၊ ကလော၊ ပျော်ဘွယ်၊ ပျဉ်းမနား၊ ဖြူး၊ ပဲခူးမှ ရန်ကုန်သို့ မိုင်ပေါင်း ၁၅၀၀ ကျော်ကို စက်ဘီးစီးသမား ခြောက်ဦးက ၂၅ ရက်ကြာ စီးနင်းခဲ့ကြပြီး အဆိုပါ စက်ဘီးစီးအဖွဲ့သည် မတ် ၃၀ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ဝင်ရောက်လာရာ Bicycle Network Myanmar အဖွဲ့ဝင်များက ပဲခူးမြို့၌ သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။ ရန်ကုန်မှ ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ စက်ဘီးစီးသမား ၁၁ ဦး စီးနင်းခဲ့ကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

## မန္တလေး၌ကျင်းပသည့် မြန်မာ့ရိုးရာလက်ဝှေ့ စနစ်ဟောင်း အောင်လံဗိုလ်လုပွဲကျင်းပ



**မန္တလေး မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး မြန်မာ့ရိုးရာလက်ဝှေ့ဆပ်ကော်မတီက ကြီးမှူး၍ ကျားရဲစိုးလေး၊ ကျားရဲထွန်းထွန်း၊ မိုးလေးတို့ စီစဉ်ပြီး Power Mobile Centre က အဓိကကူညီပံ့ပိုးပေးထားသည့် မြန်မာ့ရိုးရာလက်ဝှေ့ စနစ်ဟောင်း အောင်လံဗိုလ်လုပွဲ၊ မျိုးဆက်သစ်ပြိုင်ပွဲနှင့် စနစ်သစ်စိန်ခေါ်ပွဲများ ပါဝင်သည့် မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲများကို မတ် ၂၉ ရက် ညနေ ၆ နာရီက မန္တလေး အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာအားကစားရုံ၌ စည်ကားစွာ ကျင်းပခဲ့သည်။

ရိုးရာလက်ဝှေ့စနစ်ဟောင်းပြိုင်ပွဲတွင် စနစ်ဟောင်း၏ စည်းကမ်းအရ ကြိုးဝိုင်းဒိုင်နှစ်ဦး ဆောင်ရွက်ထားရှိသည်ကို တွေ့ရသည်။ ပြိုင်ပွဲတွင် မျိုးဆက်သစ်စနစ်ဟောင်း ကိုးဆိုင်း၊ သုံးချီစိန်ခေါ်ပွဲစနစ်သစ် တစ်ဆိုင်းနှင့် မြန်မာ့ရိုးရာလက်ဝှေ့အောင်လံဗိုလ်လုပွဲ (စနစ်ဟောင်း)တွဲဆိုင်းလေးဆိုင်းပါဝင် ထိုးသတ်ကြသည်။

မျိုးဆက်သစ် စနစ်ဟောင်းပွဲများတွင် ချန်ပီယံ(ရဲမြတ်သွေး)နှင့် အောင်ချမ်းမြေ့(သရဖူ)၊ ကျော်စွာလင်း(ယူနိုက်တက်)နှင့် ဆိုးပေလေး(ကျားရဲ)၊ ရဲထက်အောင် (ရဲမြတ်သွေး)နှင့် အောက်ချင်းမောင် (တောင်ဇလပ်)၊ အင်းလေးသား(ရန္တမိတ်)နှင့် သားမြကန်သာ(မြကန်သာ)၊ ရဲမာန် (ရဲမြတ်သွေး)နှင့် နော်စန်း(မြစ်ကြီးနား)၊ စနေသား(သရဖူ)နှင့် ထွန်းကိုကို (မြွေပွေး)တို့ သရေပွဲရလဒ်ထွက်ပေါ်ခဲ့သည်။

သားဆိုးပေ(မြကန်သာ)က နဂါးလေး(ရဲမြတ်သွေး)ကို ဒုတိယအချီတွင်လည်းကောင်း၊ ကြွက်ကြီး(မြွေပွေး)က ကျွဲပေါက် (ဇေယျာကလပ်)ကို ဒုတိယအချီတွင်လည်းကောင်း၊ သက်အောင်(နိုင်းပါဝါ)က သဲမြွေပွေး(မြွေပွေး)ကို ဒုတိယအချီတွင်လည်းကောင်း အသီးသီး အနိုင်ရရှိခဲ့ကြသည်။

စနစ်သစ်သုံးချီစိန်ခေါ်ပွဲတွင် မိုက်ခဲမောင်(ဇေယျာကလပ်)က ဇော်နိုင်ထွေး(ရွှေလက်သီး)ကို ဒုတိယအချီတွင်လည်းကောင်း အနိုင်ရရှိသည်။

မြန်မာ့ရိုးရာလက်ဝှေ့ အောင်လံဗိုလ်လုပွဲ(စနစ်ဟောင်း) ပြိုင်ပွဲများတွင် သရေပွဲမရှိ အနိုင်အရှုံးပေါ်အောင် ကစားရသည်။ တိမ်ကြား(ယူနိုက်တက်)က ဟိန်းထက်အောင် (ရဲမြတ်သွေး)ကို ဒုတိယအချီတွင် လည်းကောင်း၊ မင်းထက်မိုက် (တောင်ဇလပ်)က ထွန်းထွန်းဦး(နိုင်းပါဝါ)ကို ဒုတိယအချီတွင်လည်းကောင်း၊ ဇလပ်သွေး (တောင်ဇလပ်)က နေသူရိန် (ရဲမြတ်သွေး)ကို ဒုတိယအချီတွင်လည်းကောင်း အနိုင်ရရှိခဲ့ကြသည်။ အနိုင်ရရှိသူများကို အထိမ်းအမှတ်အောင်လံဆုနှင့် ဒိုင်းဆု ပေးအပ်သည်။ အောက်ချင်းလေး (တောင်ဇလပ်)က သူရလိပ်(ရဲမြတ်သွေး)ကို တတိယအချီတွင်အနိုင်ရပြီး အောင်လံရရှိခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

JUNCTION CITY

ဂုဏ်ယူဝမ်းမြောက်ခြင်း

Shwe Taung Group Of Companies ၏ JUNCTION CITY

အား (31.03.2017) တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် အထူးပင်ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် ဆတက်ထမ်းပိုးတိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

KHIN MAUNG NYUNT TRADING CO., LTD.
KMN

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် DD/6429 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 3J/4819 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

**မွေးသက္ကရာဇ် အမှန်**

ပန်းတနော်မြို့၊ အနောက်ပိုင်း(၈)ရပ်ကွက်၊ တပင်ရွှေထီးလမ်းနေ ဦးလှမောင်၏သား ဦးမျိုးမြင့် ၁၄/ပတန(နိုင်)၀၂၆၄၉၀၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅-၇-၁၉၅၉ ဖြစ်ပါကြောင်း။

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်**

ရန်ကန်မြို့၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ဘုံးရာဇာလမ်း၊ အမှတ်(၄၉၃/ခ)ရှိ အလျား(၂၀)ပေxအနံ(၆၀)ပေရှိ ဒေါ်ငွေတင်၏ ပါမစ်မြေကွက်မှ ခေါင်းရင်းဖက်ရှိ အလျား (၁၀)ပေ x အနံ(၆၀)ပေ မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အား ယခုမြေပိုင်ရှင်ဒေါ်လှသိန်း (၁၂/ကမရ(နိုင်)၀၁၄၈၁၁) ထံမှဝယ်ယူနိုင်ရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်မည့်သူများရှိပါက ဤကြေညာသည့်ရက်မှ(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းများနှင့် ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း/အဝယ်ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း သိစေရန် ကြေညာအပ်ပါသည်။

ဦးကြည်စိုး၊ ၉/မရမ(နိုင်)၀၁၃၃၉၄ (Ph-09402553345)

**ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ**

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**

**ဒလမြို့နယ်တရားရုံး**

**၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၇ နှင့်ဆက်နွှယ်သည့် ၂၀၁၇ ခုနှစ် တရားမဇာရီမှုအမှတ်-၃**

ဦးကိုကိုနိုင် **တရားနိုင်** နှင့် ဒေါ်သန်းတင် **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့၊ ကမာကဆစ်ရပ်ကွက်၊ အမှတ် ၂၆၃/ခ၊ မင်းရဲကျော်စွာလမ်းတွင် နေထိုင်သူ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၆ ခုနှစ် တရားမကြီးမှုအမှတ်-၇၇တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးကိုကိုနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုစေရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ(သို့မဟုတ်)အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၁၀ ရက် (၁၃၇၈ ခုနှစ် တန်ခူးလဆန်း ၁၄ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၁၇ ခုနှစ် မတ် ၂၁ ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ထင်ကျော်)**
**မြို့နယ်တရားသူကြီး**
**ဒလမြို့နယ်တရားရုံး**

**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် 6K/5153၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်**

ဧရာဝတီတိုင်းဒေသကြီး ၊ ငွေဆောင်မြို့နယ် ၊ အမှတ် (၄) ရပ်ကွက် ၊ ဘူးကွဲကြီးကျေးရွာ ရှိ ကွင်းအမှတ် (၁၉၈၄-ကွင်း) ၊ ကွင်းအမည် (ဘူးကွဲကြီး) ၊ ဦးပိုင်အမှတ် (N/ ၂၀) ၊ မြေကွက်အမှတ် (၈၆) ၊ မြေအကျယ်အဝန်း ဧရိယာ (၂.၂၇) ဧကရှိ ဥယျာဉ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ယခုလက်ရှိ အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်မြတ်သီတာဝင်း (၉/မထလ (နိုင်) ၁၅၅၈၈၈) မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ယဉ်ယဉ်ကြည်** (LL:B) ၊ (စဉ်-၁၁၄၀၆)
**တရားလွှတ်တော်ရှေ့နေ**
အမှတ် (၈၆၅) ၊ သရေခေတ္တရာ (၂၂) လမ်း ၊ (၅) ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉-၅၃၁၁၄၆၅၄

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက်အမှတ် (၉၁၈၏-Portion)၊ မြေကွက်တည်နေရာ အမှတ် ၉၁(က)၊ ငမိုးရိပ် (၉) လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ဒေါ်ပါပီ ၁၂/လမန(နိုင်)၀၆၇၂၉၅၊ ဦးချစ်ခင် ၁၂/ဥကတ(နိုင်)၀၃၅၈၅၃ အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား ဒေါ်ဥမ္မာသန်းမှ တရားလိုပြု၍ ဦးလောင်စစ်ခင်(ခ)ဦးချစ်ခင်အား(တရားပြိုင်)ထားကာ စွဲဆိုခဲ့သော သဃ်န်းကျွန်းမြို့နယ် တရားရုံး၊ တရားမကြီးမှုအမှတ် ၉၃/၁၄ (၄-၁၂-၁၅)၏ စီရင်ချက်၊ တရားမဇာရီ မှုအမှတ် ၂/၁၆ (၂၈-၁-၁၆)၏ အမိန့်နှင့် ၂၅-၂-၁၆ရက်စွဲပါ ဘိလစ်ခန့်စာဂရန် မူရင်းတင်ပြ၍ ဦးထွန်းထွန်းအောင် (ဘိလစ်)၉/မလန(နိုင်)၀၉၅၇၆၈ က တရားရုံးကိုယ်စား အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ၂၀၁၇ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

*ယမန်နေ့မှအဆက်*

၃၃။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက်တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၃) နှင့် (၁၄)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ဇယား (၁၃)နှင့် (၁၄) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကိုအမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

### အပိုင်း ၇
### နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၅။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

၃၆။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၅)နှင့် (၁၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့်သုံးငွေတို့ကိုစီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၇။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ဇယား (၁၅) နှင့် (၁၆) တို့တွင် ဖော်ပြထားသောငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၃၈။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

### အပိုင်း ၈
### မြန်မာနိုင်ငံတော်ဗဟိုဘဏ်

၃၉။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရမည်။

(ခ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၄၀။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၇) နှင့် (၁၈) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါတာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၄၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဇယား (၁၇) နှင့် (၁၈) တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို လုပ်ငန်းအရ လိုအပ်လျှင် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၇-၂၀၁၈ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အသားတင်အမြတ်ငွေ၏ လေးဆယ်ရာခိုင်နှုန်းနှင့် ညီမျှသော ငွေပမာဏကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းသို့ ပေးသွင်းပြီး၊ အသားတင်အမြတ်ငွေမှ ကျန်ရှိငွေကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုင်ဆောင်ထားသော အစိုးရငွေချေးသက်သေခံလက်မှတ်များကို ရွေးယူရန် အသုံးပြုပြီးနောက် ကျန်ရှိသော အသားတင်အမြတ်လက်ကျန်ငွေကို နိုင်ငံတော်သို့ထည့်ဝင်ရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(ဂ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံး၍ အရှုံးပေါ်ပေါက်ပါက အဆိုပါအရှုံးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ အထွေထွေသီးသန့်ငွေစာရင်းမှ ခုနှိမ်ရမည်။

(ဃ) မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လိုအပ်ပါက ပြည်ထောင်စုလွှတ်တော်၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ ချေးငွေထုတ်ချေးနိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊အမျိုးသားလွှတ်တော်၊ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊
ပြည်ထောင်စုရှေ့နေချုပ်၊ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ - အခွန်အကောက် | နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ထောက်ပံ့ငွေရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ကြွေးမြီ - ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ | စုဆောင်းငွေမှရငွေ | စုစုပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ |
| ၁ | နိုင်ငံတော်သမ္မတ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | | | | | | | | | | |
| ၂ | ပြည်ထောင်စုအစိုးရအဖွဲ့ | နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ | | | ၉၉.၀၆၀ | | | | | | | | | ၉၉.၀၆၀ |
| ၃ | ပြည်ထောင်စုလွှတ်တော် | ပြည်ထောင်စုလွှတ်တော်နာယကသို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယက ကတာဝန်ပေးသူ | | | ၁၇.၄၀၀ | | | | ၆၆၃.၆၀၀ | | ၉၉၅.၄၀၀ | | | ၁,၆၇၆.၄၀၀ |
| ၄ | ပြည်သူ့လွှတ်တော် | ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၂၀၀ | | | | | | | | | ၀.၂၀၀ |
| ၅ | အမျိုးသားလွှတ်တော် | အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၀.၄၀၀ | | | | | | | | | ၀.၄၀၀ |
| ၆ | ပြည်ထောင်စုတရားလွှတ်တော်ချုပ် | ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၉၀.၀၅၀ | | | | | | | | | ၉၀.၀၅၀ |
| ၇ | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံး | နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌသို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၀.၀၅၀ | | | | | | | | | ၀.၀၅၀ |
| ၈ | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် | ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌကတာဝန်ပေးသူ | | | ၁.၂၀၀ | | | | | | | | | ၁.၂၀၀ |
| ၉ | ပြည်ထောင်စုရှေ့နေချုပ် | ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်က တာဝန်ပေးသူ | | | ၃၈.၆၀၀ | | | | | | | | | ၃၈.၆၀၀ |
| ၁၀ | ပြည်ထောင်စုစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်ကတာဝန်ပေးသူ | | | ၁၅၄.၃၄၀ | | | | ၈၃၇.၁၈၀ | | ၁,၂၅၅.၇၇၀ | | | ၂,၂၄၇.၂၉၀ |
| ၁၁ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ | ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက တာဝန်ပေးသူ | | | ၄၂.၆၇၀ | | | | | | | | | ၄၂.၆၇၀ |
| | ပေါင်း | | | | ၄၄၃.၉၇၀ | | | | ၁,၅၀၀.၇၈၀ | | ၂,၂၅၁.၁၇၀ | | | ၄,၁၉၅.၉၂၀ |

(ဆက်လက်ဖော်ပြပါမည်)

ဥပဒေအတွေး ရေးပါရစေ၊ အပိုင်း(၆၂)

# ပြန်တမ်းနှင့် ဥပဒေ



ဦးဟန်ညွန့်(ဥပဒေ)

**ဆက်နွှယ်ပုံ**

"ပြန်တမ်းနှင့်ဥပဒေမည်သို့ ဆက်နွှယ်ပါသလဲ။ ဥပဒေပြဋ္ဌာန်းချက်များ မည်သည့်နေရာတွင် ရှာဖွေရမည်လဲ။ မြန်မာနိုင်ငံ၏ ပြန်တမ်းအဆင့်ဆင့် ထုတ်ပြန်ပုံများ မည်သို့ရှိပါသလဲ။ ဥပဒေလေ့လာသူ လူငယ်များအနေနှင့် ဘာကြောင့် ပြန်တမ်းကို ဖတ်ရှုလေ့လာသင့်ပါသလဲ" ဟု လူငယ်ရှေ့နေတစ်ဦးကမေးသည်။ စာရေးသူ လက်လှမ်းမီသမျှ ဖြေဆိုတင်ပြပါရစေ။

**ပြန်တမ်းဆိုသောစကားရပ်**

"ပြန်တမ်းဆိုသော စကားရပ်သည် မြန်မာနိုင်ငံ ပြန်တမ်းကို ဆိုသည်"ဟု ၁၉၇၃ ခုနှစ် စကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေပုဒ်မ ၅ (က)(၉)တွင် အနက်အဓိပ္ပာယ် ဖွင့်ဆိုပါသည်။

**မှန်ကန်သည်ဟုမှတ်ယူရမည်**

မြန်မာနိုင်ငံပြန်တမ်းပါ ဖော်ပြချက်များသည် မှန်ကန်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း သက်သေခံ အက်ဥပဒေပုဒ်မ ၈၁ တွင် ပြဋ္ဌာန်းထားပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံပြန်တမ်းပါ ဖော်ပြချက်များ၊ ဥပဒေရေးရာ အချက်အလက်များသည် မှန်ကန်ကြောင်း ဥပဒေအရ အတည်ယူနိုင်ကြမည် ဖြစ်ပေသည်။ လန်ဒန်ဂေဇက် သို့မဟုတ် ဗြိတိသျှအစိုးရ၏ ကိုလိုနီနိုင်ငံ၊ လက်အောက်ခံနိုင်ငံသို့မဟုတ် ပိုင်ဆိုင်သောနိုင်ငံ၏ အစိုးရပြန်တမ်း၊ သို့တည်းမဟုတ် သတင်းစာ သို့မဟုတ် ဂျာနယ်၊ သို့တည်းမဟုတ် ဂရိတ်ဗြိတိန်နှင့် အိုင်ယာလန်တို့ပါဝင်သော ယူနိုက်တက်ကင်းဒင်းနိုင်ငံ ပါလီမန်၏ အက်ဥပဒေကို အစိုးရပုံနှိပ်တိုက်အုပ်က ပုံနှိပ်ထားသည်ဆိုသော မိတ္တူနှင့် ဥပဒေတစ်ရပ်ရပ်၏ ညွှန်ကြားချက်အရ လူတစ်ဦးတစ်ယောက်က ထိန်းသိမ်းထားရသော စာတမ်းအမှတ်အသားဖြစ်၍ ဥပဒေကလိုအပ်သည့်အတိုင်း နေရာတကျ ထိန်းသိမ်းထားရာမှ တင်ပြခြင်း ဖြစ်သည်။ စာတမ်းအမှတ်

**ဥပဒေတစ်ရပ်ကို ဥပဒေဖြင့် ရုပ်သိမ်းကြောင်း ဥပဒေလေ့လာသူတိုင်း သိရှိနားလည်ကြပါသည်။ သို့ရာတွင် ဥပဒေကို ဥပဒေဖြင့် မရုပ်သိမ်းဘဲ အမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းတတ်ကြပုံကိုလည်း သိမြင်နိုင်**

အသားအတိုင်း မှန်ကန်သည်ဟု တရားရုံးက မှတ်ယူရမည်ဖြစ်ပေသည်။

**ဥပဒေကိုဥပဒေဖြင့်ရုပ်သိမ်းခြင်း**

ဥပဒေတစ်ရပ်ကို ဥပဒေဖြင့် ရုပ်သိမ်းကြောင်း ဥပဒေလေ့လာသူတိုင်း သိရှိနားလည်ကြပါသည်။ သို့ရာတွင် ဥပဒေကို ဥပဒေဖြင့် မရုပ်သိမ်းဘဲ အမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းတတ်ကြပုံကိုလည်း သိမြင်နိုင်ပါမည်။

**အမိန့်ကြော်ငြာစာဖြင့်ရုပ်သိမ်းခြင်း**

ဥပဒေကို အမိန့်ကြော်ငြာစာဖြင့် ရုပ်သိမ်းသည်များရှိပါသည်။ အချို့ ဥပဒေများထဲတွင် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဥပဒေအာဏာတည်ခြင်းမှ ရပ်စဲရမည်ဟု ဖော်ပြသောနေ့တွင် ရပ်စဲရခြင်းမျိုးရှိပါသည်။

**ဥပမာအားဖြင့်**

The Union Judiciary (Temporary Amendment) Act 1955 ပုဒ်မ ၁(၂)တွင် " It shall remain in force until such date as the president of the Union may,by notification, direct that it shall case to be in force"ဟူ၍ ပြဋ္ဌာန်းထားသောကြောင့် ယင်းအက်ဥပဒေကို တရားရေးဝန်ကြီးဌာန၏ ၁၀-၈-၅၉ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၃၅၉ဖြင့် အာဏာတည်ခြင်းမှ ရုပ်စဲခဲ့ပါသည်။ ဤဥပဒေမျိုးကို [အာဏာတည်ခြင်းမှရုပ်စဲပြီး၊ မပြီးစသည့် ဖော်ပြချက်မျိုး] နိုင်ငံတော်ပြန်တမ်းများတွင်သာ ဖော်ပြလေ့ရှိပါသည်။ သို့ပါ၍ ပြန်တမ်းသည် ဥပဒေလေ့လာသူများအတွက် အသက်ပမာ အရေးကြီးပါသည်ဟု ဆိုချင်ပါသည်။

**၁၈၈၄ခုနှစ်မြူနီစီပယ်အက်ဥပဒေ**

နှစ်ပေါင်း ၁၃၃ခန့်ရှိပြီဖြစ်သော ၁၈၈၄ခုနှစ် မြူနီစီပယ် အက်ဥပဒေကို British Burma Gazette, October 1884 တွင် ဖော်ပြထားကြောင်း လေ့လာဖတ်ရှုရပါသည်။ အလွန်ရှားပါးနေသော ပြန်တမ်းဂေဇက်တစ်စောင် ဖြစ်ပါသည်။ ထိုခေတ် ထိုအခါက ၁၈၈၄ခုနှစ် မြူနီစီပယ်အက်ဥပဒေသည် ၁၈၈၅ခုနှစ် ဇန်နဝါရီလ ၁ရက်နေ့တွင်မှ အာဏာတည်ခဲ့ကြောင်း၊ မြူနီစီပယ်ကော်မတီကို ၂၅ဦးဖြင့် ဖွဲ့စည်းခွင့်ရှိစေခဲ့ကြောင်း မှတ်သားရပါသည်။ (၁၈၇၄ခုနှစ် ဩဂုတ်လ ၂၂ရက်၊ စနေနေ့ ရက်စွဲပါ အမှတ် ၃၃၊ ၁၈၇၄) Supplement to the British Burma Gazette ၏ မိတ္တူကို ရှားပါးပြန်တမ်းတစ်စောင်အဖြစ် မိတ္တူကူး၍ တင်ပြအပ်ပါသည်။(ပုံ-၁)

**မြန်မာနိုင်ငံပြန်တမ်း**

မြန်မာနိုင်ငံပြန်တမ်း အစောင်စောင် ရိုက်နှိပ်ခဲ့ပြီးဖြစ်သော်လည်း ၁၉၆၆ ခုနှစ် ဧပြီလ ၂၃ ရက် (စနေနေ့)ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည်။ မြန်မာနိုင်ငံပြန်တမ်း မိတ္တူကို၊ ဗဟုသုတအဖြစ်မိတ္တူကူး၍ လက်ဆင့်ကမ်းတင်ပြအပ်ပါသည်။ ပုံ(၂) မာတိကာအားဖြင့်

အပိုင်း၁။ ပြည်ထောင်စု မြန်မာနိုင်ငံတော်လုန်ရေးအစိုးရထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများ၊ အပိုင်း၁-က၊ ပြည်နယ်ဦးစီး အဖွဲ့များထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများ၊

အပိုင်း ၂၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဘဏ်၊ နိုင်ငံတော်စိုက်ပျိုးရေးဘဏ်၊ နိုင်ငံတော်ကူးသန်းရောင်းဝယ်ရေးဘဏ်၊ မီးရထားအုပ်ချုပ်ရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်စာရင်းစစ်ချုပ်တို့ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာများ၊

အပိုင်း-၃၊ ပြန်တမ်းဝင် မဟုတ်သည့် အရာရှိများနှင့်ပတ်သက်၍ ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာများ၊ ထို့ပြင် နိုင်ငံတော်တရားရုံးချုပ်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်လှန်ရေးအစိုးရ၊ ဌာနဆိုင်ရာ အကြီးအမှူးစသည်တို့က ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာများ၊ အပိုင်း-၃(က)၊ ပြန်တမ်းဝင်မဟုတ်သည့် အရာရှိများနှင့်ပတ်သက်၍ ပြည်နယ်ဦးစီးအဖွဲ့များ ထုတ်ပြန်သည့် အမိန့် ကြော်ငြာစာများနှင့် ပြည်နယ်ဦးစီးအဖွဲ့များ၏ ဌာနဆိုင်ရာ အကြီးအမှူးတို့က ထုတ်ပြန်သည့်အမိန့်ကြော်ငြာစာများ၊ အပိုင်း-၄၊ ကြော်ငြာစာများ၊ နောက်ဆက်တွဲ၊ အပိုနောက်ဆက်တွဲများ ဖော်ပြပါရှိသည်။

**အထူးအမိန့်ပြန်တမ်း**

မြန်မာနိုင်ငံ အထူးအမိန့်ပြန်တမ်း (The Burma Gazette Extraordinary)ကိုလည်း လိုအပ်သည့်အခါ ထုတ်ပြန်သည်။ ဥပမာ၊ တော်လှန်ရေးအစိုးရ စက်မှုလက်မှုဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁၁၅/၁၉၆၈ ကဲ့သို့ ထုတ်ပြန်ချက်ပါရှိသော ပြန်တမ်းဖြစ်ပါသည်။(ပုံ-၃)

**နိုင်ငံတော်တံဆိပ်**

ထုတ်ပြန်ခဲ့ဖူးသော ပြန်တမ်းအသီးသီးတွင် ပြန်တမ်းထိပ်စီး၌ နိုင်ငံတော်တံဆိပ်ကို ထင်ထင်ရှားရှား ဖော်ပြရိုက်နှိပ်လေ့ရှိပါသည်။

**ယနေ့ပြန်တမ်းများ**

ခေတ်အဆက်ဆက်ပြန်တမ်းများ ဆက်လက်ရိုက်နှိပ်ဖြန့်ချိထုတ်ဝေခဲ့ပါသည်။ ယနေ့ချိန်ခါတွင် မြန်မာနိုင်ငံတော်ပြန်တမ်းကို အပိုင်း(၁)၊ အပိုင်း(၂)စသည်ဖြင့် နိုင်ငံတော်အဆင့်၊ ဝန်ကြီးဌာနအဆင့် စသည်များ သတ်မှတ်ပိုင်းခြားထုတ်ပြန်လျက်၊ ထုတ်ပြန်ဆဲဖြစ်ပါသည်။ ဥပဒေ၊ နည်းဥပဒေ၊ အမိန့်ကြော်ငြာစာများ၊ ပြည်ထောင်စုလွှတ်တော်ဥပဒေကြမ်းများ၊ အများပြည်သူသိသင့်သိထိုက်သည်များ ဖော်ပြပါရှိပါသည်။

**ဥပဒေသုတေသီများ**

ဥပဒေသုတေသီများ အထူးအားထား လေ့လာအပ်သော မြန်မာနိုင်ငံတော်ပြန်တမ်းများ ဖြစ်ပါပေသည်။ အချိန်ကာလစောစီးစွာ ဖြန့်ဝေနိုင်ခြင်း၊ ပြန်တမ်းတွင် ဖော်ပြထုတ်ပြန်မှသာ ဥပဒေနှင့်ညီညွတ်မည်ဖြစ်သော ပြဋ္ဌာန်းချက်များအား အထူးဂရုပြုအလေးပေးဖော်ပြသင့်ခြင်း၊ ပျက်ကွက်မှုမရှိ စေသင့်ခြင်း၊ ရုံးဌာနများသာမက အများပြည်သူ အလွယ်တကူသိရှိလေ့လာဖတ်ရှုနိုင်ရေး စီစဉ်ပေးသင့်ခြင်း၊ ဥပဒေအဖွဲ့အစည်းများက ပို၍လေ့လာ၊ ဂရုပြု၊ ပြင်ဆင်ပယ်ဖျက်၊ ရုပ်သိမ်းစသည့် အလေ့အကျင့်များ ပွားများအပ်ခြင်း၊ ဥပဒေကျောင်းသူ ကျောင်းသားများ၊ လူငယ်ရှေ့နေများ၏ ဝန်းကျင်တွင် ပြန်တမ်းနှင့်ဥပဒေ၊ ဥပဒေနှင့်ပြန်တမ်း၊ ဉာဏ်စမ်းသုတေသန ဂရုဓမ္မများ ပျိုးထောင် လေ့ကျင့်သင့်ခြင်း၊ ဥပဒေအထောက်အကူပြု အဖွဲ့အစည်းများကလည်း ဥပဒေပညာပြန့်ပွားရေး၊ ဥပဒေဗဟုသုတ ဖလှယ်ရေးများအတွက် နိုင်ငံတော်ပြန်တမ်းများ၊ ဥပဒေစာအုပ်စာတမ်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေထိုက်ခြင်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများ အဆင့်ဆင့်က မိမိမဲဆန္ဒနယ်အရောက် ဥပဒေပညာ ဗဟုသုတဖလှယ်ကြသည့် ကြိုဆိုအပ်သော လုပ်ငန်းစဉ်များ ပွားများနိုင်ကြပါသည်။ ပုံနှိပ်ထုတ်ဝေသူများ အပိုင်းကလည်း နိုင်ငံတော်ပြန်တမ်းများ လူထုအတွင်း ပြန့်ပွားရေး၊ ဥပဒေဗဟုသုတ ပြည့်စုံရေးအတွက် အလေးပေး ဆောင်ရွက်ကြမည် ယုံကြည်မျှော်လင့်သည်။




ပုံ-၁




ပုံ-၂




ပုံ-၃

**စေတနာ**

(၁) အမျိုးသားစာကြည့်တိုက်အပါအဝင် ပြန်တမ်းများ စုစည်းစုံလင်သော စာကြည့်တိုက်များ၏ ကျေးဇူးကြောင့် ဤသို့ရေးနိုင်ခြင်းသာပါ။

(၂) သန်လျင်မြို့ မင်းရဲကျော်စွာလမ်း အမှတ် ဘီ ၃၅ (၂) နေအိမ်တွင် ရှားပါးသော ပြန်တမ်းမိတ္တူများ၊ အဘိဓာန်များ၊ ဥပဒေစာအုပ်များကို မိသားစုစာကြည့်တိုက် ဖွင့်ထားပြီး ဥပဒေဗဟုသုတဝေငှဖြန့်ဝေပေးသော- ဦးဝင်းမောင် (စည်ပင်၊ ဥပဒေအကြံပေး)၏ ဥပဒေပညာ ပြန့်ပွားရေးစေတနာကြောင့်လည်း ဤသို့ လက်ဆင့်ကမ်းနိုင်ခြင်းဖြစ်ပါကြောင်း တွေးမိသည့် ကျွန်တော်၏ ဥပဒေအတွေးမျှသာပါ ...။

## ပူတာအိုခရိုင်၌ တပ်မတော်နယ်လှည့်ပါရဂူဆေးကုသမှုအဖွဲ့ ကွင်းဆင်းကုသ



**ပူတာအို မတ် ၃၀**

ကချင်ပြည်နယ် ပူတာအိုခရိုင်၌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အမှတ်(၂)တပ်မတော်ဆေးရုံ ခုတင် ၂၅ ဆံ့ တပ်မတော်နယ်လှည့်ဆေးကုသမှုအဖွဲ့သည် ကျေးလက်နေပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်နိုင်ရန် မတ် ၂၈ရက်က ပူတာအိုမြို့နယ် ဇီးအွန်ကျေးရွာအုပ်စု ဇီးအွန်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခွဲ ခါကာဘိုခန်းမ၌ နယ်လှည့်ကွင်းဆင်း ဆေးဝါးကုသမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ ဆေးဝါးကုသရာတွင် စာရင်းသွင်းရန်နေရာ၊ ဆေးထုတ်ယူရန်နေရာ၊ ဆေးထိုးရန်နေရာ၊ သွေးစစ်ရန်နေရာ၊ ခွဲစိတ်ပါရဂူ၊ ဆေးဝါးကုသမှုပါရဂူ၊ မျက်စိပါရဂူ၊ သွားပါရဂူများဖြင့် ကျေးလက်နေ ပြည်သူများအား ကျန်းမာရေး စစ်ဆေး ပေးခြင်း၊ ဆေးဝါးကုသပေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ပူတာအိုအခြေချ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ထိန်ဝင်းနှင့် တာဝန်ရှိသူများက ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ ဆေးဝါးကုသခံယူနေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စဉ့်ကိုင်မြို့နယ်၌ ယခုနှစ် သရက်သီးအထွက်နှုန်းကျဆင်းမည်

**စဉ့်ကိုင် မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်တွင် ယမန်နှစ်က အယ်နီညိုဖြစ်စဉ်ကြောင့် ရာသီဥတုဖောက်ပြန်ပြီး အပူချိန်ပြင်းထန်ခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်း၊ ကြီးမားသော မိုးသီးများကြွေကျခြင်းတို့ကြောင့် သီးနှံစိုက်ခင်းများအပါအဝင် သရက်ပင်နှင့်အခြားနှစ်ရှည်သီးနှံပင်ကြီးများပါ ကျိုးပဲ့ပျက်စီးဆုံးရှုံးခဲ့ရသည်။

အကျိုးဆက်အနေဖြင့် မိုးသီးဒဏ်ကြောင့် ယမန်နှစ်က သရက်ပင်ကြီးများ အရိုးပြိုင်းပြိုင်းကျအောင် ပျက်စီးခဲ့ရသဖြင့် ယခုနှစ်တွင် အပွင့်မပွင့်၊ အသီးမသီးနိုင်ဘဲ ရွက်နုများသာ ထွက်နေကြကြောင်း၊ ယခုနှစ်တွင် သရက်ပင်များကောင်းစွာမပွင့်နိုင်သောကြောင့် ယခင်နှစ်ကထက် အထွက်နှုန်းလျော့နည်းသွားနိုင်ကြောင်း သရက်ခြံပိုင်ရှင်တစ်ဦးက ရှင်းလင်းပြောပြသည်။

"မနှစ်က ဒီလိုချိန်ဆိုရင် သရက်သီးဖာ ငါးထောင်စာလောက် ဝယ်ပြီးပြီ၊ အခု စဉ့်ကိုင်၊ ကျောက်ဆည်၊ ကံမြင့်မိုရ်၊ သံရွာ၊ ကူမဲနယ်တွေမှာ ဘယ်ခြံတွေမှ အသီးမတင်ဘူး။ မနှစ်က ကျွန်တော် သရက်ခြံကြီး ၁၂ ခြံလောက်အသီးဝယ်နိုင်တယ်။ ဒီနှစ် သရက်သီး ဖာ ၁၀၀၀ ပြည့်အောင်ခြံကြီး လေးခြံကို မနည်းရှာဝယ်ထားရတယ်"ဟု ၎င်းက ဆက်လက် ပြောသည်။

(၁၆၀)

သစ်ပင်စိုက်မှ အရိပ်ရ၏။
ရိပ်ခိုနားနေ အပန်းဖြေ၏။

# သဘာဝဘေးအန္တရာယ်လျော့ပါးရေးနှင့် ကာကွယ်ရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**ပဲခူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ် လျော့ပါးရေး၊ ကာကွယ်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၂၈ ရက်က တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဇော်နိုင်က ရေကြီးရေလျှံဖြစ်ပွားသည့် မြို့နယ်များတွင် ရေတားတာများ ဆက်လက် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးက ကဝမြို့နယ်တွင် မြေအောက်ပေ ၁၀၀၀ ကျော်အထိ ရေချိုထွက်ရှိလာမည့် အဝီစိစက်ရေတွင်းတူးဖော်ရန်စက်ယန္တရားများ ရောက်ရှိနေပြီဖြစ်၍ သက်ဆိုင်ရာဌာနများက ပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန် ပြောကြားခဲ့သည်။



ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးဦးတိုးဝင်းက ပဲခူးမြို့တွင်း အရေးပေါ် မီးသတ်ယာဉ်များ အဆင့်သင့်ထားရှိရန်နှင့် မြို့တွင်းမီးသတ်ရေဂုတ်များဆောင်ရွက်ထားမှုအခြေအနေ၊ ကမ်းပါးပြိုကျမှုများအား သက်ဆိုင်ရာဌာနဆိုင်ရာများမှ အချိန်နှင့်တစ်ပြေးညီ သိရှိကွင်းဆင်းစိစစ်ရန်နှင့် ရေရှည်၊ ရေတိုလုပ်ငန်းဆောင်ရွက်မည့် အစီအမံများအား တင်ပြပေးရန်ပြောကြားခဲ့သည်။

ထို့အပြင်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ သောက်သုံးရေပြတ်လပ်နေသော ကျေးရွာ ၁၃ ရွာများသို့ သောက်သုံးရေများဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သူရိန်ထွန်း(ပဲခူး)**

# ဧရာဝတီမြစ်အတွင်းဆင်ကျွန်းရေလမ်း ရေလမ်းကြောင်းပြောင်းလဲခြင်းလုပ်ငန်းများဆောင်ရွက်မည့်နေရာအားစစ်ဆေး

**မတ္တရာ မတ် ၃၀**

ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် နှစ်စဉ်မြစ်ကမ်းပါးများပြိုကျပြီး လူနေအိမ်များ၊ စာသင်ကျောင်းများမကြာခဏ ရွှေ့ပြောင်းနေရသည့် ဆင်ကျွန်းကျေးရွာသည် ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဧရာဝတီမြစ်ဘေးတည်ရှိပြီး နှစ်စဉ်မြစ်ကမ်းပါးများပြိုကျမှုကြောင့် နေအိမ်များပြောင်းရွှေ့နေထိုင်ရန် မြေအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။

ဧရာဝတီမြစ်ရေ၏ ရေဦးတိုက်စားသဖြင့် မန္တလေးတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရေးပေါ်ကာကွယ်ရေး ဆောင်ရွက်ပေးခဲ့သော်လည်း ကမ်းပါးများမပြိုအောင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသည့်အတွက် လူနေအိမ်များထပ်မံပြောင်းရွှေ့ခဲ့ရကြောင်း သိရသည်။

ယင်းကဲ့သို့ကမ်းပါးများ ပြိုကျမှုမှ ကာကွယ်နိုင်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေမှ ငွေကျပ် ၇၂၅ သန်းချထားပေးခဲ့ကြောင်းသိရသည်။

ထိုသို့ ပြည်ထောင်စုလွှတ်တော် ရန်ပုံငွေချထားပေးခဲ့မှုကြောင့် ရေလမ်းကြောင်းပြောင်းလဲခြင်းလုပ်ငန်းများ ဆောင်ရွက်မည့် ဆင်ကျွန်းကျေးရွာသို့ မတ္တရာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းလွင်နှင့် တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတိုးအောင်လင်းနှင့် အဖွဲ့က သောင်တူးစက်ဖြင့် သဲသောင်တူးဖော်ဆောင်ရွက်မည့်နေရာကို သွားရောက်စစ်ဆေးပြီး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရွာသူရွာသားများနှင့် တွေ့ဆုံကာကမ်းပါးပြိုကျမှုကာကွယ်ရေးအတွက် သောင်ထွန်းနေသည့် သဲသောင်ကိုသောင်တူးစက်ဖြင့် တူးဖော်၍ ရေလမ်းကြောင်းပြောင်းခြင်း လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ကြောင်း၊ ယခုချထားပေးသည့် ရန်ပုံငွေမှာသောင်တူးခြင်းလုပ်ငန်းသာ ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ရေလွှဲတန်းများ ဆောင်ရွက်နိုင်ခြင်း မရှိသေးသည့်အတွက် ကမ်းပြိုမှုအား အလုံးစုံကာကွယ်နိုင်မည် မဟုတ်ကြောင်း၊ ကျေးရွာမှ ကမ်းပြိုကာကွယ်တောများစိုက်ပျိုးပြီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သင့်ကြောင်းဖြင့် ပညာပေးဆွေးနွေးခဲ့သည်။



အဆိုပါ သောင်တူးခြင်းလုပ်ငန်းအား မေလအတွင်း သောင်တူးစက်ဖြင့် စတင်ဆောင်ရွက်နိုင်ရန် စီစဉ်လျက်ရှိကြောင်းနှင့် သဲသောင်တူးဖော်ပြီးရေလမ်းကြောင်းပြောင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါကဆင်ကျွန်း၊ နန်းတော်ကျွန်း၊ ရွာသာအေး၊ သပြေသာ၊ ဥဒေါင်းနှင့် စွန်းလွန်းကျေးရွာများမှာ ရေတိုက်စားမှုမှ ကာကွယ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ကျေးလက်လုပ်ငန်းများစစ်ဆေး

**တောင်ကုတ် မတ် ၃၀**

တောင်ကုတ်မြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ယူ တည်ဆောက်ခဲ့သည့် နတ်မော်တံတားကြံ့ခိုင်မှု အခြေအနေများနှင့် လဝန်းရတနာအောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ရွာမ-ပန်းတန်လမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးသည် တာဝန်ရှိသူများနှင့်အတူ မတ် ၂၇ ရက်ကသွားရောက် ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းများအချိန်မီပြီးစီးနိုင်ရေးနှင့် အရည်အသွေးပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

# တရားမဝင် သစ်ခွဲစက်နှင့် ကျွန်းသစ်များဖမ်းဆီးရမိ

**ရွှေကူ မတ် ၃၀**

ရွှေကူဒုတိယရဲမှူး မြင့်ဆွေဦးစီးပြီး ရဲအုပ်အောင်လင်းနှင့် အဖွဲ့သည် သတင်းအရ စီမူကြီးကျေးရွာ ရွှေကူမြို့နယ်နေသူ ကျော်မောင် (၅၆ နှစ်)၏ နေအိမ်ခြံဝင်းအတွင်း ဝင်ရောက်ရှာဖွေရာ တရားမဝင်သစ်ခွဲစက်အဖြစ် အသုံးပြုသည့် သစ်စက်၊ သစ်စက်သုံးတွန်းလှည်းနှင့် ဆက်စပ်ပစ္စည်းများကို မတ် ၂၇ ရက်က ဖမ်းဆီးရမိခဲ့သည်။

ထို့အပြင် ကျွန်းသစ်ခွဲသားဆိုက်စုံ အချောင်း ၂၃၄ ချောင်း ၁ ဒသမ ၀၂၄၄ တန်၊ ကျွန်းသစ်လုံး သုံးလုံး ၀ ဒသမ ၅၀၂ တန်တို့အား တွေ့ရှိသိမ်းဆည်းမိခဲ့ပြီး တရားမဝင်ကျွန်းသစ်ခွဲစက်၊ ကျွန်းသစ်များနှင့်အတူ တွေ့ရှိရသူ ကျော်မောင်အား ရွှေကူမြို့မရဲစခန်းက အရေးယူဆောင်ရွက် သွားမည်ဖြစ်ကြောင်း သိရသည်။

**လဘန်အောင်(ကချင်မြေ)**



# ကယ်ဆယ်ရေးပစ္စည်းများသိုလှောင်ထိန်းသိမ်းခြင်းသင်တန်းဖွင့်

**ရန်ကုန် မတ် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထိန်းသိမ်းခြင်းသင်တန်းကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်း မြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဘေးသင့်ဒေသများ ပြန်လည် ထူထောင်ရေးပေါင်းစပ်ညှိနှိုင်းရေးလုပ်ငန်းကော်မတီခန်းမ၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အဆိုပါ သိုလှောင်ရုံထိန်းသိမ်းခြင်း သင်တန်းဖွင့်ပွဲသို့ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ဦးစီးဌာနများမှ အရာရှိ၊ အရာထမ်းသင်တန်းသားသင်တန်းသူ ၂၅ ဦး ရန်ကုန်အခြေပြု UNICEF,WFP,UNHCR နှင့် MRCS မှ ကိုယ်စားလှယ်သင်တန်း နည်းပြများတက်ရောက်ကြပြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူး ဒေါ်နီလာထွန်းက အမှာစကားပြောကြားသည်။

"သဘာဝဘေးအန္တရာယ်ခံစားနေရတဲ့ ပြည်သူတွေ လတ်တလောသက်သာချောင်ချိဖို့ ထောက်ပံ့ပစ္စည်းတွေ မပျက်စီးအောင်၊ မပျောက်ပျက်အောင် မဆုံးရှုံးအောင် လျော့နည်းသွားတာတို့၊ လေလွင့်သွားတာတို့ မဖြစ်ရအောင်၊ သိုလှောင် တာဝန်ခံတွေ အဓိကသိရှိဖို့လိုပါတယ်"ဟု ပြန်လည်ထူထောင်ရေးဦးစီးဌာန(နေပြည်တော်) ညွှန်ကြားရေးမှူးက ပြောသည်။ **မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဗုဒ္ဓပူဇနီယပွဲတော် ကျင်းပမည်

**သဲကုန်း မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့ ရွာမအုပ်စုရွာမကျေးရွာရှိ မိုယ်းကောင်းကျောက်တော်ကြီးဘုရားဝင်းအတွင်း၌ မိုယ်းကောင်းကျောက်တော်ကြီးဘုရား ကြီး၏ (၁၀၅)နှစ်မြောက် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို မတ် ၂၇ ရက်က ကျင်းပခဲ့သည်။

အစည်းအဝေးတွင် မိုယ်းကောင်းကျောက်တော်ကြီးဘုရား ဂေါပကဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသာလှတို့က အမှာစကားပြောကြားပြီး ဌာနဆိုင်ရာများ၊ ကျေးရွာပြည်သူများက ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေးဆွေးနွေးခဲ့ကြပြီး ဆဋ္ဌမအကြိမ်မြောက် နိုင်ငံကျော်ဓမ္မသဘင်ကို ဧပြီ ၂၁ ရက်မှ ၂၄ ရက်နေ့အထိကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# ရွှေသင်းဘိုးဘွားရိပ်သာ၌အလှူငွေပေးအပ်ပွဲကျင်းပ

**ရမည်းသင်း မတ် ၃၀**

ရမည်းသင်းမြို့ ရွှေသင်းဘိုးဘွားရိပ်သာ၌ မတ် ၂၇ ရက်က အလှူငွေပေးအပ်ပွဲ အခမ်းအနားကျင်းပခဲ့ရာ အဘိုးအဘွားများအား တစ်နေ့တာအာဟာရကုသိုလ် ကျွေးမွေးခြင်း၊ အဘိုးအဘွား ၂၀ တို့အား ငွေကျပ် ၅၀၀၀ နှုန်း အိမ်သုံးဆေးဝါး၊ ကုသိုလ်ယူလှူဒါန်းခြင်း၊ အဘိုးအဘွားအဆောင် မျက်နှာကြက်တပ်ဆင်ပြုလုပ်ရန် ငွေကျပ်သိန်းနှစ်ဆယ် ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကျန်အလှူရှင်များက ဆေးပဒေသာပင်အတွက် အလှူငွေကျပ်တစ်သိန်းလှူဒါန်းခြင်း၊ ရိပ်သာတွင် တရားတိပ်ခွေများ ဖွင့်ရန်လိုအပ်လျက်ရှိသော အသံချဲ့စက်များ ဝယ်ယူတပ်ဆင်ရန်အတွက် ငွေကျပ်နှစ်သိန်း ပေးအပ်လှူဒါန်းပြီး အလှူငွေများကို ဘိုးဘွားရိပ်သာကော်မတီ ဥက္ကဋ္ဌဦးရွှေက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းများ ပြန်လည်ပေးအပ်ကြသည်။ ရွှေသင်းဘိုးဘွားရိပ်သာ အစည်းအဝေးခန်းမကြီး မျက်နှာကြက်ပြုလုပ်ရန် ကျန်ရှိနေပြီး တစ်ဦးချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **တင်ဦး(ရမည်းသင်း)**

# ပြည်သူကို ဗဟိုပြုသောရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းဖွင့်

**မန္တလေး မတ် ၃၀**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးခရိုင်ရဲတပ်ဖွဲ့၏ ပြည်သူကိုဗဟိုပြုသောရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၂၈ ရက်က မန္တလေးမြို့ ၆၆ လမ်းရှိခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးစိုးမြင့်က အမှာစကားပြောကြားပြီး သင်တန်းကို ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ခရိုင်ရဲတပ်ဖွဲ့အတွင်းမှ ရွေးချယ်ထားသောအရာရှိ ငါးဦး၊ အခြားအဆင့် ၁၁ ဦးစုစုပေါင်း ၁၆ ဦးတို့ကိုသင်တန်းနည်းပြဆရာအရာရှိ သုံးဦးတို့က ပြည်သူများမှ ရဲလုပ်ငန်းများအပေါ် သက်ဝင်ယုံကြည်မှုရှိလာစေရေး၊ ရဲတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းပြီးတရားဥပဒေစိုးမိုးရေးလုပ်ငန်းများကိုဆောင်ရွက်နိုင်သောအလေ့အကျင့်ကောင်းများ ပြည်သူလူထုထံ ရောက်ရှိစေရေးရည်ရွယ်၍ ရက်သတ္တပတ်နှစ်ပတ်ကြာ သင်ကြားဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**

# ပေါက်ခေါင်း၌ သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်

**ပေါက်ခေါင်း မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခွင့်လက်မှတ် ပေးအပ်ပွဲကို မတ် ၂၈ ရက်က ပေါက်ခေါင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ တိုင်းဒေသကြီး သယံဇာတ၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး ဦးကျော်မင်းဇံနှင့် လွှတ်တော်ကိုယ်စားလှယ်များ ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်၊ ဒေါက်တာ မောင်မောင်သန်း၊ ခရိုင်နှင့်မြို့နယ် အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောအသုံးပြုသူအဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာများ ရှင်းလင်းပြောကြားခြင်း၊ ကျေးရွာခုနစ်ရွာမှ အသုံးပြုသူများအဖွဲ့ ခုနစ်ဖွဲ့၏ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောတည်ထောင်ခြင်းလုပ်ငန်း ၁၃၃၈ ဒသမ ၂၅ ဧက အတွက် တည်ထောင်ခွင့်လက်မှတ်ထုတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

ပရီမီယာလိဂ်ပွဲစဉ် ၃၀ ကို လာမယ့် ဧပြီ ၁ ရက်နှင့် ၂ ရက်နေ့မှာ ကျင်းပသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ မာဆေးဆိုက်ဒါဘီပွဲဖြစ်တဲ့ လီဗာပူးနဲ့ အဲဗာတန်၊ အသင်းကြီးနှစ်သင်းဖြစ်ပြီး ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အားစိုက်နေကြတဲ့ အာဆင်နယ်နဲ့ မန်စီးတီးတို့ ဆုံတွေ့တဲ့ပွဲတွေပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ လက်စတာကလည်း တန်းမဆင်းရဖို့ မသေချာသေးသလို မန်ယူကလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရေး အားစိုက်နေတာကြောင့် အဆိုပါအသင်းတွေလည်း နိုင်ပွဲရပါ့မလား စောင့်ကြည့်ရမယ်။

## ဆောက်သမ်တန် VS ဘုန်းမောက်

| | | | | |
|---|---|---|---|---|
| ပကျော့ | ဘုန်းမောက် | ၁ | ၃ | ဆောက်သမ်တန် |

ဆောက်သမ်တန်က လက်ရှိအချိန်မှာ ရလဒ်ပိုင်းမတည်ငြိမ်ပေမယ့်အသင်းလိုက်ခြေစွမ်းပိုင်းက ကောင်းမွန်မှုရှိပါတယ်။ အထူးသဖြင့် ဂတ်ဘီယာဒီနီခြေစွမ်းပြနေတာကြောင့် တိုက်စစ်ကစားပုံကောင်းမွန်မှုရှိသလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း အသင်းလိုက်ခြေစွမ်းပိုင်းက ပိုမိုကောင်းမွန်မှုရှိပါတယ်။ ဘုန်းမောက်ကလည်း ခြေစွမ်းပိုင်း မဆိုးပေမယ့် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းပိုင်းကျဆင်းတတ်တယ်။ ဆောက်သမ်တန်ပဲ အနိုင်ရမယ်။



# ဒါဗီရိုဟ်မှာ မန်စီးတီး ကို အာဆင်နယ်နိုင်မှာလား

ဝေမိုးဆက်

## အာဆင်နယ် VS မန်စီးတီး

| | | | | |
|---|---|---|---|---|
| ပကျော့ | မန်စီးတီး | ၂ | ၁ | အာဆင်နယ် |

ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့မသေချာသေးတဲ့အတွက် မန်စီးတီးတို့ အားစိုက်လာမှာ သေချာနေပါတယ်။ လက်ရှိအချိန်မှာ မန်စီးတီးခြေက ကောင်းမွန်မှုရှိတယ်လို့လည်းဆိုနိုင်ပါတယ်။ ဒါ ပေမယ့် မန်စီးတီးတိုက်စစ်ကတော့ အဆုံးသတ်အားနည်းနေဆဲပါ။ ဒါ့အပြင် အာဆင်နယ်ကလည်း ဖိအားတွေများနေလို့ အိမ်ကွင်းမှာနိုင်ပွဲရယူနိုင်ရေးအားစိုက်လာမှာ သေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ မန်စီးတီးတို့ သရေလောက်ပဲရယူနိုင်မယ်။

## လက်စတာ VS စတုတ်

| | | | | |
|---|---|---|---|---|
| ပကျော့ | စတုတ် | ၂ | ၂ | လက်စတာ |

ဒီနောက်ပိုင်းမှာ လက်စတာရဲ့ခြေစွမ်းက ပြန်လည်တည်ငြိမ်လာပါတယ်။ အဆင့် ၁၈ က ဟားလ်နဲ့လည်း ခြောက်မှတ်သာကွာသေးတာကြောင့် လက်စတာအတွက် တန်းမဆင်းရဖို့ အတွက်သေချာမှုမရှိသေးပါဘူး။ ဒါကြောင့်လည်း လက်စတာ အနေနဲ့ အားစိုက်လာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ စတုတ်ရဲ့ခြေကတော့ သာမန်သာရှိပါတယ်။ တိုက်စစ်က အဆုံးသတ်ပိုင်းအားနည်းမှုတွေလည်းရှိနေလို့ လက်စတာပဲအနိုင်ရမယ်။

## လီဗာပူး VS အဲဗာတန်

| | | | | |
|---|---|---|---|---|
| ပကျော့ | အဲဗာတန် | ၀ | ၁ | လီဗာပူး |

လီဗာပူးက ချန်ပီယံလိဂ်ဝင်ခွင့်ရဖို့ အမှားမခံတဲ့အခြေအနေမှာရှိနေတာကြောင့် ဒီအိမ်ကွင်းပွဲမှာ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ လီဗာပူးဟာ အသင်းကောင်းတွေနဲ့ ရင်ဆိုင်ရချိန်မှာလည်း ခြေစွမ်းပိုင်းကောင်းမွန်တတ်သလို ဒါဘီပွဲဖြစ်လို့ပိုမိုအားစိုက်လာမှာ သေချာနေပါတယ်။ ဒါပေမယ့် လူကာကူ ခြေစွမ်းပြနေတဲ့ အဲဗာတန်ရဲ့ ကစားအားကလည်း ကောင်းမွန်နေတာကြောင့် လီဗာပူး အခက်တွေ့နိုင်ကာ ကပ်ပြီးသာ အနိုင်ရမယ်။

## ချယ်လ်ဆီး VS ပဲလေ့စ်

| | | | | |
|---|---|---|---|---|
| ပကျော့ | ပဲလေ့စ် | ၀ | ၁ | ချယ်လ်ဆီး |

အခုနောက်ပိုင်းမှာ တန်းမဆင်းရဖို့ အားစိုက်နေတဲ့ ပဲလေ့စ်ခြေကကောင်းမွန်မှုရှိနေပါတယ်။ တန်ပြန်တိုက်စစ်ကစားပုံကောင်းမွန်မှုရှိသလို တိုက်စစ်ကလည်းဂိုးသွင်းခြေရရှိနေပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးက လက်ရှိအချိန်မှာပွဲတိုင်းကို အမှားမခံဘဲ အာရုံစိုက်ကစားနေတာကို တွေ့ရသလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ အထူးသဖြင့်အိမ်ကွင်းမှာ ချယ်လ်ဆီးခြေက ပိုမိုကောင်းမွန်တတ်တာကြောင့် ဒီပွဲမှာ ချယ်လ်ဆီးကသာ နိုင်ပွဲရသွားမှာပါ။

## ဟားလ် VS ဝက်စ်ဟမ်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဟမ်း | ၁ | ၀ | ဟားလ် |

လက်ရှိအခြေအနေက ဟားလ်အတွက် တန်းမဆင်းရဖို့ ပွဲတိုင်း အားစိုက်ကစားရတော့မယ့်အခြေအနေ ဖြစ်နေပါတယ်။ ဒါကြောင့် ဒီပွဲမှာလည်း ဟားလ်တို့အားစိုက်ကစားလာမှာ သေချာနေပါတယ်။ အထူးသဖြင့် ဟားလ်က အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းနဲ့ တုံ့ပြန်ကစားပုံပိုမိုကောင်းမွန်တတ်တာကြောင့် ဝက်စ်ဟမ်းကို တုံ့ပြန်နိုင်မှာပါ။ ဝက်စ်ဟမ်းခြေကလည်း သာမန်သာရှိတာကြောင့် ဒီပွဲမှာတော့ ဟားလ်တို့ သရေလောက်ရမယ်။

## မန်ယူ VS ဝက်စ်ဘရွန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဝက်စ်ဘရွန်း | ၀ | ၂ | မန်ယူ |

မန်ယူအနေနဲ့ လက်ရှိအချိန်မှာ ချန်ပီယံလိဂ်ဝင်ခွင့်မျှော်လင့်နိုင်သေးတာကြောင့် ပွဲတိုင်းကို အားစိုက်နေသလို ဒီပွဲမှာလည်းနိုင်ပွဲရယူနိုင်ဖို့ အားစိုက်လာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်ပြီး မိုဗစ်မပါဝင်နိုင်သေးပေမယ့် မာတီရယ်၊ အမ်ခီတာယန်၊ မာတာတို့လို တိုက်စစ်မှူးကောင်းတွေလည်း ရှိနေပါတယ်။ အထူးသဖြင့် ဝက်စ်ဘရွန်းခံစစ်ပိုင်းကအားနည်းမှုတွေ ရှိတတ်သလို အဝေးကွင်းခြေကလည်း ကျဆင်းတတ်လို့ မန်ယူပဲအနိုင်ရမယ်။

## ဆွမ်ဆီး VS မစ်ဒယ်ဘရော့

| | | | | |
|---|---|---|---|---|
| ပကျော့ | မစ်ဒယ်ဘရော့ | ၃ | ၀ | ဆွမ်ဆီး |

ဆွမ်ဆီးကလက်ရှိအချိန်မှာတန်းဆင်းဇုန်ရဲ့အထက်မှာရှိနေပေမယ့် အဆင့် ၁၈ နေရာက ဟားလ်နဲ့ သုံးမှတ်သာကွာတာကြောင့် တန်းမဆင်းရဖို့ အာမခံချက်မရှိသေးတဲ့အတွက် ဒီပွဲမှာအားစိုက်လာမှာ သေချာနေပါတယ်။ အိမ်ကွင်းလည်းဖြစ်နေသလို ဆွမ်ဆီးကအိမ်ကွင်းမှာ ခြေပိုကောင်းတတ်ပါတယ်။ မစ်ဒယ်ဘရော့ကတော့ တန်းမဆင်းရဖို့အားစိုက်နေပေမယ့်ခြေစွမ်းပိုင်းရော တိုက်စစ်ပိုင်းကပါ အားနည်းနေပါတယ်။ ဆွမ်ဆီးပဲ အနိုင်ရမယ်။

## ဘန်လေ VS စပါး

| | | | | |
|---|---|---|---|---|
| ပကျော့ | စပါး | ၂ | ၁ | ဘန်လေ |

ဟယ်ရီကိန်းပါဝင်နိုင်ဖို့ မသေချာသေးတာကြောင့် စပါး တိုက်စစ်က အားနည်းမှုတွေ ရှိလာနိုင်ပါသေးတယ်။ ဆောက်သမ်တန်နဲ့ပွဲမှာ ထိုးဖောက်ကစားပုံကောင်းမွန်ခဲ့ပေမယ့် အဆုံးသတ်ပိုင်း အားနည်းခဲ့တာတွေ့ရပါတယ်။ ဒါ့အပြင် ဘန်လေကလည်း အိမ်ကွင်းပွဲတွေမှာ ခံစစ်ကစားပုံကောင်းမွန်တတ်သလို အသင်းကြီးတွေကိုတောင် အကောင်းဆုံး ခံကစားနိုင်ခဲ့ပါတယ်။ ဒါကြောင့်စပါးအခက်တွေ့နိုင်ကာ နိုင်ရင်တောင် ဂိုးမပြတ်ဘူး။

## ဝက်ဖို့ဒ် VS ဆန်းဒါးလန်း

| | | | | |
|---|---|---|---|---|
| ပကျော့ | ဆန်းဒါးလန်း | ၁ | ၀ | ဝက်ဖို့ဒ် |

ဆန်းဒါးလန်းက လက်ရှိအချိန်မှာ တန်းမဆင်းရဖို့ အားစိုက်ကစားနေပေမယ့် ခြေစွမ်းကတော့ အားနည်းမှုတွေရှိနေပါတယ်။ ဝက်ဖို့ဒ်ကလည်း ဟားလ်နဲ့ ခုနစ်မှတ်သာကွာလို့ တန်းမဆင်းရဖို့ မသေချာသေးတဲ့အတွက် အားစိုက်လာမှာ သေချာနေပါတယ်။ အထူးသဖြင့်ဝက်ဖို့ဒ်က အိမ်ကွင်းပွဲတွေမှာတော့ကစားပုံကောင်းမွန်တတ်သလို တိုက်စစ်ကလည်း ဂိုးသွင်းခြေပိုမို တည်ငြိမ်တတ်ပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဝက်ဖို့ဒ်ကသာ နိုင်ပွဲရမယ်။

### ပရီမီယာလိဂ်ပွဲစဉ်(၃၀)

**စနေနေ့ (၁-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၆း၀၀ | လီဗာပူး | - | အဲဗာတန် |
| ည ၈း၃၀ | ဘန်လေ | - | စပါး |
| ည ၈း၃၀ | ချယ်လ်ဆီး | - | ခရစ္စတဲလ်ပဲလေ့စ် |
| ည ၈း၃၀ | ဟားလ်စီးတီး | - | ဝက်စ်ဟမ်း |
| ည ၈း၃၀ | လက်စတာစီးတီး | - | စတုတ် |
| ည ၈း၃၀ | မန်ယူ | - | ဝက်စ်ဘရွန်း |
| ည ၈း၃၀ | ဝက်ဖို့ဒ် | - | ဆန်းဒါးလန်း |
| ည ၁၁း၀၀ | ဆောက်သမ်တန် | - | ဘုန်းမောက် |

**တနင်္ဂနွေနေ့ (၂-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၇း၀၀ | ဆွမ်ဆီး | - | မစ်ဒယ်ဘရော့ |
| ည ၉း၃၀ | အာဆင်နယ် | - | မန်စီးတီး |

### ပြင်သစ်လိဂ်ဖလားဗိုလ်လုပွဲ

**စနေနေ့ (၁-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၃၀ | မိုနာကို | - | ပီအက်စ်ဂျီ |

### စပိန်လာလီဂါပွဲစဉ်(၂၉)

**သောကြာနေ့ (၃၁-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | အက်စ်ပန်ညို | - | ဘတ်တစ် |

**စနေနေ့ (၁-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၅း၃၀ | ဗီလာရီးရဲ | - | အီဘာ |
| ည ၈း၄၅ | အိုဆာဆူနာ | - | ဘီဘာအို |
| ည ၁၁း၀၀ | ဆိုစီဒက် | - | လီဂါနက်စ် |
| နံနက် ၁း၁၅ | မာလာဂါ | - | အက်သလက် |

**တနင်္ဂနွေနေ့ (၂-၄-၁၇)**

| | | | |
|---|---|---|---|
| ညနေ ၄း၃၀ | ဆီဗီလာ | - | ဂီဂျွန် |
| ည ၈း၄၅ | ရီးရဲ | - | အလာဗက်စ် |
| ည ၁၁း၀၀ | ဗလင်စီယာ | - | ဒီပို့တီဗို |
| နံနက် ၁း၁၅ | ဂရန်နာဒါ | - | ဘာစီလိုနာ |

**တနင်္လာနေ့ (၃-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ဆဲလ်တာဗီဂို | - | လက်စ်ပဲလ်မက်စ် |

### စီးရီးအေပွဲစဉ်(၃၀)

**စနေနေ့ (၁-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၁၀း၃၀ | ဆက်ဆူအိုလို | - | လာဇီယို |
| နံနက် ၁း၁၅ | ရိုးမား | - | အမ်ပိုလီ |

**တနင်္ဂနွေနေ့ (၂-၄-၁၇)**

| | | | |
|---|---|---|---|
| ညနေ ၅း၀၀ | တိုရီနို | - | အူဒီးနိစ် |
| ည ၇း၃၀ | ဂျီနိုအာ | - | အတ္တလန္တာ |
| ည ၇း၃၀ | ဖီအိုရင်တီးနား | - | ဘလော့ဂ်နာ |
| ည ၇း၃၀ | ပါလာမို | - | ကယ်ဂလီယာရီ |
| ည ၇း၃၀ | ချီယေဗို | - | ခရိုတိုနီ |
| ည ၇း၃၀ | ပက်စ်ကာရာ | - | အေစီမီလန် |
| နံနက် ၁း၁၅ | နာပိုလီ | - | ဂျူဗင်တပ်စ် |

**တနင်္လာနေ့ (၃-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | အင်တာ | - | ဆမ်ဒိုးရီးယား |

### ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၆)

**သောကြာနေ့ (၃၁-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၀၀ | ဟာသာဘာလင် | - | ဟော့ဖန်ဟိန်း |

**စနေနေ့ (၁-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | ဘိုင်ယန် | - | အော့ဘတ် |
| ည ၈း၀၀ | ရှော်လ်ကာ | - | ဒေါ့မွန် |
| ည ၈း၀၀ | ဟမ်းဘတ် | - | ကိုလုံး |
| ည ၈း၀၀ | ဖရိုင်းဘတ် | - | ဝါဒါဘရီမင် |
| ည ၈း၀၀ | လိုက်ပဇစ် | - | ဒရမ်စတတ် |
| ည ၁၁း၀၀ | ဖရန့်ဖွတ် | - | ဂလာဘတ်ချ် |

**တနင်္ဂနွေနေ့ (၂-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၈း၀၀ | အင်ဂိုစတတ် | - | မိန့်ဇ် |
| ည ၁၁း၀၀ | လေဗာကူဆင် | - | ဂလာဘတ်ချ် |

# နွေရာသီပြဇာတ်ရဲ့ အဓိကဇာတ်ကောင်ဖြစ်လာမယ့် အမ်ဘာပီ

အောင်က

ဒီနှစ်နွေရာသီ အပြောင်းအရွှေ့မှာတော့ လူပ်ခတ်မှုအရှိနိုင်ဆုံးကစားသမားကို ပြပါဆိုရင်တော့ မိုနာကို လူငယ်တိုက်စစ်မှူး အမ်ဘာပီကိုပဲ ပြရမယ်။ သူဟာ ဒီနှစ်ရာသီမှာတော့ မိုနာကိုအသင်းရဲ့ကြယ်ပွင့်။ အသင်းရဲ့အောင်မြင်မှုတွေကို အဓိကစွမ်းဆောင်ပေးသူ။ လက်ရှိအချိန်မှာ မိုနာကိုအသင်းအတွက် သွင်းယူပေးထားတဲ့ဂိုးစုစုပေါင်းက ၂၀ တောင်ရှိတယ်။ ဒါကြောင့်လည်း အာဆင်နယ်အသင်းအပါအဝင် ဥရောပအသင်းတော်တော်များများက ခေါ်ယူဖို့ စိတ်ဝင်စားနေတာဖြစ်တယ်။ ဒါပေမယ့်လက်ရှိထွက်ပေါ်နေတဲ့ သတင်းတွေအရတော့ သူ့ရဲ့ပြောင်းရွှေ့ကြေးက ပေါင်သန်း ၈၀။ အဲ့ဒီလောက်တန်ရဲ့လားဆိုတာကလည်း မေးခွန်းထုတ်စရာလို့ပြောရမယ်။ ဒါပေမယ့်သူ့ရဲ့ လက်ရှိမိုနာကိုအသင်းနဲ့အတူ ခြေစွမ်းပြကစားနေခြင်းတွေ၊ ပြင်သစ်အသင်းမှာ ရွေးချယ်ခံရခြင်းက သူ့ရဲ့တန်းကြေးကိုအကောင်းဆုံးပြသနိုင်တယ်လို့ ပြောရမှာပါ။

### ပြင်သစ်အသင်းမှာပါဝင်မှု

လူငယ်တိုက်စစ်မှူးအမ်ဘာဘီဟာ လက်ဆင်းဘတ်အသင်းနဲ့ပွဲမှာ ပြင်သစ်အသင်းနဲ့အတူ ပါဝင်ကစားခွင့် ရရှိခဲ့တယ်။ ဒါဟာ ပြင်သစ်အသင်းသမိုင်းမှာတော့ နှစ် ၆၀ အတွင်း ပထမဦးဆုံးအသက်အငယ်ဆုံး ကစားသမားအဖြစ် ပါဝင်ကစားခွင့် ရရှိတာလည်းဖြစ်တယ်။ အခုလို ကစားခွင့် ရရှိခဲ့တာနဲ့ပတ်သက်ပြီးလည်း အမ်ဘာပီက "ကစားသမားကြီးတွေက ကောင်းမွန်စွာလက်ခံပေးကြတာကြောင့် လွယ်လွယ်ကူကူပဲ အသားကျအောင် ကစားနိုင်ပါတယ်။ ကျွန်တော့်အတွက် အကောင်းဆုံးနေ့ရက်လည်းဖြစ်ပါတယ်။ နောက်လာမယ့်ပွဲတွေမှာတော့ အခုထက်ပိုကောင်း အောင်ကစားနိုင်လိမ့်မယ်လို့မျှော်လင့်မိပါတယ်"လို့လည်း ပြောဆိုထားခဲ့ပါတယ်။ သူ့ရဲ့ပြင်သစ်အသင်းမှာ ပါဝင်ကစားခဲ့တဲ့ အသက်ကတော့ ၁၈ နှစ် ၃ လနဲ့ ၅ ရက်ဖြစ်ပါတယ်။ သူဟာ ပြင်သစ်ယူ-၁၇ အသင်းက စတင်ကာ ပါဝင်ကစားခွင့် ရရှိခဲ့သူပါ။ သူဟာ ယူ-၁၇ အသင်းမှာ နှစ်ပွဲကစားရတယ်။ အဲဒီနောက်ပိုင်း ၂၀၁၆ ခုနှစ်မှာတော့ ယူ-၁၉ အသင်းမှာ ပါဝင်ကစားခဲ့ပြီး ၁၁ ပွဲမှာ ခုနစ်ဂိုးသွင်းယူနိုင်တဲ့အထိ ခြေစွမ်းပြကစားနိုင်ခဲ့သူလည်းဖြစ်ပါတယ်။ ဒါကြောင့်သူဟာ ပြင်သစ်အသင်းအတွက်တော့ တောက်ပတဲ့ အနာဂတ် အတူရှိနေတဲ့ကစားသမားအဖြစ် ဟောကိန်းထုတ်ခြင်းခံထားရသူဖြစ်ပါတယ်။

### ကလပ်အသင်းနဲ့ခြေစွမ်း

အမ်ဘာပီရဲ့မိုနာကိုအသင်းနဲ့အတူ ပြင်သစ်လိဂ်ဝမ်းမှာ ပွဲထွက်ပါဝင်ကစားခွင့်ရခဲ့တာကတော့ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂ ရက်နေ့က ကိန်းနဲ့ ကစားခဲ့တဲ့ပွဲဖြစ်ပါတယ်။ သူ့အသင်းမှာ ပါဝင်ကစားခဲ့စဉ်ကဆိုရင် အသက်ဟာ ၁၆ နှစ်နဲ့ ၃၄၇ ရက်သာရှိပါသေးတယ်။ ဒါဟာ မိုနာကိုအသင်းနဲ့အတူ အွန်နရီတင်ထားခဲ့တဲ့ အသက်အငယ်ဆုံး ပွဲထွက်ကစားသမားစံချိန်ကို ၂၁ ကျော်ကြာမှာ ဖြတ်ကျော်နိုင်ခဲ့သူဖြစ်ပါတယ်။ ဒါ့အပြင် အသက် ၁၇ နှစ်၊ ၆၂ ရက်ပြည့်တဲ့နေ့မှာတော့ ထရာအိုရေးအသင်းနဲ့ပွဲမှာ ဂိုးသွင်းယူပေးနိုင်ခဲ့တာကြောင့် အသင်းသမိုင်းမှာတော့ ဂိုးသွင်းယူနိုင်တဲ့ အသက်အငယ်ဆုံးကစားသမားအဖြစ် စံချိန်တင်သွားခဲ့ပါတယ်။ ဒါကြောင့်လည်း သူဟာ ၂၀၁၆ ခုနှစ် မတ်လမှာတော့ အသင်းနဲ့စာချုပ်ချုပ်ဆိုနိုင်ခဲ့တာဖြစ်တယ်။ သူ့ရဲ့ လက်ရှိအသင်းနဲ့ စာချုပ်ကတော့ ၂၀၁၉ မှာကုန်ဆုံးမှာဖြစ်ပါတယ်။

၂၀၁၅-၁၆ ရာသီဟာ သူ့အတွက် အသင်းမှာ ပုံမှန်ကစားခွင့်မရခဲ့သလို ဂိုးတွေသွင်းယူပြီး ခြေစွမ်းပြကစားနိုင်ခြင်းလည်းမရှိပါဘူး။ ဒါပေမယ့် အဲ့ဒီကာလတွေကတည်းက ဥရောပရဲ့ထိပ်တန်းအသင်းကြီးတွေက သူ့ကိုခေါ်ယူဖို့ စိတ်ဝင်စားနေကြတာလည်းဖြစ်ပါတယ်။ ဒီနှစ်ရာသီကတော့ သူ့အတွက် အတောက်ပဆုံးလို့ပြောရမှာဖြစ်ပါတယ်။ သူဟာ လက်ရှိအချိန်မှာ အသက် ၁၈ နှစ်သာရှိနေသေးပေမယ့် မိုနာကိုအသင်းအတွက်တော့ ထိပ်တန်းဂိုးသွင်းယူသူအဖြစ် ရှိနေတာလည်းဖြစ်ပါတယ်။ သူဟာ ပြင်သစ်လိဂ်ဝမ်းမှာတော့ ၃၃ ပွဲ ပါဝင်ကစားထားပြီး ၁၃ ဂိုး သွင်းယူပေးထားတာဖြစ်ပါတယ်။ ဒါပေမယ့် ပြိုင်ပွဲစုံမှာတော့ သူ့ရဲ့သွင်းဂိုးဟာ ဂိုး ၂၀ ရှိနေခဲ့ပြီလည်းဖြစ်ပါတယ်။

### အသင်းကြီးတွေရဲ့စိတ်ဝင်စားမှု

ဒါကြောင့်လည်း ဒီနှစ်ရာသီမှာတော့ အမ်ဘာပီရဲ့ခြေစွမ်းတွေကို အသင်းကြီးတွေက ပိုမိုဂရုပြုလာမိကြပါတယ်။ အခုလိုသတိထားမိတာနဲ့အမျှ အရခေါ်ယူနိုင်ဖို့ကိုလည်း အပြင်းအထန်ကြိုးစားမှုတွေလည်း လုပ်ဆောင်နေခဲ့ကြပါတယ်။ အဲ့ဒီထဲမှာကတော့ အာဆင်နယ်အသင်းက အပါအဝင်လို့ ပြောရမှာပါ။ အာစင်ဝင်းဂါးဆိုရင်ပြီးခဲ့တဲ့ ဇန်နဝါရီလကတည်းက အမ်ဘာပီကို ခေါ်ယူဖို့ကြိုးစားခဲ့ပေမယ့် မခေါ်ယူနိုင်ခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့် လာမယ့်နွေရာသီမှာလည်း ဆက်လက်ခေါ်ယူဖို့ကြိုးစားသွားမယ့် ကစားသမားတစ်ဦးအဖြစ်လည်း ရှိနေပါတယ်။ အာဆင်နယ်အသင်းအတွက်ကတော့ အမ်ဘာပီရဲ့ ပြောင်းရွှေ့ကြေးက အဓိကအကြောင်းအရာ မဟုတ်ဘူးလို့လည်း ဆိုထားပါတယ်။ ဒါ့အပြင် ပြင်သစ်ကလပ် ပီအက်စ်ဂျီဆိုရင်လည်း အမ်ဘာပီကို ပေါင်သန်း ၈၀ နဲ့အရ ခေါ်ယူဖို့ပြင်ဆင်နေပါတယ်။ လူငယ်တိုက်စစ်မှူး အမ်ဘာပီကိုခေါ်ယူချင်တဲ့ အသင်းတွေကတော့ ပရီမီယာလိဂ်ကလပ် အာဆင်နယ်၊ မန်ယူအသင်းတို့သာမက စပိန်ထိပ်တန်းကလပ် ရီးရဲမက်ဒရစ်နဲ့ ဘာစီလိုနာအသင်းတို့ကပါ ပါဝင်နေကြပါတယ်။ ဒါကြောင့်နွေရာသီမှာတော့ အမ်ဘာပီရဲ့ အပြောင်းအရွှေ့ဟာ လူတိုင်းကစောင့်ကြည့်ချင်စရာကောင်းတဲ့ အပြောင်းအရွှေ့အဖြစ် ရှိလာခဲ့မှာလည်း ဖြစ်ပါတယ်။

ဒါကြောင့်လက်ရှိဘောလုံးလောကမှာတော့ အကောင်းဆုံးလူငယ်ကစားသမားတစ်ဦးလို့ပြောဆိုနိုင်တဲ့ အမ်ဘာပီရဲ့အပြောင်းအရွှေ့ကတော့ နွေရာသီပြဇာတ်နဲ့အတူ စိတ်လှုပ်ရှားစရာကောင်းလာမှာလည်း ဖြစ်ပါတယ်။ ။



## ကမ္ဘာ့ဖလားခြေစစ်ပွဲအများစုနှင့် မက်ဆီလွဲချော်မည်

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) စည်းကမ်းထိန်းသိမ်းရေးကော်မတီသည် အာဂျင်တီးနားက ချီလီအား တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သော ၂၀၁၈ ခုနှစ် ဖီဖာကမ္ဘာ့ဖလားပြိုင်ပွဲ တောင်အမေရိကဇုန် ခြေစစ်ပွဲ၌ စည်းကြပ်ဒိုင်လူကြီးအား စော်ကားပြောဆိုမှုပြုလုပ်ခဲ့သူ အာဂျင်တီးနားအသင်းခေါင်းဆောင် လီယွန်နယ်မက်ဆီအား ကမ္ဘာ့ဖလားခြေစစ်ပွဲလေးပွဲတွင် ပါဝင်ကစားခြင်းမပြုရန် ပြစ်ဒဏ်ချမှတ်လိုက်သည်။

အာဂျင်တီးနားနှင့် ချီလီအသင်းတို့ ကစားခဲ့သော ကမ္ဘာ့ဖလားခြေစစ်ပွဲ၌ ပွဲချိန်ဒုတိယပိုင်းတွင် စည်းကြပ်ဒိုင်လူကြီး အီမာဆန်ကာဗယ်လ်ဟိုက မက်ဆီသည် ပြိုင်ဘက်ကစားသမား တစ်ဦးအား ပြစ်ဒဏ်ကျူးလွန်ကြောင်း အလံထောင်အချက်ပြခဲ့ချိန်တွင် မက်ဆီသည် ဒိုင်လူကြီး ကာဗယ်လ်ဟိုအား ရိုင်းပြသည့် စကားလုံးများဖြင့် ဒေါသတကြီးပြောဆိုခဲ့ခြင်းကြောင့် ယခုကဲ့သို့ ပြစ်ဒဏ် ချမှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ဖီဖာစည်းကမ်းထိန်းသိမ်းရေးကော်မတီက ဘာစီလိုနာကစားသမား မက်ဆီအား လေးပွဲပယ်ပြစ်ဒဏ်အပြင် ဒဏ်ငွေအဖြစ် အမေရိကန်ဒေါ်လာ ၁၀၁၆၀ ပေးဆောင်ရန်လည်း ပြစ်ဒဏ်ချမှတ်ခဲ့သည်။

မက်ဆီ(၂၉နှစ်)သည် ပွဲပယ်ပြစ်ဒဏ်ကြောင့် မတ်လ ၂၉ ရက်တွင် အာဂျင်တီးနားအသင်းက အဝေးကွင်း၌ ဘိုလီဗီးယားအသင်းအား ၂-၀ ဖြင့် အရေးနိမ့်ခဲ့သည့် ကမ္ဘာ့ဖလားခြေစစ်ပွဲတွင် ပါဝင်ခွင့်မရခဲ့သကဲ့သို့ ဩဂုတ်လ ၃၁ ရက်တွင် ဥရုဂွေးအသင်း၊ စက်တင်ဘာ ၅ ရက်တွင် ဗင်နီဇွဲလား၊ အောက်တိုဘာ ၅ ရက်တွင် ပီရူးတို့နှင့် ကစားမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲများကို လွဲချော်ရမည်ဖြစ်ပြီး အာဂျင်တီးနားအသင်း၏ နောက်ဆုံး ကမ္ဘာ့ဖလားခြေစစ်ပွဲဖြစ်သည့် အောက်တိုဘာ ၁၀ ရက်တွင် အီကွေဒေါ အသင်းနှင့်ပွဲမှသာ နိုင်ငံအသင်းအတွက် ပြန်လည်ပါဝင်ကစားခွင့် ရရှိမည်ဖြစ်သည်။

အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ်က မက်ဆီ၏ ပွဲပယ်ပြစ်ဒဏ်အတွက် အယူခံတင်သွင်းသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ အာဂျင်တီးနားဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး မီအာဒိုစကျူရီက မက်ဆီအား ချမှတ်ခဲ့သည့် ပြစ်ဒဏ်သည် ဒိုင်လူကြီး၏ ပွဲအစီရင်ခံစာတွင် ဖော်ပြချက်နှင့် ကိုက်ညီမှုမရှိကြောင်း ပြောဆိုခဲ့သည်။

## ဟာဇတ်အနေဖြင့် ရီးရဲသို့ပြောင်းရွှေ့ဖြစ်လိမ့်မည်ဟု ကယ်လ်ဒါရွန် ပြောဆို

ချယ်လ်ဆီးအသင်း တောင်ပံတိုက်စစ်ကစားသမား အီဒင်ဟာဇတ်အနေဖြင့် လာမည့် နွေရာသီဈေးကွက်ကာလအတွင်းတွင် ရီးရဲမက်ဒရစ်အသင်းသို့ ပြောင်းရွှေ့လာရန် ဆန္ဒရှိမည်ဆိုပါက ချယ်လ်ဆီးအနေဖြင့် ဟာဇတ်အား တားဆီးပိတ်ပင်နိုင်လိမ့်မည် မဟုတ်ကြောင်း ရီးရဲမက်ဒရစ်အသင်း ဥက္ကဋ္ဌဟောင်း ရေမွန်ကယ်လ်ဒါရွန်က ထုတ်ဖော်ပြောဆိုလိုက်သည်။

ရီးရဲမက်ဒရစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ချယ်လ်ဆီးအတွက် စုစုပေါင်း ၁၁ ဂိုးသွင်းယူပေးထားသူ ဘယ်လ်ဂျီယံတောင်ပံ တိုက်စစ်ကစားသမား ဟာဇတ်အား လာမည့်နွေရာသီအတွင်းတွင် ကမ္ဘာ့စံချိန်တင် ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူသွားရန် ပြင်ဆင်နေကြောင်း Sportsmail သတင်းစာက ရေးသားဖော်ပြခဲ့သည်။ ကယ်လ်ဒါရွန်သည် ရီးရဲအသင်းဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့စဉ်ကာလအတွင်း ရီးရဲသို့ အာဂျန်ရော်ဘင်၊ နစ္စတဲလ်ရွိုင်း စသည့် နာမည်ကျော်ကစားသမားများကို ခေါ်ယူနိုင်ခဲ့သူဖြစ်သည်။

ဥက္ကဋ္ဌဟောင်း ကယ်လ်ဒါရွန်က "ပုံမှန်အားဖြင့်တော့ ချယ်လ်ဆီးအသင်းဟာ အသင်းရဲ့ အဓိကကျတဲ့ ကစားသမားတွေကို ရောင်းချလေ့မရှိတဲ့ အသင်းမျိုးပါ။ ဒါကြောင့် ဟာဇတ်လိုကစားသမားမျိုးကို ခေါ်ယူနိုင်ဖို့က မလွယ်ကူပါဘူး။ ဒါပေမယ့် အပြောင်းအရွှေ့ကိစ္စတိုင်းဟာ ကစားသမားတွေ ရဲ့ဆန္ဒအပေါ်မှာသာ အဓိကမူတည်ပါတယ်။ တကယ်လို့ ဟာဇတ်အနေနဲ့ ချယ်လ်ဆီးကနေ ထွက်ခွာဖို့ဆန္ဒရှိမယ်ဆိုရင် သူ့အနေနဲ့ ထွက်ခွာနိုင်ပါလိမ့်မယ်။ ချယ်လ်ဆီးအသင်းကတော့ ဟာဇတ်အတွက် ပြောင်းရွှေ့ကြေး အများအပြားတောင်းဆိုနိုင်တယ်။ ဒါက လာမယ့်နွေရာသီ ဈေးကွက်ကာလအတွင်း ဖြစ်တည်လာနိုင်တဲ့ အခြေအနေတွေ ပါ"ဟု ပြောဆိုခဲ့သည်။

ချယ်လ်ဆီးအသင်းအနေဖြင့် ဟာဇက်အား ရောင်းချရန်ဆန္ဒမရှိသော်လည်း ဟာဇက်အတွက် ပြောင်းရွှေ့ကြေး ပေါင်သန်း ၁၀၀ ကျော်ရရှိပါက ဟာဇက်အား ရောင်းချရန် သဘောတူညီနိုင်ကြောင်း သတင်းများတွင် ဆက်လက်ရေးသားထားသည်။ ကယ်လ်ဒါရွန်က ရီးရဲအသင်းအနေဖြင့် ထိပ်တန်းကစားသမားတစ်ဦး ထပ်မံခေါ်ယူသွားရန် ရည်ရွယ်ထားခြင်းကြောင့် ငွေကြေးကိစ္စသည် ရီးရဲအတွက် ပြဿနာတစ်ရပ်မဟုတ်ကြောင်း ပြောဆိုခဲ့သည်။

ဟာဇက်(၂၆နှစ်)သည် ချယ်လ်ဆီးအသင်းနှင့် ၂၀၂၀ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်သည်။

### ပရီမီယာလိဂ်ပွဲစဉ်(၃၁)

**အင်္ဂါနေ့ (၄-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ဘန်လေ | - | စတုတ် |
| နံနက် ၁း၁၅ | လက်စတာ | - | ဆန်းဒါးလန်း |
| နံနက် ၁း၁၅ | ဝက်ဖို့ဒ် | - | ဝက်စ်ဘရွန်း |
| နံနက် ၁း၃၀ | မန်ယူ | - | အဲဗာတန် |

**ဗုဒ္ဓဟူးနေ့ (၅-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | အာဆင်နယ် | - | ဝက်စ်ဟမ်း |
| နံနက် ၁း၁၅ | ဟားလ် | - | မစ်ဒယ်ဘရော့ |
| နံနက် ၁း၁၅ | ဆွမ်ဆီး | - | စပါး |
| နံနက် ၁း၁၅ | ဆောက်သမ်တန် | - | ပဲလေ့စ် |
| နံနက် ၁း၃၀ | ချယ်လ်ဆီး | - | မန်စီးတီး |
| နံနက် ၁း၃၀ | လီဗာပူး | - | ဘုန်းမောက် |

### စပိန်လာလီဂါပွဲစဉ်(၃၀)

**အင်္ဂါနေ့ (၄-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၀၀း၀၀ | ဘီဘာအို | - | အက်စ်ပန်ညို |
| နံနက် ၂း၀၀ | ဘတ်တစ် | - | ဗီလာရီးရဲ |
| နံနက် ၂း၀၀ | အက်သလက် | - | ဆိုစီဒက်စ် |

**ဗုဒ္ဓဟူးနေ့ (၅-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၀၀း၀၀ | ဘာစီလိုနာ | - | ဆီဗီလာ |
| နံနက် ၁း၀၀ | အလာဗက်စ် | - | အိုဆာဆူနာ |
| နံနက် ၁း၀၀ | ဂီဂျွန် | - | မာလာဂါ |
| နံနက် ၁း၀၀ | ဒီပို့တီဗို | - | ဂရန်နာဒါ |
| နံနက် ၂း၀၀ | လီဂါနက်စ် | - | ရီးရဲ |

**ကြာသပတေးနေ့ (၆-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၀၀း၀၀ | အီဘာ | - | လက်စ်ပဲလ်မက်စ် |
| နံနက် ၂း၀၀ | ဗလင်စီယာ | - | ဆဲလ်တာဗီဂို |

### ပြင်သစ်ပထမတန်းပွဲစဉ်(၃၁)

**သောကြာနေ့ (၃၁-၃-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၁း၁၅ | ဂူအင်ဂမ့် | - | နန့်စီ |

**စနေနေ့ (၁-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၉း၃၀ | မာဆေး | - | ဒီဂျွန် |
| ည ၁၁း၃၀ | ဘက်စတီယာ | - | လေလီ |

**တနင်္ဂနွေနေ့ (၂-၄-၁၇)**

| | | | |
|---|---|---|---|
| ည ၇း၃၀ | ရိန်းစ် | - | လိုင်ယွန် |
| ည ၉း၃၀ | လောရီယင့် | - | ကိန်းစ် |
| ည ၉း၃၀ | မောင့်ပယ်လီယာ | - | တူးလောက်စ် |
| ည ၉း၃၀ | နန့်စ် | - | အန်ဂျာစ် |
| နံနက် ၁း၃၀ | နိုက်စ် | - | ဘော်ဒိုး |

### ဘွန်ဒက်စ်လီဂါပွဲစဉ်(၂၇)

**အင်္ဂါနေ့ (၄-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၀၀း၃၀ | ဒေါ့မွန် | - | ဟမ်းဘတ် |
| နံနက် ၀၀း၃၀ | ကိုလုံး | - | ဖရန့်ဖတ် |
| နံနက် ၀၀း၃၀ | ဝါဒါဘရီမင် | - | ရှော်လ်ကေး |
| နံနက် ၀၀း၃၀ | ဟော့ဖန်ဟိန်း | - | ဘိုင်ယန် |

**ဗုဒ္ဓဟူးနေ့ (၅-၄-၁၇)**

| | | | |
|---|---|---|---|
| နံနက် ၀၀း၃၀ | ဂလာဘတ်ချ် | - | ဟာသာဘာလင် |
| နံနက် ၀၀း၃၀ | မိန့်ဇ် | - | လိုက်ပဇစ် |
| နံနက် ၀၀း၃၀ | ဝုဖ်ဘတ် | - | ဖရိုင်းဘတ် |
| နံနက် ၀၀း၃၀ | အော့စ်ဘတ် | - | အင်ဂိုစတတ် |
| နံနက် ၀၀း၃၀ | ဒရန်စတတ် | - | လေဗာကူဆင် |

# ရေရှားပါးသော ကျေးရွာ ၂၀ ကျော်တွင် လတ်တလော ရေလှူဒါန်းခြင်းအပြင် ရေရှည် ရေရရှိရေး ဆောင်ရွက်ပေးမည်



**ဘားအံ မတ် ၃၀**
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ ရေရှားပါးပြတ်လပ်မှု ကြုံတွေ့နေရသော ကျေးရွာ ၂၀ ကျော်တွင် လတ်တလော သောက်သုံးရေ အဆင်ပြေစေရန်အတွက် ရေလှူဒါန်းခြင်းအပြင် ရေရှည်ရေရရှိရေးလုပ်ငန်းများကိုလည်း ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးဦးခင်မောင်ဝင်းက မြို့နယ်အတွင်းမှ ကျေးရွာပေါင်း ၂၀ ကျော်သည် နွေရာသီကာလတွင် သောက်သုံးရေ ရှားပါးလျက်ရှိကြောင်း၊ လက်တလော သောက်သုံးရေ ရရှိသုံးစွဲနိုင်ရေးအတွက် ရေသယ်ကားများဖြင့် လှူဒါန်းဖြန့်ဝေပေးနေပြီး ရေရှည် သောက်သုံးရေ အဆင်ပြေစေရေးအတွက်လည်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေ ကျပ် ၁၀၀ ဒသမ ၃၇၈ သန်းဖြင့် လေးလက်မ စက်ရေတွင်း ကိုးတွင်း၊ ခြောက်ပေအကျယ် လက်တူးရေတွင်း ခုနစ်တွင်းနှင့် မြေသားမိုးရေလှောင်ကန်တစ်ကန် စုစုပေါင်း ရေရရှိရေးလုပ်ငန်း ၁၇ ခုကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဘားအံမြို့နယ်တွင် သံလွင်မြစ်၊ လှိုင်းဘွဲချောင်း၊ ဂျိုင်းမြစ်၊ ဒုံသမိမြစ်၊ မဲသနချောင်း၊ မိဗိုင်းချောင်းနှင့် အင်းအိုင်များရှိသဖြင့် ကျေးရွာများမှာ ပုံမှန်အားဖြင့် နွေရာသီ ရေရှားပါးပြတ်လပ်မှု နည်းပါးသော်လည်း ၂၀၁၆ ခုနှစ် နွေရာသီက ဖြစ်ပွားခဲ့သော အယ်နီညိုရာသီဥတု နောက်ပိုင်းတွင် ကျေးရွာ ၂၀ ကျော်၌ ရေရှားပါးပြတ်လပ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခုနှစ် နွေရာသီအတွင်း လတ်တလော သောက်သုံးရေများ လှူဒါန်းပေးခြင်းအပြင် ရေရှည်အတွက် လက်တူးတွင်း၊ အဝီစိတွင်းနှင့် မြေသား မိုးရေလှောင်ကန် လုပ်ငန်းများ ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ရေရှားပါးနေသော ကျေးရွာများမှာ လှာကာ၊ ဘန့်ဘွေးကုန်း၊ အလယ်ရွာ၊ ကွီးသခေါ၊ နော်ဖားဒို၊ ဝင်းဒရယ်၊ ကရင်ဖာလင်၊ ကွန်းရွာ၊ ကော့သုန်၊ ကမား၊ ဉသျှစ်ကုန်း၊ သာမညာ၊ ကော့ကျိုက်၊ တောကြီးကုန်း၊ ငနက်ပြာ၊ ရှောက်ကုန်း၊ ကော့မူးနတ်၊ နောင်ယာဖေး၊ ကျုံဖဲ၊ ခရားအတွင်း၊ အီဟယ်ရွာကြီးနှင့် အီဟယ်ရွာလေးတို့ဖြစ်ကြောင်း သိရသည်။

ကျေးရွာများသို့ လတ်တလော သောက်သုံးရေလှူဒါန်းရာတွင် လှာကာကျေးရွာအုပ်စု လှာကာကျေးရွာတွင် တစ်ကြိမ်လျှင် ရေဂါလံ ၃၀၀၀ ဖြင့် နှစ်ကြိမ်၊ အီဟယ်ကျေးရွာအုပ်စု အီဟယ်ရွာကြီးနှင့် အီဟယ်ရွာလေးတွင် ဂါလံ ၁၅၀၀ စီ တစ်ကြိမ်၊ အထက်ကော့ရင်းကျေးရွာအုပ်စု ဉသျှစ်ကုန်းရွာတွင် ဂါလံ ၁၅၀၀ တစ်ကြိမ်၊ တကောင်ဖိုးကျေးရွာအုပ်စု အလယ်ရွာနှင့် ကွီးသခေါရွာတို့တွင် ဂါလံ ၆၀၀ စီ တစ်ကြိမ်၊ ကျုံမသွယ်ကျေးရွာအုပ်စု ဘန့်ဘွေးကုန်းကျေးရွာတွင် ဂါလံ ၃၀၀၀ တစ်ကြိမ် ရေသယ်ကားများဖြင့် ရေဖြန့်ဝေပေးပြီးဖြစ်ကြောင်း သိရသည်။

**နေမျိုးလွင်(ဘားအံ)**

# နန့်ခင့်ချောင်းထဲနှင့် ပတ်ဝန်းကျင်မှအမှိုက်များကို စုပေါင်းရှင်းလင်း

**အင်းတော် မတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ရှိ နန့်ခင့်ချောင်းထဲမှ အမှိုက်များ ဆယ်ယူခြင်းနှင့် ပတ်ဝန်းကျင်မှ အမှိုက်များ ရှင်းလင်းကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုရေးအသင်းအဖွဲ့များ စုပေါင်း၍ မတ် ၂၇ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



အင်းတော်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြတ်ကိုထွေး ဦးဆောင်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်ဝန်ထမ်းများနှင့် လူမှုရေးအဖွဲ့အစည်းများ၊ (CYAN) လူငယ်ကွန်ရက်အဖွဲ့တို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ နန့်ခင့်ချောင်းသည် အင်းတော်မြို့၏ သုံးရေအတွက် အဓိက အားကိုးအားထားပြုနေရသော အင်းတော်အင်းအတွင်းသို့ စီးဝင်နေသည့် ချောင်းတစ်ခုဖြစ်ရာ ချောင်းရေထဲတွင် အမှိုက်များရှိနေပါက အင်းအတွင်းသို့ အညစ်အကြေးများနှင့် အမှိုက်များဝင်ရောက်ပြီး အင်းတိမ်ကောသွားနိုင်ခြင်းကြောင့် ချောင်းထဲမှ အမှိုက်များကို ရှင်းလင်းခြင်းဖြစ်ကြောင်း သိရသည်။

နန့်ခင့်ချောင်းအတွင်း အမှိုက်များ မရှိစေရန်၊ အင်းတော်အင်းကြီး ရေသန့်စင်စေရန်နှင့် တိမ်ကောသွားခြင်းမရှိစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အင်းထိန်းသိမ်းရေး လုပ်ငန်းမျိုးကို အစိုးရအဖွဲ့အစည်းများ၊ မြို့မိမြို့ဖများနှင့် မြို့ပေါ်ရပ်ကွက်လေးခုရှိ ပြည်သူများ၊ လူမှုရေးအဖွဲ့အစည်းများ ပူးပေါင်းကာ လစဉ်ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

**လူအောင်(ကသာ)**

# အရည်အသွေးပြည့် စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်းသင်တန်းဖွင့်

**နေပြည်တော် မတ် ၃၀**
စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးစီမံကိန်းများဆောင်ရွက်ခြင်းအဖွဲ့အစည်း(KOPIA)တို့ ပူးပေါင်းဆောင်ရွက်နေသည့် စီမံကိန်းတွင် ပါဝင်သော ဆောင်ရွက်ချက်တစ်ခုအဖြစ် အရည်အသွေးပြည့်မီသော စပါးမျိုးကောင်းမျိုးသန့် မျိုးစေ့ထုတ်လုပ်ခြင်း နည်းပညာသင်တန်းကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ မတ် ၂၈ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန့်လွင်ဦးက ယခုသင်တန်းသည် တောင်သူများကိုယ်တိုင် မျိုးစေ့ထုတ်နိုင်စေရန် ရည်ရွယ်ပြီး စာတွေ့လက်တွေ့ သင်ကြားပေးမည့် သင်တန်းဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းကာ တောင်သူများ၏စိုက်ကွင်းများသို့ဆင်း၍ မျိုးသန့်စင်ကြောင်းထောက်ခံချက်များ ပေးသွားနိုင်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း၊ မျိုးသန့်ထုတ်လုပ်နိုင်သည့် မျိုးစေ့ထုတ်ရွာများ ဖြစ်လာစေရေးအတွက် များစွာမျှော်လင့်ကြောင်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာနသည် တောင်သူများ အကူအညီလိုအပ်ပါက ကူညီပေးရန်ရှိကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးယဉ်ထွန်းက ယခုသင်တန်းမှာ တောင်သူများအတွက် လက်တွေ့နယ်ပယ်တွင် များစွာအကျိုးရှိစေမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ သုံးဦးသုံးဖလှယ် ပူးပေါင်းဆောင်ရွက်မှုအတွက် တောင်သူများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် မြန်မာနိုင်ငံ၏ မျိုးစေ့ထုတ်လုပ်ခြင်းဆိုင်ရာ မူဝါဒများနှင့် မျိုးစေ့ဥပဒေများ၊ စပါးမျိုးကောင်းမျိုးသန့် ထုတ်လုပ်ခြင်း၊ မိဘမျိုးစေ့ ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းချိန်နည်းပညာများအကြောင်း၊ စပါးပင်တွင် ကျရောက်သော ဖျက်ပိုးများနှင့် ရောဂါများ၊ ပေါင်းမြက်နှိမ်နင်းခြင်း၊ စပါးစိုက်ပျိုးထုတ်လုပ်ရာတွင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စပါးမျိုးစေ့ထုတ်လုပ်ရာတွင် သတိပြုရမည့်အချက်များ စသည့် အကြောင်းအရာများကို သက်ဆိုင်ရာပညာရှင်များက စာတွေ့လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ တောင်ငူ၊ အုတ်တွင်း၊ ရေတာရှည်၊ ဖြူး၊ ထန်းတပင်နှင့် ကျောက်ကြီးမြို့နယ်များမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# ညောင်ချောင်းသာကမ်းခြေတွင် အမှိုက်စွန့်ပစ်မှု စနစ်တကျဖြစ်အောင် ထိန်းသိမ်းရန်လိုအပ်နေ

**ရန်ကုန် မတ် ၃၀**
ဧရာဝတီမြစ်ကြီး၏ သဘာဝ လက်ဆောင်တစ်ခုဖြစ်သော ညောင်တုန်းမြို့နယ် ရန်ကင်းစံရာ အနောက်ဘက်ရှိ ညောင်ချောင်းသာ အပန်းဖြေစခန်းတွင် ကျောင်းပိတ်ရာသီဖြစ်၍ လာရောက်အပန်းဖြေ ရေကူးကြသူများဖြင့် စည်ကားလျက်ရှိရာ ကမ်းခြေနေရာအသစ် သောင်ပြင်စပ်တွင် ရေသန့်ဘူးခွံ၊ အရက်ပုလင်းခွံ၊ ပလတ်စတစ်အိတ်ခွံနှင့် ဖော့ဘူးများ စသည့် စွန့်ပစ်အမှိုက်များက ကမ်းခြေ၏ အလှကို ပျက်စီးစေသလို လာရောက်အပန်းဖြေသူများ ကျန်းမာရေးနှင့်ညီညွတ်စွာ အပန်းဖြေ အနားယူနိုင်ရန်အတွက် စွန့်ပစ်အမှိုက်များကို စည်းကမ်းတကျ ထိန်းသိမ်းဆောင်ရွက်ရန်လိုအပ်ကြောင်း လာရောက်အပန်းဖြေသူအချို့က ဝေဖန်ပြောဆိုလျက်ရှိသည်။

"သောင်ပြင်အသစ်ဖြစ်တဲ့အပြင် နေရာလည်းကျယ်တယ်။ ရေပြင်ကလည်း မနက်ဘဲ ကျယ်တယ်ဆိုတော့ အားလုံး သဘောကျကြပါတယ်။ ပြောစရာက စွန့်ပစ်အမှိုက်တွေကို ထိန်းသိမ်းမှု အားနည်းတယ်။ ရေကစားချင်လို့လာကြတာ။ ရေပြင်မှာ စားသောက်ထားတဲ့ ဖော့ဘူးတွေ၊ ကမ်းစပ်မှာ အရက်ပုလင်းတွေ၊ ပလတ်စတစ်အိတ်တွေနဲ့ဆိုရင် ရေဆော့တဲ့ကလေးတွေ ကျန်းမာရေးအတွက် အဆင်မပြေနိုင်ဘူး။ ကလေးတွေ အပန်းဖြေရေဆော့တဲ့အခါမှာ ကျန်းမာရေးနဲ့ညီတဲ့ သောင်ပြင်မျိုး ဖြစ်စေချင်တယ်"ဟု မိသားစုရေကစားရန် ညောင်ချောင်းသာသို့ သွားရောက်ခဲ့သော တာမွေမြို့နယ်နေပြည်သူတစ်ဦးက ပြောသည်။

ရန်ကင်းစံရာအနောက်ရှိ သောင်ပြင်တွင် အပန်းဖြေစခန်း ဖွင့်လှစ်ထားသောနေရာမှာ ယခုနှစ်မှစဖွင့်သော အပန်းဖြေစခန်းအသစ် ဖြစ်သည်။ ညောင်ချောင်းသာ အပန်းဖြေစခန်းကို ၂၀၁၃ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့ပြီးနောက် ယမန်နှစ်က နေရာဟောင်း သောင်စပ်ရေပြင်တွင် ဘီယာဘူးခွံ၊ အချိုရည်ဘူးခွံ၊ ရေသန့်ဘူးခွံများကို ရေကစားသူများ နင်းမိကာ ကလေးငယ်များအတွက်လည်း အန္တရာယ်ရှိသောကြောင့် ကလေးငယ်များကို ခေါ်ဆောင်လာမှု နည်းသွားခဲ့ပြီး ယခုနှစ်မှ ဖွင့်လှစ်သည့် သောင်ပြင်အသစ်တွင်လည်း စွန့်ပစ်အမှိုက်များ ပွနေသောကြောင့် ရန်ကုန်မြို့မှလာရောက်၍ အပန်းဖြေရေကစားသော ကလေးမိဘများက ဝေဖန်ပြောဆိုနေကြခြင်းဖြစ်သည်။

သဘာဝကဖန်တီးပေးသော ညောင်ချောင်းသာ ရေချိုသောင်ပြင်တွင် မြင်တွေ့နေရသည့် စွန့်ပစ်ပစ္စည်းများကို ဒေသခံ တာဝန်ရှိသူများက စည်းစနစ်ကျစွာ ရှင်းလင်းသိမ်းဆည်းပေးခြင်းဖြင့် သင်္ကြန်ကာလအတွင်း လာရောက်အပန်းဖြေမည့်သူများအတွက် အဆင်ပြေစေမည်ဖြစ်ကြောင်း၊ စွန့်ပစ်အမှိုက်များကို ရှင်းလင်းရာတွင်လည်း သောင်ပြင်တွင် ကျင်းတူးမြှုပ်နှံခြင်းထက် စွန့်ပစ်အမှိုက်ပုံသို့ ပို့ဆောင်ခြင်းဖြင့်လည်းကောင်း၊ မီးရှို့ဖျက်ဆီးခြင်းဖြင့်လည်းကောင်း ရှင်းလင်းသင့်ကြောင်း၊ သို့မှသာ ကမ်းခြေသို့ လာရောက်အပန်းဖြေကြသူများအတွက် ကျန်းမာရေးထိခိုက်မှု မဖြစ်စေသည့်အပြင် မြစ်ကြောင်းသာယာလှပရေးကိုလည်း ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း လာရောက်လည်ပတ်သူအချို့က အကြံပြုပြောကြားသည်။

(၁၆၄)



# သက်ကြီးရွယ်အိုများ ကူညီထောက်ပံ့ရေးအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲကျင်းပ

**အင်းတော် မတ် ၃၀**
စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်အတွင်းမှ ဘိုးဘွားများအား ငွေကြေးထောက်ပံ့မှုပေးနေသည့် အဖွဲ့ဖြစ်သော ဖြူစင်မေတ္တာ အားကိုးရာမဲ့ သက်ကြီးရွယ်အိုများ ကူညီထောက်ပံ့ရေးအသင်း၏ ဆိုင်းဘုတ်တင်ပွဲနှင့် ရုံးခန်းဖွင့်ပွဲကို ရုံးတည်ရှိရာ အောင်ချမ်းသာရပ်ကွက် ဗိုလ်ချုပ်လမ်းနှင့် ရွှေပြည်သာလမ်းထောင့်ရှိ ကိုမင်းလွင်ဦး၏နေအိမ်၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည်။

အင်းတော်မြို့နယ်အတွင်း နေထိုင်ပြီး အမှန်တကယ် အားကိုးရာမဲ့(ခိုကိုးရာမဲ့)ဖြစ်နေသည့် သက်ကြီးဘိုးဘွားများအား လစဉ် ငွေကြေးထောက်ပံ့ပေးနိုင်ရန်အတွက် ဖြူစင်မေတ္တာအသင်းက ဆောင်ရွက်လျက်ရှိကာ မြို့နယ်အတွင်းမှ ခိုကိုးရာမဲ့ သက်ကြီးဘိုးဘွားများကိုလည်း ဆက်လက်စုံစမ်းရှာဖွေပြီး ငွေကြေးထောက်ပံ့မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြူစင်မေတ္တာအသင်း အလုပ်အမှုဆောင် ကိုဝင်းဦးက ပြောကြားသည်။

ဖြူစင်မေတ္တာအသင်းကို ၂၀၁၅ ခုနှစ် စက်တင်ဘာလအတွင်းက စတည်ဖွဲ့စည်းခဲ့ပြီး ထိုအချိန်မှစ၍ ခိုကိုးရာမဲ့ ဘိုးဘွားများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ရာ လက်ရှိအချိန်တွင် ကျန်တောကျေးရွာ၊ တုံးပုံကျေးရွာ၊ နားရခေါင်ကျေးရွာ၊ ကြာအင်းကျေးရွာ၊ သက္ကယ်ကျင်းကျေးရွာ၊ ကျောက်အိုးရွာ၊ တာပေါကျေးရွာ၊ ကျွဲကောလေးကျေးရွာနှင့် အင်းတော်မြို့ အောင်မင်္ဂလာရပ်ကွက်တို့မှ အသက် ၇၀ ကျော် ဘိုးဘွားကိုးဦးအား တစ်ဦးလျှင် ကျပ်တစ်သောင်းခွဲစီ လစဉ်ထောက်ပံ့ပေးလျက်ရှိကြောင်းနှင့် အသင်းသို့ ငွေကြေးအထောက်အပံ့များလည်း ပါဝင်လှူဒါန်းနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ခင်မောင်ဆွေ(မော်လူး)**

# မကွေးတိုင်းဒေသကြီးအတွင်း နိုင်ငံတကာအဆင့်မီ ကယ်ဆယ်ရေးပစ္စည်းများဖြင့် ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေ

**မကွေး မတ် ၃၀**

လူ့စွမ်းအားဖြင့်ကယ်တင်ရန်ခက်ခဲသော အန္တရာယ်ကြုံတွေ့ရမှုများ၌ ကယ်ဆယ်ရေးဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် နိုင်ငံတကာအဆင့်မီ နယ်သာလန်နိုင်ငံထုတ် ကယ်ဆယ်ရေးပစ္စည်းများကို မကွေးတိုင်းဒေသကြီးအတွင်းရှိ မီးသတ်စခန်းများတွင် ဖြန့်ကြက်ထားရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီးအတွင်း နိုင်ငံတကာသုံး ကယ်ဆယ်ရေးပစ္စည်း ၁၀ စုံ ထားရှိနိုင်ခဲ့ပြီး ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ခြောက်စုံ ထပ်မံဖြည့်တင်းနိုင်ခဲ့ကာ မကွေးတိုင်းဒေသကြီး မီးသတ်စခန်းတွင် နှစ်စုံ၊ မကွေးခရိုင်မီးသတ်စခန်းတွင် သုံးစုံ၊ ပခုက္ကူခရိုင်မီးသတ်စခန်းတွင် သုံးစုံ၊ သရက်ခရိုင်၊ မင်းဘူးခရိုင်နှင့် ဂန့်ဂေါခရိုင် မီးသတ်စခန်းများတွင် တစ်စုံစီ၊ တောင်တွင်းကြီး၊ အောင်လံ၊ ချောက်၊ ပေါက်နှင့် စလင်းမြို့နယ် မီးသတ်စခန်းများတွင် တစ်စုံစီ ဖြန့်ကြက်ထားရှိကြောင်း တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

ကယ်ဆယ်ရေးပစ္စည်းတစ်စုံတွင် Hydraulic Cutter (ဖြတ်တောက်ကိရိယာ)၊ Hydraulic Spreader (ဆွဲချဲ့ဖြန့် ကိရိယာ)၊ Hydraulic Ram (ထောက်ကန်ကိရိယာ)၊ Hydraulic Pump(အထက်ပါ ကိရိယာသုံးမျိုးကို ပါဝါပေးသည့် ကိရိယာ)၊ Safety Pen (မှန်ခွဲကိရိယာ)၊ Lifting Bags(High Pressure)(မော်တော်ယာဉ်နှင့် အစိတ်အပိုင်းများကြားတွင် ပိနေလျှင် အသုံးပြုသည့် မတင်ကိရိယာ)၊ Power Cutter (သံပြားများဖြင့်ပိတ်ကာထားသည့် နေရာများကို ဖြတ်တောက်သည့်ကိရိယာ)ဟု ပစ္စည်းခုနစ်မျိုး ပါဝင်သည်။

"ယာဉ်တိုက်မှုတွေမှာ ကားခေါင်းထဲ ညပ်နေရင်၊ လေးလံတဲ့ ဆွဲဆန့်ဖို့မလွယ်တဲ့ ပစ္စည်းတွေကြား ရောက်နေရင် လူ့စွမ်းအားသက်သက်နဲ့ ကယ်ဖို့မလွယ်ပါဘူး။ ကယ်ဆယ်ရေးပစ္စည်းတွေကြောင့်သာ အလွယ်တကူ ကယ်တင်မှုတွေ လုပ်ဆောင်နိုင်ခဲ့ပါတယ်"ဟု ကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သူ ကိုနိုင်ဝင်းထွန်းက ပြောသည်။



ဆီဘောက်ဆာကားနှင့် အခြားယာဉ်တစ်စီးတိုက်မှုတွင် ကားအတွင်းညပ်နေသူကို ကယ်ဆယ်နေစဉ်

ခေတ်မီကယ်ဆယ်ရေးပစ္စည်းများ အသုံးပြု၍ မကွေးလေတပ်စခန်းဌာနချုပ် အရှေ့နားတွင် ဆီဘောက်ဆာကားနှင့် အခြားမော်တော်ယာဉ်တစ်စီး တိုက်မိသည့်ဖြစ်စဉ်၌ ကားခေါင်းခန်းထဲ ညပ်နေသည့် ဆီဘောက်ဆာယာဉ်မောင်းကိုလည်းကောင်း၊ အောင်လံမြို့နယ်တွင် သံချောင်းများတင်လာသည့် ၂၂ ဘီးကားနှင့် ခရီးသည်တင်ယာဉ်တစ်စီး တိုက်မိသည့်ဖြစ်စဉ်၌ ကားထဲတွင် ညပ်နေသော ခရီးသည်များကိုလည်းကောင်း၊ Hiject ကား ချောက်ထဲပြုတ်ကျ၍ ကားခေါင်းထဲတွင် ယာဉ်မောင်းညပ်နေသည့် ဖြစ်စဉ်နှစ်ခုတွင်လည်းကောင်း၊ ချောက်-ငွေချို ကားလမ်းပေါ်တွင် ၂၂ ဘီးကား သုံးစီးတိုက်မှု၌ ညပ်ပိတ်မိနေသော ယာဉ်နောက်လိုက်ကိုလည်းကောင်း ကယ်တင်နိုင်ခဲ့ပြီး အခြားယာဉ်တိုက်မှုတစ်ခုတွင် အသက်မဲ့ခန္ဓာကိုယ်များကို ဆွဲထုတ်ပေးနိုင်ခဲ့ကြောင်း ကယ်ဆယ်ရေးအဖွဲ့ထံမှ သိရသည်။

ယာဉ်မတော်တဆမှုများသာမက လှျပ်စစ်ဓာတ်အားပြတ်တောက်၍ ဓာတ်လှေကားထဲတွင် ပိတ်မိနေသော ဖြစ်စဉ်မျိုးကဲ့သို့ လူအားဖြင့် မစွမ်းနိုင်သော၊ ဖယ်ရှားရန်ခက်ခဲသော အတားအဆီးများကြား ရောက်နေလျှင်လည်း မီးသတ်စခန်း အရေးပေါ် ၁၉၁ နံပါတ်များသို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

အဆိုပါ ကယ်ဆယ်ရေးပစ္စည်းများကို အသုံးပြုမည့် ဝန်ထမ်းများအနေဖြင့် ကျွမ်းကျင်စွာ ကိုင်တွယ်အသုံးပြုတတ်စေရန် အတွက်လည်း နယ်သာလန်နိုင်ငံမှ ပညာရှင်များကိုယ်တိုင် လာရောက်လေ့ကျင့်ပေးခဲ့ပြီး ထိုမှတစ်ဆင့် မီးသတ်တပ်ဖွဲ့များမှ ကယ်ဆယ်ရေးဝန်ထမ်းများအား ဆင့်ပွားသင်တန်းများကိုလည်း ဆက်လက် ပို့ချပေးထားခဲ့ပြီးဖြစ်ကြောင်း မကွေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ သိရသည်။

**ဇေယျာတု(မကွေး)**



## ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ် စီမံခန့်ခွဲမှုဆိုင်ရာ ပညာပေးဆွေးနွေးပွဲကျင်းပ

**ကျောက်မဲ မတ် ၃၀**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ကြီးမှူး၍ ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ် စီမံခန့်ခွဲမှု အသိပညာပေးဆွေးနွေးပွဲကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၆) ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၈ ရက်က ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် လားရှိုးမြို့ရှိ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဒေါ်အေးမင်းမင်းစံက ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေးဖြစ်ရပ်များ၊ စီမံခန့်ခွဲမှုနှင့်ပတ်သက်သည့်အချက်များ၊ ကလေးသူငယ်အခွင့်အရေး ဆိုင်ရာများ၊ ကလေးသူငယ်ဥပဒေပါ ပြစ်မှုပြစ်ဒဏ်များ၊ ကလေးသူငယ်ဥပဒေအကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## ရေလိုအပ်ချက်ရှိသောကျေးရွာများသို့ သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးနေ

**ကျောက်ပန်းတောင်း မတ် ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းမှ ရွာလုကျေးရွာနှင့် ပေါက်သစ်ကျေးရွာတို့တွင် ရေရှားပါးပြတ်လပ်လာသဖြင့် ဒေသခံပြည်သူများ သောက်သုံးရေ အခက်အခဲ မဖြစ်စေရန်အတွက် ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် သောက်သုံးရေများကို ရေသယ်ကားများဖြင့် သွားရောက်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

ရွာလုကျေးရွာနှင့် ပေါက်သစ်ကျေးရွာတို့သည် နှစ်စဉ် နွေရာသီကာလ ရောက်တိုင်း သောက်သုံးရေ ရှားပါးပြတ်လပ်မှု ကြုံတွေ့ရလေ့ရှိကြောင်း၊ မိုးတွင်းနှင့် ဆောင်းတွင်းကာလများတွင် ရွာအနီးဝန်းကျင်မှ မိုးရေလှောင်ကန်များကို မှီခိုအားထားခဲ့ကြသော်လည်း နွေရာသီရောက်လျှင် မိုးရေလှောင်ကန်များမှာ ရေခန်းခြောက်လာပြီး သောက်သုံးရေပြတ်လပ်မှု ဖြစ်လေ့ရှိကြောင်း၊ ရွာလုကျေးရွာတွင် လူဦးရေ ၁၅၀၀ ကျော်နှင့် ပေါက်သစ်ရွာတွင် လူဦးရေ တစ်ထောင်နီးပါးရှိပြီး ကျေးရွာနေပြည်သူများ ရေခက်ခဲပြတ်လပ်မှု မရှိစေရန်အတွက် မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်မြင့်ဝင်းနှင့် ဝန်ထမ်းများက မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်ဦးစီးဌာနတို့ထံမှ အကူအညီရယူ၍ တစ်ရွာလျှင် ရေဂါလန် ၃၂၀၀ စီ ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း သိရ သည်။



အဆိုပါ ကျေးရွာနှစ်ရွာတွင် နွေရာသီရေပြတ်လပ်မှု မရှိစေရန်အတွက် သက်ဆိုင်ရာဌာနများက စက်ရေတွင်းများ တူးဖော်ပေးခဲ့သော်လည်း မြေအနေအထားအရ ရေချိုထွက်ရှိခြင်းမရှိဘဲ အချဉ်ဓာတ်၊ အခါးဓာတ်များ လွန်ကဲနေပြီး အရောင်မှာလည်း အဝါရောင်ရေများသာ ထွက်ရှိသဖြင့် ကျေးရွာနေပြည်သူများက မသုံးစွဲကြ၍ ထိန်းသိမ်းမှုကင်းမဲ့ကာ တူးဖော်ပြီးသော စက်ရေတွင်းများမှာလည်း ပျက်စီးခဲ့ရကြောင်း ကျေးရွာနေဒေသခံတစ်ဦးက ပြောသည်။

**နေအောင်(ပြန်/ဆက်)**



## စားသုံးသူအခွင့်အရေး ကာကွယ်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မိတ္ထီလာ မတ် ၃၀**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မိတ္ထီလာမြို့နယ် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ "စားသုံးသူအခွင့်အရေး မဆုံးရှုံးစေရေး ဝိုင်းဝန်းကာကွယ်ပေး"ခေါင်းစဉ်ဖြင့် အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၉ ရက်က မိတ္ထီလာမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မိတ္ထီလာခရိုင် အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံက အမှာစကားပြောကြားပြီး မန္တလေးတိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် စားသုံးသူအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ဝိုင်းဝန်းကာကွယ်ပေးရေးဆိုင်ရာများကို တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပါမောက္ခဒေါက်တာအောင်မြင့်က ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်ဦးက စားသုံးသူအခွင့်အရေး မဆုံးရှုံးစေရေးအတွက် ဌာနမှ ဆောင်ရွက်နေမှုများနှင့် စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များ၊ စားသုံးသူများက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးရေးတို့ကို ရှင်းလင်းဆွေးနွေးခဲ့ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ကြသည့် ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြကာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

# ကုန်တင်ယာဉ်ကြီးများ မြို့တွင်းမှသွားလာဖြစ်သန်းနေ၍ ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်လာ

**ပြင်ဦးလွင် မတ် ၃၀**

ပြင်ဦးလွင်မြို့တွင် မန္တလေးဘက်မှအဝင် အနီးစခန်းမှလည်းကောင်း၊ လားရှိုးမြို့အထွက် မဟာအံ့ထူးကံသာ (ပြည်ချစ်) ဘုရားကြီးအနီးမှ သော်လည်းကောင်း မြို့ရှောင်လမ်းအဖြစ် ဖောက်လုပ်၍ ကုန်တင်ယာဉ်ကြီးများကို သွားလာခွင့်ပြုထားပြီး ဖြစ်သော်လည်း ကုန်တင်ယာဉ်ကြီးများစွာ ယနေ့အထိ မြို့တွင်းမှ ဖြတ်သန်းသွားလာလျက်ရှိနေကြောင်း သိရသည်။

"ကုန်တင်ယာဉ်ကြီးတွေက မြို့ရှောင်လမ်းကနေ မသွားကြဘဲ မြို့တွင်းကနေ သွားနေကြတော့ မြို့ထဲမှာ မလိုအပ်ဘဲ ယာဉ်ကြောကျပ်တာတွေ၊ ယာဉ်ကြောပိတ်တာတွေ ဖြစ်ကုန်ပြီး မြို့ရှောင်လမ်းကနေ သွားခွင့်ပြုထားပြီးဖြစ်လို့ မြို့တွင်းကနေ သွားလာနေကြတဲ့ ယာဉ်ကြီးတွေကို စည်းကမ်းတကျ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်စေချင်ပါတယ်။ ဒါမှလည်း မြို့တွင်းမှာ ယာဉ်အန္တရာယ်ကင်းဝေးသွားတော့မှာပါ"ဟု ယာဉ်ငယ်မောင်းနေသူတချို့က ပြောခဲ့သည်။



ယခုအခါ အဆိုပါ ကုန်တင်ယာဉ်ကြီးများအား အကန့်အသတ်ဖြင့်သာ သွားလာခွင့်ပြုတော့မည် ဖြစ်ကြောင်း သိရသည်။

ပြင်ဦးလွင် မြို့ရှောင်လမ်းသည် မဟာအံ့ထူးကံသာ(ပြည်ချစ်) ဘုရားကြီးမှ အနီးစခန်းအထိ ၁၂ မိုင် ရှည်ကာ နိုင်လွန်ကတ္တရာလမ်းသစ် လေးလမ်းသွားဖြစ်ပြီး မြို့ရှောင်လမ်းမှ မောင်းနှင်ခြင်းကြောင့် အချိန်ကုန်သက်သာခြင်းနှင့် ခရီးတိုတောင်းခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။ **သက်နိုင်(ပြင်ဦးလွင်)**

## တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၃၀**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင် ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်းထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၁၇ ခုနှစ် ဧပြီ ၁ ရက်မှစပြီး ၂၀၁၇ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ 'ဝ'ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကယားဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ မွန်းလွဲ ၂ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ မွန်းလွဲ ၃ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၄ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ၅ နာရီအထိ ချင်း(ချိုး)ဘာသာအစီအစဉ်၊ ညနေ ၅ နာရီမှ ၇ နာရီအထိ မွန်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ ရှမ်းဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

## ကင်းခြေရွာသစ်နှင့်ကျောက်ကြီးပေါက်ရွာ ၂၄ နာရီလျှပ်စစ်မီးရရှိ

**မအီ မတ် ၃၀**

ရခိုင်ပြည်နယ်သံတွဲခရိုင် မအီမြို့နယ်ရှိ ကင်းခြေရွာသစ်ရွာနှင့် ကျောက်ကြီးပေါက်ကျေးရွာများ၌ မတ်လအတွင်းတွင် လျှပ်စစ်မီး ၂၄ နာရီ ဓာတ်အားအပြည့်အဝရရှိနေပြီဖြစ်ကြောင်းသိရသည်။ အဆိုပါ ကင်းခြေရွာသစ်တွင် အိမ်ခြေ ၆၄အိမ်ရှိကာ ထရန်စဖော်မာ ၅၀ကေဗွီအေ တစ်လုံး၊ ကျောက်ကြီးပေါက်ရွာတွင် အိမ်ခြေ ၇၅အိမ်ရှိပြီး ထရန်စဖော်မာ ၁၀၀ကေဗွီအေ တစ်လုံးဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲနေကြပြီဖြစ်သည်။ ထပ်မံ၍လျှပ်စစ်မီးရရှိရန် ကျန်ရှိနေသေး သောကျေးရွာများသို့ ခရိုင်လျှပ်စစ်အင်ဂျင်နီယာ ဦးသက်တင်ဇော်က အနီးကပ် ကြီးကြပ်ပြီး လျှပ်စစ်ဝန်ထမ်းများက လျှပ်စစ်မီတာအိုးများ စနစ်တကျတပ်ဆင်ထားရှိမှု ရှိ/မရှိနှင့် လျှပ်စစ်နှင့်ဆက်စပ်သော လုပ်ငန်းကိစ္စရပ်များကို အထူးအလေးအနက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း မတ် ၂၉ ရက်က မြို့နယ်လျှပ်စစ်မှူးထံမှ သိရသည်။

**အောင်လှဖြူ**

## ဆည်ရေဖြင့် စိုက်ပျိုးခဲ့သော နွေစပါးစိုက်ခင်းများ အောင်မြင်

**ဖြူး မတ် ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ်ရှိ ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်း လက်ယာမြောင်းခွဲမှ ဇယားချောင်းအတွင်းသို့ ထုတ်လွှတ်ပေးသော ဆည်ရေအား အမှီပြု၍ လှသင်းမောင် ကျေးရွာအတွင်းရှိ ကျေးရွာခွဲများဖြစ်ကြသည့် ထန်းပင်ကုန်းရွာ၊ လိပ်ဥကွင်းရွာ၊ ကျောက်စောင်းရွာနှင့် ကင်မွန်းခြံရွာတို့မှ စိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများမှာ ယခုအချိန်တွင် အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

အဆိုပါအောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် နွေစပါးစိုက်ခင်းများကို မတ် ၂၇ ရက် နံနက်ပိုင်းက ဖြူးချောင်းရေလှောင်တမံ ဘက်စုံစီမံကိန်းမှ ဦးစီးအရာရှိ ဗိုလ်ဗိုလ်ဇော် ဦးဆောင်သော အဖွဲ့တို့က နွေစပါးစိုက်ခင်းများအရောက် ကွင်းဆင်းသွားရောက်ကြပြီး ဆည်ရေဖြင့် နွေစပါးများ စိုက်ပျိုးရာတွင် ဆည်ရေဖူလုံစွာ ရရှိမှုအခြေအနေများကို မေးမြန်းဆွေးနွေးကြသည်။ ထိုသို့ ဆွေးနွေးရာတွင် ယခုအခါ ရေပေးတူးမြောင်းများ မပြီးသေးမီ ဇယားချောင်းမှ တစ်ဆင့် ယာယီထုတ်လွှတ်ပေးသော ဆည်ရေများ လုံလောက်စွာရရှိကြသဖြင့် ယခုနှစ် နွေစပါးစိုက်ပျိုးလျက်ရှိသည့် တောင်သူ ၁၈ဦးတို့က စိုက်ဧက ၁၂၁ ဧကတို့ကို စိုက်ပျိုးလျက်ရှိကြောင်း တောင်သူ ဦးမြင့်ရွှေက ပြောကြားသည်။ ယင်းသို့ နွေစပါးများ အောင်မြင်မှုရှိသည့်အတွက် အခြားသော ကျေးရွာများရှိ တောင်သူများလည်း လာမည့်နှစ် နွေရာသီ ကာလများတွင် တိုးချဲ့စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း သိရသည်။

**ဖြူးမြင့်ဦး**







ယနေ့ဖွံ့ဖြိုးတိုးတက်လာသော ခေတ်နှင့်အညီ လူနေမှုအဆင့်အတန်းနေထိုင်မှုပုံစံများဟာ ပြောင်းလဲလို့လာနေပါပြီ။ ခေတ်မီလှပသန့်ရှင်းပြီး အဆင့်အတန်းမြင့်မားသော လူနေမှုပုံစံများအတွက် သင့်နှင့်အတူ ထူးခြားခမ်းနားစွာ ပြောင်းလဲပေးနိုင်မယ့် Living Square Showroom အသစ်ကြီးကို ပြန်လည်ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ အိမ်ခန်း၊ ဧည့်ခန်း၊ ထမင်းစားခန်း အပါအဝင် အိမ်တအိမ်ရဲ့ လိုအပ်ချက်များ၊ Office Bank၊ Hotel အပါအဝင်အခြားသော လုပ်ငန်းတိုင်းအတွက် လိုအပ်သည့် ထူးခြားကောင်းမွန်သော လူနေမှုပစ္စည်းများအားလုံးကို တနေရာတည်းမှာ ပြီးပြည့်စုံစွာရရှိမည့် Living Square Showroom အသစ်ကြီးကို April လ ၁ရက်နေ့တွင် အမှတ်(၃၅) ၇မိုင်ပြည်လမ်းတွင် Grand Opening ကိုနံနက် ၁၀နာရီမှ ည၈နာရီအထိကျင်းပသွားမှာ ဖြစ်ပြီးထူးခြားသော Promotionများ၊ ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာအစီအစဉ်များ နှင့် ကျင်းပသွားမည်ဖြစ်သောကြောင့် လက်လွတ်မခံပဲအရောက်လှမ်းခဲ့ဖို့ နွေးထွေးစွာဖိတ်ခေါ်လိုက်ပါတယ်။

# (၃၈) နှစ်ပြည့် မွေးနေ့မင်္ဂလာ ဆုမွန်လွှာ
# နိုင်မိသားစု အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေး ကုမ္ပဏီလီမိတက်၏ နာယက
# အနန္တဂိုဏ်းဝင် ကျေးဇူးရှင် "မိစင်ကြီး သုစမ္မသိဂီ ဒေါ်ညွန့်ညွန့်" ၏

မြန်မာသက္ကရာဇ် ၁၃၇၈ ခုနှစ်၊ တန်ခူးလဆန်း (၄) ရက်၊ (၃၁-၃-၂၀၁၇) ရက် (သောကြာနေ့) တွင် ကျရောက်သော မွေးနေ့မှသည် ရတုအဆက်ဆက်တိုင်အောင် စိတ္တသုခ၊ ကာယသုခ နှစ်ဖြာသော ချမ်းသာခြင်းတို့နှင့် ပြည့်စုံပြီးလျှင် လူမှုရေးအကျိုး၊ ဘာသာ၊ သာသနာအကျိုးတို့ကို ကျန်းကျန်းမာမာဖြင့် ဆောင်ရွက်နိုင်၍ သာယာချမ်းမြေ့သော မိသားစု ဘဝခရီးလမ်းကို ချစ်သောခင်ပွန်း၊ သားသမီး၊ မြေးများနှင့်အတူ အသက်ထက်ဆုံးပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ချစ်ခင်ပွန်း – **ဦးထွန်းဖေ (နာယက) နိုင်မိသားစု ကုမ္ပဏီလီမိတက်**

ချစ်သားသမီးများ –

၁။ ဦးမြင့်နိုင် + ဒေါ်အေးအေးနိုင်
**(Naing One Construction Materials Trading Co.,Ltd.)**

၂။ ဦးသက်နိုင် + ဒေါ်စောစောခိုင်
**(Naing Mahar Mandalay Trading Co., Ltd. )**

၃။ ဒေါက်တာအေးအေးနိုင်
(တွဲဖက်ပါမောက္ခ – သမိုင်းဌာန၊ ဟသ်ာတတက္ကသိုလ်)

၄။ ဦးဝင်းနိုင် + ဒေါ်နှင်းလဲ့ကြည်ပြာ
**Yoon Iron Steel Trading Co.,Ltd.**
"ကိုဝင်းနိုင်" ကာလာစတီးနှင့်သွပ်ပြားဖြန့်ချိရေး

၅။ ဦးထွန်းထွန်းနိုင် **( Managing Director )**
**( Nyunt Myint Mo Industrial Co.,Ltd.)**

၆။ ဒေါက်တာငွေငွေနိုင်
(ကထိက – ဓာတုဗေဒဌာန၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်)

၇။ ဦးမျိုးမင်းနိုင် + ဒေါ်ရွှေဇင်ငွေ
**(Naing Seven Construction Materials Trading Co.,Ltd.)**

၈။ ဦးသန်းနိုင် **(Managing Director)**
**Naing Family Construction Materials Trading Co.,Ltd.**
"နိုင်မိသားစု" ကာလာစတီးအမိုးနှင့် သွပ်ပြားဖြန့်ချိရေး

၉။ ဦးမျိုးမြင့် + ဒေါ်သန္တာဝင်း
**Myo Naing - Nine Int'l Trading Co.,Ltd.**
**"Naing - Nine"** သံချောင်းနှင့် ဘိလပ်မြေဖြန့်ချိရေး

၁၀။ ဦးဖြိုးဝေနိုင် + ဒေါက်တာနန်းခင်ဝတ်ရည်
**Naing New Generation Trading Co.,Ltd.**
ဟော်လိုပိုက်နှင့် အိမ်ဆောက်ပစ္စည်းအမျိုးမျိုးဖြန့်ချိရေး

ချစ်မြေးများ – ဝိုင်းဝိုင်း၊ ကစ်ကစ်၊ ခစ်ခစ်၊ ဂါးဂါး၊ ကူကူး၊ ကိုအုပ်၊ စနိုး၊ ယွန်းယွန်း၊ ဖိုးလပြည့်၊ ကိုခန့်၊ အူဝဲ၊ ဆုနဒီနိုင်၊ လဝန်း၊ တုန်တုန်၊ သီဟ၊ ပိုင်ပိုင်၊ ရွှန်းရွှန်း။

## သဘာဝဆိတ်ငြိမ်ရိပ်သာ သင်္ကြန် ( ၇ ) ရက် တရားစခန်း

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ တောင်စွန်းကျေးရွာ၊ ဝိဝေကာဝါသကျောင်းတိုက် သဘာဝဆိတ်ငြိမ်ရိပ်သာ၌ မဟာစည်ဆရာတော်ဘုရားကြီး၏ ရှုမှတ်နည်းအတိုင်း ၂၀၁၇ ခုနှစ်၊ ဧပြီလ (၁၂) ရက်မှ (၁၉) ရက်ထိ သတိပဋ္ဌာန်ဝိပဿနာတရားများကို ဟောပြောပြသပါမည်။ ယောဂီဦးရေ ကန့်သတ်ထားသဖြင့် ဧပြီ (၉) ရက်နောက်ဆုံးထား၍ ကြိုတင်စာရင်းပေးသွင်းရမည်။ ဧပြီ (၁၂) ရက် ညနေ (၅) နာရီအရောက် လာရမည်။ ရန်ကုန်ယောဂီများကို ကားဖြင့် အကြိုအပို့ ပြုလုပ်ပေးမည်။ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်၊ ကြေးသွန်းဘုရားကြီး ရှေ့တွင် ဧပြီ (၁၂) ရက်နေ့ နံနက် (၈:၀၀) နာရီအချိန် ကားဖြင့် ကြိုပါမည်။ အရဏ်ဆွမ်း၊ နေ့ဆွမ်းများကို ဆက်ကပ်လှူဒါန်းနိုင်ပါသည်။ ဆက်သွယ်ရန်ရိပ်သာဖုန်း- 098626998 ၊ အကျိုးတော်ဆောင် ဦးရွှေဘော် ဖုန်း - 09254449207


## ဖယ်ခုံမြို့နယ်၊ လကျိန်ခွဲ့ကျေးရွာ၊ အေးငြိမ်းနန္ဒာစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့် တိုင်းရင်းသားရဟန်း၊ သာမဏေ၊ သီလရှင်အပါး ၂၀၂၀တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းပွဲအလှူတော်မင်္ဂလာ အောင်မြင်ခြင်းအတွက် ကျေးဇူးဥပကာယတင်ရှိလွှာ

နိုင်ငံတော်သြဝါဒါစရိယ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)သြဝါဒါစရိယ၊ (ဒွိပိဋကဓရ၊ ဒွိပိဋကကောဝိဒ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ) ဘဒ္ဒန္တဇာဂရာဘိဝံသ၊ ဒုတိယကျိုက်ထီးဆောင်းဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဘဒ္ဒန္တနာဂဒီပ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို) သြဝါဒါစရိယ၊ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော် (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဒေါက်တာဘဒ္ဒန္တကုဏ္ဍလဗိဝံသတို့၏ သြဝါဒလမ်းညွှန်မှု၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)ဥက္ကဋ္ဌ (အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင်)ဒေါက်တာ ခင်ရွှေကကြီးမှူး၍ ချယ်ရီ F.M မှ ဦးတိုးနိုင်မန်း၊ ဒေါ်ဇေဇင်လတ်တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ကျင်းပသည့် အေးငြိမ်းနန္ဒာဆုတောင်းပြည့်စေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲနှင့်တိုင်းရင်းသားရဟန်းတော် (၂၆၆)ပါး၊ သာမဏေ (၉၇၈)ပါး၊ သီလရှင်(၇၇၆)ပါး၊ စုစုပေါင်းရှင် (၂၀၂၀)တို့အား သာသနာ့ဘောင်သို့ သွတ်သွင်းပွဲအလှူတော်မင်္ဂလာအခမ်းအနားများကို ၂၀၁၇ခုနှစ် မတ် ၂၅ရက်နှင့် ၂၆ရက်များတွင် အထူးစည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့ပါသည်။

အဆိုပါ စေတီတော်ထီးတင်ပွဲနှင့် ရှင် ၂၀၂၀ သာသနာ့ဘောင်သွတ်သွင်းပွဲ အလှူတော်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးခဲ့ကြပါသော သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ဗမာတိုင်းရင်းသားဝန်ကြီး ဒေါက်တာ အောင်သန်းမောင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဝင်းမင်းထွန်း၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်၊ ပြည်နယ်လွှတ်တော်ညွှန်ကြားရေးမှူး ဦးကျော်သူဇော်၊ ပြည်နယ်နှင့်ခရိုင် ဌာနဆိုင်ရာအကြီးအကဲများအား အထူးကျေးဇူးဥပကာယတင်ရှိအပ်ပါသည်။

အထူးသဖြင့် ရှင် ၂၀၂၀ အလှူတော်မင်္ဂလာပွဲကြီး ထမြောက်အောင်မြင်အောင် အကောင်အထည်ဖော်ပေးခဲ့ကြသော ဖယ်ခုံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးတင့်ဇော်နှင့် မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ရှင် ၁၁၁ ပါးအတွက် တစ်ပါးလျှင် ကျပ်ကိုးသောင်းနှုန်းဖြင့် အလှူထည့်ဝင်ကြသော အနယ်နယ်အရပ်ရပ်မှ အလှူရှင် ၅၈ ဦး၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ လကျိန်ခွဲ့ကျေးရွာမှ အုပ်ချုပ်ရေးမှူးနှင့် ရွာမိရွာဖများ၊ ကယန်းတိုင်းရင်းသားအပါအဝင် တိုင်းရင်းသားလူမျိုး ၁၃ စုမှ ခေါင်းဆောင်များ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ အနုပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်ဆွေ ဦးဆောင်သော ယဉ်ကျေးမှုကဇာတ်အဖွဲ့ဝင်များ၊ ဘက်ပေါင်းစုံမှတက်ညီလက်ညီ လုပ်အားဒါနပြုခဲ့ကြသော တိုင်းရင်းသား လူငယ်မောင်မယ်များ၊ ရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များအားလုံးတို့အားလည်း အထူးကျေးဇူးဥပကာယတင်ရှိပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**(အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ၊ ဝဏ္ဏကျော်ထင်) ဒေါက်တာခင်ရွှေ(ဥက္ကဋ္ဌ)၊**
**မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း(ဗဟို)**


▪ စည်းကမ်းကို အုတ်မြစ်ချသည်၊ စနစ်ကို တည်ဆောက်သည်၊ ပညာဖြင့် အလှဆင်သည်။
▪ လာပါ၊ လေ့လာပါ၊ နှိုင်းယှဉ်ပါ၊ သာတယ်ထင်မှ အပ်ပါ။

ဒေါက်တာအောင်မျိုးမင်း နှင့် ဦးထွန်းအောင်ကျော် ဦးစီးသော...

UEC
ကကက-၁၃/၂၂/၂၃၅
United Education Centre
ကိုယ်ပိုင်အထက်တန်းကျောင်း
KG - Grade 10
အဆင့်မြင့်ဘော်ဒါနှင့် DAY CAMP



မောင်လွင်မင်းသိန်း
ဆကရ - ၁၄၄၂ (ဘာသာစုံ ဂုဏ်ထူးရှင်)

၂၀၁၅ - ၁၆ ပညာသင်နှစ် ထူးချွန်ကျောင်းသား၊ ကျောင်းသူများ



မောင်လွင်မင်းသိန်း ဆကရ - ၁၄၄၂ (ဘာသာစုံ ဂုဏ်ထူးရှင်)
မောင်စိုင်းဇေဘုန်းမြတ် ဆကရ - ၁၄၃၁ (မြန်မာ၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)
မဖေသက်ခင် ဆကရ - ၀၄၀၉ (အင်္ဂလိပ်၊ သင်္ချာ၊ ဓာတု၊ ရူပ၊ ဇီဝ)
မောင်သက်ဝင်းမောင် ဆကရ - ၁၄၃၃ (မြန်မာ၊ ဓာတု၊ ရူပ၊ ဇီဝ)
မကြည်ပြုံးအေးချမ်း ဆကရ - ၁၄၁၂ (မြန်မာ၊ ဓာတု၊ ရူပ၊ ဇီဝ)

၂၀၁၇ - ၁၈ ပညာသင်နှစ် အတွက် ကျောင်းအပ်လက်ခံပြီ။

အဆင့်မြင့်ဘော်ဒါ – ၇၊၈၊၉၊၁၀ တန်းများအတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင် သီးသန့်ထားရှိသည်။ တည်ထောင်သူများကိုယ်တိုင် အဆောင်များတွင် အနီးကပ် နေထိုင်စောင့်ရှောက်သည်။ Air-con တပ် အိပ်ခန်းများ နှင့် စာသင်ခန်းများ ထားရှိသည်။

DAY CAMP – (၄) တန်းမှ တက္ကသိုလ်ဝင်တန်းအထိ SPECIAL CAMP တန်းများ ဖွင့်လှစ်သည်။ အိမ်တွင် မိမိရင်သွေးအား ပြန်မကြည့်နိုင်သော မိဘများအတွက် ရည်ရွယ်သည်။ သင်ကြား၊ လေ့ကျင့်၊ ပြေဆိုမှုပြည့်စုံ၍ ကျူရှင်ထပ်ယူရန် မလိုတော့ပါ။

မူလတန်း၊ အလယ်တန်း – English 4-skills ၊ ပန်းချီ၊ ကွန်ပျူတာ၊ Kids invent စသော Extracurricular Activities များ ပါဝင်သည်။

▪ Limited Class size များဖြစ်ပါသဖြင့် ကြိုတင်အပ်နှံမှ နေရာသေချာမည်။ (ကျောင်းကားရှိသည်။)
▪ (၄) ထပ် အဆင့်မြင့်ကျောင်းဆောင်သစ်ကြီး၏ Air-con တပ် စာသင်ခန်းကျယ်ကြီးများတွင် ပျော်ရွှင်ချမ်းမြေ့စွာ သင်ကြားစေမည်။

ကျောင်း ● အမှတ် (၄၁)၊ ရွှေရတနာလမ်း၊ အောင်မြေသာစည်အိမ်ရာ၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ Ph: 09 7800 20647, 09 7938 93725, 09 51 57988, 09 51 62238
ကျောင်းသူဆောင် ● မြေအမှတ် (၁၅ A နှင့် B) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ကျောင်းသားဆောင် ● မြေအမှတ် (၄) စံရိပ်ငြိမ် (၅) လမ်း၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။



BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်း ဘိလပ်မြေ

BLUE DIAMOND CEMENT




STRENGTH FOREVER

ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ
ထိပ်တန်းအင်ဂျင်နီယာများနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်
မြန်မာပြည်တွင် ဂုဏ်ယူဝင့်ကြွားစွာ ထုတ်လုပ်ပါသည်။

WWW.BLUEDIAMONDCEMENT.COM | 09-777-777-688 | WWW.FACEBOOK.COM/BLUEDIAMONDCEMENT

NHK ၏ သမိုင်းဝင် ဒရမ်မာ "Sanada Maru"အား

ဧပြီလ (၄) ရက်နေ့မှစတင်၍ mntv တွင် ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထုတ်လွှင့်မှုအား အပတ်စဉ် အင်္ဂါနေ့ည (၉)နာရီမှ ~

တဖန်ပြန်လည်ပြသခြင်းအား အပတ်စဉ် ဗုဒ္ဓဟူးနေ့ နေ့လည် (၃)နာရီ မိနစ် (၂၀) မှ ~




ဂျပန်နိုင်ငံ၏ Warring States ကာလတွင် နောက်ဆုံးထင်ပေါ်ကျော်ကြားခဲ့သော မဟာစစ်သူကြီး Sanada Yukimura နှင့် ၎င်းတို့၏အုပ်စု၊ မိသားစုအပေါ် ချစ်ခင်မြတ်နိုးမှုကို အဓိကဗဟိုပြု ဖော်ကျူးထားသော သမိုင်းဝင် ဇာတ်လမ်းတွဲ

စစ်သူကြီးအချင်းချင်း နိုင်ငံအုပ်ချုပ်ခွင့် ရရန်စစ်ပွဲဆင်နွှဲနေသော ၁၆ရာစုကာလဂျပန်ပြည်တွင် အုပ်စုငယ် ဖြစ်သော Sanada အုပ်စုသည် ၎င်းတို့ခေါင်းဆောင် Sanada Masayuki ၏ နည်းဗျူဟာ၊ စစ်ရေးကျွမ်းကျင်မှုများကြောင့် ခက်ခဲသောကာလကို ဖြတ်ကျော်နိုင်ခဲ့သည်။ ၎င်း၏သားများဖြစ်သော Yukimura နှင့် အကို Nobuyuki တို့သည် ဖခင်ထံမှပညာများသင်ယူပြီး အခြားအုပ်စုမှ ခေါင်းဆောင်များကို သစ္စာခံသွားသည့်တိုင် ၎င်းတို့မိသားစုအား ဆက်လက်စောင့်ရှောက်ခဲ့သည်။ စွန့်စားလေ့လာမှုများကိုနှစ်သက်သော Yukimura သည် Warring States ကာလကိုဖြတ်ကျော်နိုင်ခဲ့ပြီး ထိုခေတ်အခါက တိုက်ခိုက်စွမ်းရည်ကျော်ကြားသူ Tokugawa Ieyasu ကို ယှဉ်ပြိုင်ခြိမ်းခြောက်နိုင်ခဲ့သော စစ်သူကြီးအဖြစ်ထင်ရှားခဲ့သည်။ သမိုင်းဝင်စစ်သူကြီး SanadaYukimura ၏ စွန့်စားမှုများနှင့်အချစ် ဇာတ်လမ်းကိုခံစားရမည်ဖြစ်သည်။

Media Partner

jibtv mntv

MPT
မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း




သောကြာနေ့တိုင်းမှာ
ငွေဖြည့်ပြီး
အပိုဆု
ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 500 Ks | — — | 20 MB |
| 1,000 Ks | 15 MB | 40 MB |
| 3,000 Ks | 90 MB | 160 MB |
| 5,000 Ks | 160 MB | 300 MB |
| EVERY 10,000 Ks | 420 MB | 800 MB |

အောက်တိုဘာလ (၂၁) ရက်မှ စတင်၍ MPT ၏ ဆွေသဟာ အစီအစဉ်ရယူထားသော Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။

Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm  www.facebook.com/mptofficialpage  MPTOFFICIAL
CALL CENTER 106 | call free 24 hours everyday


# ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ သင်္ကြန်တွင်း(၇)ရက်တရားစခန်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ဗိုလ်ချုပ်ပြတိုက်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ရွှေကြက်ယက်ကျောင်းတိုက်ဝင်း၊ ဓမ္မသုခမဟာစည်သာသနာ့ရိပ်သာ၌ သင်္ကြန်တွင်း (၇)ရက် တရားစခန်းကို ဒေါက်တာအရှင်ကိတ္တိသာရ(ချောင်းဦးဆရာတော်)မှ ၁၃-၄-၂၀၁၇ ရက်မှ ၁၉-၄-၂၀၁၇ ရက်ထိ ဖွင့်လှစ်မည်ဖြစ်ပါ၍ တရားအားထုတ်လိုသူများ ဖုန်း-၀၉-၅၀၀၅၀၅၉၊ ၀၉-၇၈၈၆၄၄၉၂၂၊ ၀၉-၄၂၀၁၁၀၈၂၆ သို့ စာရင်းပေးသွင်းနိုင်ပါသည်။

ဝါတွင်းကာလ တရားစခန်းများကို ၇၊ ၈၊ ၉၊ ၁၀ လများတွင် ၁၁ ရက်မှ ၁၇ ရက်ထိ ဖွင့်လှစ်ပါမည်။

## ဗုဒ္ဓဂယာ + မဇ္ဈိမဒေသ နေရာစုံ လှူဒါန်းလိုပါသလား

ခင်နန္ဒာ ဗုဒ္ဓဂယာအဖွဲ့နှင့် ရုံးချိန်အတွင်းဆက်သွယ်၍ တတ်စွမ်းသမျှ ကုသိုလ်ယူနိုင်ပါသည်- (နယ်မှ ဘဏ်ငွေလွှဲပို့နိုင်ပါသည်။)

| | | ဂယာ | ကုသိနာရုံ |
|---|---|---|---|
| ၁။မြေ(၁)စတုရန်းပေ(ကျပ်) | | ၂၉,၀၀၀ | ၁၀,၀၀၀ |

| | သာဝတ္ထိ | ဂယာ | ကုသိနာရုံ |
|---|---|---|---|
| ၂။ကျောင်းဆောင်(၁)စတုရန်းပေ(ကျပ်) | ၂၀,၀၀၀ | ၂၇,၀၀၀ | ၂၀,၀၀၀ |

* ကျပ်(၅)သိန်းနှင့်အထက် ရန်ကုန်မြို့တွင်း အိမ်အရောက် ရှင်းပြ/ကောက်ခံပေးပါသည်။

ရုံးချုပ်- ကွန်ဒို(E) ၊ မြေညီထပ် ၊ ကမ္ဘာအေးဘီလာအိမ်ရာ ၊ ကမ္ဘာအေးစေတီလမ်း ၊ (၈)မိုင် ၊ မရမ်းကုန်း ၊ ရန်ကုန်။ ☎ ၀၁-၆၅၅၅၂၀ ၊ ၆၅၅၈၈၅ ၊ ၀၉-၅၆၀၀၁၂၃

## ကျေးဇူးတင်လွှာ

ကုန်ထုတ်ဓါတုဗေဒ ဘာသာရပ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားအား ရန်ကုန်မြို့တွင် ၂၀၁၆ ခုနှစ် ၊ ဒီဇင်ဘာလ (၁၆)မှ (၁၈)ရက်ထိ ဆရာကန်တော့ပွဲ ၊ ဟောပြောပွဲ ၊ ပြပွဲ ၊ ညစာစားပွဲများဖြင့် ကျင်းပခဲ့သည် ၊ ရွှေရတုမဂ္ဂဇင်းလည်း ထုတ်ဝေခဲ့ပါသည်။ အာစရိယ ပူဇော်ပွဲရရှိသော ကောက်ခံငွေကို ဆရာကြီး/ဆရာမကြီး (၁၁၂)ဦးအား ကန်တော့ခဲ့ပါသည်။ အခမ်းအနားကျင်းပရေးအတွက် ရရှိသော အလှူငွေမှ လက်ကျန်ငွေကို တက္ကသိုလ်(၆)ခုရှိ ကုန်ထုတ်ဓာတုဗေဒ ဌာနများသို့ ကျပ်သိန်း(၂၀)စီ လှူဒါန်းခဲ့ပါသည်။

အခမ်းအနားဖြစ်မြောက်ရေးအတွက် လှူဒါန်းသူ ၊ ပါဝင်ဆောင်ရွက်သူ ၊ ကျေးဇူးတင်ထိုက်သူအားလုံးတို့အား ကျေးဇူးအထူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

*ကုန်ထုတ်ဓာတုဗေဒဘာသာရပ် နှစ်(၅၀)ပြည့်ရွှေရတုကျင်းပရေးကော်မတီ*

## ဂရန်အမည်ပေါက်ပိုင်ရှင်ကိုယ်တိုင် တိုက်နှင့်ခြံရောင်းမည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ ဗိုလ်ချုပ်လမ်း၊ မြို့မဈေး မျက်စောင်းထိုး၊ ယခင်ဒဂုံမိသားစု၊ မျက်နှာစာတိုက်မကြီး၊ မျက်နှာစာ အကျယ်ပေ (၄၀) နောက်အရှည်ပေ (၁၁၂) (၄ခန်း×၅ခန်း)၊ RC ၂ ထပ်တိုက် ဈေးနှုန်း (၇၀၀၀)၊ ခြံအလယ် (၄ခန်း×၃ခန်း)၊ နံကပ် (၂)ထပ် တိုက်ပေ (၄၀×၄၃) ဈေးနှုန်း (၁၀၀၀)၊ ခြံအနောက်ဖက်ပေ (ဂ၀×၃၀) ဂိုဒေါင်တစ်လုံး၊ ပေ (၇၀×၃၀) ဂိုဒေါင်တစ်လုံး ပေါင်းဂိုဒေါင်နှစ်လုံးပါသော ပေ (ဂ၀×၁၀ဂ) ခြံနှင့်ဂိုဒေါင်များ ဈေးနှုန်း (၂၀၀၀)တို့ကို ကြိုက်နှစ်သက်ရာအား ခွဲ၍ရောင်းမည်။ ပွဲစားလိုသည်။ ပွဲခတစ်ရာခိုင်နှုန်းပေးမည်။

ဖုန်း-၀၉-၅၀၁၃၂၂၈၊ ၀၉-၉၇၅၀၁၃၂၂၈

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ခွက်ခွင်းစံပြကျေးရွာနေ ဦးဘညို-ဒေါ်ခိုင်တို့၏ သမီး မချစ်စု ၅/မမတ(နိုင်)၀၉၇၅၃၅ သည် မိဘ၏ ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအားလုံးကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

မိဘ

ဦးဘညို ၅/မမတ(နိုင်)၀၆၄၁၀၅

ဒေါ်ခိုင် ၅/မမတ(နိုင်)၀၆၉၉၂၈

## အများသိစေရန်ကြေညာခြင်း

ဒေါ်သုမေဓာ ၉/ပခက(သီ)၀၀၅၁၁ ပိုင်ဆိုင်သော စစ်ကိုင်းမြို့၊ ဇေယျာရပ်၊ ကွင်းအမှတ်(၇၉၇)၊ ရွာထောင်အရှေ့အကွက် အမှတ်(၄၈၀)၏ ပိုင်ဆိုင်မှု အထောက်အထားများ ပျောက်ဆုံးနေပါသဖြင့် ၎င်းမှ အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက သတင်းစာ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သုမေဓာ**
**အိမ်အမှတ်(၁၂၃)၊ ရပ်ကွက်(၃)၊ ဆိပ်မူကျေးရွာအုပ်စု၊ ဖားကန့်မြို့နယ်**
**ဖုန်း-၀၉-၄၀၂၇၁၆၉၇၅**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၁)ရပ်ကွက်၊ စောဘရီလမ်း၊ အမှတ်(၃၁၁/ခ) နှစ်(၆၀) မြေငှားဂရန် ဦးမြင့်ဦးအမည်ပေါက်နှင့် ဆက်စပ်စာချုပ်များအရ အလျား(၂၀)ပေ×အနံ(၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိသူ ဦးယုစိန် ၁၂/လမန(ဧည့်)၀၀၀၁၂၂ ဆိုသူထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အဆောက်အအုံအရပ်ရပ်အား ကန့်ကွက်လိုသူများရှိပါက ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်စိုးလှိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီလေးမော် (စဉ်-၂၇၁၀၃) ဦးထွန်းထွန်းဝင်း (စဉ်-၃၈၈၃၈)**
**အထက်တန်းရှေ့နေများ**
**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးကြီး(အပေါ်ထပ်)၊ အင်းစိန်မြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၈၉၃၈၀၊ ၀၉-၄၂၀၃၇၉၈၀**

## အထွေထွေကိုယ်စားလှယ်လွှဲစာ ရုပ်သိမ်းပြီးကြောင်း ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဦးလီကင်းစိန်(ခ)အကင်း (ဘ) ဦးလီတိုင်ဟု ၁၂/အလန(နိုင်)၀၃၅၃၉၄ အမှတ် ၁၀၁၊ နှင်းဆီကုန်းလမ်း၊ စောရန်ပိုင်အရှေ့၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးလီကင်းစိန်(ခ)အကင်းသည် ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ ဦးအေးလွင် (ဘ) ဦးမောင်လှ ၁၂/လမတ(နိုင်)၀၂၅၂၉၈ အား ၂၅-၉-၂၀၀၁ရက်တွင် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၁၁/၂၀၀၁ ဖြင့် လွှဲအပ်ခဲ့ပါသည်။

ဦးလီကင်းစိန်(ခ)အကင်း၏ကိုယ်စား ၎င်းအထွေထွေကိုယ်စားလှယ်လွှဲစာဖြင့် ဆက်လက်လုပ်ဆောင်ရန် ကိစ္စရပ်များမရှိတော့သည့်အတွက် ဦးအေးလွင်အား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၄၁၁/၂၀၀၁ အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၈-၁၂-၂၀၁၆ ပယ်ဖျက်ပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးအောင်ကျော်မိုး**
**LL.B,DBL,DML**
**တရားလွှတ်တော်ရှေ့နေ (၃၁၉၀/၈၅)**
**အမှတ် ၁၅-ဇ၊ မာလာမြိုင်လမ်း၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၃ခ/၁၃၁၉၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)**

## ဝမ်းနည်းကြေကွဲခြင်း
**ဦးချစ်စံ (ဓာသပြင်)**
**အသက် (၉၄)နှစ်**

ဗိုလ်မှူးညာဏ်စိုး(ငြိမ်း)၏ဖခင် ဦးချစ်စံသည် ၂၈-၃-၂၀၁၇ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၅)မှ**
**သူငယ်ချင်း မိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
**ဦးအမှန် (ရေကြည်)**
**အသက် (၉၄)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့၊ အောင်ဆန်းရပ်ကွက်၊ အောင်ဆန်းလမ်း၊ အမှတ် (၁၀)နေ ဒေါ်တင်ကြည်၏ခင်ပွန်း၊ ဦးခင်စိန်-ဒေါ်မြသိန်း၊ ဦးမြင့်စိန်-ဒေါ်သန်းသန်းဆွေ၊ ဦးစိန်အေး-ဒေါ်အေးအေးသန်း၊ ဒေါ်လှလှမြင့်၊ ဒေါ်ရင်ရင်လှ၊ ဦးစိုးဝင်း(ခ)အဖတ်ကြီး (ရေကြည် ဆန်/စပါးအထူးပြုကုမ္ပဏီလီမိတက်ဒါရိုက်တာ)-ဒေါ်ဇာဇာအေး AYA Bank တာဝန်ခံ ရေကြည်မြို့တို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏အဘိုးသည် ၂၈-၃-၂၀၁၇ရက် ၁၂း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဇော်ဇော်(ဥက္ကဋ္ဌ)-ဒေါ်ဌေးဌေးခိုင်**
**(Max Myanmar Holding Co., Ltd.)**
**မိသားစု**

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း
ယာဉ်အမှတ် 5B/4236 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

**ကညန (ရွာသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၃၂ယ/၆၇၄၉၅ Honda Scoopyi 110 ဆိုင်ကယ်ယာဉ် လက်ဝယ်ရှိသူ ဒေါ်မိုးမိုးခိုင် ၁၀/မဒန(နိုင်)၁၀၈၅၂၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက် ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး(မော်လမြိုင်မြို့)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 5H/8705 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ချာချီးယား**
**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
မြောက်ပိုင်း၊
ရွှေပြည်သာမြို့နယ်
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-450026077
09-510 1862

**ဒဂုံမြို့သစ်**
အရှေ့ပိုင်း ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊
မြောက်ပိုင်းများရှိ
မြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
ဖုန်း-၀၉-၈၆၂၃၁၈၈
ဖုန်း-၀၉-၅၀၈၄၁၂၉

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်
ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်လက်ဆောင်းကုန်းရပ်ကွက်၊ မိုးမခလမ်း၊အမှတ်(၃၆)၊ (၂ခန်းတွဲ)၊(၆-ထပ်)တိုက်၏၊ ၂လွှာ(ခေါင်းရင်းခန်း)၊ (၁၂.၅ပေ × ၅၀ပေ)အကျယ်အဝန်းရှိ တိုက်ခန်းအား ဒေါ်ခင်ဆွေလင်း (၁၂/ဗဟန(နိုင်)၀၈၇၀၉၇)ကလွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏ မိတ်ဆွေက စရန်ငွေပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာချက်ပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်းလာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

**ဒေါ်အေးသိမ့်သိမ့် (LL.B)(D.M.L)**
**အထက်တန်းရှေ့နေ စဉ်-(၂၅၀၇၁)**
**အမှတ်(၅၉)(4-B)၊ ရတနာပုံလမ်း၊**
**ဈေးကြီးအရှေ့ရပ်ကွက်၊**
**ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၈၈၄၁၂၊ ၀၉-၇၆၅၁၈၈၄၁၂**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံရပ်ကွက်၊ ဆင်ဖုံတောင်ကျေးရွာ၊ ကွင်းအမှတ်-၄၈၆၊ ဦးပိုင်အမှတ်(၇၈)၊ ဧရိယာ(၂)ဧက အကျယ်အဝန်း (၂၀၀'×၄၀၀')မြေနှင့် ပတ်သက်၍

**ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း**

အထက်ပါ မြေကွက်အား ဦးသိန်းရွှေ (၁၂/လကန(နိုင်)၀၄၂၉၀၉)က ၄င်းနေထိုင်ပိုင်ဆိုင်ကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်စရန်ငွေတစ်စိတ်တစ်ဒေသပေးအပ်ပြီးဖြစ်ပါသောကြောင့် သက်ဆိုင်သူနှင့်ဌာနဆိုင်ရာများ ဤကြော်ငြာပါသည့်နေ့မှ(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။

ညွှန်ကြားချက်အရ-

ထွန်းသိန်း ဒေါ်စန်းထွေးအောင်(အင်းတော်)
(စဉ်-၅၇၈၉/၉၁) (စဉ်-၉၉၈၅/၁၄)
တရားလွှတ်တော်ရှေ့နေများ
တိုက်(၉/၁၁)၊ အခန်း၂၀၅(အီး)၊ ၃၆-လမ်း၊
ကျောက်တံတားမြို့နယ်၊ ဖုန်း - ၀၉ ၅၁၇၆၈၇၃

## ဒေါ်ယဉ်ယဉ်ဌေး ၁၂/မဘန(နိုင်)၁၂၇၉၄၅နှင့် အများသိစေရန်
ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာနေသူ ဦးကျော်ကျော် ၁၂/မဘန(နိုင်)၁၀၂၀၅၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ဦးကျော်ကျော်နှင့် ဒေါ်ယဉ်ယဉ်ဌေးတို့သည် မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ၂၅နှစ်တာ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ကြပြီး သားနှင့်သမီး(၂)ဦး ထွန်းကားခဲ့ပါသည်။ 'အုတ်' လုပ်ငန်းနှင့်အဆင်ပြေနေချိန်တွင် ဇနီးဖြစ်သူဒေါ်ယဉ်ယဉ်ဌေးမှာ အိမ်ထောင်ရေး အကြိမ်ကြိမ်ဖောက်ပြန်လျက်ရှိပြီး ၂၇-၃-၂၀၁၇ ရက်တွင် ရွှေငွေလက်ဝတ်ရတနာများ ယူဆောင်၍ ၄င်း၏ဆန္ဒအရ နေအိမ်မှ တိတ်တဆိတ်ဆင်းသွားပါသဖြင့် ထိုသို့ဆောင်ရွက်ရာတွင် ပါဝင်ကူညီဆောင်ရွက်ပေးသူအားလုံးနှင့် အိမ်ထောင်ရေးဖောက်ပြန်ရာတွင် အားပေးကူညီသူများကိုပါ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ဒေါ်ယဉ်ယဉ်ဌေးနှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ငွေကြေးကိစ္စမှန်သမျှ တာဝန်ယူဖြေရှင်းပေးလိမ့်မည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးကျော်ကျော်** | **မှော်ဘီ-ဦးမြင့်ဆွေ(LL.B,DBL,DIL)** |
| **လွှဲအပ်ညွှန်ကြားသူ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၆၁)** |
| | **ရုံးပေါင်းစုံလမ်း၊ မြို့နယ်တရားရုံးရှေ့၊ မှော်ဘီမြို့** |

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘက်တီလင်ဘူး**
**အသက်(၆၈)နှစ်**

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ်တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer -ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC(Mandalay)**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘက်တီလင်ဘူး**
**အသက်(၆၈)နှစ်**

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer-ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC (Taunggyi)**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘက်တီလင်ဘူး**
**အသက်(၆၈)နှစ်**

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး(Chief Teacher Trainer-ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC (Taungoo)**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘက်တီလင်ဘူး**
**အသက်(၆၈)နှစ်**

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer-ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC (Myeik)**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘက်တီလင်ဘူး**
**အသက်(၆၈)နှစ်**

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး(Chief Teacher Trainer-ILBC)ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC (Monywa)**
**မိသားစုများ**

## ဝမ်းနည်းကြေကွဲခြင်း
**ဒေါ်ဘက်တီလင်ဘူး**
**အသက်(၆၈)နှစ်**

ILBC ကျောင်းများကို စတင်တည်ထောင်ချိန်မှ စတင်ပါဝင်ခဲ့ပြီး ILBC ၏ ပထမဦးဆုံး ကျောင်းအုပ်ဆရာမကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သူ ဒေါ်ဘက်တီလင်ဘူး (Chief Teacher Trainer-ILBC) ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ILBC(Lashio)**
**မိသားစုများ**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**တောင်ကုတ်မြို့နယ်တရားရုံးတော်**
**၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်-၁**

| | | |
|---|---|---|
| ဦးခင်မောင် | **နှင့်** | ဒေါ်ညိုညိုထွေး |
| **တရားလို** | | **တရားပြိုင်** |

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့၊ တောင်ကုတ်-သံတွဲကားလမ်းမကြီး အနီး၊ ကံပိုင်တိုးချဲ့ရပ်နေ တရားပြိုင် ဒေါ်ညိုညိုထွေး(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက စာချုပ်ပါအတိုင်းပေးချေထားသည့် စရန်ငွေကျပ် (၁၆)သိန်း၏ နှစ်ဆဖြစ်သော ငွေကျပ် (၃၂)သိန်းရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ ခုနှစ် ဧပြီ ၂၅ရက် (၁၃၇၉ ခုနှစ် တန်ခူးလကွယ်နေ့) နံနက် ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် မတ် ၂၂ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မြင့်စိုး)**
**မြို့နယ်တရားသူကြီး**
**တောင်ကုတ်မြို့နယ်တရားရုံး**

**မွေးသက္ကရာဇ် အမှန်**

မုဒုံမြို့၊ မြို့မ (၂)ရပ်ကွက်၊ ကော့သဖြူရပ်၊ စပယ်လမ်း၊ အမှတ် (၇၄)နေ ဦးအေးလွင်၏သား မောင်ဘိုဘိုဇော်၏ မွေးသက္ကရာဇ်အမှန်မှာ (၁-၆-၁၉၉၇) ဖြစ်ပါကြောင်း။

**မောင်ဘိုဘိုဇော် (၁-၆-၁၉၉၇)**

## ဝမ်းနည်းကြေကွဲခြင်း
Mrs. Aruna Baradwaja (ကျောင်းအုပ်ဆရာမကြီး)၊ M.L.A International School သည် ၂၆-၃-၂၀၁၇ရက် နံနက် ၂း၁၀နာရီတွင် အိန္ဒိယနိုင်ငံ Chennai မြို့တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ အားလုံးချစ်ခင်လေးစားရပါသော ဆရာမကြီး ကောင်းရာသုဂတိလားပါစေ။

**M.L.A, International School မှ**
**မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ**

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
**ဦးအောင်ခင် (ခတ္တိယ)**
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မကျည်းတန်းတောင်အနောက်ရပ်ကွက်၊ ပန်းပင်ကြီးလမ်း၊ အမှတ် ၂၀နေ (ဦးတာတူး-ဒေါ်ခင်ထွေး)၏သား၊ (ဦးသောင်းခင်-ဒေါ်မကြီး) တို့၏သားသမက်၊ ဦးလှမင်း-ဒေါ်နုနုဝင်း၊ ဦးဇော်မင်း-ဒေါ်သန်းသန်းဝင်း၊ ဦးနိုင်မင်း-ဒေါ်လှမြတ်မွန်၊ ဦးခိုင်မင်း-ဒေါ်ဝါဝါဦးတို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်ခင်ကြည်၏ ချစ်လှစွာသောခင်ပွန်းသည် ၂၉-၃-၂၀၁၇ ရက် နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

**ကျန်ရစ်သူမိသားစု**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
**ဒေါ်ခင်အုံး(ခ)ဒေါ်ကြည်ကြည် အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၉/Aရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ် ၄၆၃နေ (ဦးသက်ရှည်-ဒေါ်ကျင်)တို့၏သမီး၊ ဦးကျော်မြ၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးနိုင်ဦး (ငြိမ်း)-ဒေါ်သီတာကျော်(သန့်ဆန်ပွဲရုံ)၊ ဦးစိုးမင်းဦး-ဒေါ်နီလာကျော် (အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်)၊ ဦးခင်မောင်ဖြူ-ဒေါ်ဥမ္မာကျော်(လဝက)၊ (ဦးကျော်ဖေယျ)၊ ဦးဝင်းခိုင်-ဒေါ်မြမြထွေး(စစစ)၊ ဦးကျော်သူရ-ဒေါ်စုခိုင်ခိုင်ဝင်း၊ ဦးကျော်ကျော်ထွေး-ဒေါ်သင်း သင်းရှိန်တို့၏မိခင်၊ မြေး ၁၁ ယောက်တို့၏ ဘွားဘွားကြီးသည် ၂၉-၃-၂၀၁၇ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၅း၅၅နာရီတွင် အရှုတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၃-၂၀၁၇ရက် (သောကြာနေ့)နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၄-၄-၂၀၁၇ရက်(အင်္ဂါနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အမှတ် ၄၆၃၊ ၃၉/Aရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း
(ဘ) ဦးကျော်သူရိန် ၁၂/ရပသ(နိုင်)၀၄၅၀၆၆၏သား မောင်သူရိန်ထွန်းအား မောင်နေမျိုးဟု ပြောင်းလဲ ခေါ်ဆိုပါရန်။

**မောင်နေမျိုး**

**ထွန်းတရစ် အုတ်ကြိတ်စက်**
**ဒေတ်မီမြေအုတ်ရိုက်စက် ရပြီ**
09 4200 35882
09 4200 35884
(၆၀၄)အင်းလေး(၁)လမ်းဆုံ(၂)တောင်ဒဂုံ

## တစ်ဦးတည်းဖြစ်ပါကြောင်း
မုဒုံမြို့၊ အထက (ခွဲ)၊ ဗိုလ်တေဇ၊ နဝမတန်းမှ မကြူကြူခိုင်၏ဖခင် ဦးသန်းဌေးနှင့်ဦးညီညီတူးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးသန်းဌေး(ခ)ဦးညီညီတူး**

## ပျောက်ဆုံးကြောင်း
ကျွန်တော် ဦးကျော်စိုးနိုင် ၈/မကန(နိုင်)၀၀၄၁၇၆ ၏ ပတ်စ်ပို့ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဆက်သွယ်ရန်**
**09-265384955**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
**(တရားမကျင့်ထုံး ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**တောင်တွင်းကြီးမြို့နယ်တရားရုံးတော်**
**၂၀၁၆ခုနှစ် တရားမကြီးမှုအမှတ် ၁၁၉**

| | | |
|---|---|---|
| **ဒေါ်ကြူကြူဝင်း** | **နှင့်** | **ဦးကျော်ဇင်လတ်** |
| **တရားလို** | | **တရားပြိုင်** |

တောင်တွင်းကြီးမြို့နယ်၊ အောင်းစုအုပ်စု၊ ညောင်နီပင်ကျေးရွာနေ ဦးမောင်ကျော်၏သား ဦးကျော်ဇင်လတ်(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။ သင့်အပေါ်၌ တရားလိုဒေါ်ကြူကြူဝင်းက လင်မယားအဖြစ်မှကွာရှင်းပြတ်စဲပေးစေလိုမှု လျှောက် ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၇ခုနှစ် ဧပြီ ၆ရက်(၁၃၇၈ခုနှစ် တန်ခူးလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူသည် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့် အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက် ကတင်သွင်းရမည်။

၂၀၁၇ခုနှစ် မတ် ၁၄ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်ယုယုအောင်)**
**ဒုတိယမြို့နယ်တရားသူကြီး**
**တောင်တွင်းကြီးမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် ၂၂ယ/၇၂၅၁၈ Kenbo 125, M/C ယာဉ်အမည်ပေါက်သူ ဦးကျော်ဇေလင်း ၉/ မဟမ(နိုင်)၀၃၀၈၃၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

# မြန်မာနိုင်ငံသည် စီးပွားရေးတိုးတက်မှုနှုန်း ဒုတိယအမြင့်ဆုံးနေရာတွင်ရှိနေ

## ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ နှစ်လတ်စီမံကိန်းအစီရင်ခံစာ ထုတ်ပြန်ခြင်းအခမ်းအနားကျင်းပ

သတင်းစာမျက်နှာ - ၆

# သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်

သတင်းစာမျက်နှာ - ၇



# ရန်ကုန်သင်္ကြန်ပွဲတော်အတွက် ရေကစားမဏ္ဍပ် ၂၂ ခုသာ လျှောက်ထား

**သတင်း - ခင်ရတနာ**

**ရန်ကုန် မတ် ၃၀**

၂၀၁၇ ခုနှစ် မြန်မာ့ရိုးရာအတာရေသဘင်ပွဲတော်တွင် ပါဝင်ဆင်နွှဲရန်အတွက် ရန်ကုန်တွင် ရေကစားမဏ္ဍပ် စုစုပေါင်း ၂၂ ခုသာ လျှောက်ထားမှုရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မဟာသင်္ကြန်ပွဲတော်ကျင်းပရေး မဏ္ဍပ်နေရာချထားရေးနှင့် ကြံ့ခိုင်မှုစစ်ဆေးရေးလုပ်ငန်းကော်မတီမှ တာဝန်ရှိသူ ဦးစိုးသိန်းအောင်က ပြောကြားသည်။

ရေကစားမဏ္ဍပ်ဆောက်လုပ်ခွင့်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် ၂၀၁၇ ခုနှစ် မတ်လ ၂၅ ရက် နောက်ဆုံးလျှောက်ထားနိုင်ကြောင်း သတင်းစာမှာကြေညာခဲ့ပြီးနောက် မဏ္ဍပ်ကြီး ၁၇ ခုနှင့် မဏ္ဍပ်အလတ်ငါးခု စုစုပေါင်း ၂၂ ခု လာရောက်လျှောက်ထားကြောင်း၊ မဏ္ဍပ်ဆောက်လုပ်ရန်အရေးအတွက်ကို တင်ပြလာသည့်လျှောက်လွှာများပေါ်မူတည်ပြီး စိစစ်ဆုံးဖြတ်ပေးသွားမှာ ဖြစ်ကြောင်း၊ စပေါ်ငွေအနေဖြင့် မဏ္ဍပ်ကြီးကို ငွေကျပ် သိန်း ၂၀၀၊ မဏ္ဍပ်အလတ်ကို ငွေကျပ်သိန်း ၁၀၀ သတ်မှတ်ထားပါကြောင်း ဦးစိုးသိန်းအောင်က ပြောသည်။

*စာမျက်နှာ ၁၄ ကော်လံ ၃* ❁

**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ ဧပြီ ၁ ရက် သတင်းစာတွင် ပါရှိမည်**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ တစ်နှစ်တာဆောင်ရွက်ချက်များ ဧပြီ ၁ ရက် သတင်းစာတွင် နိုင်ငံတော် အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ အချပ်ပို ရှစ်မျက်နှာဖြင့် ဖော်ပြမည်ဖြစ်သည်။ (မြန်မာ့အလင်း)

# အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု ပထမရရှိ

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ကိုကိုစိုးညွန့်**

**နေပြည်တော် မတ် ၃၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၂၀၁၇ အာရှ ယူ-၁၉ ဘော်လီဘောပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ပွဲများကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ကျင်းပရာ မြန်မာအသင်းသည် ဩစတြေးလျအသင်းကိုအနိုင်ယူပြီး အုပ်စု ပထမနေရာရရှိခဲ့သည်။

အုပ်စု (က) ပွဲစဉ်များတွင် နိုင်ပွဲကိုယ်စီရထားသည့် အိမ်ရှင်မြန်မာနှင့် ဩစတြေးလျအသင်းတို့သည် ပထမနေရာအတွက် ယှဉ်ပြိုင်ခဲ့ရပြီး မြန်မာအသင်းက သုံးပွဲ-တစ်ပွဲဖြင့် အနိုင်ရကာ ပထမနေရာရယူနိုင်ခဲ့ခြင်းဖြစ်သည်။ မြန်မာနှင့် ဩစတြေးလျတို့ပွဲမှာ ပထမပွဲငယ်နှင့် ဒုတိယပွဲငယ်တို့တွင် (၂၅-၂၃) မှတ်စီဖြင့် အပြန်အလှန်အနိုင်ရခဲ့သောကြောင့်

*စာမျက်နှာ ၁၄ ကော်လံ ၁* ❐



မြန်မာနှင့် ဩစတြေးလျအသင်း ယှဉ်ပြိုင်နေစဉ်



# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
သောကြာ၊ မတ် ၃၁၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရုန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။





နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်

## နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် နိုင်ငံတကာမျက်နှာစာတွင် ရှေ့တန်းမှ ကာကွယ်ပေးနေသည့် နိုင်ငံခြားရေးဝန်ကြီးဌာန

● သတင်းဆောင်းပါး-ခင်ရတနာ၊ ဓာတ်ပုံ-မေဦးမိုး၊ MOI

ယနေ့ကာလသည် အစိုးရသစ် သက်တမ်းတစ်နှစ်ပြည့်မြောက်သည့် ကာလဖြစ်သည့်နည်းတူ ၁၉၄၇ ခုနှစ် မတ် ၁၇ ရက်တွင် စတင်တည်ထောင်ခဲ့သည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ သက်တမ်း နှစ်(၇၀)ပြည့် အခါသမယလည်းဖြစ်သည်။

**နိုင်ငံ့အကျိုးစီးပွား ကာကွယ်မြှင့်တင်**

နိုင်ငံခြားဆက်ဆံရေးဆိုသည်မှာ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်သည့် နိုင်ငံတစ်နိုင်ငံ ဆောင်ရွက်ပိုင်ခွင့်ရှိသည့် ကိစ္စရပ်တစ်ခုဖြစ်ပြီး နိုင်ငံတကာဆက်ဆံရေးသည် နိုင်ငံ့အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ရေးအတွက် အလွန်အရေးပါသည့် အခန်းကဏ္ဍတစ်ခုဖြစ်ရာ နိုင်ငံတိုင်းက နိုင်ငံခြားရေး မူဝါဒကို ပြည်တွင်းမူဝါဒအပေါ် အခြေပြုတိုးချဲ့ချမှတ်လေ့ရှိကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန၏ အဓိကတာဝန်မှာ နိုင်ငံတော်၏အကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးရန်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်ပြီး အစိုးရသစ်၏ တစ်နှစ်တာ နိုင်ငံခြားရေးဝန်ကြီးဌာနသည်လည်း ပြည်သူတို့၏ အကျိုးစီးပွားကို ဦးထိပ်ထားသည့် “ပြည်သူအခြေပြု သံတမန်ဆက်ဆံရေး” နည်းလမ်းဖြင့် ချဉ်းကပ်ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။

သံတမန်ကောင်းတစ်ဦးအနေဖြင့် မိမိနိုင်ငံအကျိုးစီးပွားကို ကာကွယ်မြှင့်တင်ပေးရုံမက ထိတွေ့ဆက်ဆံသည့် နိုင်ငံ၏အကျိုးစီးပွားကိုလည်း ထည့်သွင်းစဉ်းစားတတ်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသားများကိုသာမက နိုင်ငံသားဟောင်းများ၏ အကျိုးစီးပွားကိုလည်း ကာကွယ်စောင့်ရှောက်ရန်နှင့် ၎င်းတို့အား မိသားစုစိတ်ဓာတ်ဖြင့် နွေးထွေးစွာ ဆက်ဆံသွားရန်လိုအပ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က လမ်းညွှန်ထားသည်။

သံတမန်ဆက်ဆံရေးလုပ်ငန်းသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွား ကာကွယ်ရေးအတွက် နိုင်ငံတကာ ရှေ့တန်းမျက်နှာစာမှ ရင်ဆိုင်ဖြေရှင်းပေးရသည့် လုပ်ငန်းဖြစ်ပါသည်။ သံတမန်ခံတပ် စည်းကျိုးပေါက်လျှင် စစ်အင်အားသုံး၍ ဖြေရှင်းရသည့်အဆင့်သို့ ရောက်ရှိလာနိုင်သဖြင့် နိုင်ငံအတွက်များစွာ အရေးပါလှသည်။ ပြည်တွင်းတွင် ဖြစ်ပေါ်လာသည့်အကြောင်းကိစ္စတို့ကို နိုင်ငံတကာမျက်နှာစာတွင် နှလုံးရည်ဖြင့် ဆွေးနွေးညှိနှိုင်းခြင်းမှသည် ကာကွယ်ဖြေရှင်းမှုများ ပြုလုပ်ပေးရသည့်တာဝန်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။

“နိုင်ငံခြားရေးလုပ်ငန်းရဲ့ သဘောသဘာဝက “လုပ်ငန်းစဉ်” (process) ပုံသဏ္ဍာန်ဖြစ်တာကြောင့် ထင်ရှားတဲ့တိုးတက်မှုတွေရှိတာနဲ့အတူ လက်ဆုပ်လက်ကိုင်မပြနိုင်သေးတဲ့ တိုးတက်ပြောင်းလဲမှုတွေလည်းရှိတယ်”ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်မြှင့်တင်ရေးအတွက် နှစ်နိုင်ငံခေါင်းဆောင်များ အပါအဝင် အဆင့်မြင့်ကိုယ်စားလှယ်များ၏ ခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးခြင်း၊ ဒေသဆိုင်ရာနှင့် နိုင်ငံတကာအဖွဲ့အစည်းများအတွင်း တက်ကြွစွာလှုပ်ရှား ဆောင်ရွက်ခြင်းများ တိုးမြှင့်ပြုလုပ်ခြင်း၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဖွံ့ဖြိုးတိုးတက်ရေး တို့အတွက် နည်းပညာအပါအဝင် အခြားသော အကူအညီ အထောက်အပံ့များ ပိုမိုရရှိရေးအတွက် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်လျက်ရှိကြောင်း သိရသည်။

**နိုင်ငံခြားရေးမူဝါဒ**

နိုင်ငံခြားရေးဝန်ကြီးဌာနသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူများ၏ အကျိုးစီးပွား ကာကွယ်မြှင့်တင်ရေးမျှော်မှန်းချက် (vision) ကို ဦးထိပ်ထားပြီး လွတ်လပ်၍၊ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။ နိုင်ငံခြားရေးမူဝါဒကို အကောင်အထည်ဖော်ရာတွင်လည်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ရပ်နှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရသစ် ပထမတစ်နှစ်တာ ကာလအတွင်း နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးနှင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏ ဂုဏ်သိက္ခာပုံရိပ် ပြန်လည်မြှင့်တင်ရေးအတွက် ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အချပ်ပို (ခ) သို့**




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်အား လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတနှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်

အချုပ်ပိုဒ်(က)မှ

ပထမဦးစားပေးရည်မှန်းချက်ဖြစ်သည့် ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှု၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကို ဆောင်ရွက်ရာတွင် တစ်ဖက်၌လည်း မိမိတို့ရင်ဆိုင်နေရဆဲ လူ့အခွင့်အရေးစိန်ခေါ်မှုများကို အမျိုးသားရင်ကြားစေ့ရေးကို မထိခိုက်စေဘဲ ဖြေရှင်းရေးကို ဦးတည်ကြိုးပမ်းလျက်ရှိပြီး အစိုးရသစ်လက်ထက်တွင် လူ့အခွင့်အရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ ချဉ်းကပ်ဆောင်ရွက်မှုပုံစံအား လုံးဝပြောင်းလဲ ဆောင်ရွက်နိုင်ခဲ့သည်။ အစိုးရသစ်လက်ထက်တွင် လူ့အခွင့်အရေး ဆိုင်ရာ တန်ဖိုးထားမှုများအား အလေးထားမှုပြသခဲ့ပြီး၊ လူ့အခွင့်အရေး ကိစ္စရပ်များတွင် ထိပ်တိုက်ရင်ဆိုင်မှုအစား အပြုသဘောထိတွေ့ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း နည်းလမ်းကို ပြောင်းလဲကျင့်သုံးခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ဒုတိယဦးစားပေးလုပ်ငန်းအနေဖြင့် နိုင်ငံတကာနှင့် ဒေသဆိုင်ရာအဖွဲ့အစည်းများတွင် ပိုမိုတက်ကြွစွာပါဝင်ခြင်း၊ လူ့အခွင့်အရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း၊ စာချုပ်များအား လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုပါဝင်ခြင်းဖြင့် ကတိကဝတ်ပြုမှုများ ပြသခြင်း၊ ပြည်ပရောက်မြန်မာနိုင်ငံသားများအကျိုးကို ကာကွယ်စောင့်ရှောက်မှုများ တိုးမြှင့်ဆောင်ရွက်ခြင်းတို့ဖြင့် မြန်မာနိုင်ငံ၏ ပုံရိပ်ကို မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် အထက်ဖော်ပြပါ အဓိကတာဝန်များအား မိမိတို့လက်အောက်ရှိ ဦးစီးဌာနခုနစ်ခုနှင့် မြန်မာသံရုံးများ၊ အဖွဲ့ရုံးများ၊ ကောင်စစ်ဝန်ချုပ်ရုံးများနှင့် အတူ ပေါင်းစပ်ညှိနှိုင်း၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်**

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အရှေ့တောင်အာရှနှင့် တောင်အာရှဒေသအား ပေါင်းကူးတံတား တစ်ခုဖြစ်နေသည့်အပြင် လူဦးရေအထူထပ်ဆုံးနှင့် စီးပွားရေးအင်အားကြီးနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိနေသည့်အတွက် ပထဝီနိုင်ငံရေးအနေအထားအရ မဟာဗျူဟာကျသည့် နေရာတွင် တည်ရှိပါသည်။ ထို့ကြောင့် အမျိုးသား အကျိုးစီးပွားအား ကာကွယ်မြှင့်တင်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများနှင့် သာမက အစဉ်အလာအရ ခင်မင်ရင်းနှီးမှုရှိခဲ့သည့် နိုင်ငံများနှင့်လည်းကောင်း၊ ဒီမိုကရေစီရေးတွင် အားပေးထောက်ခံမှုပြုခဲ့ကြသည့် ဖွံ့ဖြိုးရေးမိတ်ဖက်သစ်နိုင်ငံများနှင့်လည်းကောင်း ချစ်ကြည်ရင်းနှီးမှု ဟန်ချက်ညီမျှစွာ တည်ဆောက်ရေး၊ နိုင်ငံအားလုံးနှင့် မိတ်ဝတ်မပျက်ချစ်ကြည်ရင်းနှီးမှု တည်ဆောက်ရေးကို ထူထောင်နိုင်ခဲ့သည်။

နိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုမြှင့်တင်နိုင်ရေးအတွက် ဆောင်ရွက်ရာတွင် နှစ်နိုင်ငံအကြား နိုင်ငံတော်အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များ၏ ချစ်ကြည်ရေးခရီးများ အပြန်အလှန် သွားရောက်နိုင်ရေးအတွက် အစိုးရသစ်၏ ပထမ(၁)နှစ်တာအတွင်း ချစ်ကြည်ရေးခရီးစဉ်များကို ဘက်ညီမျှတအောင် စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် လာအို၊ အိန္ဒိယ၊ ဗီယက်နမ်နှင့် ကမ္ဘောဒီးယားနိုင်ငံများသို့ ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့ပြီး အာဆီယံ-ရုရှား ဆက်ဆံရေး နှစ်(၆၀)ပြည့် အခမ်းအနားတက်ရောက်ရန် ရုရှားနိုင်ငံ၊ (၁၁)ကြိမ်မြောက် အာရှ-ဥရောပ(ASEM) ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် မွန်ဂိုလီးယားနိုင်ငံ၊ ထိုင်းဘုရင် ကွယ်လွန်မှုအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ထိုင်းနိုင်ငံ စသည်တို့သို့ သွားရောက်ခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် အရှေ့ခြမ်းနိုင်ငံများဖြစ်သည့် ထိုင်း၊တရုတ်၊ ဂျပန်၊ စင်ကာပူနှင့် အိန္ဒိယနိုင်ငံများသို့လည်းကောင်း၊ အနောက်ဘက်မှ ဗြိတိန်နိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုသို့လည်းကောင်း ချစ်ကြည်ရေးခရီးများ သွားရောက်ခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်သည် ချစ်ကြည်ရေးခရီးစဉ်နှင့်အတူ နယူးယောက်မြို့၌ ကျင်းပသည့် (၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် အိန္ဒိယနိုင်ငံ ဂိုအာမြို့၌ ပြုလုပ်သည့် BRICS-BIMSTEC ထိပ်သီးအစည်းအဝေးများသို့ တက်ရောက်ခဲ့သည်။

မိမိတို့နိုင်ငံသို့လည်း ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း စင်ကာပူ၊ မွန်ဂိုလီးယား၊ လာအို၊ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ နိုင်ငံ့ခေါင်းဆောင်များနှင့် အစိုးရအဖွဲ့အကြီးအကဲများ၊ အဆင့်မြင့်ကိုယ်စားလှယ်များ၏ ချစ်ကြည်ရေးခရီးစဉ်များနှင့် တရုတ်၊ ကနေဒါ၊ အီတလီ၊ အမေရိကန်၊ အိန္ဒိယ၊ ဂျပန်၊ ထိုင်း၊ ပြင်သစ်၊ ဗြိတိန်၊ ယူကရိန်းတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ခရီးစဉ် ၂၀ ခုအထိ လာရောက်ခဲ့ပြီး မကြာမီလည်း နိုင်ငံအများအပြားမှ အဆင့်မြင့်ကိုယ်စားလှယ်များ လာရောက်ရန်ရှိနေသေးကြောင်း သိရသည်။

နိုင်ငံတော်အကြီးအကဲမှ ၂၀၁၆ ခုနှစ်အတွက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်နေသည့် လာအိုနိုင်ငံသို့ ပထမဆုံးချစ်ကြည်ရေးခရီးစဉ်အဖြစ် သွားရောက်ရန် ရွေးချယ်ခဲ့ခြင်းဖြင့် မိမိတို့အနေဖြင့် အာဆီယံအပေါ် ဆက်ဆံရေးကို အလေးထားကြောင်းပြသနိုင်ခဲ့ပြီး မဟာဗျူဟာကျသည့် နိုင်ငံများသို့ ခရီးစဉ်များကိုလည်း ဘက်ညီမျှတစွာ စနစ်တကျ စီမံဆောင်ရွက်နိုင်ခဲ့သဖြင့် နိုင်ငံအားလုံးနှင့် ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ကြောင်း သိရသည်။

**အကျိုးများသည့် ချစ်ကြည်ရေးခရီးစဉ်များ**

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၏ တရုတ်ပြည်သူ့သမ္မတနိုင်ငံခရီးစဉ်အတွင်း နှစ်နိုင်ငံအကြားစီးပွားရေးနှင့် နည်းပညာပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံရှိ ကွမ်းလုံတံတား တည်ဆောက်ပေးရေး၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် တရုတ်နိုင်ငံမှ အမေရိကန်ဒေါ်လာ သုံးသန်း ကူညီပေးရန်၊ ကျန်းမာရေး၊ ပညာရေး၊ လယ်ယာစိုက်ပျိုးရေး၊ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများအတွက် တရုတ် ယွမ်ငွေသန်းတစ်ထောင် ပေးအပ်ရေးတို့ကို သဘောတူညီခဲ့သည်။ ထို့အပြင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့ ဦးဆောင်သည့် (၂+၂) အဆင့်မြင့် ဆွေးနွေးပွဲယန္တရားတစ်ရပ် ထူထောင်ပေးနိုင်ခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ယခုအခါ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံအကြား(၂+၂) အဆင့်မြင့် ဆွေးနွေးပွဲများကို နှစ်ကြိမ်တိုင် ကျင်းပနိုင်ခဲ့ပြီး နှစ်နိုင်ငံ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဒေသပြဿနာများကို ပူးတွဲဖြေရှင်းသွားရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အောင်မြင်ရန် တရုတ်ဘက်မှ အပြုသဘောအကူအညီပေးရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးကိုလည်း နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ ချစ်ကြည်ရေးခရီးစဉ်များ သွားရောက်ခဲ့သဖြင့် ပိုမိုနွေးထွေးသည့် ဆက်ဆံရေးတစ်ရပ်ကို ဖန်တီးနိုင်ခဲ့ပြီး ၎င်းတို့ဘက်မှလည်း Neighborhood First Policy အရ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးကို အထူးအလေးထားကာ နိုင်ငံတော်သမ္မတ၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံရှိ သုံးနိုင်ငံအဝေးပြေးလမ်းမကြီး၏ တမူး-ကျီကုန်း-ကလေးဝ လမ်းပိုင်းရှိ တံတားများနှင့် ချဉ်းကပ်လမ်းများ တည်ဆောက်ရေးနှင့် အဆင့်မြှင့်တင်ရေးအတွက်လည်းကောင်း၊ တိုင်းရင်းဆေးကဏ္ဍ၊ ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍတို့တွင်လည်းကောင်း ပူးပေါင်းဆောင်ရွက်ရန် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ အိန္ဒိယနိုင်ငံခရီးစဉ်အတွင်း၌လည်း နားလည်မှုစာချွန်လွှာ သုံးခုကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံအကြားတွင် ကာလကြာရှည်စွာ ကြန့်ကြာနေသည့် သဘောတူညီချက်များ၊ နယ်နိမိတ်ကိစ္စရပ်ဆိုင်ရာများကို နှစ်နိုင်ငံအကြား ညှိနှိုင်းဆွေးနွေးအဖြေရှာသွားရန် ယခုအစိုးရသစ်အနေဖြင့် ဆောင်ရွက်နိုင်ခဲ့ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံခရီးစဉ်အတွင်း မြန်မာနိုင်ငံအစိုးရနှင့် ထိုင်းနိုင်ငံအစိုးရတို့အကြား အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ၊ အလုပ်သမားများ အလုပ်ခန့်ထားရေးဆိုင်ရာ သဘောတူညီချက်စာချုပ်၊ နှစ်နိုင်ငံအကြား နယ်စပ်ဖြတ်သန်းသွားလာရေးဆိုင်ရာ သဘောတူစာချုပ်တို့ကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် ရွှေ့ပြောင်းအလုပ်သမားများကိစ္စ၊ ယခင်အစိုးရအဆက်ဆက်လက်ထက်က အစဉ်တစိုက်ရွှေ့ဆိုင်းထားခဲ့သည့် နှစ်နိုင်ငံနယ်နိမိတ် တိုင်းတာရေးလုပ်ငန်းများကို ပြန်လည်စတင်သွားရေးတို့ကို ညှိနှိုင်းဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ စင်ကာပူခရီးစဉ်အတွင်း စင်ကာပူ-မြန်မာ အသက်မွေးပညာသင်ကျောင်း နားလည်မှုစာချွန်လွှာအား သက်တမ်းတိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား အခွန်နှစ်ထပ်မဖြစ်စေရေး သဘောတူစာချုပ်အား ခေတ်နှင့် လျော်ညီအောင် ပြန်လည်ပြင်ဆင်ရေးဆွဲရေး၊ စင်ကာပူလေကြောင်းလိုင်း “Silk Air”အား စင်ကာပူ-ရန်ကုန်-မန္တလေး ခရီးစဉ်အတွက် စမ်းသပ်ကာလ ခြောက်လ own stop over rights ပျံသန်းပြေးဆွဲခွင့်ပြုရေး၊ နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများ ပိုမိုဖြစ်ထွန်းစေရန် ရင်းနှီးမြှုပ်နှံမှုစာချုပ်လက်မှတ်ရေးထိုးရေးတို့ကို သဘောတူညီခဲ့ကြသည်။

စင်ကာပူဝန်ကြီးချုပ်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း၌လည်း နှစ်နိုင်ငံအကြား သာမန်နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများ ရက်(၃၀) ဗီဇာကင်းလွတ်ခွင့်ပြုရေးစာချွန်လွှာကို လက်မှတ်ရေးထိုးနိုင်ခဲ့ပြီး ၂၀၁၆ ဒီဇင်ဘာ ၁ ရက်တွင် စတင်သက်ဝင်နေပြီဖြစ်သည်။

အတိုင်ပင်ခံပုဂ္ဂိုလ်၏ ဂျပန်နိုင်ငံခရီးစဉ်တွင်လည်း ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေး လုပ်ငန်းစဉ်အတွက် ငါးနှစ်အတွင်း ဂျပန်ယန်း ဘီလီယံ ၄၀ အကူအညီပေးရန်၊ မြို့ပြနှင့် ကျေးလက်ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျပန်အစိုးရ၏ အထောက်အပံ့များနှင့် ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများ အားလုံးပေါင်း၍ ငါးနှစ်အတွင်း ဂျပန်ယန်းဘီလီယံ ၈၀၀ ပေးအပ်သွားရန်တို့ကို သဘောတူညီမှုရရှိခဲ့သည်။

အစိုးရသစ်လက်ထက်တွင် မြန်မာ-အမေရိကန်ဆက်ဆံရေးကို မိတ်ဖက်ဆက်ဆံရေးအဖြစ် သတ်မှတ်ပြီး နှစ်နိုင်ငံအကြား ဆက်ဆံရေးနယ်ပယ်သစ်ကို ဖွင့်လှစ်နိုင်ခဲ့သည်။ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများကို ထောက်ခံသည့်အနေဖြင့် လည်းကောင်း၊ နှစ်နိုင်ငံအတွင်း ချစ်ကြည်ရင်းနှီးမှု အဆင့်မြှင့်တင်မှုကို အားဖြည့်သည့်အနေဖြင့်လည်းကောင်း၊ မြန်မာနှင့် အမေရိကန်အကြား ဆက်ဆံရေးကို မိတ်ဖက် ပူးပေါင်းဆောင်ရွက်ရေးအဖြစ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အမေရိကန်နိုင်ငံ ခရီးစဉ်အတွင်း တိုးမြှင့်သတ်မှတ်ခဲ့ကြောင်း သိရသည်။

၂၀၁၆ အောက်တိုဘာတွင် အမေရိကန်အစိုးရက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အမျိုးသားအရေးပေါ် အခြေအနေကို အပြီးသတ်ရပ်ဆိုင်းပေးခဲ့ပြီး ကန့်သတ်ပိတ်ဆို့မှုများနှင့် ပတ်သက်၍ သမ္မတ၏ အမိန့်အာဏာလေးခုဖြင့် မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် အရေးယူပိတ်ဆို့မှုများကို ဖယ်ရှားပေးခဲ့သည်။ မြန်မာနိုင်ငံအား ပို့ကုန်များအပေါ် အထူးအခွင့်အရေးပေးသည့်စနစ် Generalized System of Preferences–GSP ခံစားခွင့်ကို ပြန်လည်ပေးအပ်ခဲ့သည်။

မြန်မာ-အမေရိကန် မိတ်ဖက်ဆက်ဆံရေးသဘောတူညီချက်အရ မြန်မာ-အမေရိကန် ပထမအကြိမ် မိတ်ဖက်အစည်းအဝေးကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၅ ရက်တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ ကျင်းပခဲ့သည်။

ဥရောပနိုင်ငံများနှင့် ဆက်ဆံရေးတွင်လည်း အစိုးရသစ်လက်ထက် (၁)နှစ်တာကာလအတွင်း ဆွစ်ဇာလန်နိုင်ငံနှင့် ချက်သမ္မတနိုင်ငံတို့နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ညှိနှိုင်းဆွေးနွေးပွဲ(FOC)များကို နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်၌ ကျင်းပနိုင်ခဲ့သည်။

ဥရောပနိုင်ငံများအနေဖြင့် ငြိမ်းချမ်းရေးရန်ပုံငွေအဖွဲ့ (Joint Peace Fund)တွင် ရန်ပုံငွေထည့်ဝင်ခြင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွက် အတွေ့အကြုံကောင်းများ ဖလှယ်ခြင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များအား လေ့လာရေးခရီးစဉ်များ ဆောင်ရွက်ပေးခဲ့သည်။

**သံတမန်အဆက်အသွယ် နိုင်ငံပေါင်း ၁၂၀ ကျော်လာ**

အစိုးရသစ်လက်ထက်တွင် ဂီနီ၊ အီကွေဒေါ၊ ဆေးရှဲလ်၊ လိုင်ဘေးရီးယားနှင့် ဟိုလီဆီး (ဗာတီကန်)၊ မော်လ်တာနှင့် မာရှယ်ကျွန်းစုတို့နှင့် သံတမန်အဆက်အသွယ် ထူထောင်နိုင်ရန်အတွက် လိုအပ်သည့် ပြည်တွင်းလုပ်ထုံးလုပ်နည်းများအား စီစဉ်ဆောင်ရွက်ပြီးနောက် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးသို့ တင်ပြခဲ့ရာ သံတမန်အဆက်အသွယ်ပြုလုပ်ရန် သဘောတူညီခဲ့ပြီးဖြစ်သဖြင့် မြန်မာနိုင်ငံအနေဖြင့် သံတမန်အဆက်အသွယ် ထူထောင်ပြီးသည့် နိုင်ငံစုစုပေါင်း ၁၂၀ နိုင်ငံ ရှိလာတော့မည်ဖြစ်ပါသည်။

**အာဆီယံအဖွဲ့အတွင်း မှန်ကန်သည့် ရပ်တည်ချက်ဖြင့် ဆက်လက်ခရီးနှင်**

မြန်မာနိုင်ငံသည် အာဆီယံသို့ ဝင်ရောက်ခဲ့သည်မှာ အနှစ် ၂၀ ပြည့်မြောက်ခဲ့ပြီ ဖြစ်သည်။ ဆယ်စုနှစ်နှစ်ခုနီးပါးတွင် မြန်မာ့လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးတို့တွင် ဆက်တိုက် ဝေဖန်ဖိအားပေးခံနေရသည့်အတွက် အာဆီယံတွင် မြန်မာနိုင်ငံကြောင့် အနောက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးတွင် အဟန့်အတားသဖွယ် ယူဆခဲ့ကြသည်။ ယခုအခါ မြန်မာ

အချုပ်ပိုဒ်(ဂ)သို့

အချပ်ပို(ခ)မှ

နိုင်ငံသည် ဒီမိုကရေစီအစိုးရအဖြစ်သို့ ကူးပြောင်းခဲ့ပြီး အာဆီယံနိုင်ငံများအတွင်း နိုင်ငံရေးနှင့် သတင်းမီဒီယာလွတ်လပ်ခွင့်အရှိဆုံး နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့ရာ အာဆီယံအဖွဲ့တွင် မြန်မာနိုင်ငံပါဝင်ခြင်းသည် အခြားသော ကမ္ဘာ့နိုင်ငံများ အလေးထားဖွယ်ရာ ဖြစ်လာခဲ့သည်ကို မြင်တွေ့ရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးသည် ၂၀၁၆ ခုနှစ် ဇူလိုင်လက လာအိုနိုင်ငံ ဗီယင်ကျန်းမြို့တွင် ကျင်းပခဲ့သည့် (၄၉)ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့လည်းကောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာလအတွင်း ကျင်းပသည့် (၂၈)ကြိမ်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများနှင့် ဆက်စပ်အစည်းအဝေးများသို့လည်းကောင်း ပါဝင်တက်ရောက်ခဲ့သည်။

အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း တစ်နိုင်ငံ၏ပြည်တွင်းရေးကို တစ်နိုင်ငံမှ ဝင်ရောက်စွက်ဖက်မှုမပြုရေးမှာ အရေးအကြီးဆုံးသော မူဝါဒရပ်တည်မှုဖြစ်ပြီး၊ အချင်းချင်းငြိမ်းချမ်းစွာ ညှိနှိုင်းဆွေးနွေး ဖြေရှင်းကြရန်ဖြစ်သော်လည်း ရခိုင်ပြည်နယ်မောင်တောဖြစ်စဉ်နှင့် ပတ်သက်ပြီး မြန်မာနိုင်ငံအစိုးရအပေါ် အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံမှ ဝေဖန်ပုတ်ခတ်ပြောဆိုမှုများပြုလုပ်ခဲ့သဖြင့် အာဆီယံ၏မူဝါဒမှ သွေဖည်သည့်အပြင် အာဆီယံ၏ သွေးစည်းညီညွတ်မှုနှင့် ဂုဏ်သိက္ခာကို ထိပါးလာစေနိုင်သည့် အခြေအနေမျိုး ပေါ်ပေါက်လာခဲ့ပါသည်။

ထို့ကြောင့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေးကို ၂၀၁၆ ဒီဇင်ဘာတွင် မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပ၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ရခိုင်ပြည်နယ်အခြေအနေနှင့်ပတ်သက်ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများအား မိသားစုအနေဖြင့် အလွတ်သဘော ရှင်းလင်းပြောကြားခဲ့ပါသည်။ ထို့ကြောင့် အာဆီယံနိုင်ငံများက ရခိုင်ပြည်နယ်ကိစ္စအား ဖြေရှင်းရန် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များကို ကြိုဆိုခဲ့ကြပြီး အင်ဒိုနီးရှား၊ ထိုင်းနှင့် မလေးရှားနိုင်ငံတို့အပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများက ပေးအပ်သည့် လူသားချင်းစာနာမှု အကူအညီများကိုလည်း သံတမန်လမ်းကြောင်းမှတစ်ဆင့် တရားဝင်လက်ခံရယူနိုင်ခဲ့သည့်အတွက် မလေးရှားနိုင်ငံမှ တက်ကြွလှုပ်ရှားသူများ ပါဝင်သည့် Floatia သင်္ဘောရန်ကုန်ဆိပ်ကမ်း ဆိုက်ကပ်ဝင်ရောက်ရန် ကြိုးပမ်းမှုကို ပြေလည်အောင် စေ့စပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်းက ဖိလစ်ပိုင်နိုင်ငံ ဘော်ရကိုင်းကျွန်းတွင် ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ အလွတ်သဘော သီးသန့်အစည်းအဝေးတွင်လည်း ဒုတိယနိုင်ငံခြားရေးဝန်ကြီးမှ ရခိုင်ပြည်နယ်ကိစ္စနှင့် ပတ်သက်၍ နောက်ဆုံးတိုးတက်မှုအခြေအနေများကို အလွတ်သဘော ရှင်းလင်းပြောကြားကာ ထပ်မံအသိပေးနိုင်ခဲ့သည်။

### ကုလသမဂ္ဂ မျက်နှာစာထက် နိုင်ငံ့အကျိုးအတွက် ဆောင်ရွက်ချက်များ

ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုမှာ မြန်မာနိုင်ငံခြားရေးမူဝါဒ၏ မဏ္ဍိုင်တစ်ရပ်ဖြစ်သည့်အားလျော်စွာ နိုင်ငံတော်အစိုးရကိုယ်စား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ ၂၀၁၆ စက်တင်ဘာတွင် ကျင်းပသည့် UNGA ၏(၇၁)ကြိမ်မြောက် အထွေထွေညီလာခံတွင် မြန်မာနိုင်ငံကိုယ်စားပြု မူဝါဒရေးရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့သည်။

အလားတူပင် ဒုတိယဝန်ကြီးခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှ ကျင်းပသည့် မြန်မာနိုင်ငံ၏ မိတ်ဖက်နိုင်ငံများအုပ်စု (Partnership Group on Myanmar)၏ အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် လူ့အခွင့်အရေးမြှင့်တင်ရေး ကြိုးပမ်းမှုများနှင့် ကျန်ရှိနေသည့် စိန်ခေါ်မှုများအား ဖြေရှင်းဆောင်ရွက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ရှင်းလင်းပြောကြားခဲ့ပြီး မြန်မာနိုင်ငံအား ဥရောပသမဂ္ဂမှ နှစ်စဉ်အဆိုမူကြမ်း တင်သွင်းနေမှုကို အဆုံးသတ်ပေးရန် တောင်းဆိုခဲ့သဖြင့် အစိုးရအနေဖြင့် ပထမတစ်နှစ်တာကာလအတွင်း အထူးခြားဆုံး အောင်မြင်မှုတစ်ရပ်ဖြစ်သည့် ၁၉၉၁ ခုနှစ်မှစ၍ ကုလသမဂ္ဂအထွေထွေညီလာခံ၊ တတိယကော်မတီတွင် အီးယူမှ နှစ်စဉ်တင်သွင်းနေသည့် မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အဆိုမူကြမ်းအား ဆက်လက်တင်သွင်းခြင်းမပြုတော့ဘဲ အဆုံးသတ်နိုင်စေခဲ့ပြီ ဖြစ်သည်။ အဆိုပါဆုံးဖြတ်ချက်အရ ခန့်အပ်ခဲ့သည့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာ ဗီဂျေနမ်ဘီယားအား တာဝန်ပေးခန့်အပ်ထားမှုကိုလည်း အဆုံးသတ်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးနှင့် လက်နက်ဖျက်သိမ်းရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများတွင် လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုပါဝင်ခြင်းတို့ ဆောင်ရွက်နေရာ လက်နက်ဖျက်သိမ်းရေးနှင့်ပတ်သက်၍ နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေး စာချုပ် (CTBT)သို့ အတည်ပြုပါဝင်သည့် စာချွန်လွှာအား နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ နယူးယောက်မြို့ ကုလသမဂ္ဂဌာနချုပ်တွင် အပ်နှံနိုင်ခဲ့သည်။ နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေး ပဋိညာဉ်(Convention on Nuclear Safety-CNS) နှင့် နျူကလီးယားဒြပ်ပစ္စည်းနှင့် နျူကလီးယားအဆောက်အအုံများအား ရုပ်ပိုင်းဆိုင်ရာအကာအကွယ်ပြုမှု ပဋိညာဉ် (Convention on the Physical Protection of Nuclear Material-CPPNM) တို့သို့လည်း အတည်ပြုပါဝင်နိုင်ခဲ့ကြောင်း သိရသည်။

၂၀၁၅ ခုနှစ်အတွင်း လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည့် **စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ်** (International Covenant on Economic, Social and Cultural Rights- ICESCR) နှင့် လက်နက်ကိုင် ပဋိပက္ခများအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုတွင် ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် (Optional Protocol to the Convention on the Rights of the Child on the Involvement of Children in Armed Conflict) တို့အား အတည်ပြုပါဝင်နိုင်ရေးအတွက်လည်းကောင်း၊ မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးရန် ကျန်ရှိသော လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များအနက် ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားသော ရက်စက်ကြမ်းကြုတ်၊ လူမဆန်သည့် (သို့) လူ့သိက္ခာ ညှိုးနွမ်းစေသည့် ပြုကျင့်မှု (သို့) ပြစ်ဒဏ်ပေးမှုပပျောက်ရေးဆိုင်ရာစာချုပ် (CAT) နှင့် အရပ်ဘက်နှင့် နိုင်ငံရေးအခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာစာချုပ် (ICCPR) အပါအဝင် အခြားအပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို လေ့လာသုံးသပ်ခြင်း၊ အသိပညာပေးရေး အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထိုစဉ်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဖြစ်သူ မစ္စတာဘန်ကီမွန်းကိုလည်း နေပြည်တော်၌ ကျင်းပခဲ့သည့် ပထမအကြိမ် (၂၁)ရာစု ပင်လုံညီလာခံဖွင့်ပွဲသို့ တက်ရောက်ရန် ဖိတ်ကြားနိုင်ခဲ့ပြီး ၎င်းရောက်ရှိနေစဉ်ကာလအတွင်း အတွင်းရေးမှူးချုပ်အား ဘာသာပေါင်းစုံမှ ခေါင်းဆောင်များနှင့် တွေ့ဆုံစေလျက် ဘာသာပေါင်းစုံ ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပေးနိုင်ခဲ့သည်။

### ရခိုင်ပြည်နယ်အရေး စိန်ခေါ်မှုများနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြိုးပမ်းချက်များ

နိုင်ငံတော်အစိုးရ၏ အရေးကြီးသည့် လုပ်ငန်းစဉ်ဖြစ်သည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအတွက် ရခိုင်ပြည်နယ်အရေးကို ရေတို/ရေရှည် နည်းလမ်းများ ရှာဖွေဖြေရှင်းရန် အစိုးရသစ် စတင်တာဝန်ယူပြီး ၂၀၁၆ မေ ၃၀ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည့် ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာ အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်နေသည်။ ထို့အပြင် ရခိုင်ပြည်နယ်ရှိ စိန်ခေါ်မှုများကို နိုင်ငံတကာအမြင်နှင့်သုံးသပ်ကာ ရေရှည်အကျိုးရှိ တည်တံ့မည့် အဖြေရရှိနိုင်ရေးအတွက် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကိုလည်း ဖွဲ့စည်းပေးခဲ့ပြီး နိုင်ငံသားစိစစ်ရေး အပါအဝင် ပြဿနာဖြေရှင်းရေးအတွက် သော့ချက်ကျသည့် လုပ်ငန်းစဉ် အဆင့်ဆင့်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။

ရခိုင်ပြည်နယ်ကိစ္စအား အစိုးရမှ အာရုံစိုက်ဆောင်ရွက်နေချိန်တွင် ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်က နယ်ခြားစောင့်လုံခြုံရေးတပ်ဖွဲ့များစခန်းကို အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည်မှ စတင်ကာ လုံခြုံရေးအတွက် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်မှုနှင့် ပတ်သက်၍ သတင်းမီဒီယာများမှတစ်ဆင့် လှုံ့ဆော်လာမှုများကြောင့် မြန်မာနိုင်ငံအပေါ် တစ်ကျော့ပြန် ဖိအားပေးမှုများ ကြီးထွားလာသည့် အနေအထားနှင့် ရင်ဆိုင်ခဲ့ရပါသည်။ ထိုသို့ဖိအားပေးမှုများကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီတို့အား အသုံးချဆောင်ရွက်လာနေသည်ကိုလည်း တွေ့ရှိရပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ၏ အားပေးထောက်ခံမှုများ ရရှိနေသော်လည်း နိုင်ငံတကာမျက်နှာစာတွင် ရခိုင်ပြည်နယ်အရေးကိစ္စအပါအဝင် ကျန်ရှိနေသည့် စိန်ခေါ်မှုများကြောင့် ဖိအားပေးမှုများနှင့်အတူ နိုင်ငံတော်အကျိုးစီးပွားနှင့် အချုပ်အခြာအာဏာကို ထိပါးလာနိုင်သည့် ခြိမ်းခြောက်မှုအန္တရာယ်များနှင့် ရင်ဆိုင်လာရပါသည်။ ထို့ကြောင့် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ကာကွယ်တုံ့ပြန်ရှင်းလင်းခြင်း၊ ချဉ်းကပ်စည်းရုံးခြင်းများ ပြုလုပ်နေရဆဲဖြစ်ပါသည်။

ဖိအားပေးမှုကို တုံ့ပြန်ရန်အတွက် ၂၀၁၇ ခုနှစ် မတ်လအတွင်းက ဂျီနီဗာမြို့၌ ကျင်းပသည့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ (၃၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား စေလွှတ်ကာ မိန့်ခွန်းပြောကြားခဲ့ပြီး နှစ်နိုင်ငံချင်း တွေ့ဆုံချဉ်းကပ် စည်းရုံးခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ ပြီးခဲ့သည့် ဇန်နဝါရီလတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်မှ အထူးကိုယ်စားလှယ်အဖြစ် ဒုတိယဝန်ကြီးအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စေလွှတ်ကာ နှစ်နိုင်ငံ နယ်စပ်အကြား လုံခြုံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များ ပြုလုပ်စေခဲ့သည်။ ယင်းကိစ္စတွင် အရေးပါသည့် နိုင်ငံများမှ မြန်မာသံအမတ်ကြီးများကလည်း အိမ်ရှင်နိုင်ငံများသို့ ချဉ်းကပ်စည်းရုံးမှုများ ပြုလုပ်ပေးခဲ့ကြသည်။

"ဝန်ကြီးဌာနအနေနဲ့ လူ့အခွင့်အရေးကိစ္စအပါအဝင် ရခိုင်ပြည်နယ်ကိစ္စတွေမှာ မိမိတို့အပေါ် စွပ်စွဲမှုတွေရှိလာရင် စုံစမ်းစစ်ဆေးပြီး ခိုင်လုံရင် လိုအပ်တဲ့အရေးယူမှုတွေ လုပ်သွားမှာပါ။ ဒါပေမယ့် ပြဿနာကို ဖြေရှင်းဖို့မဟုတ်ဘဲ အစိုးရရဲ့ကြိုးပမ်းနေတာတွေကို ပိုမိုရှုပ်ထွေးလာအောင် စွက်ဖက်တဲ့ ဖိအားပေးတာတွေလိုမျိုး အခြေအနေတွေကိုတော့ ကာကွယ်တားဆီးဖို့ နိုင်ငံတကာမျက်နှာစာမှာ မိတ်ဆွေနိုင်ငံတွေနဲ့ ပူးပေါင်းဆောင်ရွက်ပြီး သံတမန်နည်းလမ်းအတိုင်း ကြံ့ကြံ့ခံရပ်တည်ကြိုးပမ်းနေပါတယ်"ဟု ဒုတိယဝန်ကြီးက ဖြေကြားသည်။

### ဒေသတွင်းပိုမိုပူးပေါင်းဆောင်ရွက်နေ

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့အပြင် အိန္ဒိယသမုဒ္ဒရာကမ်းခြေရပ်ဝန်းနိုင်ငံများအသင်း (India Ocean Rim Association)တွင် ပါဝင်နိုင်ရေးအတွက် ယခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပခဲ့သည့် အိန္ဒိယသမုဒ္ဒရာကမ်းခြေရပ်ဝန်းနိုင်ငံများအသင်း အစည်းအဝေးသို့ လေ့လာသူအဖြစ် ပထမဆုံးအကြိမ် တက်ရောက်ခဲ့ပြီး အဖွဲ့ဝင်အဖြစ် ပါဝင်ရေးကို ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အာဆီယံနှင့် မိတ်ဖက်ဆက်ဆံရေးနိုင်ငံတစ်နိုင်ငံဖြစ်သည့် ဩစတြေးလျနိုင်ငံနှင့် ပူးပေါင်းလျက် အာဆီယံ-ဩစတြေးလျဖိုရမ်ကိုလည်း ၂၀၁၇ ခုနှစ် မတ်လအတွင်း အိမ်ရှင်နိုင်ငံအဖြစ် အောင်မြင်စွာ လက်ခံကျင်းပနိုင်ခဲ့ပါသည်။

ထို့အပြင် အာရှ-ဥရောပ အစည်းအဝေး (Asia Europe Meeting : ASEM) အဖွဲ့တွင် အာဆီယံအဖွဲ့၏ ညှိနှိုင်းရေးမှူးအဖြစ် တာဝန်ယူထားသည့်အတွက် ယခုနှစ် နိုဝင်ဘာလတွင် ASEMအဖွဲ့ဝင်နိုင်ငံ (၅၃) နိုင်ငံပါဝင်သည့် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိကြောင်းသိရသည်။

### အိမ်နီးချင်း နယ်နိမိတ်ပြဿနာ အဖြေရှာ

မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် အိမ်နီးချင်း ငါးနိုင်ငံတို့အကြား နယ်နိမိတ်ပြဿနာများ ဖြေရှင်းရေး၊ နယ်နိမိတ်များ သတ်မှတ်တိုင်းတာရေးဆိုင်ရာ ကိစ္စရပ်များကို နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်တာဝန်ယူထားသည်။ ယခင်အစိုးရအဆက်ဆက် ဆိုင်းငံ့ထားခဲ့သည့် ထိုင်းနှင့် မြန်မာနိုင်ငံအကြား နယ်နိမိတ်အား ပြန်လည်တိုင်းတာရေးကိစ္စ၊ အိန္ဒိယနှင့် မြန်မာနိုင်ငံအကြား နယ်နိမိတ်မျဉ်းကြောင်းများ ရှင်းလင်းစွာ ပြန်လည်သွယ်တန်းရေးကိစ္စနှင့် လာအိုနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးတံတားကိစ္စများကို ဦးစားပေးအဖြစ် စတင်ဆောင်ရွက်ခဲ့သည်။

### ထိုင်း-မြန်မာနယ်နိမိတ်


မြန်မာ-ထိုင်း နယ်နိမိတ်အရှည်မှာ ၁၃၁၈ မိုင်ရှိသည့်အနက် တာချီလိတ်မြို့နယ်အတွင်းရှိ အရှည် ၃၆မိုင်ရှိ မဲဆိုင်-မဲဟောက်ချောင်း နယ်နိမိတ်ကိုသာ ပုံသေနယ်နိမိတ်အဖြစ် ပြန်လည်သတ်မှတ်ထားနိုင်ခဲ့ပြီး ကျန်နယ်နိမိတ်များကို ပြန်လည်တိုင်းတာရေးကိစ္စမှာ ယခင်အစိုးရများလက်ထက်က အကြောင်းအမျိုးမျိုးကြောင့် ဆောင်ရွက်နိုင်ခြင်းမရှိခဲ့ဘဲ ဒီမိုကရေစီအစိုးရသစ်လက်ထက်တွင် နောင်လာနောက်သားများအား ကောင်းမွန်သည့် အမွေအနှစ်များပေးအပ်ခဲ့လိုသည့် စိတ်စေတနာဖြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ၎င်း၏ ထိုင်းနိုင်ငံခရီးစဉ်အတွင်း မြန်မာ-ထိုင်း နယ်နိမိတ်တိုင်းတာရေးကိစ္စများကို ဆွေးနွေးဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

တောင်ပိုင်းနယ်နိမိတ်ဖြစ်သည့် ပတ်ချန်မြစ်တစ်လျှောက်နှင့် ယင်း၏မြောက်ဘက် ရေဝေကြောအတိုင်း စုစုပေါင်း မိုင် ၂၀၀ ခန့်ကို စတင်တိုင်းတာမည်ဖြစ်ပြီး လေကြောင်းမှ ဓာတ်ပုံရိုက်ကူးခြင်းများ ပြီးစီးခဲ့ပြီး ကောင်းကင်ဓာတ်ပုံမှ ဓာတ်ပုံမြေပုံရေးဆွဲထုတ်လုပ်ပြီးပါက အင်္ဂလိပ်လက်ထက် သဘောတူညီမှုများကို အခြေခံကာ နယ်နိမိတ်အား ကွင်းဆင်းတိုင်းတာပြီး နယ်နိမိတ်မှတ်တိုင်များစိုက်ထူခြင်းကို ပူးတွဲ ဆောင်ရွက်မည်ဖြစ်သည်။ လုပ်ဆောင်ချက်များအတွက် နှစ်နိုင်ငံသဘောတူညီမှုဆိုင်ရာ လက်မှတ်ရေးထိုးခြင်းကို သံတမန်လမ်းကြောင်းဖြင့် ဆောင်ရွက်ရန် ထိုင်းနိုင်ငံနှင့် ညှိနှိုင်းလျက်ရှိသည်။

### မြန်မာ-ထိုင်း မြေထိန်းနံရံများ လိုက်နာရမည့်စည်းကမ်းချမှတ်

မြန်မာ-ထိုင်းနယ်နိမိတ်တွင် ရေပိုင်နယ်နိမိတ်များမှာ မြစ်ရေကြီးခြင်းအပါအဝင် လူတို့လုပ်ဆောင်ချက်များကြောင့် ရေစီးကြောင်းပြောင်းလဲမှုများ မကြာခဏဖြစ်ပေါ်လေ့ရှိပြီး နှစ်နိုင်ငံအကြား မကြာခဏအငြင်းပွားခဲ့ရသည်။ လက်ရှိအစိုးရအနေဖြင့် မြစ်၊ ချောင်း နယ်နိမိတ်များတွင် ပေါ်ပေါက်သည့် ပြဿနာများကို ဖြေရှင်းရန် မြစ်၊ ချောင်း နယ်နိမိတ်တွင်

အချပ်ပို(ဃ)သို့



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ တွေ့ဆုံဆွေးနွေးစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်ဘုရင်နှင့် မိဖုရားတို့ တွေ့ဆုံဆွေးနွေးစဉ်

**အချုပ်ပို(၈)မှ**

မြစ်ကမ်းပါးပြိုမှုကို ကာကွယ်ရန် မြေထိန်းနံရံများ တည်ဆောက်ခြင်းတွင် နှစ်နိုင်ငံစလုံးမှ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သဘောတူခဲ့ကြသည်။

**မြန်မာ-အိန္ဒိယ နယ်နိမိတ်ပိုင်းခြားသတ်မှတ်**

မြန်မာ-အိန္ဒိယနယ်နိမိတ် နာဂဒေသရှိ နယ်နိမိတ်မှတ်တိုင်အမှတ် ၁၄၅ နှင့် ၁၄၆ ကြားတွင် အိန္ဒိယဒေသခံများမှ အဆောက်အအုံများ တည်ဆောက်ခြင်းကို ကာကွယ်တားဆီးနိုင်ရေးအတွက် ခြံစည်းရိုးကာရံခြင်းကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် စတင်ခဲ့ သည်။ အိန္ဒိယဘက်မှ အဆိုပါလုပ်ငန်းကို နှစ်နိုင်ငံပူးတွဲ၍ ထပ်တိုးမှတ်တိုင်များ စိုက်ထူပြီးမှ ဆောင်ရွက်ရန် မေတ္တာရပ်ခံခဲ့သဖြင့် မြန်မာဘက်က ခြံစည်းရိုးကာရံခြင်းကို ခေတ္တဆိုင်းငံ့ထားခဲ့ပြီး ၂၀၁၇ ခုနှစ် မတ်လကုန်တွင် အိန္ဒိယဘက်နှင့် ပူးတွဲဆောင်ရွက်သွားရန်ရှိကြောင်း သိရှိရသည်။

**ချစ်ကြည်ရေးတံတားပေါ်တွင် လာအိုနှင့်**
**နယ်နိမိတ်အမှတ်အသားသတ်မှတ်**

မြန်မာ-လာအိုနယ်နိမိတ်ဖြစ်သည့် မဲခေါင်မြစ်ပေါ်တွင် ပထမဆုံး ချစ်ကြည်ရေးတံတားကို ၂၀၁၅ ခုနှစ်တွင် ဆောက်လုပ်ပြီးစီးခဲ့သော်လည်း တံတားအပေါ် စီမံထိန်းသိမ်းရေးနှင့် အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိစ္စတွင် ယခင်က နှစ်နိုင်ငံအကြား သဘောကွဲလွဲမှုများ ဖြစ်နေခဲ့သဖြင့် မြစ်အတွင်းရှိ နယ်နိမိတ်အမှတ်ကို တံတားပေါ်တွင် မှတ်တမ်းတင်ဖော်ပြနိုင်ရန် ၂၀၁၆ ခုနှစ် ဩဂုတ်အတွင်း နေပြည်တော်၌ ကျင်းပခဲ့သည့် နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးအဆင့် အစည်းအဝေးတွင် သဘောတူညီမှု ရရှိခဲ့ပါသည်။

ထို့ကြောင့် ချစ်ကြည်ရေးတံတားပေါ်တွင် နယ်နိမိတ်အမှတ်အသား ကြေးပြားနှစ်ခုကို ပူးတွဲမြှုပ်နှံရန်နှင့် တံတားပါရှိသည့် နယ်နိမိတ်ရေပုံအမှတ် (၁၂)အား ပြန်လည်ရေးဆွဲနိုင်ရန် တံတားနေရာအား နှစ်နိုင်ငံပူးတွဲ စစ်ဆေးတိုင်းတာခဲ့ပြီး တံတားပေါ်တွင် မိမိနယ်နိမိတ်အမှတ်အသား ထင်ရှားခဲ့ပြီး မိမိနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်ဆိုင်မှုကို ဒေသအာဏာပိုင်များအနေဖြင့် သေချာစွာ သိရှိနိုင်စေမည် ဖြစ်သည်။

**ပြည်ပရောက်မြန်မာများအတွက်ရည်မှန်းဆောင်ရွက်ချက်များ**

ပြည်သူက ရွေးချယ်တင်မြှောက်ခဲ့သည့် အစိုးရလက်ထက်တွင် မြန်မာသံရုံး၊ အဖွဲ့ရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများအနေဖြင့် ပြည်သူကို ဗဟိုပြုသည့် သံတမန်များဖြစ်လာကြစေရေးအတွက် ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရန်၊ မြန်မာနိုင်ငံသားများ အကျိုးကို ကာကွယ်စောင့်ရှောက်ရေးအတွက် အဂတိကင်းရှင်းစွာဖြင့် ပိုမိုကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံသားများနှင့် နွေးထွေးရင်းနှီးသည့် ဆက်ဆံရေးရှိအောင် အစဉ်ကြိုးပမ်းရန်၊ ပြည်ပတွင် ပြစ်ဒဏ်ကျခံနေရသူပင်ဖြစ်စေကာမူ မိမိနိုင်ငံသားဖြစ်သည့်အတွက် ဂရုတစိုက်လိုအပ်သည်များ ပံ့ပိုးပေးနိုင်ရေးအတွက် ဆောင်ရွက်ကြရန်နှင့် ပြည်ပရောက် မြန်မာနိုင်ငံသားဟောင်းများအား မိမိနိုင်ငံသို့ ပြန်လည်လာရောက်ပြီး နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပါဝင်ခွင့် ရရှိရေးကိုဆောင်ရွက်ပေးကြရန် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ရှင်းလင်းတိကျစွာ လမ်းညွှန်မှာကြားထားခဲ့ပါသည်။

**သံရုံးများ ပြောင်းလဲခဲ့ပြီ**

မြန်မာသံအမတ်ကြီးများအား အစိုးရသစ်၏ မူဝါဒသစ်များကို အသိပေးရှင်းလင်းရန် မြန်မာသံအမတ်ကြီးများ ကွန်ဖရင့်ကို နေပြည်တော်တွင် တစ်ကြိမ်၊ လန်ဒန်မြို့တွင် တစ်ကြိမ် ကျင်းပနိုင်ခဲ့ပြီး မြန်မာနိုင်ငံသားအများစု ရောက်ရှိနေထိုင်လျက်ရှိသည့် ထိုင်း၊ စင်ကာပူ၊ မလေးရှား၊ အင်ဒိုနီးရှား စသည့်နိုင်ငံများရှိ မြန်မာသံရုံးများအနေဖြင့် မြန်မာနိုင်ငံသားများအကျိုးကို ယခင်ထက် ပိုမိုကောင်းမွန်သည့် နည်းလမ်းများရှာဖွေကာ ကာကွယ်စောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ သံရုံးများ၏ လူအင်အားနှင့် ဘဏ္ဍာငွေကန့်သတ်ချက်များကြောင့် ကူညီပံ့ပိုးမှုများကို ဆန္ဒရှိသည့်အတိုင်း အပြည့်အဝကူညီပံ့ပိုးပေးနိုင်ခြင်း မရှိသေးသော်လည်း မြန်မာနိုင်ငံသားအကျိုးကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများအား ယခင်ကထက် သိသိသာသာ ပိုမိုတိုးတက်စွာ ဆောင်ရွက်လျက်ရှိသည်။

**ထိုင်းနိုင်ငံရောက်မြန်မာလုပ်သား**

ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ပတ်သက်၍ဆောင်ရွက်မှုများတွင် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော မြန်မာရွှေ့ပြောင်းအလုပ်သမား နှစ်သန်းကျော်ရှိရာ ထိုသူများမှာ ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား အလုပ်သမားများခန့်ထားခြင်းဆိုင်ရာ MoU အရ တရားဝင် ဝင်ရောက်ခဲ့သူများနှင့် ယခင်က တရားမဝင်ရောက်ရှိလုပ်ကိုင်နေသူများအားလုံး ထိုင်းနိုင်ငံသားများနှင့် တန်းတူ လူမှုဘဝလုံခြုံရေး၊ ကျန်းမာရေးနှင့် ဘဝအာမခံချက် အကျိုးခံစားခွင့်များခံစားရရှိစေရေး၊ အလုပ်သမားအခွင့်အရေး နစ်နာဆုံးရှုံးမှုများမှ ကာကွယ်တားဆီးပေးနိုင်ရေး စသည်တို့အတွက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ညှိနှိုင်းပြီး ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံအစိုးရမှ ထုတ်ပေးထားသော ယာယီနေထိုင်အလုပ်လုပ်ကိုင်ခွင့် လက်မှတ်ကိုင်ဆောင်ထားသည့် မြန်မာအလုပ်သမားများအနက် ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ပြီး အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်စသည့် အထောက်အထားပြနိုင်သူများအား နိုင်ငံသားစိစစ်၍ မြန်မာသံရုံး၊ ဗန်ကောက်မြို့တွင် သာမန်မြန်မာနိုင်ငံကူးလက်မှတ်များ ထုတ်ပေးရန် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

နိုင်ငံသားအထောက်အထား မတင်ပြနိုင်သူများအား မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity- C of I) ထုတ်ပေးလျက်ရှိပါသည်။ ထိုင်းနိုင်ငံအတွင်း မြန်မာအလုပ်သမားများ အများစုနေထိုင်ရာဒေသများဖြစ်သည့် စမုစခွန်၊ စုပရာကန်၊ မယ်ဆိုင်နှင့် ရနောင်းမြို့တို့တွင် C of I ထုတ်ပေးရေးစခန်းများ တိုးချဲ့ဖွင့်လှစ်ပြီး ၂၀၁၇ မတ်လ ၃ ရက်မှစတင် ထုတ်ပေးလျက်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံရောက် မြန်မာအလုပ်သမားများအရေးကိစ္စများအား ပိုမိုထိရောက်စွာ ကူညီပံ့ပိုးနိုင်ရေးအတွက် မြန်မာသံရုံး အင်အားကိုတိုးမြှင့်ထားကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရှိရသည်။

**ထိုင်းနိုင်ငံရောက် နေရပ်ပြန်လိုသူများကို ကူညီ**

မြန်မာနိုင်ငံတွင် ပြည်တွင်းပဋိပက္ခများဖြစ်ပေါ်မှုကြောင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားများသည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ မှစ၍ ထိုင်းနိုင်ငံဘက်သို့ တိမ်းရှောင်ဝင်ရောက်ခိုလှုံမှုများရှိခဲ့ရာ ထိုင်းနိုင်ငံရှိ ယာယီစခန်းကိုးခုတွင် နေထိုင်လျက်ရှိကြသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့သည့် ချစ်ကြည်ရေးခရီးစဉ် အပြီးတွင် မြန်မာနိုင်ငံသို့ မိမိဆန္ဒအရ ပြန်လာလိုကြောင်း အဆိုပြုတင်ပြလာသူ ၁၆၉ ဦးရှိသည့်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဦးဆောင်၍ နိုင်ငံသားစိစစ်ရန် ကိုယ်စားလှယ်အဖွဲ့စေလွှတ်ခဲ့ပြီး လိုအပ်သည့် ခရီးသွားစာရွက်စာတမ်းများ ဆောလျင်စွာထုတ်ပေးနိုင်ခဲ့သည်။ ၎င်းတို့အနက်မှ မိမိတို့ဆန္ဒအလျောက်ပြန်လိုသူ ခြောက်ဦးကို ထီးခီးစခန်းမှတစ်ဆင့် လည်းကောင်း၊ ၆၅ ဦးကို နယ်စပ်မြဝတီစခန်းမှလည်းကောင်း ပြန်လည်ခေါ်ယူကာ နေရပ်သို့ ပို့ဆောင်ပေးနိုင်ခဲ့သည်။

**စင်ကာပူရောက် အိမ်အကူများအတွက် ကူညီရပ်တည်**

စင်ကာပူနိုင်ငံသို့ ရောက်ရှိနေကြသည့် မြန်မာအိမ်ထောင်မှုအကူအပံ့များအနက် အချို့မှာ အသက်မပြည့်ခြင်း၊ အင်္ဂလိပ်စကား အခက်အခဲရှိခြင်း၊ မျှော်မှန်းသည်ထက် ပိုမိုပင်ပန်းခြင်းတို့ကြောင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာလိုသူများ ရှိသကဲ့သို့ နှိပ်စက်ညှဉ်းပန်းမှုများ၊ အနိုင်ကျင့်ခံရမှုများ၊ အလုပ်သမားအခွင့်အရေး ချိုးဖောက်မှုများကြောင့် အခက်အခဲများနှင့် ရင်ဆိုင်နေကြရသူများအတွက် မြန်မာသံရုံးသည် စင်ကာပူအလုပ်သမား၊ လူ့စွမ်းအားဝန်ကြီးဌာန၊ စင်ကာပူ အလုပ်သမားသမဂ္ဂနှင့် စင်ကာပူအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီတို့နှင့် ပူးပေါင်း၍ တရားဥပဒေဘောင်အတွင်းမှ မြန်မာအိမ်ထောင်မှု အကူအပံ့များ ရသင့်သည့် အခွင့်အရေးနှင့် ရပိုင်ခွင့်များ ရရှိခံစားနိုင်ရေးအတွက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

**ထိန်းသိမ်းရေးစခန်းမှ ပြန်လည်ခေါ်ဆောင်**

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာသံရုံးများသည် အိမ်နီးချင်းနိုင်ငံများတွင် ထိန်းသိမ်းခံနေရသူများအား ပြန်လည်ခေါ်ဆောင်ခွင့်ရရန် ကြိုးပမ်းလျက်ရှိရာ မြန်မာနိုင်ငံသို့ ပြန်ရန် ခရီးစရိတ်မတတ်နိုင်သူများအတွက် ပြည်တွင်းအလှူရှင်များ၊ ကုမ္ပဏီများနှင့် ညှိနှိုင်းကာ ခရီးစရိတ်ကျခံ၍ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ကြောင်း သိရသည်။

အစိုးရ၏ ပထမတစ်နှစ်တာအတွင်း အိန္ဒိယနိုင်ငံ၊ ပို့ဘာလဲယားအကျဉ်းထောင်မှ ပြစ်ဒဏ်ပြီးမြောက်ပြီး Open Distress Camp တွင် နေထိုင်လျက်ရှိသော မြန်မာရေလုပ်သား ၂၇၂ဦးအား လေကြောင်းခရီးစဉ်များဖြင့် စီစဉ်ပို့ဆောင်နိုင်ခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံတွင် လူကုန်ကူးခံရသော မြန်မာရေလုပ်သားများနှင့် အကြောင်းအမျိုးမျိုးကြောင့် အင်ဒိုနီးရှားလူဝင်မှုကြီးကြပ်ရေးစခန်းများတွင် ထိန်းသိမ်းခံထားရသူ ၁၀၅ ဦးအား မြန်မာသံရုံးမှ IOM နှင့် ညှိနှိုင်းကာ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ပါသည်။

ထို့အပြင် မလေးရှားနိုင်ငံထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ထိန်းသိမ်းခံထားရသူ မြန်မာနိုင်ငံသား ၁၇၆၈ ဦးနှင့် ရင်ခွင်ပိုက်ကလေးခုနစ်ဦးတို့အား ၁၃ ကြိမ်ခွဲ၍ မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ရှင်းပြသည်။

**ဗီဇာဆိုင်ရာဆောင်ရွက်ချက်များ**

ရာဇဝတ်မှုကျူးလွန်ခြင်းမရှိဘဲ နိုင်ငံရေးယုံကြည်ချက်ကြောင့် အမည်မည်းစာရင်းဝင်ခဲ့ပြီး ပြည်ပြန်ဝင်ခွင့်ပိတ်ပင်ခံထားရမှုများကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းကာ အမည်မည်းစာရင်း ပယ်ဖျက်မှုများကို ဆောင်ရွက်ခဲ့ပြီး အစိုးရပထမရက် ၁၀၀ ကာလအတွင်းမှာပင် မြန်မာနိုင်ငံသား ၂၄၈ ဦးနှင့် နိုင်ငံခြားသား ၃၇၁ ဦးတို့အား အမည်မည်းစာရင်းမှ ပယ်ဖျက်ပေးရန် စီစဉ်ခဲ့ပြီးဖြစ်သည်။

ထို့အတူ မြန်မာနိုင်ငံသားဟောင်းများအနေဖြင့် ၎င်းတို့၏ အတွေ့အကြုံများနှင့် ကျွမ်းကျင်မှုပညာများဖြင့် နိုင်ငံတည်ဆောက်ရေးတွင် တိုးမြှင့်ပါဝင်လာနိုင်စေရန်နှင့် ပြည်ပရောက်မြန်မာနိုင်ငံသားဟောင်းများ မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်ပြီး ကာလရှည်နေထိုင်နိုင်ရေးအတွက် လူမှုရေးဗီဇာများနှင့် ပတ်သက်၍ ဖြေလျှော့ခဲ့ရာ ယခင်က တစ်ကြိမ်တစ်ခါသုံး သုံးလသက်တမ်းရှိ ပြည်ဝင်ဗီဇာအားနေထိုင်ခွင့် ၂၈ ရက်သာ ခွင့်ပြုရာမှ ယခုအခါ နေထိုင်ခွင့် ရက် ၇၀ သို့ လည်းကောင်း၊ အကြိမ်ကြိမ်သုံး လူမှုရေးဗီဇာအား သုံးလ၊ ခြောက်လ၊ တစ်နှစ်သက်တမ်းဖြင့် ပြောင်းလဲပေးခဲ့ကြောင်း သိရသည်။

**နိုင်ငံခြားသံတမန်များအတွက်**
**လက်တွေ့မကျသည့် လုပ်ထုံးများဖြေလျှော့**

အစိုးရအသစ်တာဝန်ယူလာခဲ့ပြီးနောက် မိမိတို့နိုင်ငံသို့ လာရောက် တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံခြားသံတမန်များအား ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများတွင် လက်တွေ့မကျသည်များကို စိစစ်ဖြေလျှော့မှုများလည်း ပြုလုပ်ပေးခဲ့သည်။ မြန်မာနိုင်ငံအခြေစိုက် သံတမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသည့် သံတမန်များနှင့် မိသားစုဝင်များ မြန်မာနိုင်ငံသို့ ရောက်ရှိပြီးနောက် နေထိုင်ခွင့်သက်တမ်းတိုးရာ၌ သံတမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအတွက် ယခင်ကသုံးနှစ်အစား ယခုအခါ တာဝန်ထမ်းဆောင်သည့် ကာလအတိုင်း(Duration of Assignment)သို့ လည်းကောင်း၊ အထူးနိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအတွက် ယခင်က တစ်နှစ်နေထိုင်ခွင့်အစား တာဝန်ထမ်းဆောင်သည့် ကာလအတိုင်း(Duration of Assignment) ပြောင်းလဲ၍လည်းကောင်း၊ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများကို အခကြေးငွေကောက်ခံ၍ တစ်ကြိမ် အသုံးပြုနိုင်သော သုံးလသက်တမ်း ပြည်ဝင်ဗီဇာကို ထုတ်ပေးရန် ဆောင်ရွက်သည်။

ထို့အပြင် မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံတမန်များနှင့် သံတမန် မဟုတ်သော သံရုံးဝန်ထမ်းများအနေဖြင့် ပြည်တွင်း၌ ခရီးသွားလာရာတွင် လုံခြုံရေးအရ ကန့်သတ်ထားသည့် နယ်မြေများအပ ကျန်ဒေသများသို့ ခရီးသွားခြင်းနှင့် ပတ်သက်သည့် လုပ်ထုံးလုပ်နည်းများကိုလည်း ပိုမိုအဆင်ပြေအောင် ဖြေလျှော့ပေးခဲ့ကြောင်း ဒုတိယဝန်ကြီးက ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုမြို့တော် နေပြည်တော်ကို ပြောင်းလဲသတ်မှတ်ခဲ့ပြီးခြင်းကြောင့် မြန်မာနိုင်ငံအခြေစိုက် နိုင်ငံခြားသံရုံးများ နေပြည်တော်သို့ ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရေးအတွက် ကျင့်သုံးမည့် မြေယာမူဝါဒနှင့် လုပ်ထုံးလုပ်နည်းကိုလည်း အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနသည် အစိုးရ၏ ပထမတစ်နှစ်တာအတွင်း ကမ္ဘာ့နိုင်ငံများနှင့် ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးပွားလာရေးအတွက် ခရီးစဉ်များ သွားရောက်ခြင်း၊ ဧည့်သည်တော်များ လာရောက်ခြင်း၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ အစည်းအဝေးများသို့ တက်ရောက်ခြင်းနှင့် လက်ခံကျင်းပခြင်းများ ဆက်တိုက်ပြုလုပ်ခဲ့ခြင်းကြောင့် လက်ရှိအစိုးရလက်ထက်တွင် နိုင်ငံတကာဆက်ဆံရေးများ တိုးတက်အောင်မြင်ခဲ့ကြောင်း မြင်တွေ့ရပြီး အိမ်နီးချင်းနိုင်ငံများ၊ အရှေ့နှင့်အနောက်နိုင်ငံများနှင့် ဆက်ဆံရေးကို ဟန်ချက်မျှတစွာ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မြှင့်တင်နိုင်ခဲ့သည်ကိုလည်း မြင်တွေ့ရသည်။

"ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်ပြီး နိုင်ငံတကာမျက်နှာစာမှာ စိန်ခေါ်မှုတွေ၊ ဖိအားပေးမှုတွေကို ကျွန်တော်တို့အနေနဲ့ ရင်ဆိုင်နေရဆဲပါ။ ဒါပေမယ့် ကုလသမဂ္ဂအထွေထွေညီလာခံမှာ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးဆိုင်ရာ အဆိုမူကြမ်းတင်သွင်းမှုနဲ့ အတွင်းရေးမှူးချုပ်ရဲ့ အကျိုးဆောင်မှုကဏ္ဍတွေကို အဆုံးသတ်နိုင်ခဲ့ခြင်း၊ အမေရိကန်ပြည်ထောင်စုကနေ ကန့်သတ်ပိတ်ဆို့နေတာတွေကို ဖယ်ရှားနိုင်ခဲ့ခြင်းစတဲ့ သိသာထင်ရှားတဲ့ တိုးတက်မှုတွေ ရရှိခဲ့ပါတယ်။ မြန်မာနိုင်ငံရဲ့ ပထဝီနိုင်ငံရေးအရ မဟာဗျူဟာကျတဲ့ အင်အားကြီးနိုင်ငံတွေကိုရော ကမ္ဘာ့နိုင်ငံတွေအားလုံးနဲ့ကိုရော ကောင်းမွန်သည့်ဆက်ဆံရေးကို ဘက်ညီမျှတစွာ တည်ထောင်နိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်။ ဒါတင်မကသေးပါဘူး၊ မြန်မာနိုင်ငံရဲ့ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အောင်မြင်စေဖို့အတွက် နိုင်ငံတကာကနေ အားပေးထောက်ခံပံ့ပိုးမှုတွေလည်း ရခဲ့တယ်။ မိမိနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေအတွက် ရန်ပုံငွေနဲ့ နည်းပညာအကူအညီ အထောက်အပံ့တွေ၊ ကမ်းလှမ်းမှုတွေကို နှစ်နိုင်ငံချင်းရော နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ပါ ပူးပေါင်းခဲ့ပြီး တိုးတက်ရရှိအောင် နိုင်ငံခြားရေးဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့တယ်လို့ ယုံကြည်ပါတယ်"ဟု နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြောကြားသည်။



နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်


ရခိုင်ပြည်နယ်ဝန်ကြီးချုပ်
ဦးညီပု




၂၀၁၆ - ၂၀၁၇ ခုနှစ် နွေစပါးစိုက်ဧက ၁၁၀၃၇၆၂ ဧကရှိပြီး အထွက်နှုန်းအားဖြင့် တစ်ဧက ၆၅ ဒသမ ၂၇တင်းထွက်ရှိကာ စိုက်ပျိုးဧရိယာတစ်ခုလုံး ၇၂၀၄၂၅၄၆ တင်း ထွက်ရှိခဲ့သည်။ နွေစပါး လျာထားဧက ၃၀၂၀၀ ဧက လျာထားသော်လည်း ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၇၂၅၅ ဧက စိုက်ပျိုးလျက်ရှိသည်။ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်လာစေရန်နှင့် တောင်သူပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်စေရန် ကျောက်တော်မြို့စိုက်ပျိုးရေးသိပ္ပံကျောင်းကို ၂၀၁၆ ခုနှစ် မတ်လ ၃ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၅၀ ကို သင်ကြားပို့ချလျက်ရှိသည်။

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏တစ်နှစ်တာ

● ကိုမိုးသက်





**ရခိုင်ပြည်နယ် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးစီမံချက်ကို ပြည်ထောင်စုအစိုးရအပါအဝင်၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်တွင်း ပြည်ပ ပညာရှင်များနှင့် ပူးပေါင်းရေးဆွဲနေရာ ယခုအခါ မူကြမ်းရေးဆွဲပြီးဖြစ်ကြောင်း သိရသည်။**

ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အနောက်ဘက်စွန်းတွင် တည်ရှိပြီး ကမ်းရိုးတန်းဒေသ ပြည်နယ်တစ်ခုလည်း ဖြစ်သည်။

ဧရိယာစတုရန်းမိုင်ပေါင်း (၁၄၂၀၀ ဒသမ ၀၈) မိုင် ကျယ်ဝန်းပြီး အရှေ့ဘက်တွင် မကွေးတိုင်းဒေသကြီး၊ တောင်ဘက်၌ ဧရာဝတီတိုင်းဒေသကြီး၊ မြောက်ဘက်၌ ချင်းပြည်နယ်၊ အနောက်ဘက်၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့နှင့် နယ်နိမိတ်ထိစပ်နေသော ပြည်နယ်တစ်ခုဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားမျိုးနွယ်စုခုနစ်မျိုးအပါအဝင် အခြားတိုင်းရင်းသားများလည်း မှီတင်းနေထိုင်လျက်ရှိသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက "ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံတော်အဆင့်အကြီးအကဲတွေ ဦးဆောင်ပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို အကောင်အထည်ဖော်နိုင်ဖို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ပြီး ဗဟိုကော်မတီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်တဲ့ ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပါတယ်။ ဗဟို ကော်မတီအောက်မှာ လုပ်ငန်းကော်မတီအဆင့်ဆင့်ကို လည်း ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါတယ်"ဟု ပြောသည်။

**ပညာရှင်များနှင့် နှစ်ဖက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များပါဝင်**

ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန် ဦးဆောင်သည့် ပညာရှင်များနှင့် နှစ်ဖက်လူမှုအဖွဲ့အစည်းမှ ကိုယ်စားလှယ်များပါဝင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အတွင်း လေ့လာမှုများ သုံးကြိမ်ဆောင်ရွက်ကာ ပြည်သူကိုချပြသင့်သည်များကို ရှင်းလင်းပြောကြားမှုများ ဆောင်ရွက်နိုင်ခဲ့သည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ဦးဆောင်ပြီး ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကာ မောင်တောခရိုင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာပေါင်းစပ်ညှိနှိုင်းအဖွဲ့ကို ဖွဲ့စည်းပြီး မောင်တောခရိုင်ဒေသအတွင်း လုံခြုံရေးနှင့် ဆက်စပ်လျက်ရှိသောကိစ္စရပ်အားလုံးပေါင်းစပ်ညှိနှိုင်း တာဝန်ခံလုပ်ကိုင်ဆောင်ရွက်နိုင်ရန် ဖွဲ့စည်းခဲ့သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ရေး၊ ဗဟိုကော်မတီမှ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ် လက်တွေ့အကောင်အထည်ဖော်ဆောင်မှု ပူးပေါင်းညှိနှိုင်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

**ကမ်းရိုးတန်းပို့ကုန် မက်ထရစ်တန် ၄၄၆၀၀ ကျော်**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရခိုင်ပြည်နယ်ရှိ (စစ်တွေ၊ ကျောက်ဖြူနှင့် သံတွဲ) ဆိပ်ကမ်းများအနေဖြင့် အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း ကမ်းရိုးတန်းပို့ကုန် ၄၄၆၁၆ မက်ထရစ်တန်ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့သည်။

နယ်စပ်ကုန်သွယ်ရေးဖြင့် ပြည်ပပို့ကုန် (အထွေထွေကုန်) (၉၀၅၃ မက်ထရစ်တန်) ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ကာ ကမ်းရိုးတန်းသွင်းကုန်အနေဖြင့် (၃၆၆၉၉ မက်ထရစ်တန်) ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်ပသွင်းကုန် သာမန်ကုန်သွယ်ရေးဖြင့် ဒီဇယ်ဆီ ၉၀၀ မက်ထရစ်တန် ကိုင်တွယ်ဆောင်ရွက်နိုင်ခဲ့သည်။

**ရာခိုင်နှုန်းပြည့်**

မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ရခိုင်ပြည်နယ် စစ်တွေဆိပ်ကမ်းတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် ကုလားတန်မြစ်ကြောင်း ဘက်စုံသုံးဖြတ်သန်းသယ်ယူပို့ဆောင်ရေးစီမံကိန်း၊ စစ်တွေဆိပ်ခံတံတားနှင့် ပလက်ဝဆိပ်ခံတံတားများကို တည်ဆောက်လျက်ရှိသည်။ အဆိုပါဆိပ်ခံတံတားများမှာ ရာခိုင်နှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။ ယင်းဆိပ်ခံတံတားများကို အသုံးပြုခြင်းဖြင့် ရခိုင်ပြည်နယ်၏ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည်ဖြစ်သည်။

နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေ ကျပ်သန်း ၃၆၅၀ ကျော် ဖြင့် ရခိုင်ပြည်နယ်အတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်လမ်းတံတားလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ခြင်း၊ အသစ်ဖောက်လုပ်ခြင်း၊ ကျေးရွာချင်းဆက်လမ်းများကို ကွန်ကရစ်လမ်းများ အဆင့်မြှင့်တင်ခြင်း၊ မြေသားလမ်းများ ဖောက်လုပ်ခြင်း၊ မြေသားလမ်းများပေါ်တွင် Box Culvert များ တည်ဆောက်ခြင်းများ၊ ကျောက်ချောလမ်းခင်းခြင်းနှင့် ကွန်ကရစ်တံတားများ တည်ဆောက်ပေးခြင်းတို့ကို ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၆ မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ထိထိရောက်ရောက်**

"မောင်တောဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးလုပ်ငန်းတွေကို အစိုးရက ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့က နယ်ခြားစောင့်ရဲစခန်းသုံးခုကို အကြမ်းဖက်စီးနင်းတိုက်ခိုက်မှုဖြစ်စဉ်များ နောက်ပိုင်းမှာ တည်ငြိမ်ရေးနဲ့ တရားဥပဒေစိုးမိုးရေးအတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့က ပူးတွဲဆောင်ရွက်လျက်ရှိပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ပြည်ထောင်စုအစိုးရနဲ့ ပြည်နယ်အစိုးရတို့က ဆောင်ရွက်လျက်ရှိပါတယ်။

"အောက်တိုဘာလ ၉ ရက်နေ့က ထုတ်ပြန်ထားတဲ့ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ (၁၄၄)အရ ည ၇နာရီကနေ နံနက် ၆ နာရီအချိန်အထိ ညမထွက်ရ၊ လူစုလူဝေးနဲ့ သွားလာခြင်း မပြုရ ထုတ်ပြန်ထားပါတယ်။ ဒါကို ၂၀၁၇ ခုနှစ် ဖေဖော် ဝါရီလ ၉ ရက်နေ့မှာ ည ၉ နာရီကနေ နံနက် ၅ နာရီအထိ လျှော့ချထုတ်ပြန်ခဲ့ပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

**ပိတ်ပင်ကန့်သတ်မှုမရှိ**

မောင်တောဒေသအတွင်း ခရီးသွားများ ပိုမိုအဆင်ပြေစေရေးအတွက် မော်တော်ယာဉ်အသင်းများနှင့်ပေါင်းစပ်ကာ မော်တော်ယာဉ်ပိုင်ရှင်များ၊ ယာဉ်မောင်းများအား လမ်းခရီးများကို ပိတ်ပင်ကန့်သတ်မှုမရှိကြောင်းနှင့် လုံခြုံရေးလိုအပ်ချက်အရ စစ်ဆေးရေးပြုလုပ်ခြင်းမှအပ သွားလာမှုပိတ်ပင်ထားခြင်းမရှိဘဲ လူမျိုးဘာသာခွဲခြားမှုမရှိ တစ်ပြေးညီ ဆောင်ရွက်ပေးထားသည်။

မောင်တောမြို့နယ်အတွင်း လမ်းပန်းဆက်သွယ်ရေး ခက်ခဲသော ကျေးရွာများရှိ ကျေးလက်နေပြည်သူများအနေဖြင့် စားသောက်ကုန်ပစ္စည်းများ ဝယ်ယူရာတွင် ပိုမိုလွယ်ကူ အဆင်ပြေစေရေးအတွက် ကြိမ်ချောင်းနယ်မြေ၊ ငါးခူရ နယ်မြေ၊ ခမောင်းဆိပ်နယ်မြေ၊ တမန်းသားနယ်မြေ၊

**အချပ်ပို (စ) သို့**




ရခိုင်ပြည်နယ် စစ်တွေလေဆိပ်ကို တွေ့ရစဉ်

**အချုပ်ပို(င)မှ**

တောင်ပြိုလက်ဝဲနယ်မြေ စသည်ဖြင့်နယ်မြေငါးခု သတ်မှတ်၍ နယ်မြေတစ်ခုလျှင် ဈေးကားနှစ်စီးဖြင့် နေ့အလိုက် သတ်မှတ်ပြေးဆွဲလျက်ရှိသည်။

မောင်တောမြို့နယ်တွင် ရပ်ကွက်ငါးရပ်ကွက်ပါဝင်သော ခမောင်းဆိပ်မြို့နှင့် ရပ်ကွက်ရှစ်ရပ်ကွက်ပါဝင်သော မြင်းလွတ်မြို့တို့အား ပြည်ထဲရေးဝန်ကြီးဌာန၏ ၂-၂-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ (၂၉၉/၂၀၁၆)ဖြင့် မြို့နှစ်မြို့အား တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခဲ့ပါသည်။

"တစ်နှစ်တာကာလအတွင်းမှာ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာသံအမတ်ကြီးတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။

ရခိုင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် တစ်နှစ်တာကာလအတွင်း ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာမှ သံအမတ်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ၉၄ ကြိမ် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ကာ ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းရေးတို့ကို ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**အဆင့်တိုးမြှင့်**

ရခိုင်ပြည်နယ်အတွင်း ပညာရေးကဏ္ဍ၌ အထက်တန်း၊ အလယ်တန်း၊ မူလတန်းကျောင်းများ အသစ်တိုးချဲ့ခြင်း၊ ပြုပြင်မွမ်းမံခြင်းနှင့် ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ အစိုးရသစ်တစ်နှစ်တာ ကာလအတွင်း အမက(ခွဲ) ၂၉ ကျောင်း အသစ်ဖွင့်လှစ်နိုင်ခဲ့ပြီး ၂၉၅ ကျောင်းအား အဆင့်တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့သည်။ အစိုးရသစ်လက်ထက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျောင်းပေါင်း ၁၄၀ ကို ပြည်ထောင်စုငွေလုံးငွေရင်းမှ ငွေကျပ်သန်းပေါင်း ၅၇၀၀ ကျော်ဖြင့် ဆောက်လုပ်ဆောင်ရွက်ပြီးစီးခဲ့သည်။

ဆရာ ဆရာမများကိုလည်း တိုးချဲ့ခန့်ထားခြင်းကို ဆောင်ရွက်ခဲ့ရာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ဆရာ ဆရာမပေါင်း ယခင် ၂၂၈၁၁ ဦးရှိပြီး ဆရာ ဆရာမ ၈၁၁ ဦး အသစ်ထပ်မံခန့်ထားပေးနိုင်ခဲ့သဖြင့် စုစုပေါင်း ၂၃၆၂၂ဦးကို ခန့်ထားပြီးဖြစ်သည်။

**စတင်တည်ဆောက်**

ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့်လည်း ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ကျေးလက်ကျန်းမာရေးဌာနနှစ်ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ ၁၀ ခု တိုးချဲ့ဖွဲ့စည်းဖွင့်လှစ်နိုင်ခဲ့ပြီး ရသေ့တောင်မြို့နယ်၌ (၁၆) ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ မြောက်ဦးမြို့နယ်၌ (၁၆)ခုတင်ဆံ့ ဆေးရုံတစ်ရုံ တိုးချဲ့ဖွဲ့စည်းခွင့်ရရှိသဖြင့် စတင်တည်ဆောက်လျက်ရှိသည်။

စစ်တွေမြို့ခုတင် (၂၀၀) ဆံ့ ဆေးရုံအား ခုတင်(၅၀၀)ဆံ့ ဆေးရုံအဆင့် တိုးမြှင့်ဖွဲ့စည်းဖွင့်လှစ်ခွင့်ရရှိခဲ့သည့်အတွက် ခုတင်(၂၀၀) ဆံ့ဆေးရုံအား အဆင့်မြှင့်တင်တည်ဆောက်လျက်ရှိသည်။

ကျေးလက်ကျန်းမာရေးဌာနခွဲနှင့် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ခြင်းအနေဖြင့် မြို့နယ်အသီးသီး၌ လုပ်ငန်းပေါင်း ၈၆ ခုရှိသည်။ ကျေးလက်ဒေသများတွင် ကျန်းမာရေးစောင့်ရှောက်မှု လွှမ်းခြုံနိုင်စေရန်အတွက် ကျန်းမာရေးဝန်ထမ်းများ တိုးချဲ့ခန့်ထားခဲ့သည်။ ယင်းအနက် ဆရာဝန်ပေါင်း ၂၂၈ဦး၊ သူနာပြု ၂၁၈ ဦး၊ သားဖွားဆရာမ ၁၂၈ ဦး၊ ကျန်းမာရေးကြီးကြပ်-၂ ဝန်ထမ်း ၉၃၆ ဦးရှိသည့်အနက် ၅၃၈ ဦးမှာ ခန့်ထားပြီး ၂၀၀မှာ ခန့်အပ်ရန် ရွေးချယ်ထားပြီးဖြစ်သည်။

**ကာကွယ်ဆေး(သီးသန့်) ထိုးနှံခြင်း**

ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ်အတွင်း၌ ပြည်နယ်တွင်း ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေး (သီးသန့်) ထိုးနှံခြင်းကိုဆောင်ရွက်သွားမည်ဖြစ်သည်။ ထိုကာကွယ်ဆေးမှာ ပြင်းထန်ဦးနှောက်အမြှေးပါးရောင် ကာကွယ်ဆေး (Maingococcal Vaccine) အမျိုးအစားဖြစ်ပြီး ရောဂါကူးစက်မှုများဖြစ်ပွားလာပါက ကျန်းမာရေးဝန်ထမ်းများမှ ရောဂါဖြစ်ပွားရာနယ်မြေများသို့ ကွင်းဆင်းဆောင်ရွက်ရမည်ဖြစ်သောကြောင့် ထိုးနှံပေးခြင်းလည်းဖြစ်သည်။

ကာကွယ်ဆေးများကို ပြည်သူ့ကျန်းမာရေးရုံးမှ ဝန်ထမ်း ၇၀၊ မြောက်ဦးမြို့မှ ကျန်းမာရေးဝန်ထမ်း ၄၃၇ ဦး၊ စစ်တွေမြို့မှ ၂၆၇ဦး၊ မင်းပြားမြို့မှ ၂၁၇ ဦးနှင့် ကျောက်တော်မြို့မှ ၄၃၅ ဦး စုစုပေါင်း ၁၄၂၆ ဦးတို့ကို ထိုးနှံပေးသွားမည်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍတွင် သံတွဲခရိုင်ဂွမြို့နယ်အတွင်း ထရန်စဖော်မာများ တည်ဆောက်ခြင်း ၀ ဒသမ ၄ ကေဗွီ ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းနှင့် (၁၁ ကေဗွီ) ဓာတ်အားလိုင်းများ တည်ဆောက်ခြင်းတို့ကို လုပ်ငန်းတန်ဖိုး ငွေပမာဏကျပ် သန်း ၁၀၅၀ ကျော်ဖြင့် ဆောင်ရွက်ခဲ့သည်။

ကျောက်ဖြူခရိုင် ကျောက်ဖြူမြို့နယ်အတွင်း၌ ပြည်နယ်ရန်ပုံငွေဖြင့် (၁၆၀ ကေဗွီအေ) ရှစ်လုံး တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ အမ်းမြို့နယ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် အမ်းတပ်တောင် ၃၃ ကေဗွီဓာတ်အားလိုင်း ၁၈ ဒသမ ၂၅ မိုင် တည်ဆောက်ခြင်း၊ ၁၁ ကေဗွီဓာတ်အားလိုင်း စုစုပေါင်း ၁၉ ဒသမ ၅ မိုင်နှင့် ၁၆၀ ကေဗွီအေလေးလုံးတည်ဆောက်ခြင်း၊ ၁၀၀ ကေဗွီအေလေးလုံး ဆောင်ရွက်ခဲ့သည်။


**ဖြန့်ဖြူးပေးလျက်ရှိ**

မာန်အောင်မြို့နယ်တွင် (၁၁ ကေဗွီ) ဓာတ်အားလိုင်း ၄ ဒသမ ၈၆ မိုင်ကို ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့ပြီး အလားတူ ၁၀၀ ကေဗွီအေကိုးလုံးတည်ဆောက်ခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ လက်ရှိအချိန်၌ ရခိုင်ပြည်နယ်တွင် ပြည်နယ်၏ လျှပ်စစ်ဓာတ်အားကို မဟာဓာတ်အားလိုင်းမှ ၁၃ မြို့နယ်အထိ ဖြန့်ဖြူးပေးလျက်ရှိပြီး ကျေးရွာများအထိ လျှပ်စစ်ဓာတ်အားရရှိရေးကို ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ခါတွင် ကျေးရွာ ၁၄၇ ရွာကို မီးရရှိလျက်ရှိပြီး လျှပ်စစ်ဓာတ်အားသွယ်တန်းဆဲရွာမှာ ၆၅ ရွာဖြစ်သည်။

ရခိုင်ပြည်နယ်တွင် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် မြေပုံမြို့နယ်၌ (ဝဘော်ကြီး၊ အလယ်ကျွန်း၊ ပြင်င/ခူချောင်း) ကျေးရွာနှင့် တောင်ကုတ်မြို့နယ် (ဖောင်းခါး၊ ကုလားရောင်၊ ဂျီပြင်) ကျေးရွာများတွင် (Cyclone Sheltter) ခြောက်လုံးကို တစ်လုံးလျှင် ငွေကျပ်သန်း ၁၀၀ နှုန်းဖြင့် ငွေကျပ်သန်း ၆၀၀ ကုန်ကျခံကာ တည်ဆောက်ခဲ့သည်။

မာန်အောင်မြို့နယ် ဇီးတောနှင့် ကုန်းတန်းရွာတောင်ပိုင်းတို့တွင်လည်း တစ်လုံးလျှင် ငွေကျပ် ၁၂၉ ဒသမ ၅၈ သန်း

**အချုပ်ပို(ဆ)သို့**



ရသေ့တောင်-ဘူးသီးတောင်လမ်း ပန်ဇင်းချောင်းတံတား (293m)အရှည် သံကူကွန်ကရစ်တံတား တည်ဆောက်ပြီးစီးမှုအခြေအနေကို တွေ့ရစဉ်

**အချပ်ပို(စ)မှ**

နှုန်းဖြင့် စုစုပေါင်း ငွေကျပ် ၂၅၉ ဒသမ ၁၆သန်း အကုန်အကျခံကာ (Cyclone Sheltter) နှစ်လုံး တည်ဆောက်ပေးခဲ့သဖြင့် ပြည်သူများအတွက် ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ပေးခဲ့မှုများပင်ဖြစ်သည်။

**နှစ်တို / နှစ်ရှည် မြေငှားဂရန်**

ရခိုင်ပြည်နယ်အတွင်း ပြည်နယ်/ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအနေဖြင့် အများပြည်သူနှင့် ဌာနဆိုင်ရာများသို့ နှစ်တို/နှစ်ရှည် မြေငှားဂရန်နှင့် စီးပွားရေးစက်မှုလုပ်ငန်းများအတွက် စက်မှု/ စီးပွားမြေငှားဂရန် (Lease) ခွင့်ပြုပေးနိုင်ရေး လျှောက်ထားလာမှုအပေါ် မြေငှားဂရန်(မြေငှားစာချုပ်) စုစုပေါင်း ၅၈၅ ခုကို ခွင့်ပြုခဲ့သည်။

မြေသိမ်း၊ မြေလွှဲခွင့်ပြုပေးနိုင်ရေး ဆောင်ရွက်ခဲ့ရာ မြေသိမ်းတစ်မှု၊ မြေလွှဲ ၁၁မှု စုစုပေါင်း မြေသိမ်းမြေလွှဲ ၁၂ မှုကို ခွင့်ပြုနိုင်ခဲ့သည်။ ပြည်နယ်အတွင်းရှိ ကျေးလက်နေပြည်သူများထံသို့ ပထမအကြိမ် ကျေးရွာမြေငှားဂရန်ထုတ်ပေးသည့်အနေဖြင့် မြေငှားဂရန်(မြေငှားစာချုပ်) စုစုပေါင်း ၄၄၂ ခုကို ထုတ်ပေးခဲ့ပြီး ဒုတိယအကြိမ်တွင် မြေငှားဂရန် စုစုပေါင်း ၈၆၅ ခုကို ထုတ်ပေးခဲ့သည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် ရခိုင်ပြည်နယ်တွင် Sim Card ပေါင်း ၅၅၀၀၀ ကို ရောင်းချထားပြီး တာဝါတိုင် အရေအတွက် ၉၆ ခုကို တိုးချဲ့စိုက်ထူထားရှိသည်။ ထို့အပြင် အော်တိုအိတ်ချိန်းငါးခုကို တိုးချဲ့တပ်ဆင်လျက်ရှိသည်။ ထို့ကြောင့် ရခိုင်ပြည်နယ်တစ်ခုလုံး ဆက်သွယ်ရေးဧရိယာ လွှမ်းခြုံလျက်ရှိသည်ကို တွေ့ရှိရသည်။

**မိုးများတဲ့ ဒေသ**

ပြည်နယ် ဝန်ကြီးချုပ် ဦးညီပုက "ရခိုင်ပြည်နယ်ဟာ မိုးများတဲ့ဒေသဖြစ်လို့ ပြည်နယ်အတွင်း ကမ်းပြိုခြင်း၊ သောင်ထွန်းခြင်းတွေ နှစ်စဉ်ဖြစ်ပေါ်လျက်ရှိပါတယ်။ ၂၀၁၆ -




ရန်ကုန်-စစ်တွေလမ်း ရာမောင်ကြိုးတံတား အကြီးစားပြုပြင်ထိန်းသိမ်းဆောင်ရွက်ထားမှုကို တွေ့ရစဉ်



ရိုးရာထည်ရက်လုပ်နည်းသင်ကြားပေးနေသည်ကို တွေ့ရစဉ်

**တစ်နှစ်တာ ကာလအတွင်းမှာ ကုလသမဂ္ဂ လက်အောက်ခံ အဖွဲ့အစည်းတွေ၊ နိုင်ငံတကာ သံအမတ်ကြီးတွေ၊ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ**

၂၀၁၇ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရရန်ပုံငွေနဲ့ ရခိုင်ပြည်နယ်ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကမ်းပြိုကာကွယ်ရေး လုပ်ငန်းကိုးခုနဲ့ မြေထိန်းနံရံပြန်လည်မွမ်းမံခြင်းတစ်ခု၊ မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်းသုံးခုနဲ့ သောင်တူးဖော်ခြင်းလုပ်ငန်းတစ်ခုတို့ကို ဆောင်ရွက်လျက်ရှိပါတယ်"ဟု ပြောသည်။

ပြည်နယ်အစိုးရ၏ မူလရန်ပုံငွေ၊ ဖြည့်စွက်ရန်ပုံငွေ၊ ပိုလျှံရန်ပုံငွေများဖြင့် ရေနံတားတာများ တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ ရေတံခါးများတည်ဆောက်ခြင်း၊ လျှိုပိတ်ဆည်များ တည်ဆောက်ခြင်း၊ လယ်သမားတာ (ကာရီ) များ ပြုပြင်ခြင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများကို ပြန်လည်ပြုပြင်ခြင်း၊ ကျေးလက်ထိန်း၊ ဆည်/ကန်များ ပြုပြင်ခြင်း၊ ဆက်စပ်မြောင်းတူးဖော်ခြင်း၊ ချောင်းပိတ်လုပ်ငန်း၊ ရေလှောင်တမံနှင့် ဆက်နွယ်အဆောက်အအုံများ ပြုပြင်ခြင်းလုပ်ငန်းများအတွက် ငွေကျပ် ၇၂၆၀၈၃၅ သန်း ကျော်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုရန်ပုံငွေ (ငွေလုံးငွေရင်း)၊ (သာမန်) ငွေကျပ်သန်း ၂၁၃၀ ကျော်ဖြင့် စစ်တွေမြို့ သောက်သုံးရေပြည့်ဝစွာရရှိရေးအတွက် ကန်တော်ကြီးအား တိုးချဲ့ပြုပြင်ခြင်း၊ အဆောက်အအုံ အထွေထွေပြုပြင်ခြင်း၊ ရေနံတားတာ ပြုပြင်ခြင်းနှင့် နွေစပါးရေချို ချောင်းပိတ်/မြောင်းပိတ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

**စပါးအထွက်နှုန်း**

ရခိုင်ပြည်နယ်တွင် ၂၀၁၆ - ၂၀၁၇ ခုနှစ် နွေစပါး စိုက်ဧက ၁၁၀၃၇၆၂ ဧကရှိပြီး အထွက်နှုန်းအားဖြင့် တစ်ဧက ၆၅ ဒသမ ၂၇တင်းထွက်ရှိကာ စိုက်ပျိုးဧရိယာတစ်ခုလုံး ၇၂၀၄၂၅၄၆ တင်း ထွက်ရှိခဲ့သည်။

နွေစပါး လျာထားဧက ၃၀၂၀၀ ဧက လျာထားသော်လည်း ၂၀၁၇ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ၇၂၅၅ ဧက စိုက်ပျိုးလျက်ရှိသည်။ ရခိုင်ပြည်နယ်၏ စိုက်ပျိုးရေးကဏ္ဍ ပိုမိုတိုးတက်လာစေရန်နှင့် တောင်သူပညာပေးလုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လာနိုင်စေရန် ကျောက်တော်မြို့ စိုက်ပျိုးရေးသိပ္ပံကျောင်းကို ၂၀၁၆ ခုနှစ် မတ်လ ၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့ပြီး ကျောင်းသား ကျောင်းသူ ၂၅၀ ကို သင်ကြားပို့ချလျက်ရှိသည်။

**ပြန်လည်ဆင့်ပွားပေးနိုင်မည်**

ကျောင်းသား ကျောင်းသူများသည် သက်ဆိုင်ရာပညာရပ်များကို ဆည်းပူးပြီး သင်ကြားခဲ့သည့် အသိပညာအတွေ့အကြုံများဖြင့် ခေတ်မီစိုက်ပျိုးရေးနည်းပညာများကို တောင်သူများသို့ ပြန်လည်ဆင့်ပွားပေးနိုင်မည်ဖြစ်သည်။

၂၀၁၇ ခုနှစ် မတ်လ ၂ ရက်နေ့တွင် ကျောက်တော်မြို့ စိုက်ပျိုးရေးသိပ္ပံကျောင်း၌ ရခိုင်ပြည်နယ်အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပခဲ့ရာ ပြည်နယ်တွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းလုပ်ကိုင်သူများ တက်ရောက်ခဲ့ကြပြီး ပြည်တွင်းပြည်ပ ပညာရှင်များနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြသည်။

ရခိုင်ပြည်နယ်သည် လမ်းပန်းဆက်သွယ်ရေးခက်ခဲသောဒေသ ပြည်နယ်တစ်ခု ဖြစ်သော်လည်း ယခုအချိန်တွင် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာစေရန်နှင့် မြို့ပြနှင့်ကျေးလက်ကွာဟမှုမရှိစေရန် လမ်းတံတားများ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်မွမ်းမံခြင်းများကို သက်ဆိုင်ရာဌာနများက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ရခိုင်ပြည်နယ်အတွင်းရှိ ပြည်ထောင်စုအစိုးရအဖွဲ့မှစီမံခန့်ခွဲသော လမ်းရှစ်လမ်း၊ လမ်းမိုင်အရှည် ၅၁၄ မိုင် ၆ ဖာလုံနှင့် ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသော လမ်း ၄၃လမ်း၊ လမ်းမိုင်အရှည် (၇၁ မိုင် ၄ ဖာလုံ ပေ ၇၀) စုစုပေါင်း ၅၁လမ်း၊ လမ်းမိုင်အရှည် (၁၂၂၆ မိုင် ၂ ဖာလုံ ပေ ၇၀)ကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၊ အစိုးရသစ်လက်ထက်တွင် လမ်းလုပ်ငန်းအနေဖြင့် ၁၈ ပေ အကျယ် ကွန်ကရစ်လမ်းခင်းခြင်း(၁၄ မိုင် ၃ ဖာလုံ ၅၉၄ ပေ)ရန်ပုံငွေကျပ် ၆၆၇၆ ဒသမ ၅၆၆ သန်း၊ ၂၃ ပေအကျယ် ကတ္တရာ ကွန်ကရစ်လမ်းခင်းခြင်း (၁ မိုင် ၇ဖာလုံ ပေ ၂၈၀) ရန်ပုံငွေကျပ် ၇၅၆ ဒသမ ၇၄၀ သန်း၊ ၁၂ပေ အကျယ် ကတ္တရာလမ်းခင်းခြင်း(၂၀ မိုင် ပေ ၃၃၀)၊ ရန်ပုံငွေကျပ် (၃၅၉၃ ဒသမ ၃၀၀)သန်း၊ (၁၈ ပေ) အကျယ် ကတ္တရာလမ်း တိုးချဲ့တည်ဆောက်ခြင်း (၁၇ မိုင် ၂ ဖာလုံ ၄၆၂ ပေ)၊ ရန်ပုံငွေကျပ် ၃၁၆၈ ဒသမ ၀၆၀ သန်း၊ ကျောက်ချောလမ်းခင်း ခြင်း (၃၄ မိုင် ၄ ဖာလုံ)၊ ရန်ပုံငွေကျပ် ၁၈၄၉ ဒသမ ၁၄၁ သန်းနှင့် မြေကြီး တာပေါင် တင်/ချဲ့ခြင်း၃၉ မိုင် ၄ ဖာလုံ၊ ရန်ပုံငွေကျပ် ၂၀၇၅ ဒသမ ၆၀၈ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၈၁၁၉ ဒသမ ၄၁၅ သန်းဖြင့် ရခိုင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေး အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည်။

**တံတား ၂၀၀ နီးပါး**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် တံတားလုပ်ငန်းအနေ

**အချပ်ပို(ဇ)သို့**



ရခိုင်ပြည်နယ် စစ်တွေသဘော်ဆိပ်ကမ်းကို တွေ့ရစဉ်

**အချပ်ပို(ဆ)မှ**

ဖြင့် ရခိုင်ပြည်နယ်အတွင်းရှိ ပေ ၁၈၀ အောက် တံတား ၁၈၈ စင်း၊ ရန်ပုံငွေကျပ် ၄၂၂၀ ဒသမ ၉၉၂ သန်းနှင့် ပေ ၁၈၀ နှင့် အထက် တံတား ၁၀ စင်း၊ ရန်ပုံငွေကျပ် ၉၂၇၄ ဒသမ ၅၀၀ သန်း စုစုပေါင်း ရန်ပုံငွေကျပ် ၁၃၄၉၅ ဒသမ ၄၉၂ သန်းဖြင့် တံတား ၁၉၈ စင်းကို တာဝန်ယူဆောင်ရွက်လျက်ရှိသည်။

ပေ၁၈၀နှင့် အထက်တံတား ၁၀ စင်းအနက် တောဖျားချောင်းတံတား (ပေ ၁၂၀၀) (ပုဏ္ဏားကျွန်း - ရသေ့တောင်လမ်း)၊ ထွန်းရဝေတံတား (ပေ ၄၅၀) (ပုဏ္ဏားကျွန်း - ရသေ့တောင်လမ်း)၊ ပန်းဇင်းချောင်းတံတား (ပေ ၉၆၀ ) (ရသေ့တောင် - ဘူးသီးတောင်လမ်း)၊ အောင်သာချောင်းတံတား (ပေ၁၈၀) (ရသေ့တောင်- ဘူးသီးတောင်လမ်း)နှင့် အုန်းချောင်းတံတား (ပေ ၂၁၀)(မာန်အောင်ကျွန်းပတ်လမ်း) စုစုပေါင်း တံတား ငါးစင်းကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်ကုန်တွင် တည် ဆောက်ပြီးစီးမည်ဖြစ်ရာ ကျန်ရှိသော တည်ဆောက်ဆဲတံတား ငါးစင်းအနက် ဒါးလက်ချောင်းတံတား (ပေ ၉၆၀) (မင်းဘူး-အမ်း-စစ်တွေလမ်း)ကို ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်ရန် လျာထားပြီး ကြပ်စင်မြစ်ကူးတံတား (ပေ၁၉၂၀) (မြေပုံ-မင်းပြားလမ်း)၊ ရသေ့ တောင်ချောင်း(ပေ၈၈၀) (ပုဏ္ဏားကျွန်း-ရသေ့တောင်လမ်း)၊ စိုင်းဒင်ချောင်းတံတား(၆၀၀ပေ)(ရသေ့တောင်-ဘူးသီးတောင် လမ်း)နှင့် ဆတ်ရိုးကျတံတား(ပေ၁၃၄၀) (စစ်တွေမြို့နယ်) စုစုပေါင်းတံတားလေးစင်းကို ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေလျာထားချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လုပ်ငန်း ၁၀၀ ရာခိုင်နှုန်းပြီးစီးအောင် ဆောင်ရွက်ရန်လျာထားကြောင်း သိရသည်။

ရခိုင်ပြည်နယ် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကတ္တရာလမ်း (၄ မိုင် ၅ ဒသမ ၂၇ ဖာလုံ)၊ ကျောက်လမ်း (၂ မိုင် ၅ ဒသမ ၇၄ဖာလုံ)၊ ကွန်ကရစ်လမ်း(၁မိုင် ၄ ဒသမ ၅၈ ဖာလုံ)နှင့် အခြားလုပ်ငန်း ၄၅ မျိုး စုစုပေါင်း (၈မိုင် ၇ ဒသမ ၅၉ဖာလုံ) ကို ခွင့်ပြုငွေကျပ်သန်း (၁၃၇၅ ဒသမ ၂၄၄) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

**ရေပေးရေးလုပ်ငန်း**

ထို့အပြင် ကွန်ကရစ်တံတား ၃၁ စင်း၊ ရေပြွန် ၂၇ စင်း အခြားပြုပြင်ရေးလုပ်ငန်း ၁၂ခု တို့အတွက် ကျပ်သန်း(၁၇၈ ဒသမ ၈၆၀)ဖြင့် လည်းကောင်း၊ မြို့ပြရေပေးရေးလုပ်ငန်းများအတွက် မြေသားရေကန်ငါးကန်နှင့် အခြားရေပေးရေးလုပ်ငန်း ၃၉ခု အတွက် ကျပ်သန်း ၃၃၁ ဒသမ ၄၂၂ ဖြင့် လုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၁၆ - ၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ကျေးလက်လမ်းများ တည်ဆောက်မှုကို ပြည်နယ်ရန်ပုံငွေ (ငွေလုံးငွေရင်း)ဖြင့် ကွန်ကရစ်လမ်း၊ မြေသားလမ်း၊ ကတ္တရာလမ်း၊ ကျောက်ချောလမ်း စုစုပေါင်းလမ်း ၂၀ လမ်း မိုင်ပေါင်း ၅၁ မိုင်၇ ဒသမ ၃၃ ဖာလုံအတွက် ကျပ်သန်း ၃၄၆ ဒသမ ၃၀၀ ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်ရန်ပုံငွေဖြင့် ကျေးလက်လမ်းတည်ဆောက်မွမ်းမံခြင်း ကွန်ကရစ်လမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်းနှင့် အခြားလမ်းများ တည်ဆောက်မွမ်းမံခြင်း လမ်း ၂၉လမ်း၊ မိုင်၁၃မိုင် ၃ ဒသမ ၁၇၅ဖာလုံကို ခွင့်ပြုငွေကျပ်သန်း ၅၅၈ ဒသမ ၈၉၄ အသုံးပြုကာ ဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်ထောက်ပံ့ငွေနှင့်လည်း လမ်းတံတားများကို ဆောင်ရွက်လျက်ရှိသည်။

ထောက်ပံ့ငွေသန်း ၇၈ ဒသမ ၀၉၂၅ဖြင့် ကတ္တရာလမ်း၊ ကျောက်ချောလမ်း၊ မြေသားလမ်းနှင့် အခြားကျေးလက်လမ်းခြောက်လမ်း၊ (၀ မိုင် ၇ ဒသမ ၉၇ ဖာလုံ)ကို ဆောင်ရွက်ခဲ့ပြီး ကွန်ကရစ်တံတား အစင်း ၃၀ (၅၃၄ ပေ) Box Culvert ၈၂ စင်း ၄၁၅ ပေ စုစုပေါင်း တံတား ၁၁၂စင်းအတွက် ငွေကျပ်သန်း ၆၉၃ ဒသမ ၈၀၀ အသုံးပြုကာ ဆောင်ရွက်နိုင်ခဲ့သည်။

ကျေးလက်တံတားများမွမ်းမံတည်ဆောက်ရန် ခွင့်ပြုငွေကျပ် ၈၉၉ ဒသမ ၅၀၀ သန်း အသုံးပြုကာ တံတား ၇၄ စင်း ပေပေါင်း ၁၂၅၂ ပေကို ပြုပြင်မွမ်းမံခဲ့ပြီး နိုင်ငံတော် ထောက်ပံ့ငွေကျပ်သန်း ၁၉၀ ဒသမ ၀၀၂၅ ဖြင့် တံတား၁၀ စင်း(၃၂၆ပေ) အရှည်ကိုလည်း တည်ဆောက်ခဲ့သည်။

**ပြုပြင်မွမ်းမံ**

၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း ကျပ်သန်း ၁၈၆၀ ခန့်ဖြင့် လက်တူးတွင်း၊ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်တန်းခြင်း စုစုပေါင်း ရေတွင်းရေကန်ပိုက်သွယ်တန်းမှု ၂၅ ခုကို လည်းကောင်း ကျေးလက်ရေပေးရေးလုပ်ငန်းများအား ပြုပြင်မွမ်းမံနိုင်ရန်အတွက် ခွင့်ပြုငွေကျပ် ၉၄ ဒသမ ၃၀)သန်းကို အသုံးပြုကာ မြေသားရေကန်၊ စိမ့်စမ်းရေသွယ်တန်းခြင်း လက်တူးတွင်း၊ အုတ်ရေကန်၊ ရေတားတမံနှင့် အခြားပြုပြင်မွမ်းမံရေးလုပ်ငန်းပေါင်း ၄၂ ခုကိုဆောင်ရွက်ခဲ့သည်။

ကျေးလက်ရေပေးရေးလုပ်ငန်းများကို နိုင်ငံတော်ထောက်ပံ့ငွေကျပ် ၄၅ ဒသမ ၃၅၂ သန်းဖြင့် လက်တူးတွင်း၊ တွင်းတိမ်၊ အုတ်စီရေတွင်း၊ မြေသားရေကန်နှင့်အခြားလုပ်ငန်းပေါင်း ၁၀ ခုကိုလည်း ဆောင်ရွက်ခဲ့သည်။

ကျေးလက်အိမ်ရာများကိုလည်း ဖော်ဆောင်လျက်ရှိရာ မောင်တောမြို့နယ် ဘူးသီးတောင်မြို့နယ်နှင့် တောင်ကုတ်မြို့နယ်များတွင် ခွင့်ပြုငွေကျပ် ၃၅၀ ဒသမ ၀၀ သန်းဖြင့် အိမ်အလုံး ၁၀၀ ကိုလည်း တည်ဆောက်ပေးခဲ့ပြီး ကျေးလက်အိမ်သာများကို မြို့နယ်ကိုးမြို့နယ်အတွက် ခွင့်ပြုငွေကျပ် ၃၃ သန်းဖြင့် အိမ်သာအလုံး ၂၂၀ကို ဆောက်လုပ်ပေးခဲ့သည်။

ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ကျေးရွာတစ်ရွာလျှင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၃၀၀ ဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ရခိုင်ပြည်နယ်တွင် ကျေးရွာပေါင်း ၁၂၂ ရွာအတွက် ရန်ပုံငွေကျပ်သန်း ၃၆၆၀ဖြင့် လည်ပတ်ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်ထောင်စုရန်ပုံငွေကျပ်သန်း ၇၅၃၆ ဒသမ ၀၉၅၉၅ကို ခွင့်ပြုပြီး ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြေလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်း၊ ကွန်ကရစ်လမ်း၊ တံတားနှင့်ရေပြွန်များ ဆောင်ရွက်ခဲ့သည့်အပြင် နယ်စပ်ဒေသများတွင် ရေရရှိရန်အတွက် ဆည်တစ်ဆည်၊ အဝီစိတွင်းတစ်တွင်း၊ ရေကန် ၈၈ ကန်နှင့် ရေတွင်းခြောက်တွင်းတို့ အား လည်းကောင်း၊ ကျေးရွာခုနစ်ရွာတွင် လျှပ်စစ်မီးရရှိနိုင်ရေးအတွက် ဆိုလာမီးအစုံ ၇၈၅ စုံအားလည်းကောင်း၊ နယ်စပ်ဒေသအိမ်ရာများအား ကျေးရွာကိုးရွာတွင် အိမ် ၁၈၃ လုံးနှင့် ရုံးအဆောက်အအုံလေးလုံးတို့ကို ဆောက်လုပ်ခဲ့သည်။ ထို့အပြင် သာသနာရေးဆိုင်ရာ ဘုန်းတော်ကြီးကျောင်းသုံးကျောင်းကိုလည်း ကျေးရွာသုံးရွာတွင် ဆောက်လုပ်လှူဒါန်းနိုင်ခဲ့သည်။



ရခိုင်ပြည်နယ် တောင်ပိုင်းဒေသ ရေလမ်းခရီးအသုံးပြုနိုင်ရန် မတ် ၂၉ ရက်က ဂျပန်နိုင်ငံအစိုးရမှ ပေးအပ်သည့် ကစ္ဆပနဒီ-၁ ခရီးသည်တင် အမြန်ရေယာဉ်

**လူထုဗဟိုပြုစီမံကိန်း**

ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက “ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နဲ့ ကမ္ဘာ့ဘဏ်တို့ ပူးပေါင်းပြီး လူထုဗဟိုပြုစီမံကိန်းကို အမ်းမြို့နယ်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ အသက်မွေးဝမ်းကျောင်းနဲ့ စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေအဖွဲ့ (LIFT Fund) နဲ့ ပူးပေါင်းပြီး ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်းကို ဂွမြို့နယ်နဲ့ မာန်အောင်မြို့နယ်တို့မှာ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ရခိုင်ပြည်နယ် တစ်ပြည်နယ်လုံးကို ဖွံ့ဖြိုးတိုးတက်အောင် ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်”ဟု ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုက ပြောကြားခဲ့သည်။

# ပထမတစ်နှစ်တာ ဖြတ်သန်းခဲ့သည့်အပေါ်

## ပြန်လည်ရှုမျှော်ခဲ့သည်ရှိသော. . .

● ခင်ရတနာ



တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်း နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်တို့ တက်ရောက်လာကြစဉ်

ရှက်ဟောင်းကြွေ၍ ရှက်သစ်တို့ဝေချိန်။ ယမန်နှစ်က ယခုကဲ့သို့သော နွေဦးကာလတွင် "ပြောင်းလဲချိန်တန်ပြီ" ဟူသော ကြွေးကြော်သံဖြင့် မဲဆန္ဒရှင်ပြည်သူတို့၏ တစ်ခဲနက်သော ဆန္ဒမဲများနှင့်အညီ နိုင်ငံတော်အစိုးရသစ် ပေါ်ထွန်းလာခဲ့သည်။ ယခုအခါ တစ်နှစ်သားအရွယ်ရောက်ရှိခဲ့ပြီဖြစ်သည့် အစိုးရကို "သောင်ပြိုကမ်းပြို" ဆန္ဒမဲများဖြင့် ရွေးချယ်တင်မြှောက်ခဲ့ကြသည့် ပြည်သူများ၏ ဆန္ဒအမှန်မှာ "ပြောင်းလဲလိုခြင်း" ပင်ဖြစ်သည်။ နိုင်ငံတော်၏ တာဝန်ကို စတင်ရယူခဲ့ချိန်မှစ၍ အစိုးရသစ်တစ်ရပ် အနေဖြင့် စတင်ထမ်းပိုးခဲ့ရသည့်အရာမှာ ပြည်သူတို့၏ ကြီးမားလှစွာသော မျှော်လင့်ချက်ဖြစ်သည်။ အဆိုပါ မျှော်လင့်ချက်ကို ဖြည့်ဆည်းနိုင်ရန်အပြင် အတိတ်ကာလ ခေတ်အဆက်ဆက်က သမိုင်း၏ ကြွေးကျန်များ၊ နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတွင် ရှိနေသည့် များပြားလှစွာသော စိန်ခေါ်မှု များစသည်တို့မှာ လက်ရှိနိုင်ငံတော်အစိုးရအတွက် ဖြေရှင်းဆောင်ရွက်ရန်တာဝန်များ ဖြစ်ခဲ့သည်။

၂၀၁၆ ခုနှစ် မတ်လ ၃၀ ရက်နေ့ သမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ ကျမ်းသစ္စာ ကျိန်ဆိုပြီးနောက် နိုင်ငံတော်သမ္မတ၏ အဆောင်အယောင်နှင့် တာဝန်များကို လွှဲပြောင်းရယူပြီးချိန်မှစ၍ အစိုးရသစ်၏ သက်တမ်းစတင်ကမ္ပည်းတင်သည်။ ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၁၅) ရက်မြောက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်က မိန့်ခွန်းပြောကြားခဲ့ရာ အစိုးရသစ်အနေဖြင့် မူဝါဒများဖြစ်သည့် အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု ဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ခုပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**အမျိုးသား ရင်ကြားစေ့ရေး၊ ပြည်တွင်း ငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုဖြစ်ပေါ်ရေးကို ရှေးရှုသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေတစ်ခုပေါ်ပေါက်ရေးနှင့် ပြည်သူလူထုအများစု၏ လူနေမှုဘဝအဆင့် အတန်း တိုးတက်မြင့်မားရေးတို့ကို အကောင်အထည်ဖော်သွား မည်ဖြစ်**

နိုင်ငံတော်အစိုးရသစ် ဖြတ်သန်းခဲ့ရသော တစ်နှစ်တာကာလကို ပြန်လည်မျှော်ကြည့်ပါက နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးကဏ္ဍအသီးသီးတို့တွင် အောင်မြင်ဖြစ်ထွန်းတိုးတက်မှုများ၊ ကျော်လွှားဖြတ်သန်းခဲ့ရသည့် အခက်အခဲများ၊ ရင်ဆိုင်ဖြေရှင်းခဲ့ရသည့် စိန်ခေါ်မှုများစသည်တို့ကို တွေ့ရမည်ဖြစ်သည်။

### အုပ်ချုပ်ရေးမဏ္ဍိုင်မှ ကြိုးပမ်းဆောင်ရွက်မှုများ

နိုင်ငံတော်အစိုးရသစ်အနေဖြင့် ချမှတ်ထားသော မူဝါဒများကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လုပ်ငန်းကဏ္ဍအသီးသီးမှ အစိုးရအဖွဲ့၏ ပြည်ထောင်စုဝန်ကြီးများ အရေအတွက်ကို လျှော့ချဖွဲ့စည်းခဲ့ခြင်းအားဖြင့် လုပ်ငန်းများကို လျင်လျင်မြန်မြန် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်ဦးတည်ကြိုးပမ်းခဲ့သည့်အပြင် ပြည်သူ့ဘဏ္ဍာငွေများသုံးစွဲမှုကိုလည်း လစဉ်ကျပ်သိန်းပေါင်းထောင်နှင့်ချီ၍ လျှော့နည်းသက်သာစေခဲ့သည်။ တစ်ဖက်တွင်လည်း အစိုးရအဖွဲ့အတွင်း အကျင့်ပျက်ခြစားမှုနှင့် အဂတိလိုက်စားမှု၊ လာဘ်ပေးလာဘ်ယူပြုမှုတို့ကို တိုက်ဖျက်ရန် ကြိုးပမ်းခဲ့သည့်အလျောက် အစိုးရ၏ ပုံရိပ်ကောင်းများကို ပြည်သူများက အသိအမှတ်ပြုအားပေးထောက်ခံခဲ့သည်။

အစိုးရသစ်တစ်ရပ်အနေဖြင့် အခြေခံနှစ်တစ်နှစ်အဖြစ် မှတ်ယူရမည့် ပထမတစ်နှစ်တာ သက်တမ်းအတွင်း လုပ်ငန်းစွမ်းဆောင်မှုများအပေါ် ဝေဖန်သုံးသပ်မှုများ ကြုံတွေ့ခဲ့ရသော်လည်း တာဝန်ခံဆောင်ရွက်ကြရသူများအနေဖြင့် စိတ်ဆန္ဒကောင်းများနှင့် ဦးတည်ချက်ကောင်းများ ရှိခဲ့ကြောင်းကိုမူ ပြည်တွင်းပြည်ပမှ စောင့်ကြည့်လေ့လာသူများက အသိအမှတ်ပြုခဲ့ကြသည်။

**အချပ်ပို (ခ) သို့**




အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်

အချပ်ပို (က)မှ

**ဥပဒေပြုရေးမဏ္ဍိုင်မှ အကောင်အထည်ဖော်မှုများ**

ဥပဒေပြုရေးကဏ္ဍတွင် ပထမတစ်နှစ်တာကာလ ပြည်ထောင်စုအဆင့် လွှတ်တော်များအနေဖြင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးကို ဦးစားပေးကာ ဥပဒေများပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် အသစ်ပြဋ္ဌာန်းခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။ အရေးပေါ် စီမံမှုအက်ဥပဒေ၊ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေတို့ကို ရုပ်သိမ်းခဲ့ပြီး ကိုလိုနီခေတ်ကာလကတည်းက ပြဋ္ဌာန်းကာ ရပ်ရွာနေပြည်သူများကို ကန့်သတ်တားဆီးမှုများဖြင့် စိတ်ပြိုငြင်စေခဲ့သည့် ညှော်စာရင်းတိုင်ကြားမှုဆိုင်ရာ ဥပဒေပုဒ်မများ ပါဝင်သော ရပ်ကွက်သို့မဟုတ် ကျေးရွာအုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်ခြင်း၊ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေး ဥပဒေကို အသစ်ပြဋ္ဌာန်းခြင်း၊ ငြိမ်းချမ်းစွာစုဝေးခြင်းနှင့် ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေကို အသစ်ပြန်လည်ရေးဆွဲပြဋ္ဌာန်းခြင်း၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ကြီးအရွယ် ဘိုးဘွားများ၏ အကျိုးခံစားခွင့်နှင့်ဆိုင်သည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့သည့် အချိန်မှစတင်၍ တစ်နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားတိုးတက်စေရေးအတွက် အသစ်ပြဋ္ဌာန်းသည့် ဥပဒေ ငါးခု၊ ပြင်ဆင်သည့် ဥပဒေ ကိုးခု၊ ရုပ်သိမ်းသည့်ဥပဒေခြောက်ခု ရှိခဲ့သည့်အတွက် စုစုပေါင်းဥပဒေ ၂၀ ကို ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်သည်။

အုပ်ချုပ်ရေးမဏ္ဍိုင်နှင့် ဥပဒေပြုရေးမဏ္ဍိုင်တို့အကြား အပြန်အလှန်ထိန်းကျောင်းမှု Check and Balance အနေဖြင့် နိုင်ငံပိုင်မြေများ၊ စက်ရုံများနှင့် စီးပွားရေးလုပ်ငန်းများကို အလျင်စလို ငှားရမ်းလွှဲပြောင်းခြင်း၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း၊ စီမံကိန်းများကို အဆောတလျင်ခွင့်ပြုခြင်းတို့ကို အသေးစိတ်စိစစ်ဟန့်တား ထိန်းကျောင်းတည့်မတ်ပေးရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုကို ပြည်သူ့လွှတ်တော်တွင် တင်သွင်းခဲ့ကြောင်း လေ့လာတွေ့ရှိနိုင်သည်။

**တရားစီရင်ရေးမဏ္ဍိုင်မှပြုပြင်ပြောင်းလဲမှုများ**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တိုးချဲ့အဆောက်အအုံသစ်အပါအဝင် တရားရုံး အဆောက်အအုံများ၏ ဥပဓိရုပ်များကောင်းမွန်စေရန် တည်ဆောက်မှုများ ဆောင်ရွက်ခဲ့သည့်အတွက် အမှုများ စစ်ဆေးစီရင်ရာတွင် ကျယ်ဝန်းသော တရားခွင်များ၊ သက်သေများ၊ ရှေ့နေများ၊ ဥပဒေအရာရှိများအတွက် နားနေခန်းများ၊ အမှုသည်များ သတင်းရယူရန် နေရာနှင့် စုံစမ်းရန်နေရာ၊ ရာဇဝတ်မှု၊ တရားမမှုများအတွက် အမှုလက်ခံရာဌာနများ၊ တရားရုံးသို့ လာရောက်သောမသန်စွမ်းသူများအတွက် လျှောက်လမ်းများစသည်တို့ဖြင့် ခေတ်မီတရားရုံးအဆောက်အအုံများ ပေါ်ပေါက်လာခဲ့သည်။

တရားစီရင်ရာတွင် လိုက်နာရမည့်ကျင့်ဝတ်များကို ပြန်လည်ပြင်ဆင်ရေးဆွဲခြင်းဖြင့် ကျင့်ဝတ်ပိုင်းအရ မြှင့်တင်ပေးခဲ့သလို အမှုများကို မြန်မြန်ဆန်ဆန်စစ်ဆေးနိုင်ရန်အတွက် ရှေ့ပြေးတရားရုံးများဖွင့်လှစ်ကာ စမ်းသပ်ဆောင်ရွက်ခြင်း၊ အများပြည်သူ ရှေ့မှောက်တွင် ပွင့်လင်းမြင်သာစွာ တရားစီရင်ရေး အခြေခံမှုကို အကောင်အထည်ဖော်ခြင်း စသည့် တိုးတက်မှုများကို လွန်ခဲ့သည့်တစ်နှစ်တာကာလ တရားစီရင်ရေးကဏ္ဍတွင် မြင်တွေ့ရမည်ဖြစ်သည်။



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ ၂၀၁၇ ခုနှစ် နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ်ညီလာခံပွဲနှင့် ညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

**နိုင်ငံရေးကဏ္ဍအောင်မြင်မှုများ**

နိုင်ငံရေးကဏ္ဍ အောင်မြင်မှုများနှင့်စပ်လျဉ်း၍ အစိုးရအဖွဲ့အဟောင်းနှင့်အသစ်တို့အကြား အာဏာလွှဲပြောင်းမှုတွင် အဆင်ပြေချောမွေ့ခဲ့ခြင်း၊ နိုင်ငံတကာတွင် ဒီမိုကရေစီ၏ အမှတ်သင်္ကေတအဖြစ် ရှုမြင်ထားကြသော ဒေါ်အောင်ဆန်းစုကြည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဖြစ်လာခြင်းကြောင့် နိုင်ငံတကာတွင် မြန်မာနိုင်ငံ၏ ပုံရိပ်ပြန်လည်မြင့်မားလာခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်း စသည်တို့မှာ သိသာထင်ရှားသော ပုံရိပ်များဖြစ်ကြသည်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်ရာတွင် တစ်ဖက်မှလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးကိုပါ တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။ ငြိမ်းချမ်းရေးဖြစ်စဉ်များ ရှေ့နောက်စဉ်ဆက် မပြတ်စေရေး၊ လက်တွေ့ကျပြီး အလားအလာကောင်းသည့် လုပ်ငန်းစဉ်တစ်ခုအဖြစ် ဖော်ဆောင်ရေး၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်မှာ ပါဝင်သည့် Stakeholder များ အားလုံးက သဘောတူလက်ခံနိုင်ရေးဆောင်ရွက်ခဲ့သည်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်ရာတွင် NCA (Nationwide Ceasefire Agreement) လက်မှတ်ထိုးထားသည့်အဖွဲ့များနှင့် နိုင်ငံရေးဆွေးနွေးမှုများ ဆောင်ရွက်ခဲ့သလို NCA လက်မှတ်မထိုးရသေးသည့်အဖွဲ့များနှင့်ပါ ငြိမ်းချမ်းရေး ဆွေးနွေးမှုများကို ပြုလုပ်လျက်ရှိသည်။ ရလဒ်အနေဖြင့်

အချပ်ပို (ဂ) သို့



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးကျင်းပစဉ်



(၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူနှင့် တာဝန်ရှိသူများ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့နယ် စံပြကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများအား တွေ့ဆုံအမှာစကားပြောကြားစဉ်

**အချပ်ပို (ခ)မှ**

ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁) ရာစုပင်လုံ ပထမအကြိမ်အစည်းအဝေးကို အစိုးရ၊ တပ်မတော်၊ လွှတ်တော်၊ နိုင်ငံရေးပါတီများ၊ NCA လက်မှတ်ရေးထိုး ထားသည့် အဖွဲ့များနှင့် NCA လက်မှတ်မထိုးရသေးသည့် အဖွဲ့များပါ ပါဝင်တက်ရောက်ကြကာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။

အစိုးရသစ် တစ်နှစ်တာကာလအတွင်း အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည် ဖော်ရေး လုပ်ငန်းစဉ်များကို အဓိကထားဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်အတိုင်ပင်ခံရုံး၏ ကြေညာချက် အမှတ် (၁/ ၂၀၁၆) ဖြင့် အမှုရင်ဆိုင်နေရသည့် တက်ကြွလှုပ်ရှားသူများ ပြစ်မှုမှ အမြန်ဆုံးလွတ်မြောက်ရေးအတွက် တရားရုံးသို့ စွဲတင်ပို့ထားသည့်အမှုကိစ္စများ ရုပ်သိမ်းခြင်းနှင့် ရဲစစ်ဆေးဆဲ အမှုများ ပိတ်သိမ်းခြင်းတို့ကို ဆောင်ရွက်ခဲ့ရာတွင် ၂၀၁၆ခုနှစ် ဧပြီ ၈ ရက်မှ ဇူလိုင် ၁ရက်အတွင်း တိုင်းဒေသကြီး ခြောက်ခုနှင့် ပြည်နယ်လေးခုတွင် ရုပ်သိမ်းအမှုပေါင်း ၁၇၄မှုနှင့် ပိတ်သိမ်း အမှုပေါင်း ၁၀၀၊ တရားခံအမျိုးသား ၃၈၀ နှင့် အမျိုးသမီး ၇၅ဦး၊ ကလေး နှစ်ဦးတို့ကို အမှုရုပ်သိမ်းခြင်းနှင့် ပိတ်သိမ်းခြင်းတို့ ပြုလုပ်ပေးခဲ့သည်။

## စီးပွားရေးကဏ္ဍ ဖြစ်ပေါ်တိုးတက်မှုများ

ပြည်သူကိုဗဟိုပြု၍ အားလုံးပါဝင်နိုင်သော စဉ်ဆက်မပြတ် တိုးတက်မှုရရှိစေရန် ရည်ရွယ်၍ နိုင်ငံတော်က စီးပွားရေးမူဝါဒ (၁၂) ချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးမူဝါဒ များ၏ မျှော်မှန်းချက်မှာ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အထောက်အကူ ရရှိစေရေး၊ သဘာဝသယံဇာတ အရင်းအမြစ် များကို ရေရှည်ထိန်းသိမ်းနိုင်ရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား မျှတမှန်ကန်စွာ ခွဲဝေအသုံးချနိုင်ရေးတို့ ဖြစ်သည်။

မြန်မာနိုင်ငံသည် ယခုအခါ ဒေသတွင်း စီးပွားရေး ပေါင်းစည်းဆက်နွှယ်မှုအတွက် မဟာဗျူဟာအရ ပိုမိုကောင်း မွန်သော အနေအထားတွင် ရောက်ရှိနေပြီ ဖြစ်သည်။ မြန်မာနိုင်ငံ အနေဖြင့် ကမ္ဘာ့စီးပွားရေးနှင့် တစ်သားတည်း ပေါင်းစည်းနိုင်ရန် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ကုန်သွယ်မှု အဆင်ပြေချောမွေ့ရန်အတွက် ထိရောက်သော ဆောင်ရွက် ချက်များဖြစ်သည့် အမျိုးသားပို့ကုန် မဟာဗျူဟာကို ချမှတ် ကျင့်သုံးခြင်း၊ ကုန်သွယ်မှုအတားအဆီးများ လျှော့ချခြင်း၊ ပင်လယ်ရေကြောင်းနှင့် ကုန်းတွင်းပိုင်း အကောက်ခွန်ဥပဒေနှင့် မူဝါဒပြုပြင်ပြောင်းလဲခြင်း၊ အာဆီယံနိုင်ငံများအတွင်း ဖြတ်သန်း သယ်ယူပို့ဆောင်သည့် အကောက်ခွန်စနစ်နှင့် ကမ္ဘာ့ကုန်သွယ် ရေးအဖွဲ့ကြီး၏ ကုန်သွယ်မှုချောမွေ့ရေး သဘောတူညီချက် များတွင် ကုန်သွယ်မှုလွယ်ကူစွာ စီးဆင်းနိုင်ရေးတို့ကို ရည်ရွယ် ပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိသည်။




ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်၌ မတ် ၂၅ ရက်က ဖွင့်လှစ်ခဲ့သော ပန်ဇင်းချောင်းတံတားကို တွေ့ရစဉ်

## ရင်းနှီးမြှုပ်နှံမှု

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသူများ အဆင်ပြေချောမွေ့စွာ ရင်းနှီးမြှုပ်နှံနိုင်သည့် ပတ်ဝန်းကျင်တစ်ခု ဖန်တီးနိုင်ရန် ရည် ရွယ်ပြီး ပြုပြင်ပြောင်းလဲမှုများကို ဖော်ဆောင်ခဲ့ရာ မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှု ဥပဒေအသစ်ကို ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၈ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ရင်းနှီးမြှုပ်နှံသူများနှင့် ၎င်းတို့၏ ရင်းနှီးမြှုပ်နှံမှုများကို အာမခံချက် ခိုင်ခိုင်မာမာပေးခဲ့သည်။

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုသည် ၂၀၁၆ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၂ ဘီလီယံအထိ မြင့်တက်ခဲ့ပြီး နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုသည် အမေရိကန်ဒေါ် လာ ၈ ဘီလီယံအထိ မြင့်တက်ခဲ့သည်။ လာမည့် ဆယ်စုနှစ်များ၌ အားကောင်းသော အဖွဲ့အစည်းများ၊ ခိုင်မာသော အခြေခံ အဆောက်အအုံနှင့် စွမ်းဆောင်ရည် ပိုမိုမြင့်မားရေးတို့အတွက် ရည်မှန်းဆောင်ရွက်လျက်ရှိသည်။

အထွေထွေ အကူးအပြောင်းကာလမျိုးတွင် စီးပွားရေး တုံ့ ဆိုင်းမှုများ ရှိတတ်သည်ဟု ဆိုသော်လည်း အစိုးရသစ်၏ ပထမတစ်နှစ်တာကာလအတွင်း နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ အမေရိကန်ခရီးစဉ်အပြီး မြန်မာနိုင်ငံအပေါ် စီးပွားရေး အရ ပိတ်ဆို့ထားမှုများ ပယ်ဖျက်ပေးခြင်းနှင့် အထူးကုန်သွယ်ခွင့် အခွင့်အရေးများ ပြန်လည်ရရှိခြင်း၊ မြန်မာနိုင်ငံတွင် နောက်ဆုံး ပြန်လည်ပြင်ဆင်ထားသော ရင်းနှီးမြှုပ်နှံမှုဥပဒေတစ်ရပ် ပြဋ္ဌာန်းနိုင်ခဲ့ခြင်းတို့ကြောင့် စီးပွားရေးအခွင့်အလမ်းများ ပွင့်လာ သည်ဟု ဆိုနိုင်သည်။

အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရေးအတွက် ၂၀၁၆ ခုနှစ် ဇွန်လအတွင်း အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဗဟိုကော်မတီကို နိုင်ငံတော်သမ္မတက ဥက္ကဋ္ဌ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က တွဲဖက်ဥက္ကဋ္ဌတို့အဖြစ် တာဝန်ယူ ဖွဲ့စည်းကာ စက်မှုဝန်ကြီးဌာနက တာဝန်ခံဝန်ကြီးဌာနအဖြစ် ဆောင်ရွက်လျက်ရှိသည်။

## SME လုပ်ငန်းများ ဖွံ့ဖြိုးရေး

အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများအား ငွေကြေးအရင်းအနှီး ရရှိစေရန်အတွက် နိုင်ငံတော်၏ ချေးငွေဖြင့် အလုပ်ရှင် ၄၅၆ဦးအား လည်းကောင်း၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေဖြင့် လုပ်ငန်းရှင် ၁၈၉ဦးတို့အား လည်း ကောင်း ချေးငွေ ထောက်ပံ့ပေးနိုင်ခဲ့သည်။ ဗဟိုဘဏ်ဥပဒေအရ ချေးငွေကာလ တစ်နှစ်ဖြစ်သော်လည်း နိုင်ငံတော်အထူးချေးငွေ၊ ဂျပန်နိုင်ငံ၏ Two Step Loan ချေးငွေတို့ဖြင့် ငါးနှစ် ကာလအထိ ထုတ်ချေးပေးနိုင်ခဲ့ပြီး လုပ်ငန်းရှင်များ၏ ရင်းနှီး လည်ပတ်မှု အားကောင်းလာစေရန် ပံ့ပိုးပေးနိုင်ခဲ့သည်။

SMEs လုပ်ငန်းများကို ထိရောက်စွာပံ့ပိုးပေးနိုင်ရန်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်ကျဉ်းမြောင်းသွားစေရန် ပြည်ထောင်စုနယ်မြေ နေပြည်တော် / တိုင်းဒေသကြီး/ ပြည်နယ် ၁၅ ခုနှင့် ခရိုင် ၃၈ခုတို့တွင် ရုံးခွဲ ၅၃ ရုံး ဖွင့်လှစ်ထားရှိပြီးဖြစ်သည်။ SMEs များ နေရာဒေသအနှံ့အပြားတွင် တည်ရှိခြင်းအားဖြင့် အလုပ် အကိုင်အခွင့်အလမ်းများ ဒေသအနှံ့တွင် ဖန်တီးပေးနိုင်စွမ်း ရှိမည်ဖြစ်သည်။

**အချပ်ပို (ဃ) သို့**



ဖေဖော်ဝါရီ ၂၄ ရက်က သီလဝါအထူးစီးပွားရေးဇုန် အပိုင်း(၁) စီမံကိန်း တည်ဆောက်မှုစတင်ခြင်း အခမ်းအနားမြင်ကွင်းကို တွေ့ရစဉ်




နိုင်ငံတော်သမ္မတ ဦးထင်ကျော် ရဲရွာရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံနှင့် ရေလှောင်တမံအား ကြည့်ရှုစစ်ဆေးစဉ်

အချပ်ပို (ဂ)မှ

တိုင်းဒေသကြီးနှင့် ပြည်နယ်၊ ပြည်ထောင်စု နယ်မြေတို့တွင် SMEs အဖွဲ့ဝင်အရေအတွက် စုစုပေါင်း ၅၉၆၉၄ ဦး ရှိနေပြီဖြစ်ပြီး လုပ်ငန်းခွင်များတွင် ဝင်ရောက်လျက်ရှိသော လုပ်သားများ၏ ကျွမ်းကျင်မှုကို မြှင့်တင်နိုင်ရန်အတွက် စက်မှုဝန်ကြီးဌာန စက်မှုသင်တန်းကျောင်းများတွင် နှစ်စဉ် ပုံမှန်သင်တန်းများ သင်ကြားပို့ချခြင်း၊ စက်မှုသက်မွေးပညာ ရွှေ့လျားသင်တန်းများကို ကျေးလက်ဒေသများအရောက် လှည့်လည်ပို့ချပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။

**လူမှုရေးကဏ္ဍမြင့်မားတိုးတက်မှုများ**

မြန်မာနိုင်ငံသည် ၂၀၁၆ခုနှစ်အတွင်း လူသားဖွံ့ဖြိုးမှုဆိုင်ရာ အဆင့်တွင် အလယ်အလတ်အဆင့်သို့ ရောက်ရှိလာကြောင်း ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ၏ အစီရင်ခံစာတွင် ဖော်ပြခဲ့သည်။ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) က ထုတ်ပြန်သည့် လူသားဖွံ့ဖြိုးမှု အညွှန်းကိန်း HDI အဆင့်တွင် နိုင်ငံပေါင်း ၁၈၈ နိုင်ငံအနက် မြန်မာနိုင်ငံက အဆင့် ၁၄၅ သို့ တိုးတက်ရောက်ရှိလာရာ နိမ့်ကျသည့်အဆင့်မှ အလယ်အလတ် အဆင့်သို့ ရောက်ရှိလာခြင်းသည် ထူးခြားမှု၊ အရေးပါမှုရှိကြောင်း ဖော်ပြထားသည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် (UNDP) သည် လူသားဖွံ့ဖြိုးမှု အစီရင်ခံစာထုတ်ပြန်ရာတွင် လူသားများ၏ ဝင်ငွေရရှိမှု အခြေအနေ၊ ကျန်းမာရေး၊ ပညာရေးနှင့် လူသားလွတ်လပ်ခွင့် ရရှိမှုအခြေအနေများကို တိုင်းတာခြင်းဖြစ်သည်။ မြန်မာနိုင်ငံ၏ လူသားဖွံ့ဖြိုးမှု အညွှန်းကိန်းသည် ၂၀၁၄ ခုနှစ်တွင် ၀ ဒသမ ၅၅၂ ရှိပြီး ၂၀၁၅ ခုနှစ်တွင် ၀ ဒသမ ၅၅၆ သို့ တိုးတက်လာခဲ့ပြီး ငါးနှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ရမှတ် ၅ ဒသမ ၇ ရာခိုင်နှုန်းအထိ တိုးတက်လာခြင်းကြောင့် အလယ်အလတ် အဆင့်သို့ရောက်ရှိလာကာ ထူးခြားသည့် အောင်မြင်မှုတစ်ရပ် ဖြစ်ခဲ့သည်။ သို့ရာတွင် အရှေ့အာရှနှင့် ပစိဖိတ်ဒေသတို့၏ ပျမ်းမျှရမှတ်နှင့် နှိုင်းယှဉ်ပါက ကွာဟနေဆဲဖြစ်ခြင်းကြောင့် ဆက်လက်ကြိုးပမ်းသွားကြရဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ လူမှုရေးကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြုလုပ်ရေး၊ လူသားဘဝ သာယာဝပြောမှုအတွက် ပိုမိုဆောင်ရွက်ရေး၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများရရှိရန် အရှိန်အဟုန်မြှင့်တင်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည် ဖြစ်သည်။

**ပညာရေး**

ပညာရေးကဏ္ဍတွင် ကလေးလူငယ်များ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းမြင့်မားရေး၊ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့ကို ဦးတည်၍ ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲရန် 'အမျိုးသားပညာရေး မဟာဗျူဟာစီမံကိန်း ၂၀၁၆-၂၀၂၁' ၏ ပညာရေးရည်မှန်းချက်နှင့်အညီ လုပ်ငန်းနယ်ပယ် ၉ရပ်သတ်မှတ်၍ အကောင်အထည် ဖော်လျက်ရှိသည်။ ၂၀၁၆-၁၇ ပညာသင်နှစ်အတွင်း ယခင်ပညာသင်နှစ်နှင့် နှိုင်းယှဉ်ပါက မူလတန်းကျောင်းပေါင်း ၅၂၂ ကျောင်း၊ ဆရာဦးရေ ၁၈၆၉၇ ဦး၊ ကျောင်းသား ဦးရေ ၄၂၂၂၆၇ ဦး တိုးတက်ခဲ့သည်။

သင်ရိုးညွှန်းတမ်းမြှင့်တင်ပေးရန်အတွက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်အတွင်း သူငယ်တန်းသင်ရိုးသစ်ကို ပြဋ္ဌာန်းခဲ့ပြီး ဆရာ၊ ဆရာမများကို မွမ်းမံသင်တန်းများ ကြိုတင်ပို့ချခဲ့သည်။ ကျောင်းခေါ်ချိန် ၇၅ ရာခိုင်နှုန်း မပြည့်မီသူများနှင့် သင်ယူမှုအားနည်းသူများကို Remedial Education နည်းစနစ်ဖြင့် ဖြည့်ဆည်းသင်ကြားပေးခဲ့သည်။ အခြေခံပညာ ကျောင်းများ၌ တိုင်းရင်းသားဘာသာစကား ၄၉ မျိုးကို သင်ကြားပေးရန် စီစဉ်လျက်ရှိသည်။ သက်မွေးပညာသင်ကြားမှု ကဏ္ဍတွင် ညောင်ရွှေသက်မွေးပညာသင်တန်းကျောင်း၊ NVTI စင်ကာပူ-မြန်မာသက်မွေးပညာသင်တန်းကျောင်း (SMVTI) တို့ကို ဖွင့်လှစ်၍ ကာလတို သက်မွေးပညာသင်တန်းများ ပို့ချပေးခဲ့သည်။ အစိုးရစက်မှု လက်မှုသိပ္ပံ အင်းစိန်ဂျီတီအိုင်ကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ ပြန်လည်လွှဲပြောင်း လက်ခံရယူပြီး ပုံမှန်သင်တန်းများ ဖွင့်လှစ်နိုင်ရန် စီစဉ်လျက်ရှိသည်။ အဆင့်မြင့်ပညာကဏ္ဍတွင် ဟားခါးကောလိပ်ကို ဖွင့်လှစ်နိုင်ခဲ့ပြီး တောင်ကုတ်ကောလိပ်ကိုလည်း အဆင့်မြှင့်တင်၍ ဒီဂရီကောလိပ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ တောင်ငူပညာရေးကောလိပ် အဆောက်အအုံသစ်ကို JICA ၏ အကူအညီဖြင့် နေရာသစ်သို့ပြောင်းရွှေ့တည်ဆောက်ခဲ့သည်။ ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၏ အရည်အသွေးမြှင့်တင်ရေး၊ သင်ရိုးညွှန်းတမ်းမြှင့်တင်ရေးတို့အတွက် အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများ ဖွင့်လှစ်ပို့ချ၍ ပညာရေးကဏ္ဍမြင့်မားစေရန် မြှင့်တင်ပေးလျက်ရှိသည်။

**ကျန်းမာရေး**

ကျန်းမာရေးကဏ္ဍတွင် အစိုးရသစ်သည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွင်း ကျန်းမာရေး ဘတ်ဂျက် ငွေကျပ် ၈၈၁ ဘီလီယံအထိ သုံးစွဲကာ ကျန်းမာရေးဝန်ဆောင်မှု ပေးလျက်ရှိသည်။ ပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှု၊ ကာကွယ်မှု၊ ကုသမှု လုပ်ငန်းများ ပိုမိုဆောင်ရွက်ပေးနိုင်ရန် ဆရာဝန်သစ်လွှင် ၁၇၀၀ ကျော်၊ သွားဘက်ဆိုင်ရာ ဆရာဝန် ၂၈၁ဦး၊ သူနာပြုဆရာမ ၁၅၅၁ ဦး၊ သားဖွားဆရာမ ၁၉၅၉ ဦးအပါအဝင် ကျန်းမာရေးဝန်ထမ်းစုစုပေါင်း အရာထမ်း ၁၉၈၈ ဦးနှင့် အမှုထမ်း ၁၁၁၈၈ ဦးတို့ကို အသစ်ခန့်အပ်ခဲ့သည်။

တစ်နှစ်တာကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအနက် ဆင်ခြေထောက်ရောဂါကာကွယ်သန်ချဆေးပေါင်းကို လူဦးရေ ၃၃ သန်းခန့်အား တိုက်ကျွေးခဲ့ကာ ဆေးယဉ်ပါးတီဘီရောဂါ လူနာအားလုံးကို လွှမ်းခြုံကုသနိုင်ရန် မြို့နယ်အားလုံးတွင် တိုးချဲ့ဆောင်ရွက်ခဲ့သည်။ တီဘီရောဂါ ရှာဖွေရာတွင် သိပ္ပံနည်းကျ တိကျစွာဖော်ထုတ်နိုင်ရန်အတွက် အမေရိကန် ဒေါ်လာ ၁ ဒသမ ၂သန်းတန် ဇီဝလုံခြုံမှု အဆင့် (၃) ရှိ ဓာတ်ခွဲ ခန်းများကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တည်ဆောက်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ၂၀၁၆ခုနှစ်အတွင်း ခုခံအားကျဆင်းမှု ကူးစက်ရောဂါလူနာ စုစုပေါင်းတစ်သိန်းနှစ်သောင်းအထိ တိုးမြှင့်ကုသပေးခဲ့သည်။ ART ဆေးကုသဌာနကို ၆၀ အထိ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခဲ့ရာ စုစုပေါင်း ART ဆေးကုသဌာန ၃၀၀ အထိ ရှိလာခဲ့သည်။

နိုင်ငံတော်အစိုးရသည် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းအတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၃သန်းအထိ ပံ့ပိုးပေးခဲ့သည်။ ကျေးလက်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျောင်းကျန်းမာရေး လုပ်ငန်းများကိုလည်း ပိုမိုပြီပြင်ထိရောက်စွာ ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့ဆေးရုံကြီးများ၌ ညှိကြိုဝန်ဆောင်မှုများပေးခြင်း၊ အရည်အသွေးပြည့်ဝစွာ ကုသမှုပေးနိုင်ရန်အတွက် ဆေးပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားနှင့် မီးယပ်ပညာ၊ ကလေးကျန်းမာပညာ ကုသမှုလမ်းညွှန်စာအုပ်များ ထုတ်ဝေဖြန့်ချိပေးခဲ့သည်။ သူနာပြု၊ သားဖွားကျောင်း ၅၀ ကျော်နှင့် သူနာပြုတက္ကသိုလ် နှစ်ခု၏ သင်ရိုးညွှန်းတမ်းများကို ခေတ်နှင့်လိုက်လျောညီထွေအောင် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။

နိဂုံးချုပ်အားဖြင့်ဆိုရသော် အပြောင်းအလဲတစ်ရပ်ကို ဖော်ဆောင်သည့် အစိုးရတစ်ရပ်အနေဖြင့် အတိတ်၏ ကောင်းမွေ၊ ဆိုးမွေတို့ကို ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ပခုံးပြောင်းခံယူကာ နိုင်ငံ၏ လူသားအရင်းအမြစ်၊ ဓနဉစ္စာ အရင်းအမြစ်နှင့် ရုပ်ဝတ္ထုအရင်းအမြစ်တို့ကို အစွမ်းကုန် စုစည်းအသုံးချ၍ တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရမဲ့ဖြစ်သည်။ အဘက်ဘက်တွင် အလားအလာကောင်းများရှိနေသည့် မိမိတို့နိုင်ငံတွင် အစိုးရနှင့် ပြည်သူတို့ အတူတကွ တစ်စိတ်တစ်ဝမ်းတည်း နိုင်ငံဖွံ့ဖြိုးရေးကို ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါကြောင်း။ ။




ဒုတိယသမ္မတ ဦးမြင့်ဆွေ တောင်ကုတ်ဒီဂရီကောလိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ဖွင့်လှစ်ပေးစဉ်



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ စပါးခွံလောင်စာသုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို လှည့်လည်ကြည့်ရှုလေ့လာစဉ်